ကာဖ - ၁၃၅၈

သာသနာ - ၂၅၃၀

# သဗ္ဗဒါနသုတ်ဖြေးသာကြီးချောင်

စစ်ကိုင်းမြို့နယ် ဝါးချက်ရွာ လက်သမားဆရာကြီး ဦးကျော်မြင့်+ဒေါ်ခြေး

ဖိသားစု ကောင်းရှု





# သဗ္ဗဒါနသုတ်ချောင်

နှစ် (၁၀၀) ပြည့်

## အထိမ်းအမှတ် စာစောင်

၁၂၇၃ - ၁၃၇၃



စစ်ကိုင်းတောင်ရိုး

# သမိုင်းဒါဒယချောင်

နှစ် ( ၁၀၀ ) ပြည့်

အထိမ်းအမှတ်စာစောင်

၁၂၇၃ - ၁၃၇၃

# မာတိကာ


- နိဒါန်း ကဂ
- စာအုပ်စီစဉ်ပုံ ဃ
- ကျေးဇူးတင်လွှာ စ

အခန်း (၁)

ဆရာတော်ကြီးများ၏ ရာပြည့်အမှတ်တရ ဩဝါဒကထာများ

၁။ ရွှေကျင်သာသနာပိုင် ၁
၂။ ပေါက်မြောင်ဆရာတော် ၇
၃။ မဟာဝိဇိတာရုံဆရာတော် ၁၃
၄။ ဟံသာဂီရိဆရာတော် ၁၉
၅။ သီတဂူဆရာတော် ၂၃
၆။ ဝေဇယန္တာဆရာတော် ၂၇
၇။ မဟာသုဗောဓာရုံဆရာတော် ၃၁

အခန်း (၂)

သမိုင်းထဲက သမိဒ္ဓါဒယ

၁။ သမိဒ္ဓါဒယချောင်၊ မူလချောင်တည်ဆရာကြီး ၃၅
ဒေါ်မာလာရီ၏ ဘဝသမိုင်းအကျဉ်း
၂။ သမိဒ္ဓါဒယချောင်၊ ဒုတိယချောင်ဆရာကြီး ၅၀
ဒေါ်ဟေမာရီ၏ ဘဝသမိုင်းအကျဉ်း
၃။ သမိဒ္ဓါဒယချောင်၊ တတိယချောင်ဆရာကြီး ၅၅
ဒေါ်ဉာဏာစာရီ၏ ဘဝသမိုင်းအကျဉ်း
၄။ သမိဒ္ဓါဒယချောင်၊ စတုတ္ထမြောက်ချောင်ဆရာကြီး ၆၀
ဒေါ်ကုလပတီ၏ ဘဝမိုင်းအကျဉ်း
၅။ သမိဒ္ဓါဒယချောင်၊ တာဝန်ခံ နာယကဆရာကြီး ၆၈
ဒေါ်စရဝတီ၏ ဘဝသမိုင်းအကျဉ်း

၆။ သမိဒ္ဓါဒယချောင်၊ စာချနာယကဆရာကြီး
ဒေါ်ဆန္ဒဘာဂီ၏ ဘဝသမိုင်းအကျဉ်း ၇၆

၇။ သမိဒ္ဓါဒယချောင်၊ နာယကဆရာကြီး
ဒေါ်ဓမ္မေသီ၏ ဘဝသမိုင်းအကျဉ်း ၈၂

၈။ သမိဒ္ဓါဒယချောင်၊ စာချနာယကဆရာကြီး
ဒေါ်တိရဏာဉာဏီ၏ ဘဝသမိုင်းအကျဉ်း ၈၆

၉။ သမိဒ္ဓါဒယချောင်၊ စာချနာယကဆရာကြီး
ဒေါ်ပညာသီဂီ၏ ဘဝသမိုင်းအကျဉ်း ၉၁

၁၀။ သမိဒ္ဓါဒယချောင်၊ စာချဆရာလေးများ ၉၄


## အခန်း (၃)

## သမိဒ္ဓါဒယ၏ သာသနာ့သမီးများ


၁။ သီလရှင်ကျင့်ဝတ် ဥပဒေသံပေါက် ၁၀၃

၂။ စစ်ကိုင်းတောင်ရိုးမ ချောင်ခွဲများ ၁၀၇

၃။ တစ်နိုင်ငံလုံးရှိ ချောင်ခွဲများ ၁၀၉


## အခန်း (၄)

## သာသနာ့နွယ်ဝင်တို့၏ စာပေစွမ်းရည်


၁။ ဆရာ့ကျေးဇူး ၁၁၃

၂။ သာသနာ့မိခင် အာဇာနည်ဖွားဖွားသို့ ၁၁၇

၃။ သမိဒ္ဓါဒယချောင်ကို အလှဆင်သူများ ၁၂၁

၄။ သီလရနံ့ မွှေးပျံ့လေသောအခါ ၁၂၉

၅။ လပြည့်ဝန်းပမာ မြတ်ဆရာ ၁၃၅

၆။ သမိဒ္ဓါဒယ အလယ်တောရ မော်လမြိုင်သီလရှင်စာသင်တိုက် ၁၄၂

၇။ ပြွန်တန်ဆာမြို့ သမိဒ္ဓါဒယ ဓမ္မဇောတိက သီလရှင်စာသင်တိုက် ၁၄၄

၈။ ရာပြည့်မော်ကွန်းပိဒ်စုံရတု ၁၄၇

၉။ ဘောတဇနများသို့ တိုက်တွန်းလွှာ ၁၅၀

၁၀။ ဓမ္မဒါနအလှူရှင်များ ၁၅၄

# နိဒါန်း

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ညနေ ၅ နာရီအချိန်တွင် စာရေးသူထံသို့ သမိဒ္ဓါဒယ ချောင်မှ ဆရာလေးနှစ်ပါး ရောက်လာပြီး " အားလျှင် ခေတ္တလမ်းလျှောက်ရင်း ချောင်ဘက်သို့ ကြွပေးပါရန် " ဖွားကုလပတိက ဆရာတော်အား အပင့်ခိုင်းလိုက်ကြောင်း လျှောက်ထားကြလေသည်။ တိုင်ပင်စရာရှိလို့ဟုလည်း ဆိုကြ၏။ အကြောင်းအရာကို မေးကြည့်ပြန်တော့ ဆရာလေးနှစ်ပါးလည်း မသိကြပေ။

သို့နှင့် အခါတိုင်းလည်း အဖွားက စားစရာကောင်းကောင်းလေးရှိလျှင် ဤသို့အပင့်ခိုင်းတတ်၍ ယခုလည်း သာမန်ပဲဖြစ်ပေမည်ဟု ထင်လိုက်မိလေသည်။ သမိဒ္ဓါဒယချောင်သို့ သွားလိုက်သောအခါမှ ထိုသို့မဟုတ်၊ အဖွား၏ သက်တော် (၉၀) နှစ်ပြည့် မွေးနေ့ပွဲနှင့်တွဲ၍ သမိဒ္ဓါဒယချောင်ကြီး၏ နှစ်တစ်ရာပြည့်ပွဲကြီးကို ကျင်းပရန်အတွက် တိုင်ပင်လိုခြင်းဖြစ်ကြောင်း သိရလေတော့သည်။ သို့ဖြင့် လက်ရှိနဝကမ္မပမာဏကို မေးမြန်းကြည့်ရာ (၂၇) သိန်းဟုဆိုသဖြင့် ဤမျှလောက်နဝကမ္မဖြင့် ပွဲကြီးကျင်းပမည်ဆိုလျှင် ခဲယဉ်းမည်ဖြစ်ကြောင်း ရှင်းပြရပါသည်။ ထိုအခါ ဖွားကုလပတိက ရိုးရိုးတန်းတန်း သံဃာတော်များ ပင့်ဖိတ်ဆွမ်းကပ်ကာ စွမ်းနိုင်သမျှလေး လှူဒါန်းကြပြီး ကျင်းပလိုက်ရန် လျာထားသည့် အကြောင်း ပြောပြသဖြင့် သည်လိုဆိုလျှင်လည်း ကောင်းပါသည်ဟု အကြံပြုခဲ့ပါသည်။

နောက်နှစ်ရက်ခန့် ကြာသောအခါ ဒေါ်ဆန္ဒာဘာဂီ ရောက်လာပြန်လေသည်။ " ဘုန်းကြီးဘုရား အဖွားမွေးနေ့ ရိုးရိုးမဟုတ်ဘဲ ချောင်ကြီး၏ နှစ်တစ်ရာပြည့်ပွဲနှင့် တွဲရမည်ဖြစ်သောကြောင့် အတန်အသင့် ခမ်းနားသောပွဲလေးဖြစ်လျှင် ကောင်းမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းကလေးနှင့် စည်းဝေးတိုင်ပင်ကြရလျှင် ဘယ်လိုနေမလဲ " စသည်ဖြင့် လျှောက်ထားလေ၏။ ကဲ ဒီလိုဆိုလျှင်လည်း နက်ဖြန်နံနက် ၇ နာရီလောက် ချောင်က တာဝန်ရှိလူကြီးတွေ စုထားလိုက်ပါ။ ဘုန်းကြီးလာခဲ့ပါမည်ဟု ပြောလိုက်ရလေ၏။

သို့နှင့် နံနက်ခင်းအစည်းအဝေးကို ဖွားကုကျောင်းရှေ့ မန်ကျည်းပင်အောက် ကွပ်ပျစ်ပေါ်တွင် ရေနွေးသောက်ရင်း စလိုက်ကြလေသည်။ ဖွားကုက " အဆင်ပြေသလိုသာ စီမံကြပါ " ဟု လျှောက်၏။ ဆရာကြီးဒေါစရက " ဆရာသမားဖြစ်တဲ့ ဖွားကုဆန္ဒအတိုင်းသာ ဆောင်ရွက်ကြပါ။ တပည့်တော်ဘက်ကလည်း စွမ်းနိုင်သမျှအကူအညီပေးပါမည်။ တပည့်တော်က ဘုရားကျောင်းကြီးကိုသာ အဓိက တာဝန်ယူပြင်ဆင်ပါမည် " ဟု လျှောက်၏။ အခြားနာယကဆရာကြီးများကတော့ ထူးထူးထွေထွေ မပြောကြပေ။ ဤသို့ဖြင့် အစည်းအဝေးကြီး ပြီးဆုံးသွားလေသည်။ ထို့နောက်တွင် စာရေးသူလည်း ကိုယ့်အလုပ်ကိုယ် လုပ်ရင်း ထိုကိစ္စကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားမိပြန်သည်။

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း (၇) ရက်နေ့ ညနေတွင် ဒေါ်ဆန္ဒာဘာဂီနှင့် ဒေါ်ဝမ္မေသီတို့နှစ်ပါး ရောက်လာပါသည်။ ဖွားကုဆန္ဒ၊ တပည့်တော်တို့ဆန္ဒအပါအဝင် တပည့်တော်တို့၏ သမိဒ္ဓါဒယချောင် နှစ်တစ်ရာပြည့်ပွဲကြီးကို အရှင်ဘုရား ဦးဆောင်၍ ကျင်းပပေးစေလိုကြောင်း၊ အမှတ်တရစာစောင်လည်း ထုတ်ဝေပေးစေလိုကြောင်း ချောင်ဆရာ ဖွားဖွားကြီး ဒေါ်မာလာရီ၏ပွဲတုန်းကလည်း အောင်မြေဘုံစံ ဆရာတော်၊ ဟံသာဂီရိဆရာတော်၊ ဦးနန္ဒမာလာဘိဝံသ၊ ဦမဟာသဓပဏ္ဍိတတို့ ဦးဆောင်ကျင်းပပေး သည့်အတွက် အောင်အောင်မြင်မြင် ပြီးဆုံးသွားကြောင်း စသည်ဖြင့် လျှောက်ကြလေတော့သည်။

သမိဒ္ဓါဒယချောင်၏ ရာပြည့်ပွဲနှင့် အမှတ်တရစာစောင် ထုတ်ဝေရေးကို မိမိက ဦးဆောင်ရန် ဆိုသည်မှာ အတော်မလွယ်သည့်ကိစ္စဖြစ်သည်။ အမှန်ကိုဝန်ခံရလျှင် ကိုယ့်အရည်အချင်းကိုလည်း ယုံကြည်မှုမရှိပေ။ အဘယ့်ကြောင့်ဆိုသော် သမိဒ္ဓါဒယချောင်ဟူသည်ကား နယ်နယ်ရရမဟုတ်၊ သာသနာ့နယ်ပယ်တွင်သာမက အနုပညာသည်များလောကအထိပင် ရေပန်းစားသည့်ချောင်၊ မိမိတို့ သက်နှံးမဝတ်ခင် ကလေးဘဝကတည်းက ကက်ဆက်တိပ်ခွေဖာတ်လမ်းတွေထဲတွင် မကြာခဏ ကြားဖူး နေခဲ့ရသော နာမည်ကျော်ကြား ထင်ရှားသည့်ချောင်ကြီး ဖြစ်သောကြောင့်တည်း။ ယခု ထိုချောင်ကြီး၏ အနှစ်တစ်ရာပြည့်ပွဲ၌ မိမိကဦးဆောင်ပေးရမည်မှာ ဖြစ်နိုင်လိမ့်မည်မဟုတ်၊ ထို့ကြောင့် မိမိမှာ ထိုက်သို့သော အစွမ်းအစမရှိပါကြောင်းဖြင့် ငြင်းရလေတော့သည်။ ဒေါ်ဆန္ဒာဘာဂီကလည်း အမျိုးမျိုးပြော၍ တာဝန်အပ်၊ မိမိကလည်း အကြောင်းအမျိုးမျိုးပြကာ ငြင်းသည်၊ တစ်နာရီလောက်ကြာသွားသည်ထင်၏၊ နောက်ဆုံး၌ သူတို့လည်း လက်လျှော့သွား၍လားမသိ။ ပြန်သွားခါမှ မိမိလည်း စိတ်သက်သာရာ ရရလေတော့သည်။

သို့သော် နောက်နှစ်ရက်ခန့်အကြာတွင် ဒေါ်ဆန္ဒာဘာဂီနှင့် ဆရာလေးတစ်ပါးတို့ ထပ်၍ရောက်လာ ကြပြီး တာဝန်အပ်ကြပြန်သည်၊ ငြင်းရပြန်သည်။ ငြင်း၍မရသည့်အဆုံးတွင် လက်လျှော့ကာ ကိုယ်နှင့် ကံစပ်လို့ ဆောင်ရွက်ခွင့်ရတာပဲလေ၊ ဖြစ်ချင်ရာဖြစ်ဟု မျက်စိမှိတ်ကာ လက်ခံလိုက်ရပါတော့၏။ ထိုအခါမှ သူတို့လည်း ကျေကျေနပ်နပ်ဖြင့် ပြန်သွားကြလေသည်။

မဖြစ်သာလွန်း၍ လက်ခံလိုက်ရသည်။ စာစောင်ကိစ္စက ဘယ်လိုလုပ်ရပါ့မလဲ၊ ဘဏ္ဍာငွေက ဘယ်ကရှာရပါ့မလဲ မစဉ်းစားတတ်အောင် ဖြစ်ရပါသည်။ သာသနာတော်ကြီး၏ဘုန်းကံ၊ ချောင်ဆရာကြီး များ၏ ဘုန်းကံနှင့် ဖြစ်သွားလောက်ပါရဲ့ဟု ကိုယ့်ကိုယ်ကို အားပေးရ၏။ ဖွားကုနှင့် ဒေါ်ဆန္ဒတို့ကို အကြံဉာဏ်တောင်းကြည့်ပြန်ရာ " အရှင်ဘုရား အဆင်ပြေမယ်ထင်တဲ့အတိုင်းသာ ဆောင်ရွက်ပေးပါ၊ တပည့်တော်တို့ဖြင့် ဘာမျှနားမလည်ပါ၊ ဘယ်လိုဆောင်ရွက်ပေးပါလို့လည်း မလျှောက်တတ်ကြပါ၊ အထိမ်းအမှတ်ကလေ.တစ်ခု ဖြစ်သွားရင် ပြီးတာပါပဲ " ဟုသာ ဆိုကြသည်။

ကဲ " နောက်လိုက်တွေ ဗိုလ်ခြေနှင့် ရွှေကိုယ်တော်တစ်ယောက်တည်း မြင်းစီးလို့ ခြေကျင်လာ " ဆိုသလို ဖြစ်နေပေပြီ။ ခက်တော့ခက်နေပြီဟု၍ တောင်တွေးမြောက်တွေး အတွေးများနဲ့ ချာချာလည်နေ တော့သည်။ ဦးနန္ဒမာလာဘိဝံသရေးသားသော ဆရာကြီးဒေါ်မာလာရီ၏ " နှစ် (၉၀) ကျော် ဘဝခရီး " စာအုပ်ကိုပဲ ပြန်ရိုက်အဝေခိုင်းရမလား၊ ဇေယျာသန္တာမိုး (ဒေါ်သန္တာကာရိနီ – ရန်ကုန်) ရေးသားသော

"မြတ်ဆရာဘဝပုံရိပ်" စာအုပ်ကိုပဲ ပြန်ရိုက်အဝေခိုင်းရလျှင် ကောင်းလေမလား၊ ဒီလိုဆိုပြန်တော့လည်း မဖြစ်သေးပေး။ ထိုစာအုပ်များသည်ကား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းကိုပဲ ညွှန်းဆိုဖော်ကျူးထားသည်များ ဖြစ်ကြသည်။ ခုဟာက ချောင်နှစ်တစ်ရာပြည့် စာစောင်ဆိုတော့ ချောင်ကြီး၏အကျိုးကို သယ်ပိုးခဲ့ကြသော အဆက်ဆက် အာဇာနည်တို့၏ သမိုင်းလည်း ပါဦးမှသင့်တော်ပေမည်။ ကိုယ်က မတတ်၍ ကိုယ့်ထက်တတ်ကြသည့် ဆရာသမားများထံ အကူအညီတောင်းရန်းနိုး စဉ်းစားမိသေးသည်။ လက်တွေ့မှာ ထင်သလောက်မလွယ်၊ တော်တော်ကြာ အကြောင်းမညီညွတ်၍ စာအုပ်မလုပ်ဖြစ်ပြန်ဘူး ဆိုလျှင် ဆရာသမားများကို ပြန်လျှောက် ပြန်ဖျက်ရမှာ မသင့်တော်၊ စိတ်ရှုပ်ရသည်ကတော့ အမှန်ပါ။

နောက်ဆုံးတွင် ဖွားကုအကြောင်း ရေးသားထုတ်ဝေဖူးသော ဒေါ်သန္တာကာရိန် နှင့် တိုင်ပင်ဆောင်ရွက်လျှင်တော့ စာအုပ်ကိစ္စ အဆင်ပြေကောင်းပါရဲ့ဟု တွေးမိကာ ဒေါ်သန္တာကာရိန်ဆီ ဆက်သွယ်လိုက်ရသည်။ ဒေါ်သန္တာကာရိန်က လိုလိုချင်ချင် ဝမ်းပန်းတသာပင် "လိုအပ်သည့်အကူအညီ ပေးပါမည်၊ ဒါပေမဲ့ တပည့်တော်ကိုလည်း သိပ်အထင်မကြီးပါနဲ့။ ဝါသနာပါလို့သာ စာအုပ်ထုတ်ပါသည်တဲ့။ အားရစရာပါပဲ၊ သို့သော် ကိစ္စမရှိ၊ အနည်းဆုံး သူက စာအုပ်တစ်အုပ်ထုတ်ဖူးသေးသည်။ ရေနစ်သည့်အခါ မြက်ပင်တစ်ပင်သည်လည်း အားတက်စရာပင် မဟုတ်ပါလား။ ဤသို့ဖြင့် ဒေါ်သန္တာကာရိန်နှင့် ဆွေးနွေးကြည့်ဖြစ်ကြလေသည်။ ဒေါ်သန္တာကာရိန်က စာပေဝါသနာရှင်ပီပီ ကဗျာ၊ ဆောင်းပါး ကဏ္ဍကလေးများနှင့် ဝေဝေဆာဆာထုတ်ရလျှင် ကောင်းမလား၊ ဘုန်းကြီး၏ဆန္ဒကိုလည်း အမိန့်ရှိပါဟုဆို၏။ ဒေါ်သန္တာကာရိန် ပြောသည့်အတိုင်းဆိုလျှင် စာမူတွေတောင်းရ၊ ဆန်ခါတင်ရွေးချယ်ရတာတွေ လုပ်ရတော့မည်။ ထိုအခါ ကိုယ်တိုင်က နားမလည်သည်နှင့် လူပိန် ဝိတ်မသလို ဖြစ်တော့မည်။ သို့နှင့် ဘုန်းကြီးအမြင်ကတော့ ချောင်ဆရာကြီးတွေကလည်း သူတော်ကောင်း ရှေးရိုးကြီးတွေ၊ ဖွားကုကိုယ်တိုင်ကလည်း ရိုးရိုးမှတ်ဟမ်း လောက်ဆိုလျှင် တော်ပါပြီဟု ဆိုထားသည်။ ဒီတော့ နောင်လာနောက်သား တပည့်တွေ သုတေသီတွေ အတွက် သမိုင်းမှတ်တိုင် ခိုင်ခိုင်မာမာလေး တစ်စွန်းတစ်စကျန်ရစ်သွားလည်း မဆိုးပါဘူး ထင်ပါသည်ဟု ပြောလိုက်ရသည်။ ဒေါ်သန္တာကလည်း အဖွဲ့အနွဲ့ အပိုမပါတဲ့ ခိုင်မာတဲ့ အတ္ထုပ္ပတ္တိမှတ်တမ်း သဘောမျိုး လေးဆိုလည်း ကောင်းပါသည်ဟု သဘောတူလေသည်။

သို့နှင့် သမိဒ္ဓါဒယချောင်ကြီး အနှစ်တစ်ရာပြည့်သော အထိမ်းအမှတ်အဖြစ် ချောင်ဆရာအဆက်ဆက်နှင့် နာယကဆရာကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို စာစောင်တစ်ခု ထုတ်ဝေလိုက်ရပါသည်။ သမိဒ္ဓါဒယချောင်သမိုင်းနှင့် ပတ်သက်၍ မှတ်သားလိုကြသော တပည့်အဆက်ဆက်နှင့် သမိုင်းသုတေသီတို့အတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ အထောက်အကူလေးတစ်ခု ဖြစ်မည်ဆိုလျှင် ကြိုးစားရကျိုးနပ်ပါပြီ။

အရှင်ဇနိန္ဒ
တိုက်ဝါကြီးကျောင်း
စစ်ကိုင်းတောင်ရိုး

# စာအုပ်စီစဉ်ပုံ

စာအုပ်အစဉ် အများသူငါလို အမှာစာထောက်ခံချက် စသည်ဖြင့် တောင်းခံ၍ မဖော်ပြတော့ပါ။ ထောက်ခံချက်ပေးရလောက်အောင်လည်း အဆင်ပြေမည်မထင်ပါ။ အလုပ်သဘောအရသာ စာအုပ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။ စနစ်တကျမဟုတ်ဘဲ စိတ်ကူးရသလိုသာ စီစဉ်လိုက်ခြင်း ဖြစ်ပါသည်။

ဆွတ်ယွင်းချက် အားနည်းချက် အမှားများမှာ ထုံးအိုးတွင် နှစ်ရလောက်အောင် များမည်ဟု ကောန်ယုံကြည်ပါသည်။ ဘဝသမိုင်းများဖြစ်၍ လိုတိုးပိုလျော့ဖြင့် မပြင်ရဲသည်ကိုလည်း ဝန်ခံပါသည်။ မှတ်စုစာအုပ်သဘောသာ နှလုံးသွင်းကာ မေတ္တာဖြင့် ဖတ်ရှုတော်မူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဤစာအုပ်ကို အပိုင်း ၅ ပိုင်းခွဲ၍ ဖော်ပြပေးထားပါမည်။

ပထမပိုင်း၌ သာသနာ့ထိပ်ခေါင်တင် အကျော်အမော် ဆရာတော်ကြီးများ၏ ဘဝအတွေ့အကြုံ အသိဉာဏ်အားတို့ဖြင့် နှလုံးသည်းပွတ်ကြားမှ ပွင့်အံ့ကျလာသော မှတ်သားဖွယ်ရာ သြဝါဒတို့ကို သိုဂိရွေခွက်၌ ခြေသေ့ဆီထည့်သကဲ့သို့ မပျောက်မပျက် မှတ်ယူနိုင်ကြပါစေဟုတွေး၍ ရှေးဦးစွာ ဖော်ပြပေးလိုက်ပါသည်။

ဒုတိယပိုင်း၌ မူလချောင်တည် ဖွားဖွားကြီး ဒေါ်မာလာရီ၏ ဘဝသမိုင်းအကျဉ်းမှ စ၍ ယခုနှစ်တစ်ရာပြည့်သည်အထိ ဦးဆောင်ခဲ့ကြသော ချောင်ဆရာကြီးများ၏ ဘဝသမိုင်းအကျဉ်းများအပြင် ယခု သက်ရှိထင်ရှားစွာဖြင့် ချောင်ကြီး၏ အကျိုးတရားများကို ဆောင်ရွက်နေကြသော ဆရာကြီးများ၏ ဘဝသမိုင်းအကျဉ်းတို့ကို ဖော်ပြပေးသွားပါမည်။ ထိုသို့ဖော်ပြရာ၌ အမျိုးသမီး သာသနာ့အာဇာနည်ကြီးများမှာ ရှိကြသော ဂုဏ်သတ္တိစွမ်းပကားတို့အား ကုန်စင်ပေါ်လွင်အောင် ဖော်မပြတတ်သည်ကိုတော့ နားလည်ခွင့်လွှတ်ပေးတော်မူကြပါကုန်။

တတိယအပိုင်း၌ သမိဒ္ဓါဒယဟူသော မိခင်တိုက်မကြီးမှ ပေါက်ဖွားပေးလိုက်သော သာသနာ့ညီအစ်မတို့၊ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ကြရာ၌ ညီညီညွတ်ညွတ်ဖြင့် သွေးရင်းပမာ မေတ္တာများ ကူးယှက်ကြလျက် အချိန်, နေရာမရွေး တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းနှိုင်ကြပါစေဟု နှလုံးသွင်းမိသဖြင့် ချောင်ခွဲများစာရင်းနှင့် နေရပ်လိပ်စာတို့ကို အထူးဖော်ပြပေးလိုက်ပါသည်။

စတုတ္ထပိုင်း၌ သမိဒ္ဓါဒယချောင်ခွဲများထဲမှ စာပေဝါသနာရှင် သာသနာ့အာဇာနည် ဆရာကြီး၊ ဆရာလေးများ၏ ကလောင်စွမ်းရည်ကို စာရှုသူတို့ မြည်းစမ်းနိုင်ကြစေရန်နှင့် အမျိုးသမီး သာသနာ့အာဇာနည်တို့၏ လုပ်ငန်းစဉ်များကို သဒ္ဓါတရားအလျောက် ထောက်ပံ့နိုင်ကြပါစေဟူသော ဆန္ဒဖြင့် မပြုမပြင် ဖော်ပြပေးလိုက်ပါသည်။ တိုင်းရင်းဆေးဆရာကြီး ကိုဇော်နိုင်၏ ပိုဒ်စုံရတုကိုလည်း အမှတ်တရ ထည့်ပေးလိုက်ပါသည်။

ပဉ္စမပိုင်း၌ ဤသမိဒ္ဓါဒယသီလရှင်တိုက်ကြီး၏ အနှစ်တစ်ရာပြည့်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်စေရန်အတွက် စေတနာထက်သန်စွာဖြင့် အထူးထောက်ပံ့လှူဒါန်းကြသော အလှူရှင်များကို ဂုဏ်ပြုသည့်အနေအားဖြင့်လည်းကောင်း၊ မိမိတို့၏ကုသိုလ်ကို အစဉ်အမှတ်ရကာ ကုသိုလ်များ ပိုမိုတိုးပွားနိုင်ကြပါစေရန်လည်းကောင်း၊ စေတနာ မေတ္တာ အရင်းခံ၍ အလှူရှင်များ မှတ်တမ်းကို ဖော်ပြပေးလိုက်ပါသည်။

■

# အာထူးကျေးဇူးတင်လွှာ

ဤသမိဒ္ဓါဒယရာပြည့်စာစောင်ဖြစ်ဖို့အတွက် လွယ်လွယ်ကူကူနှင့် ပြီးစီးလာရသည် မဟုတ်ပါ။ စာရေးသူအနေနှင့် အရည်အချင်းက မမီ၊ "နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း" ဆိုသလို စာရေးနေစဉ် အနာပေါက်သဖြင့် ရေးလက်စကို ရပ်ထားရလေသည်။ ပြီးသလောက် ကွန်ပျူတာရိုက်ပြန်တော့ မျက်စိက နာပြန်သည်၊ မျက်စိနာကို ကုသရင်းမှ သွေးတိုးတွေ့သဖြင့် မူကြမ်းသာရေးထား၍ ကွန်ပျူတာမရိုက်နိုင်တော့ အချောလည်း မပြင်နိုင်တော့ပေ။ ဤသို့ စသော အကြောင်းတို့ကြောင့် ရွာလည်နေခဲ့ရပါသည်။


သို့ရာတွင် ဤစာစောင်လေး ဤသို့ ပွဲကြိုးအမှိ ထွက်ပေါ်လာစေရန် ကူညီပေးခဲ့ကြသောအားဖြင့် ကိုယ်ပိုင်အလုပ်ကိစ္စများကို ရပ်တန့်ကာ ရန်ကုန်သာယာဝတီခရိုးမှ တကူးတက လာရောက်၍ ကွန်ပျူတာစာစီပေးသော အရှင်ဇဝနာလင်္ကာရအား လည်းကောင်း၊ ဩဝါဒများ ရရှိအောင် ဆရာတော်ကြီးများကို လိုက်လျှောက်တောင်းပေးသော သမိဒ္ဓါဒယချောင်မှ နာယကဆရာကြီး ဒေါ်ဆန္ဒဘာဂီအားလည်းကောင်း၊ ကိုယ်တိုင်စာမူပေးသလို စာအုပ်အစီအစဉ်ကိုလည်း အကြံဉာဏ်ပေးသော ဇေယျာသန္တာမိုး (ဒေါ်သန္တကာရိနီ – ရန်ကုန်) အားလည်းကောင်း၊ ကိုယ်ပိုင်တာဝန်ဖြစ်သော မန္တလေးဆေးရုံကြီး၌ ဟောက်ဆာဂျင်ကို နေ့ဂျူတီ ညဂျူတီများဖြင့် မအားမလပ်အောင် အလုပ်ရှုပ်သည့်ကြားမှ စာမူအချောပြင်ပေးသော ဒေါက်တာအေးမြတ်လတ် (ခ) မီးမီး အားလည်းကောင်း၊ ဓာတ်ပုံများ အဆင်တပြေရအောင် ဝိုင်းဝန်းအကူအညီပေးကြသော သမိဒ္ဓါဒယချောင်မှ ဆရာကြီး ဆရာလေးတို့အားလည်းကောင်း အထူး ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဤစာစောင်၌ မှတ်တမ်းတင်အပ်ပါသည်။

အခန်း ( ၁ )

# ဆရာတော်ကြီးများ၏
# ရာပြည့်အမှတ်တရ
# ဩဝါဒကထာများ

# ဝါဆိုဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ

အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊



နိုင်ငံတော်သြဝါဒိစရိယ စုဒ္ဒသမ ရွှေကျင်သာသနာပိုင်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊

မန္တလေးမြို့

မန္တလေး ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စုဒ္ဒသမရွှေကျင်သာသနာပိုင်

အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ၊ အဂ္ဂမဟာပဏ္ဍိတ

နိုင်ငံတော် သဝါဒါစရိယ

ဝါဆိုဆရာတော် ဘဒ္ဒန္တအဂ္ဂိယ (၉၅ နှစ် ၊ ၇၆ ဝါ) ၏

## ဝမ်းမြောက်ဖွယ်စာတမ်း

**(က) နှ ဟိ သဗ္ဗေသု ဌာနေသု ၊ ပုရိသော ဟောတိ ပဏ္ဍိတော ။**
**ဣတ္ထိပိ ပဏ္ဍိတာ ဟောတိ ၊ တတ္ထ တတ္ထ ဝိစက္ခဏာ ။**

(က) **ဘောန္တော** ၊ အို တောင်စောင့်နတ်အပေါင်းတို့။ **လောကေ** ၊ ဤကမ္ဘာလောကကြီး အတွင်း၌။ **သဗ္ဗေသု ဌာနေသု** ၊ အလုံးစုံသော အရာဌာန၊ အလုံးစုံသော အရေးကိစ္စတို့၌။ **ဟိ**၊ စင်စစ်ဧကန် အမှန်အားဖြင့်။ **ပုရိသော** ၊ ယောကျ်ားများကသာလျှင်။ **ပဏ္ဍိတော** ၊ သာလွန်၍ ပညာရှိသည်။ **နဟောတိ** ၊ မဖြစ်နိုင်။ **ဣတ္ထိပိ** ၊ မိန်းမများသည်လည်း။ **ပဏ္ဍိတာ** ၊ ရေးရာမြင်သိ ပညာရှိသည်။ **ဟောတိ**၊ ဖြစ်နိုင်သည်သာလျှင်တည်း။ **ဣတ္ထိပိ** ၊ မိန်းမများကလည်း။ **တတ္ထ တတ္ထ**၊ ထိုထိုဌာန ထိုထိုအရေးကိစ္စတို့၌။ **ဝိစက္ခဏာ**၊ ရုတ်တရက်ဉာဏ် လျင်မြန်ပေါ်ပေါက် အရေးရောက်အောင် ရွက်ဆောင်ကြံစည်နိုင်သည်။ **ဟောတိ**၊ ဖြစ်သည်သာလျှင်တည်း။

**(ခ) နှ ဟိ သဗ္ဗေသု ဌာနေသု ၊ ပုရိသော ဟောတိ ပဏ္ဍိတော ။**
**ဣတ္ထိပိ ပဏ္ဍိတာ ဟောတိ ၊ လဟုံ အတ္ထ ဝိစိန္တိတာ ။**

(ခ) **ဘောန္တော** ၊ အို တောင်စောင့်နတ်အပေါင်းတို့။ **လောကေ** ၊ ဤကမ္ဘာလောကကြီး အတွင်း၌။ **သဗ္ဗေသု ဌာနေသု** ၊ အလုံးစုံသော အရာဌာန၊ အလုံးစုံသော အရေးကိစ္စတို့၌။ **ဟိ** ၊ စင်စစ်ဧကန် အမှန်အားဖြင့်။ **ပုရိသော** ၊ ယောကျ်ားများသာလျှင်။ **ပဏ္ဍိတော** ၊ သာလွန်၍ ပညာရှိသည်။ **နှ ဟောတိ** ၊ မဖြစ်နိုင်။ **ဣတ္ထိပိ** ၊ မိန်းမများသည်လည်း။ **ပဏ္ဍိတာ** ၊ ရေးရာမြင်သိ ပညာရှိသည်။ **ဟောတိ** ၊ ဖြစ်နိုင်သည်သာလျှင်တည်း။ **ဣတ္ထိ** ၊ မိန်းမသည်။ **လဟုံ** ၊ လျင်လျင်

မြန်မြန်။ အတ္ထံ၊ ရေးရာကိစ္စ ဟူသမျှကို။ ဝိစိန္တိတာ၊ ရုတ်တရက်ဉာဏ် လျင်မြန်ထိုးထွင်း ခဏချင်းပင် မြော်မြင်ကြံစည်နိုင်ပေသတည်း။

တောစောင့် တောင်စောင့် နတ်အပေါင်းတို့၏ သံပြိုင်ဟစ်ဆိုသော ဂါထာနှစ်ပုဒ်ဖြစ်၏။ ဘုရားလက်ထက်က ကုဏ္ဍလကေသာ ဇတဒဂ်ရ ရဟန္တာထေရီမကြီးဘဝ၌ ရဟန္တာမဖြစ်မီ အမျိုးမျိုး ဒုက္ခဘုံ၌ ဒုက္ခတွေ့ခဲ့ရရာမှ ကြုံဆုံခဲ့ရသော အဖြစ်အပျက်တစ်ခုဖြစ်၏။

ဖြစ်စဉ်မှာ ကုဏ္ဍလကေသာ အမျိုးသမီးသည် ဘဒ္ဒါအမည်ဖြင့် သာဝတ္ထိမြို့အလယ် သူဌေးသမီးအဖြစ် ခုနစ်ထပ်တိုက်ကြီးအပေါ် စံပျော်နေသူဖြစ်၏။ ယောကျ်ားများနှင့် အတွေ့အကြုံ ကင်းရှင်းအောင် သူဌေးကြီးနှင့် သူဌေးကတော်တို့က ခုနစ်ထပ်တိုက်ကြီးအပေါ်ထပ် (ရွေးအခေါ် ဘုံခုနစ်ဆင့်ပြာသာဒ်) ၌ နေစေ၏။

သာဝတ္ထိ ရာဇဂြိုဟ် ထိုထိုနိုင်ငံတို့တွင် အလွန်နာမည်ကြီးသော သတ္တုကခေါ် သူခိုးကြီး တစ်ယောက် အထင်အရှားဖြစ်ပေါ်လျက်ရှိသော ခေတ်ကြီးဖြစ်၏။

ဤသူခိုးကြီးသည် ပုရောဟိတ်ပညာရှိအမတ်ကြီး၏သားဖြစ်၏။ စောရနက္ခတ် ထွန်းလင်းချိန် မွေးဖွားလာသောကြောင့် အမတ်ကြီး၏သားဖြစ်သော်လည်း သူခိုးကြီးဘဝအဖြစ်ဖြင့် ပျော်ပိုက်နေ၏။ ဇနပုဒ်နယ်ပယ်, ကျေးရွာ, မြို့စွန်, မြို့ဖျားမကျန် လိုက်လံဆိုးဝါးရမ်းကား သောင်းကျန်းနေသော သတ္တုကသူခိုးကြီးဖြစ်၏။

တဖြည်းဖြည်းနှင့် သူခိုးကြီးအသင်းအပင်း အဖွဲ့အစည်း တောင့်တင်းကျယ်ပြန့်လာရကား နိုင်ငံတော်အုပ်ချုပ်ရေး အရေးကြီးလာသဖြင့် နိုင်ငံတော်တပ်သားများ ရဲသားများ ပူးပေါင်း၍ အင်အားဖြင့် အရအမိ ဖမ်းဆီးရလေ၏။

မြို့တောင်က သုသာန်ထုတ်၍ မြို့တွင်း လမ်းဆုံလမ်းဝ လမ်းလေးခွတို့၌ တိုင်းသူပြည်သားများ ရာဇဝတ်မှုပြုခြင်းမှ ရှောင်ကြဉ်ရန် "သူခိုးကြီးကို ပုတ်ခတ်ရိုက်နှက်ပြီး သုသာန်ပို့စေ" ဟူ၍ ပြင်းပြင်းထန်ထန် ရာဇသံပေးလိုက်လေ၏။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး သောတာပန်မဖြစ်သေးခင် ဤသို့ပင် စီရင်တော်မူလေ့ရှိ၏။ ဘုံခုနစ်ဆင့်ပေါ်နေတဲ့ ကုဏ္ဍလကေသာသည် လေသာပြတင်းကို အသာဖွင့်၍ ကြည့်ရှုလိုက်တဲ့အခါ အနိပ်စက်ခံနေရတဲ့ သတ္ထုကခိုးသားကြီးကို တွေ့မြင်ရသည်နှင့် တစ်ပြိုင်နက် အဆက်အသွယ် မရှိဘူးတဲ့ တဏှာပေမစိတ်ဓာတ်တွေ ကုဏ္ဍလကေသာ နှလုံးအိမ်မှာ တဖွားဖွားပေါ်လာ၏။

ဒီလိုချစ်စရာကောင်း သနားစရာကောင်းတဲ့လူကို အာဏာသားတို့က ရက်စက်နေခြင်းကို ပူပြင်းသောက ဖြစ်ပေါ်ရ၍ သူဌေးသမီး မစားနိုင် မသောက်နိုင် တမှိုင်မှိုင်တထွေထွေ အိပ်ရာထဲမှာပင် လဲလျောင်းနေလေ၏။

သူဌေးကြီး သူဌေးကတော်တို့ သိသည့်အခါ သမီးကိုချော့၍ ကျွေးမွေးပြုစုကြ၏။ သမီးက ဘာမျှမစားသောအခါ အမေဖြစ်သူနှင့် ဥတိအမျိုးသမီးတို့ကို အတိအလင်း မေးမြန်းစေရာ သူဌေးသမီးက ဒီသူခိုးကြီးမရလျှင် ကျွန်မ သေချင်သေပစေတော့ ဘာမျှမစားချင်မသောက်ချင်တော့ဟူ၍ ပြတ်ပြတ်တောက်တောက် ပြောနေသဖြင့် သူဌေးကြီးသည် ဥပေက္ခာမပြုနိုင်တော့ပြီဖြစ်၍ ငွေတစ်ထောင်ပေးကာ အာဏာသား ပါးကွပ်သား လက်ဆောင်ထိုးရွေးနှုတ်၍ သမီးနှင့်ပေးစားရလေ၏။ အာဏာသား ပါးကွပ်သားတို့သည် ထောင်သားတစ်ယောက်ကို ချုပ်နှောင်ထောင်တွင်းမှ ခေါ်လာပြီး အစားထိုး စီမံလိုက်လေ၏။

ကုဏ္ဍလကေသာ၏ ဇာတ်ရုပ်ကို အကျဉ်းချုပ်၍ ရေးသားပါမည်။

နှစ်ပရိစ္ဆေဒမကြာခင် နှစ်လသုံးလမျှဖြင့် သူဌေးအိမ်မှာ မပျော်သော သူဌေးသားမက် သူခိုးကြီးသည် ဇနီးဖြစ်သူ ထေရီမယ် ကုဏ္ဍလကေသာခေါ် မယ်ဘဒ္ဒါကို ချော့၍ မြို့တောင်က သုသာန်တောင်ကြီးပေါ် စိန်, ရွှေရတနာ လက်ဝတ်လက်စားတွေ မိန်းမထံမှ အတင်းလုယူ၏။ ဘာလုပ်တာလဲဟုမေးရာ ငါ ဓားပြတိုက်နေတာဟု ဖြေ၏။ သူဌေးသမီးက ဒီပစ္စည်းတွေတင် မကဘူး လူကိုပါအကုန်ပိုင်နေတာ သတ်စရာဖြတ်စရာမလိုဟု တောင်းပန်ရာ ငါက တိုက်ခိုက်လုယက်ခြင်းမပြုရလျှင် မနေနိုင်ဟု ပြောပြန်သဖြင့် ရတနာမှန်သမျှ အကုန်ချွတ်ပေးလိုက်၏။

ထိုအခါ သူခိုးကြီးစိတ် အေးဆေးသွားရော့လားဟု မေးစရာရှိ၏။ သူခိုးကြီးသည် "မယ်ဘဒ္ဒါ ငါပြောဦးမယ် ငါ့ထုံးစံ တစ်သက်လုံး တိုက်ခိုက်ခိုးဆိုးလာတာ ပစ္စည်းယူပြီး လူမသတ်ဘဲ ချန်ထားခဲ့တာ တစ်ခါမှ မရှိခဲ့စဖူးဘူး။ အဲဒီတော့ မင်းကိုသတ်ဖို့ရာ အလုပ်တစ်ခုကျန်နေတယ်၊ မင်းကို သတ်ရလိမ့်မယ်" ဟု သူခိုးကြီးက အမှန်အတိုင်းပြောနေ၏။

(စာရှုသူအပေါင်းတို့ ရဟန္တာဖြစ်၍ ကျွတ်တမ်းဝင်မည့် နောက်ဆုံးပစ္ဆိမဘဝိက လူသားအမျိုးသမီးတစ်ယောက်ဇာတ်လမ်းကို မှတ်တမ်းတင်၍ သံဝေဂ ပွားများကြရန် စာရေးသူက သတိပေးအပ်ပါသည်။)

*အပွေးကိုမြင် အပင်ကို မယ်မသိတာကြောင့် ဝယ်မိတာမှား...*
*လိမ်းမလို့ သွေးတော့မှ မွှေးနဲ့သာ ဘယ်မရောက်ပြီ...ဘု*
*အိုကွယ်... သီးခေါက်နဲ့ညား...*

ရှေးစကားအရ သနပ်ခါးခေါက်နှင့် သီးခေါက်၊ မန်ကျည်းခေါက် လွဲမှားကြသည့် အမျိုးသမီးများ များစွာရှိသည်ဟူ၍လည်း ကြားဖူးကြမည်ထင်၏။ ကုဏ္ဍလကေသာခေါ် မယ်ဘဒ္ဒါသည် သံဝေဂ အလင်းဉာဏ်ကိုလည်း ရ၏။ ငါ့အနေဖြင့် အရမ်းအသေမခံနိုင်ဟူသော တခ်ံကုပ္ပတ္တိဉာဏ်ကိုလည်း သတိရ၏။

စွယ်စုံကျော်ထင်ကျမ်းက ဤနေရာ၌ ကုဏ္ဍလကေသာကို ဝေဖန်ချီးကျူးထား၏။ လူ့ဘဝ ရသည့်အခိုက် ဘဝအဆုံးအရှုံးမခံဘဲ မိမိအသက်မသေအောင် ညှစ်၍ထုတ်လိုက်သော တခ်ံကုပ္ပတ္တိ ဉာဏ် ကုဏ္ဍလကေသာ၌ရှိ၏ဟု ဝေဖန်ချီးကျူး၏၊ နတ်တွေက သြဘာပေးသည်၊ သာဓုခေါ် သည်၊ ဂုဏ်ပြုချီးကျူးသည် ဆိုရာ၌လည်း ဤတခ်ံကုပ္ပတ္တိဉာဏ်ကို ချီးကျူးခြင်းဖြစ်၏၊ ဝဓကစေတနာ ဒေါသကို ချီးကျူးခြင်းမဟုတ်ဟု မှတ်ရာ၏။

သူဌေးသမီးသည် ဒီကောင်ကြီး ငါတောင်းပန်လို့တော့ ရမှာမဟုတ်တော့ဘူး။ ငါက အရင် လက်ဦးမှဖြစ်မယ်ဟု ဉာဏ်အစအနပေါ်လာသဖြင့် ...

အချစ်ဦးမောင်ကြီး အသက်ဘူးမောင်ကြီး စသည်ဖြင့် ချော့မော့လျက် ပရိယာယ်ဖြင့် မသေခင်လေး အားရအောင် ချစ်ပါရစေ၊ အသက်ဘူးကြီး ခွင့်ပြုပါ စသည် ပရိယာယ်ဆင်၍ သူခိုးကြီးကို လက်ယာရစ် လှည့်ပတ်၍ လက်အုပ်ချီ ရှိခိုးရင်း နမ်းရှုတ်ပရိယာယ်လုပ်လေ၏။ သူခိုးကြီးအလစ်၌ အားစိုက်၍ အစွမ်းကုန်တွန်းချလိုက်ရာ တောင်ကမ်းပါယံ ချောက်ကြားသို့ သူခိုးကြီး ရောက်ရှိသွားလေတော့၏။

(စာရှုသူ သီလရှင်ကလေးများ ပါဠိအနက် ဂါထာနှစ်ပုဒ် ကျက်လိုက ကျက်နိုင်ရန် အစဦး ဖော်ပြခြင်းဖြစ်၏)

စာရှုသူအားလုံးတို့ကို ပြောပြလိုသည်မှာ ...


ဤဂါထာနှစ်ပုဒ်သည် ထေရီအပါဒါန်ပါဠိတော်ဖြစ်သည်ကို ဗုဒ္ဓကိုယ်တိုင်က လက်ခံထားခြင်း ထောက်ခံထားခြင်းဖြစ်၍ ရဟန္တာငါးရာမှ ပထမသင်္ဂါယနာတင်ထားခြင်းဖြစ်၏။

ဣတ္ထိပိ ပဏ္ဍိတာ ဟောတိဟူသော ပါဠိဝါကျတစ်ခုမျှဖြင့် (ဝါ) ဤစကားပိုဒ် တစ်လုံးမျှဖြင့် သမိဒ္ဓေါဒယ ပရိယတ္တိသီလရှင်စာသင်တိုက် နှစ် ၁၀၀ ပြည့် မဂ္ဂင်းစာအုပ်၊ လက်ရှိချောင်ဆရာကြီး အသက် (၉၀) ပြည့် မွေးနေ့စာစောင် ထုတ်ဝေသင့်ကြောင်းကို ဝမ်းမြောက်ဖွယ် စာတမ်းဖတ်ရင်း သဘောပေါက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ကုဏ္ဍလကေသာ၏ ခိပ္ပါဘိညာ ဓမ္မဒဂ်ရာထူး ရရှိခြင်းတို့ကိုလည်း ထေရီအပါဒါန် စသည် ရှာကြံကြည့်ရှု မှတ်သားထားကြစေလိုကြောင်း မေတ္တာရပ်ခံရင်း အဆုံးသတ်ပါသတည်း။

# ဦးအဂ္ဂဝံသာဘိဝံသ

အာဘိဓဇမဟာရဋ္ဌဂုရု



ပေါက်မြောင်ဆရာတော်၊ မန္တလေးမြို့

စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓါဒယချောင်

# ရာပြည့်အထိမ်းအမှတ်

## သာရကာဓိယ ဩဝါဒကထာ

စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓါဒယချောင်ဆရာကြီး ဒေါ်မာလာရီကို မိမိ ပထမကြိုးအောင်သော ၁၃၁၃ ခုနှစ်က ချောင်ဆရာကြီး၏ ဇရပ်ပေါ်၌ ပထမဆုံး တွေ့ဆုံစကားပြောခွင့်ရခဲ့ပါသည်။ ထိုစဉ်က ယခုဇေယျသီဂီချောင်ဆရာကြီး ဒေါ်ပုဏ္ဏာမိလည်း ချောင်မခွဲသေးဘဲ ဆရာကြီးနှင့် အတူနေပါသည်။

ဆရာကြီး၏ သန့်ရှင်းစင်ကြယ် ကြည်လင်အေးမြသောမျက်နှာ၊ ယဉ်ကျေးသိမ်မွေ့သော အမူအရာများနှင့် မိမိကဲ့သို့ ရဟန်းငယ်ကိုပင် ဂါရဝတရားရှေ့ထား၍ ရိုသေလေးစားစွာ လျှောက်ထား ပြောဆိုပုံကို မြင်ရ ကြားရသဖြင့် "ဆရာကြီးသည် သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၊ ကရုဏာ စသော သူတော်ကောင်းတရားတို့ အလွန်ကြီးမားပြည့်စုံသော ပညာရှိ သူတော်ကောင်းကြီးပါတကား" ဟု စိတ်ထဲ၌ အသိအမှတ်ပြုခဲ့ရပါသည်။

ဆရာကြီးက မိမိအား ပထမကြိုးတန်း၌ တစ်ပြည်လုံး ပထမကျော်အောက် အမှတ်အများဆုံးဖြင့် အောင်မြင်ကြောင်း သိရ၍ ဝမ်းမြောက်ပါကြောင်း၊ ဆက်လက်၍ ပရိယတ္တိစာပေကို ကြိုးစားပါဟု ဝမ်းမြောက်ဝမ်းသာ လျှောက်ထားပါသည်။ ထိုနောက်ကား မိမိလည်း စာပေပို့ချနေရသောကြောင့် ဆရာကြီးနှင့် ယခုလို စကားပြောဆိုခွင့် မရတော့ပါ။

ယခု အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ် ပါမောက္ခချုပ်ဖြစ်တော်မူသော ဒေါက်တာ နန္ဒမာလာဘိဝံသက ဆရာကြီးနှင့် အကြိမ်သုံးဆယ်ကျော် တွေ့ဆုံမေးမြန်း၍ ၁၃၃၇-ခုနှစ်က ထုတ်ဝေလိုက်သော "သမိဒ္ဓါဒယချောင်ဆရာကြီး ဒေါ်မာလာရီ၏ နှစ် (၉၀) ကျော်ဘဝခရီး"

စာအုပ်ကို ဖတ်ရသောအခါ ဆရာကြီးသည် တကယ့် "သံသာရဘီရကာ, သဒ္ဓမ္မမာမိကာ, နိဗ္ဗာနဂဝေသိကာ" ဆရာကြီးပါတကားဟု သိရပါသည်။

ဆရာကြီးသည် ပဋိရူပဒေသဝါသစက်, သပ္ပုရိသသံသေဝစက်, အတ္တသမ္မာပဏိဓိစက်, ပုဗ္ဗေကတပုညတာစက်လေးပါးနှင့် ပြည့်စုံသော ဆရာကြီးဖြစ်ပါသည်။ ထိုလေးပါးတွင် အရေးကြီးဆုံး သပ္ပုရိသသံသေဝစက်တည်းဟူသော ပညာရှိသူတော်ကောင်း ကလျာဏမိတ္တအစစ်ဖြစ်တော်မူကြသော မဟာဂန္ဓာရုံဆရာတော်ကြီး, ချမ်းအေးဆရာတော်ကြီး စသော ဆရာတော်ကြီးများနှင့် တွေ့ဆုံမှီဝဲ ဆည်းကပ်ရသဖြင့် ထိုဆရာတော်ကြီးများ၏ အဆုံးအမသြဝါဒတို့ကို အမြဲမပြတ် မှတ်သားနာယူ လိုက်နာကျင့်ကြံခြင်းကြောင့် ယခုကဲ့သို့ ပညာရှိသူတော်ကောင်းကြီးဖြစ်ခြင်း ဖြစ်ပါသည်။ ပရိယတ္တိဘက်ကလည်း ထရံကာဆရာကြီး, လယ်တီဆရာတော်ကြီး စသော ထင်ရှားသောဆရာတော်ကြီးများထံ သင်ယူခဲ့ရ၍ ပရိယတ္တိဘက်၌လည်း ပြည့်စုံသူဖြစ်ပါသည်။

အထူးအားဖြင့် ဖခင်သဖွယ် အားကိုးရသော မဟာဂန္ဓာရုံဆရာတော်ကြီး၏ အဆုံးအမသြဝါဒများနှင့် ဆရာတော်ကြီး ချမှတ်ပေးသော သီလရှင်ဥပဒေကြီးကို လိုက်နာကျင့်သုံး၍ ပရိယတ်, ပဋိပတ်ဖြင့် တပည့်များကို ချီးမြှောက်ဆုံးမ သြဝါဒများပေးခဲ့သောကြောင့်လည်း မိမိလက်ရုံးသဖွယ် အားကိုးရသော သီလရှင်တပည့်ကြီးများ ပေါ်ထွက်လာ၍ သမိဒ္ဓါဒယ ချောင်ကြီး ယခု နှစ်တစ်ရာပြည့်သည့်တိုင်အောင် တစ်နှစ်ထက်တစ်နှစ် တိုးတက်စည်ပင်လာခြင်း ဖြစ်ပါသည်။ အားကိုးရသော တပည့်ဆရာကြီးများကြောင့် ရန်ကုန်, မော်လမြိုင်, ပြွန်တန်ဆာ စသော မြို့များ၌လည်း သမိဒ္ဓါဒယ စာသင်တိုက်ခွဲများ တည်ထောင်၍ သီလရှင်သာသနာကို တိုးတက်စည်ပင်အောင် သာသနာပြုနိုင်ခဲ့ကြောင်း သိသာထင်ရှားပါသည်။

သို့ရကား ဆရာကြီး စတင်တည်ထောင်၍ သီလရှင်သာသနာကြီးကို ပြုစုခဲ့ရာဖြစ်သော ဤသမိဒ္ဓါဒယချောင်ကြီးနှင့် သမိဒ္ဓါဒယတိုက်ခွဲများ တိုးတက်စည်ကားမှုကို အလိုရှိကြသော သီလရှင်ဆရာကြီး ဆရာလေးအပေါင်း သူတော်ကောင်းတို့သည် ဆရာကြီး၏ ပညာရှိသူတော်ကောင်း ကိုယ်, နှုတ်, စိတ် အမှုအကျင့်တို့ကို ဒိဋ္ဌထင်ထင် သိမြင်ဆည်းကပ်ခဲ့ရသော ဒိဋ္ဌာနုဂတိကာ ပညာရှိသူတော်ကောင်းများပီပီ သီလရှင်ဥပဒေကြီးနှင့် ဆရာကြီး၏ အဆုံးအမသြဝါဒများကို ရိုသေလေးစား မြတ်နိုးစွာ လိုက်နာကျင့်သုံးကြပါ။ ဆရာကြီးကဲ့သို့ ကလျာဏမိတ်အစစ် ဖြစ်တော်မူကြသော ပညာရှိသူတော်ကောင်း ဆရာတော်ဘုရားကြီးများထံ အမြဲမပြတ်

ဆည်းကပ်၍ အဆုံးအမ သြဝါဒကို ခံယူကြလျက် ထိုအဆုံးအမသြဝါဒတော်များအတိုင်း လိုက်နာကျင့်သုံးကြပါ။ တစ်ဦးနှင့်တစ်ဦး ရန်ငြိုးဖွဲ့.ခြင်း စသည် ကင်းဝေး၍ ချမ်းသာစွာ နေရခြင်း၊ ချမ်းသာစွာ သာသနာပြုနိုင်ကြရန် သက္ကပဉ္စာသုတ်, ကလဟဝိဝါဒသုတ် စသည်တို့၌ ဟောတော်မူအပ်သော ရန်ငြိုးဖွဲ့.ခြင်း ဆင်းရဲစွာ နေရခြင်း၏ အကြောင်းဖြစ်သော ဣဿာ မစ္ဆရိယ သံယောဇဉ်များ ရှောင်ရှားကြ၍ မေတ္တာ ကရဏာ မုဒိတာ ဗြဟ္မစိုရ်တရားများ လက်ကိုင်ထားကြလျက် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ညီညွတ်စွာဖြင့် သာသနာပြုကြပါဟု သြဝါဒစကား တိုက်တွန်းပြောကြားလိုပါသည်။

ထို့ပြင် ပထမတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဓမ္မနာဒဆရာတော်ဘုရားကြီး အမြဲဆုံးမလေ့ရှိသော စရိယာပိဋကပါဠိတော်၌ ဘုရားရှင်၏ အနုသာသနီဂါထာကိုလည်းကောင်း, ထိုအနုသာသနီအားလျော်စွာ ပထမဓမ္မနာဒတိုက်တည် ဆရာတော်ဘုရားကြီး၏ အာသီသပတ္ထနာ ဂါထာကိုလည်းကောင်း ထိုနှစ်ဂါထာတို့ကို မှတ်သားဖွယ်ရာ တိပိဋကဆရာတော်ကြီး မြန်မာပြန်ဆိုတော်မူအပ်သော အနက်ယောဇနာကိုလည်းကောင်း တပ်ဆင်ဖော်ပြ၍ သြဝါဒနိဂုံး ချုပ်အပ်ပါသတည်း။

**( ၁ ) ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**
**သမဂ္ဂါ သခိလာ ဟောထ၊ သော ဗုဒ္ဓါနုသာသနီ ။**

**ဘိက္ခဝေါ**၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ **ဝိဝါဒံ**၊ သူ မတရား, ငါ တရားနှင့် သူကားလွဲစင်, ငါမှန်ထင်၍ ဆန့်ကျင်စကား အငြင်းပွားခြင်းကို။ **ဘယတော**၊ ကြောက်ဖွယ် မဟေး ဘေးအနေအားဖြင့်။ **ဒိသွာ**၊ ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်းသိမြင်၍ လည်းကောင်း၊ **အဝိဝါဒံ**၊ မေတ္တာရှေ့ထား အငြင်းမပွားခြင်းကို။ **ခေမတော**၊ ဘာဝိတဗွမှန်ငြား တို့တတွေ ပွားရမည့် ဘေးမဲ့တရား အနေအားဖြင့်။ **ဒိသွာ စ**၊ ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်းသိမြင်၍ လည်းကောင်း။ **သမဂ္ဂါ**၊ ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြကုန်သည် လည်းကောင်း။ **သခိလာ**၊ မေတ္တာရေစစ် အခြေအမြစ်ဖြင့် ပြေပြစ်သောစကား ပြောကြားကြကုန် သည်လည်းကောင်း။ **ဟောထ**၊ ဇကန်စင်စစ် ဖြစ်ကြပါကုန်လော။ **သော**၊ ဤသည်ကား။ **ဗုဒ္ဓါနုသာသနီ**၊ ဂဂ်ါဝါင္ဆု သဲစုမက ပွင့်တော်မူကြသည့် ဗုဒ္ဓမြတ်စွာ အစိန္တေယျာတို့၏ ကရဏာ နှလုံးဖြင့် ဆုံးမတော်မူချက်ပါပေတည်း။

**( ၂ ) သမဂ္ဂါ သဇ္ဈနာ ဟောထ ၊ မာ တုမှေ ဝဂ္ဂဘေဒကာ ။**
**မေတ္တံ် ကရောထ အညောညံ် ၊ ကရဏီ မုဒိတံ် သဒါ ။**


**သဇ္ဈနာ** ၊ နှလုံးပျော့ပျောင်း သာသနာ့နွယ်ဝင် သူတော်စင်အပေါင်းတို့။ **တုမှေ** ၊ နှလုံးပျော့ပျောင်း သင်သူတော်စင်အပေါင်းတို့သည်။ **သမဂ္ဂါ** ၊ ကိုယ်စိတ်နှစ်ရပ် အချင်းချင်း ညီညွတ်ကြကုန်သည်။ **ဟောထ** ၊ ဧကန်စင်စစ် ဖြစ်ကြပါကုန်လော။ ( ဝါ ) ဧကန်စင်စစ် ဖြစ်ကြပါစေ။ **တုမှေ** ၊ သင်သူတော်ကောင်း ဘုရားသမီးတော်အပေါင်းတို့သည်။ **ဝဂ္ဂဘေဒကာ** ၊ သူတစ်စု+ ငါတစ်စု မညီမှုကြောင့် အစုအစားစား ကွဲပြားကြကုန်သည်။ **မာ ဟောထ** ၊ ဧကန်စင်စစ် မဖြစ်ကြပါစေကုန်လင့်။ ( ဝါ ) ဧကန်စင်စစ် မဖြစ်ကြပါစေကုန်သတည်း။ **အညောညံ်** ၊ ဘုရားရှင်၏ သမီးတော်များ ပီသသော သဘောထား၍ တစ်ပါးက တစ်ပါးကို။ **သဒါ** ၊ နေ့နေ့ညည ခပ်သိမ်းသောကာလ၌။ **မေတ္တံ်** ၊ ကိုယ်ကျိုးပယ်ရှား ကျိုးလိုလားဟု နှစ်ပါးသောမေတ္တာ ဘာဝနာတရားကိုလည်းကောင်း။ **ကရဏီ** ၊ ဒုက္ခတွေ့က မမွေ့နိုင်ပါ ကရဏာဘာဝနာတရားကိုလည်းကောင်း။ **မုဒိတံ** ၊ ချမ်းသာတွေ့က မွေ့မွေ့ရွှင်လန်း ဝမ်းမြောက်ခြင်းမုဒိတာ အပွမညာတရားကိုလည်းကောင်း။ **ကရောထ** ၊ ဘုရားရှင်၏ သမီးတော်များပီပီ ရွှင်ကြည်အားရ ပြုနိုင်ကြပါစေကုန်သတည်း။

*ကိုယ်ရောစိတ်ပါ၊ ချမ်းသာစွာ၊ သာသနာပြုနိုင်ကြပါစေကုန်သတည်း။*

ဦးအဂ္ဂဝံသာဘိဝံသ
( အာဘိဓေမဟာရဋ္ဌဂုရု )
ပေါက်မြိုင်ဆရာတော်
မန္တလေး။
၁၃၇၃ ခု၊ ဝါဆိုလဆန်း ( ၃ ) ရက်။

# ဘဒ္ဒန္တာရိစာရိန္ဒာဘိဝံသ

အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ



မဟာဝိဇိတာရုံကျောင်းတိုက်၊ မန္တလေးမြို့

# စိတ်ကောင်းဓာတ်အားတွေ မြှင့်တင်ကြ

"စိတ္တေန နီယတေ လောကော" တဲ့။

လောကကြီးကို စိတ်က အုပ်စိုးတဲ့။ စိတ်ရဲ့ အုပ်စိုးမှု၊ စိတ်ရဲ့ ခြယ်လှယ်မှုအောက်မှာ လောကကြီး ခေါင်းငုံ့ခံနေရသည်။ သတ္တလောက၊ သင်္ခါရလောက၊ သြကာသလောကဟု သုံးပါးရှိရာ လောကသုံးပါးလုံး ခေါင်းငုံ့ခံနေရသည်။ လူတို့ရဲ့သက်တမ်းသည် ကန့်သတ်ချက် အမြဲမရှိ။ ဆယ်နှစ်တန်းမှသည် အသချေ်တန်းတိုင်အောင်လည်း တက်သွားနိုင်တဲ့။ အသချေ်တန်းမှသည် ဆယ်နှစ်တန်းတိုင်အောင်လည်း တဖြည်းဖြည်းချင်း ကျဆင်းသွားနိုင်သည်။ ဤသို့ အတက်အဆင်း အစုန်အဆန် ကမောက်ကမဖြစ်ရခြင်းမှာ စိတ်ရဲ့ခြယ်လှယ်မှုခံနေရ၍ဖြစ်သည်။

ဤမျှမကသေး လူ့ဘုံလူ့လောကကြီးတစ်ခုတည်းမှာပင် လူသားအချင်းချင်း အဆင့်အတန်း အနိမ့်အမြင့် ချမ်းသာဆင်းရဲ မတူနိုင်ဘဲရှိကြသည်။ ယခုလိုမတူနိုင်ဘဲ ဆင်းရဲချမ်းသာ အမျိုးမျိုး ကွဲပြားနေရခြင်းမှာ စိတ်ရဲ့ခြယ်လှယ်မှု၊ စိတ်ရဲ့စီမံမှုတို့ကို ခံနေရ၍ဖြစ်သည်။ ဤသည်မှာ ပြောရိုးပြောစဉ်အတိုင်း "စိတ္တေန နီယတေ လောကော" ကို ဘာသာပြန်ထားခြင်းဖြစ်သည်။

သို့သော် ခြယ်လှယ်နိုင်သောစိတ်ကို ကောင်းသောစိတ်က တစ်ပိုင်း၊ မကောင်းသောစိတ်က တစ်ပိုင်း နှစ်ပိုင်းခွဲကြည့်ရမည်။ ကောင်းသောစိတ်က ကောင်းသောလောကကြီးကို ဆောင်မည်။ ဥပမာ–ကောင်းသောစိတ်က လူချမ်းသာ နတ်ချမ်းသာ လောကီသုဂ္ဂေးဘဝမျိုး ရနိုင်ရုံမျှမက မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာမျိုးပိုင်ရှင် လောကုတ္တရာသုဂ္ဂေးကြီးဘဝမျိုးတိုင်အောင်ပင် ရရှိစေနိုင်သည်။ မကောင်းသောစိတ်ကတော့ ကံကြွင်းကံစလေးများကြောင့် လူ့ဘုံ လူ့ဘဝ ရခဲ့စေကာမူ ဆင်းရဲမျိုးစုံနှင့် ကြုံတွေ့ရမည်။ အများအားဖြင့်ကား အပါယ်ဘုံမှာသာ ကိုယ့်အိမ် ကိုယ့်ရွာလို အမြဲနေထိုင်ရမည်။

ဤသို့လျှင် ခြယ်လှယ်နေသောစိတ်ကို အကောင်းအဆိုး နှစ်မျိုးပိုင်းခြားပြီး သိမြင်ဖို့ အထူးလိုအပ်လှသည်။ သို့မှသာ ကိုယ့်သန္တာန်၌ရှိနေသောစိတ်သည် ကောင်းကျိုးပေးမည့်စိတ် မကောင်းကျိုးပေးမည့်စိတ်ဟု ခွဲခြားဝေဖန်သိပြီး မကောင်းစိတ်ဖြစ်နေလျှင် ချက်ချင်း စိတ်ကို

ပြင်ဆင်နိုင်မည်။ ကောင်းသောစိတ်ဖြစ်ပေါ်နေလျှင်လည်း ငါ့ဘဝသည် အရတော်လေစွယ်ဟု ကြံစည်အောက်မေ့ပြီး ဝမ်းသာကြည်နူးမှုဖြင့် ကုသိုလ်ထူးတွေကို ရအောင် ဆက်လက်ဆောင်ရွက်ပေးလိမ့်မည်။

လျှပ်စစ်မာတ်အား ကောင်းလေလျှင် မီးအလင်းအရောင်ကောင်းလေလေ ဆိုတာလို စိတ်မာတ်ကောင်းအားတွေ များများသိုလှောင် သိမှီးထားနိုင်ရန် လိုက်နာရမည့်၊ လုပ်ဆောင်ရမည့် လက်တွေ့ကျင့်သုံးရမည့် နည်းလမ်းများ ရှိနေပါသည်။ စိတ်ကောင်းမာတ်တွေ မွေးမြူလိုသူတွေ တစ်နည်းအားဖြင့် လူတော်လူကောင်းတစ်ယောက် ဖြစ်ချင်သူတွေအတွက် လက်တွေ့အမြစ်စားသုံးနေရမည့် ဆေးကောင်းတစ်လက်ဟု ဆိုချင်ပါသည်။ လက်တွေ့ကျင့်သုံးရမည့် စည်းကမ်းနည်းလမ်း (၅) ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ လူတော်လူကောင်းဖြစ်လိုသူတိုင်း မိတ်ကောင်းဆွေကောင်းနှင့်သာ ပေါင်းသင်းနေထိုင်ရမည်။

၂။ ကိုယ်ကျင့်သီလမပျက်အောင် သတိရှိရှိ ထိန်းသိမ်းနိုင်ရမည်။

၃။ အပြစ်မကင်းသည့် ရပ်စကား ရွာစကားမျိုး မပြောဆိုမူ၍ ကုသိုလ်ရကြောင်း ဝင့်ဆင်းရဲမှ ထွက်မြောက်ကြောင်း အရိယာကထာ (၁၀) မျိုးကိုသာ ပြောဆိုရမည်။

၄။ ကုသိုလ်ရမည့် အလုပ်မျိုးဌ်သာ အမြဲအားထုတ်နေရမည်။

၅။ ကိုယ်ပိုင်စဉ်းစားဝေဖန်တတ်သည့် အလိမ္မာဉာဏ် ရှိနေရမည်။

ဤစည်းကမ်းနည်းလမ်း (၅) မျိုးကိုသာ လက်တွေ့ကျင့်သုံးနေနိုင်ပြီဆိုပါလျှင် သူတော်ကောင်း မာတ်အားတွေ စိတ်ကောင်းမာတ်အားတွေ တစ်နေ့တခြား စိမ့်ဝင်များပြားလာမှာ သေချာသည်။

ဝက်အူရစ်ဖြင့် ထိန်းထားရသည့် ပစ္စည်းဝတ္ထုမျိုးမှန်သမျှ ဝက်အူရစ်တင်းလေလေ ပို၍ပို၍ ခိုင်မာမှုစိတ်ချရသလိုလို ဖြစ်လေလေ ဆိုသည့်အလား သူတော်ကောင်းမာတ်အားတွေ ဆုတ်နစ်ပျက်ပြားမှု မရှိစေမူ၍ အစဉ်တစိုက် မြဲမြံခိုင်မာနေစေရန် ဝက်အူရစ်တင်းရန် လိုအပ်ပေသေးသည်။

စိတ်ကောင်းမာတ်အားတွေ သိုမှီးစုဆောင်းလိုသူတိုင်း-

"ငါသည် သားတော်ရာဟုလာတို့လို စိတ်ကောင်းမာတ်အားတွေ မြတ်နိုးနိုင်သူပါလား" ဆိုပြီး ကိုယ့်ကိုယ်ကို တန်ဖိုးမြှင့်တင်ထားနိုင်ပေမည်။ (အတ္တာဓိပတေယျ)

"ငါသည် ပတ်ဝန်းကျင်လူသားတို့၏ သန္တာန်၌ ကြည်နူးဝမ်းသာမှု ကုသိုလ်စိတ်မျိုး ရရှိစေရန် နေထိုင်ဖို့လိုအပ်သည်" ဟု ပတ်ဝန်းကျင်လောကကို အရိုအသေ အလေးထားနိုင်ရမည်။ (လောကာဓိပတေယျ)

"ငါသည် တရားတိုင်း တရားတိုင်းသည် လိုက်နာသူတို့အား ကျွတ်တန်းဝင်နိုင်သည့် စွမ်းရည်ပြည့် တရားတော်တွေချည်းဖြစ်သည်။ ထိုတရားတော်မျိုးကို ငါတို့အတွက် ဘုရားရှင်က ဟောကြားထားပေသည်" ဟု တရားတော်ကို အမြတ်တနိုး လေးစားနိုင်ရမည်။ (ဓမ္မာဓိပတေယျ)

ဤသို့လျှင် အဓိပတေယျသုံးပါးဖြင့် ထပ်မံဝက်အူရစ်တင်းပြီး ကျင့်သုံးနေပါမူ စိတ်ကောင်း ဓာတ်အားတွေ ကျစ်ကျစ်လျစ်လျစ်ဖြင့် ခိုင်မာတောင့်တင်းနေပြီး လျော့သွားဖွယ် မရှိနိုင်တော့ချေ။

သို့ဖြစ်၍ ရှေးရှေးသော သူတော်ကောင်းကြီးတို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အထိ မြင်နိုင်ရန် (အလင်းဓာတ်အားကောင်းသည့်) စိတ်ကောင်းဓာတ်အားတွေကို တစ်ယောက်တည်း ဧကစာရီကျင့်၍လည်းကောင်း၊ စာသင်တိုက်ဖွင့်၍လည်းကောင်း၊ ကမ္မဋ္ဌာန်းတိုက်ဖွင့်၍ လည်းကောင်း ကျင့်သုံး၍ သိမှီးစုဆောင်းကြသည်။

ထိုသို့ သိမှီးစုဆောင်းကြသူများထဲတွင် သမိဒ္ဓေါဒယချောင်လည်းပါသည်။ သမိဒ္ဓေါဒယ ချောင်ဆရာဘုရားသည် "သမိဒ္ဓေါဒယချောင်" ဟု ကမ္ဘည်းတင်ကာ ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်လျက် စိတ်ကောင်းဓာတ် မွေးမြူသည့်အလုပ်ကို သရုပ်ပေါ်အောင် ဖော်နိုင်ခဲ့သည်။ ယခုဆိုလျှင် နှစ်တစ်ရာပင် ပြည့်ခဲ့လေပြီ။

ယခုမျက်မှောက်ရှိ ဆရာကြီး ဆရာလေး အသီးသီးတို့သည် အစဉ်အလာကောင်းကို ထိန်းသိမ်း စောင့်ရှောက်သည့်အနေဖြင့် စိတ်ကောင်းဓာတ်အားတွေ တိုးတက်ရင့်သန်စေကြောင်း ပရိယတ္တိအလုပ်တွေကို ဆက်လက်လုပ်ဆောင်နေခြင်းဖြင့် သမိဒ္ဓေါဒယချောင်ဆရာဘုရားကို ကျေးဇူးဆပ်နိုင်ကြပါစေ။ စိတ်ကောင်းဓာတ်အားတွေ မွေးမြူနိုင်ကြသည့်အလျောက် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အထိ အလင်းဓာတ်တွေ ပေါ်ပေါက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဘုန်းကြီး၏ ဩဝါဒစကား ဤမှာပင် ရပ်နားလိုက်ရပါပေသတည်း။

ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု

မဟာဝိဇိတာရုံကျောင်းတိုက်

မန္တလေးမြို့။

# သိအောင်လုပ်ပါ

ဖျင်း ဖျင်းမှန်းသိ၊
လူတော်ဖြစ်နိုင်၏။
ဖျင်းပါလျက်ပင်
တော်တယ်ထင်၊
ဖျင်းမြဲ ဖျင်းမည်ပင်။

တတ် ချင်လျှင် သင်
တော် ချင်လျှင် လေ့ကျင့်
မမေ့ ချင်လျှင် နှလုံးသွင်း
မမှား ချင်လျှင် ထပ်ကာ ထပ်ကာ ပြန်စစ်
အောင်မြင် ချင်လျှင် ကြိုးစား

# ဘဒ္ဒန္တနန္ဒဝံသ

အဂ္ဂမဟာပဏ္ဍိတ ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ



စစ်ကိုင်းတိုင်းဒေသကြီး သံဃာ့နာယကအဖွဲ့.ဥက္ကဋ္ဌ (ရွှေကျင်)

ဟံသာဂီရိ ပရိယတ္တိစာသင်တိုက် ၊ စစ်ကိုင်းတောင်ရိုး

စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓါဒယချောင်

# နှစ် ၁၀၀ ပြည့် ဩဝါဒ

စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓါဒယချောင်ကြီးကို တည်ထောင်ခဲ့သည်မှာ နှစ် (၁၀၀) ပြည့် မြောက်ခဲ့လေပြီ။ ရှေးသူတော်ကောင်းတို့သည် နေရာတစ်ခု၊ ဌာနတစ်ခုကို တည်ထောင်ဖန်တီး ကြရာဝယ်...

- ဘူမိနက်သန်မှန်၍ မွန်မြတ်သောနေရာဖြစ်ခြင်း။
- သွားလမ်း လာလမ်းနှင့် ပြည့်စုံခြင်း။
- သူတော်ကောင်းတို့ အဆုံးအမကို နာယူရန် သူတော်ကောင်းတို့နှင့် နီးစပ်သော နေရာဖြစ်ခြင်း။
- ဆိတ်ငြိမ်အေးချမ်းခြင်း။
- ပရိယတ် ပဋိပတ်အလုပ် ကြိုးစားပြုလုပ်ရန် မွေ့လျော်ဖွယ်ကောင်းခြင်း...

စသော ဂုဏ်တို့နှင့် ပြည့်စုံသော မြေနေရာဌာနကို ရွေးချယ်၍ တည်ထောင်ကြ၏။

ထိုနည်းအတူ တပည့်အားလုံးက ကျောက်ထီးတန်ဆူ အလေးဂရုပြုရသော သတိသမ္မဇဉ် ဉာဏ်နှင့်လည်း ပြည့်စုံ၊ အသက်တစ်ရာကျော်တိုင်အောင် နေထိုင်သွားသော ချောင်ဆရာ ဖွားဖုရားကြီးသည် ဆိုခဲ့ပြီးသော ဂုဏ်အပေါင်းနှင့် ပြည့်စုံသော ဤမြေနေရာဒေသကို ရွေးချယ်၍ သမိဒ္ဓါဒယချောင်ကြီးကို

- အပွမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
  အပွမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။
- ဧဝံ ဝိသေသတော ဉတ္ဝာ၊ အပွမာဒမှိ ပဏ္ဍိတာ။
  အပွမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။

❑ တေ စျာယိနော သာတတိကာ၊ နိစ္စံ ဒဋ္ဌပရက္ကမာ။

ဖုသန္တိ ဓိရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

ဟူသော ဓမ္မပဒပါဠိတော်နှင့်အညီ အပွမာဒကို အထူးသိမြင် အပွမာဒ၌ မွေ့လျော် အရိယာသူတော်ကောင်းတို့ ကျက်စားရာအရပ်၌ ပျော်သူပီပီ မဆုတ်မနစ် မြိမြံခိုင်ခံ့သော ဝိရိယဖြင့် ယောဂလေးပါး တို့၏ကုန်ရာ မြင့်မြတ်သောနိဗ္ဗာန်ချမ်းသာကို ရည်သန်တောင့်တလျက် မိမိကိုယ်တိုင် ဂန္ဓ+ဝိပဿနာ ဓူရနှစ်ဖြာတို့ကို သင်ယူပို့ချ ကြိုးစားကာ ဆောင်ရွက်ခြင်းဖြင့် တည်ထောင်ခဲ့ပါသည်။

ချောင်ဆရာ ဖွားဖုရားကြီးသည် ဤသမိဒ္ဓါဒယချောင်ကြီးကို တည်ထောင်၍ မိမိအထံ လာရောက်ခိုလှုံကြသော များစွာသော သူတော်စင် တပည့်အပေါင်းတို့ကို အကျင့်စာရိတ္တနှင့် ပြည့်စုံစေရေး၊ ဝိနည်း+သုတ္တန်+အဘိဓမ္မာ ထိုထိုကျမ်းဂန်တို့ကို တတ်မြောက်ကျွမ်းကျင်စေရေး၊ လောကီ+လောကုတ္တရာ ကြီးပွားတိုးတက်ရေးတို့ကို ရှေးရှုကာဖြင့် အမြဲမပြတ် ကြပ်မတ်သွန်သင်ဆုံးမလျက် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး ဆတက်ထမ်းပိုး တိုးတက်အောင်နှင့် ပညာရှိသူတော်ကောင်းများ ထွန်းထွန်းတောက်တောက် ပေါ်ပေါက်အောင် ဆောင်ရွက်ခဲ့သည်။

ယခုအခါတွင် ခဲယဉ်းစွာသော ရက်၊ လ၊ နှစ်၊ အချိန်ကာလ ကြာရှည်စွာတည်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကို သာဓုခေါ်၍ မဆုံးနိုင်ကြောင်း ဝမ်းမြောက်စွာ ရေးသားအပ်ပါသည်။

နောင်လည်း ဆက်လက်၍ တပည့်အပေါင်းတို့သည် ချောင်ဆရာ ဖွားဖုရားကြီး ဆုံးမ ချမှတ်ခဲ့သော အဆုံးအမ စည်းကမ်းဥပဒေများကို လိုက်နာကျင့်သုံးလျက် တိုးတက်သည်ထက် တိုးတက်အောင် ငြိမ်းချမ်းသည်ထက် ငြိမ်းချမ်းအောင် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

ဘဒ္ဒန္တဓမ္မဝံသ

အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့

ဥက္ကဋ္ဌ (ရွှေကျင်)


ဟံသာဝတီရှိ ပရိယတ္တိစာသင်တိုက်

စစ်ကိုင်းတောင်ရိုး။

# ဒေါက်တာ အရှင်ဉာဏိသရ D.Litt, Ph.D.

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတရဲ့၊

သာသနာ့ဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ



သီတဂူ ကမ္ဘာဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်

# ဗုဒ္ဓသာသနာဝင်အမျိုးသမီးများ နှင့် သာသနာအခွင့်အရေး

သီတဂူဆရာတော်

အရာရာ၌ ယောကျ်ားတို့သည်သာလျှင် ပဏ္ဍိတဖြစ်နိုင်သည်မဟုတ်၊ ဖြစ်ခွင့်ရှိသည်မဟုတ်၊ အမျိုးသမီးများသည်လည်း ပဏ္ဍိတဟူသော ပညာရှိဖြစ်နိုင်ခွင့်ရှိသည်။ အရာရာ၌ စူးစမ်းဆင်ခြင်ထိုးထွင်းသိမြင်တတ်သော ဉာဏ်ပညာဝယ် ယောကျ်ား မိန်းမ ခွဲခြားထားခြင်း မရှိသည်မှာ ဗုဒ္ဓသာသနာတော်၏ ဝိသေသလက္ခဏာဖြစ်သည်။ "နံ ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။ ဣတ္ထိပိ ပဏ္ဍိတာ ဟောတိ။ တတ္ထ တတ္ထ ဝိစက္ခဏာ" (ထေရီအပါဒါန ပါဠိ၊ ၂၄၂ စာ, ဓမ္မပဒ၊ ၄၁၅ စာ)

အရှင်သာရိပုတ္တရာ ရရှိသော ပညာထူးချွန်ဘွဲ့ (ပညာဇေတဒင်) ဘွဲ့မျိုးကို အရှင်မဓမာတို့လည်း ရရှိကြပါသည်။ အရှင်သာရိပုတ္တရာ အစရှိသော ရဟန္တာအရှင်မြတ်တို့ ရရှိတော်မူသော ပဋိသမ္ဘိဒါ ဉာဏ်လေးပါးသည် အရှင်မဓမာ အစရှိသော ရဟန္တာမတို့ ရရှိသော ပဋိသမ္ဘိဒါဉာဏ်နှင့် အတူတူပင်ဖြစ်သည်။ အရှင်မဥပ္ပလဝဏ္ဏာတို့ ရရှိသော ဣဒ္ဓိသည်လည်း အရှင်မောဂ္ဂလ္လာန်တို့ ရရှိသော ဣဒ္ဓိနှင့် အတူတူပင်ဖြစ်သည်။ အရှင်မ ပဒါစာရီသည် အရှင်မြတ်ဥပါလိ ရရှိသော ဝိနည်းဇေတဒင်ကို ရရှိတော်မူခဲ့သည်။ အရှင်မခုဇ္ဇုတ္တရာသည် အရှင်အာနန္ဒာကဲ့သို့ပင် ပိဋကတ်သုံးပုံ ဆောင်တော်မူခဲ့သည်။ ကျေးကျွန်မျိုးမှလာသော အမျိုးသမီးများ (ခုဇ္ဇာ), ပြည့်တန်ဆာဘဝမှ လွတ်မြောက်လာသော အမျိုးသမီးများ (အမ္ဗပါလီ), ဖုန်းတောင်းယာစကာဘဝမှ ချီတက်လာသော (သောနာ) စသည့် အမျိုးသမီးအပေါင်းတို့သည် ဂေါတမီ, ယသောဓရာ၊ ခေမာမင်းသမီးကြီးတို့ ရရှိတော်မူကြကုန်သော ပဋိသမ္ဘိဒါဉာဏ်, ဣဒ္ဓိဝိဓအဘိညာဉ်, နိဗ္ဗာန်ဝင်ခြင်းတို့၌ အမျိုးသမီးချင်းလည်း အဆင့်မခွဲခြား, အမျိုးဇာတ် အတားအဆီးလည်းမရှိ, ရဟန်းယောကျ်ားများနှင့်လည်း တန်းတူအခွင့်အရေး ရကြကုန်၏။

ရပ်ခန္ဓာ ဖွဲ့စည်းတည်ဆောက်ပုံ မတူသောကြောင့် အဝတ်နှင့်အစား, ဆက်ဆံရေးအနေအထားများ၌ ကန့်သတ်ချက်များ ရှိပေသည်။ အမျိုးသမီးနှင့် အမျိုးသား, ရဟန်းဝိနည်းများ၌ သိက္ခာပုဒ်များ အနည်းအများ ကွာခြားချက်ရှိနေသည်ကိုကြည့်၍ ဗုဒ္ဓရှင်တော်က အမျိုးသမီးများကို တင်းကြပ်သော စည်းကမ်းများနှင့် နှိပ်ကွပ်ထားသည်ဟု မယူဆသင့်ပေ။ အမျိုးသမီများ လက်ဝဲရံ, လက်ယာရံများလည်း ဖြစ်ခွင့်ရှိသော ပဋိသမ္ဘိဒါပတ္တာ, ဆဠာဘိညပတ္တာ ရဟန္တာများ, တိပိဋကဓရ, ဓမ္မကထိကများလည်း ဖြစ်ခွင့်ရှိသော ဗုဒ္ဓသာသနာတော်၌ ယောကျ်ား


မိန်းမ တန်းတူအခွင့်အရေးရရမည်ဟု ယောင်ယမ်းမြည်တမ်း၍ မအော်ဟစ်စကောင်းပါ။ ယနေ့ အင်္ဂလိပ်, အမေရိကန်စစ်တပ်များ၌ မိန်းမယောကျ်ား တန်းတူအခွင့်အရေးပေး၍ Freedom လုပ်ကြရာဝယ် အမျိုးသမီးစစ်ဗိုလ်ကြီးများ မည်သည့်စစ်ဗိုလ်စစ်သားနှင့်မျှ လက်မဆက်လိုက်ရဘဲ ကိုလေသာတွေ့ စည်းမဲ့ကမ်းမဲ့ ရောယှက်ကုန်ကြသည့်အတွက် အမျိုးသမီးစစ်ဗိုလ်မကြီးများမှာ စစ်မြေပြင်မထွက်နိုင်ဘဲ နောက်တန်းက စစ်စခန်းများမှာ ကိုယ်ဝန်ထုပ်ကြီးများနှင့် စစ်ဝတ်တန်ဆာထုပ်ကြီးများ နှစ်ထုပ်ထမ်း၍ လေးလံစွာ ပုန်းအောင်းနေခဲ့ကြရသည်ဟူသောသတင်းမကြာမကြာ ထွက်ပေါ်နေပေသည်။ ထို့ကြောင့် Freedom နှင့် Human Right ကို ရုပ်ပိုင်း, စိတ်ပိုင်း ဤနှစ်ပိုင်းကို သင့်လျော်သလို ခွဲခြားပိုင်းဖြတ် သတ်မှတ်နိုင်မှ သင့်လျော်မည်ဖြစ်သည်။

မြတ်ဗုဒ္ဓသာသနာတော်၌ အမျိုးသမီးထု၏အခွင့်အရေးသည် အခြားအခြားသော ကိုးကွယ်ရာ ဘာသာတရားတို့မှာရှိသော အခွင့်အရေးများထက် အဆရာနှုန်းများစွာ သာလွန်လျက်ရှိကြောင်း ထင်ရှားသိသာပေသည်။ ရုပ်ခန္ဓာ ဖွဲ့စည်းတည်ဆောက်မှု၏ ခြားနားချက်ကိုမူကား ဗီဇနိယာမ, ကမ္မနိယာမ, ဓမ္မနိယာမဟူသော သဘာဝဥပဒေ The Law of Nature က စီမံပေးခဲ့သည့်အတွက် Equal Right, Equal freedom တူမျှသော အခွင့်အရေး, တူမျှသော လွတ်လပ်မှုတို့ကို မည်သို့မျှ တောင်းဆို၍မရနိုင်တော့ပေ။ မိုးစွေပန်းသည် မြတ်လေးပန်း၏ အခွင့်အရေးမျိုးကို မရနိုင်, ဒန်းပန်းသည် ကဲ့ကော်ပန်း၏ အခွင့်အရေးမျိုးကိုမရနိုင်။ နိယာမတရား၏ အနတ္တသဘာဝကို လက်ခံနိုင်ကြလျှင်, သိမြင်နိုင်ကြလျှင် နိယာမအခွင့်အရေးတို့၏ ခြားနားချက်ကို လက်ခံကြရမည်ဖြစ်သည်။ သို့သော် မြတ်ဗုဒ္ဓသာသနာတော်၌ သိက္ခာသုံးရပ် ပဋိပတ်ကျင့်ကြံအားထုတ်ခွင့်၌ ယောကျ်ားမိန်းမ နှစ်ဦးသားတို့အကြား တစ်ပြားသားမျှ ခြားနားမှုမရှိပါချေ။ သုံးပုံပိဋကတ် သင်ကြားတတ်မြောက်ရေး၌လည်း ကျားမ မဟူ အတူတူပင်ဖြစ်သည်။ သစ္စာလေးပါး မြတ်တရား ပိုင်းခြားသိမြင်ရေး၌လည်း ကျားမ မဟူ အတူတူပင် သိမြင်ခွင့်ရှိပေသည်။ မုဆိုး, တံငါ, ပြည့်တန်ဆာ, သူဌေးသမီး, မင်းသမီး, မင်းသား လူမျိုးပင်ခြားနားစေကာမူ ဝဋ်ဒုက္ခမှ လွတ်မြောက်သည့် ဝိမုတ္တိ Freedom အရာ၌လည်း Woman မှာ Human နှင့် တစ်ရွေးသားမှ မခြားနား တစ်သားတည်းပင် ဖြစ်ပေသည်။ သို့ဖြစ်ခြင်းကြောင့် အမျိုးသမီးထု တစ်ရပ်လုံး ဘာသာတရားတည်ထောင်သူအားလုံးတို့ထက် အမြင့်ဆုံးအမြတ်ဆုံးသော ယောကျ်ားတစ်ဆူ ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏ သာသနာတော်ဝယ် သင်ခြင်း, ကျင့်ခြင်း, သိမြင်ခြင်းတို့ဖြင့်သာ ဘဝအခွင့်အရေးကို အပြည့်အဝယူတတ်ကြပါစေ၊ ယူနိုင်ကြပါစေကုန်သတည်း။

*သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိကြပါစေ။*

# အရှင် ကဝိသာရ

သာသနာ့ဓဇမဟာစရိယ ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ



ဝေဇယန္တာဆရာတော် ၊ စစ်ကိုင်းတောင်ရိုး

# သြဝါဒကထာ

ဆရာကြီး ဒေါ်မာလာရီသည် ၁၂၇၃ ခုနှစ်တွင် သမိဒ္ဓါဒယ (ဧချမ်းသာကြီး) ချောင်ကို စတင်တည်ထောင်ခဲ့ရာ ယခု ၁၃၇၃ ခုနှစ်တွင် အနှစ်တစ်ရာတင်းတင်း ပြည့်ခဲ့ပြီဖြစ်ပါသည်။

ဤမျှလောက် အနှစ်တစ်ရာခိုင်ခဲ့အောင် တည်တံ့ခဲ့သော ကျောင်းတိုက်များ အင်မတန်မှ ရှားပါးလှပါသည်။ အဘယ့်ကြောင့် ဤမျှလောက် တည်တံ့ခိုင်ခဲ့သနည်းဆိုသော် စတင် တည်ထောင်ခဲ့သော ချောင်ဆရာကြီး ဒေါ်မာလာရီမှစ၍ အဆက်ဆက်သော ချောင်ဆရာကြီးများသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာဂုဏ်ရည်နှင့် ပြည့်စုံအောင် ကျင့်ဆောင်ပြီး မိမိတိုက်တာကြီး တိုးတက်ကြီးပွားအောင် ကြိုးစားအားထုတ်မှု၊ တပည့်တွေအပေါ်လည်း ကျောသားရင်သား မခွဲခြားဘဲ အဂတိလိုက်စားမှု ကင်းရှင်းကာ ညီမျှစွာထိန်းသိမ်းစောင့်ရှောက်မှု၊ ဒါသ အာဃာတ မထား မေတ္တာပွား၍ တရားနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်မှုတည်းဟူသော လုံလ ဝီရိယ (ဥဋ္ဌာန)၊ မမေ့မလျော့ မပေါ့ဆသော သတိ (အပ္ပမာဒ)၊ စတုပါရိသုဒ္ဓိသီလ (သံယမ)၊ ဣန္ဒြေတို့ကို စောင့်ရှောက်ကြောင်း (ဒမ)၊ ဤ တရားလေးပါးကို ခိုင်မြဲစွာ ကျင့်သုံးခဲ့သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာက ဒီတရားလေးပါးနှင့် ပြည့်စုံလျှင် မိမိတို့တည်ထောင်ထားသော ကျောင်းတိုက်တည်းဟူသော ကျွန်းကြီး တည်တံ့ခိုင်မြဲနိုင်သည်။ ကိလေသာမုန်တိုင်း ငလျင်အမျိုးမျိုး တိုက်ချိုးဖျက်ဆီးသော်လည်း မပျက်စီးနိုင်ဟု ...

ဥဋ္ဌာနေနာ ပမာဒေန၊
သံယမေန ဒမေန စ၊
ဒီပံ ကယိရာထ မေဓာဝိ၊
သြဃော နာဘိကီရတိ

ဟူ၍ ဓမ္မပဒဋ္ဌ ဟောတော်မူခဲ့ပါသည်။

ခိုင်ခဲ့စွာတည်ထောင်ထားသော ကျွန်းတစ်ခု ရေကာတာတစ်ခုသည် လှိုင်းအမျိုးမျိုး ပုတ်ခတ်သော်လည်း ပြိုကွဲခြင်းမရှိသကဲ့သို့ ဤတရားလေးပါးဖြင့် တည်ဆောက်ထားသော အဖွဲ့စည်းတစ်ခု ကျောင်းတိုက်တစ်ခုသည်လည်း ကိလေသာမုန်တိုင်း လောကဓံမုန်တိုင်း ဘယ်လိုပင် တိုက်ခတ်ဖျက်ဆီးသော်လည်း မယိမ်းမယိုင် တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။


ထို့ကြောင့် ဆရာကြီး ဒေါ်မာလာရီမှစ၍ ဆရာကြီးအဆက်ဆက် ညီညွတ်စွာ စည်းကမ်းတကျ ဆောင်ရွက်ခဲ့ကြ၍ ဤသမိဒ္ဓါဒယျောင်ကြီး တည်တံ့ခိုင်မြဲနေသည်ဟု ဆိုရမည်ဖြစ်ပါသည်။ နောင်လည်းပဲ ယခုကဲ့သို့ ဆရာကြီးများအဆက်ဆက် ညီညွတ်စွာ ဆက်လက်ဆောင်ရွက် သွားကြမယ်ဆိုရင် နောက်ထပ် အနှစ်တစ်ထောင် အနှစ်တစ်သောင်းမက ကမ္ဘာတည်သရွေ့ တည်ရှိနေမည်ဖြစ်ကြောင်း ပြောကြားရင်း ဩဝါဒစကား နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ပါသည်။

အရှင်ကဝိသာရ
ဝေဖယန္တာ

ပါမောက္ခချုပ်ဆရာတော်

# ဒေါက်တာ နန္ဒမာလာဘိဝံသ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ၊ အဂ္ဂမဟာပဏ္ဍိတ



စစ်ကိုင်မြို့၊ စစ်ကိုင်းတောင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသီပို့ပါမောက္ခချုပ်

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

စစ်ကိုင်းမြို့၊ မဟာသုဇောဓရုံကျောင်းတိုက် ပဓာနနာယက

မုံရွာမြို့ သဒ္ဓမ္မဇောတိက သုဇောဓရုံကျောင်းတိုက် ပဓာနနာယက

စစ်ကိုင်းမြို့ ၊ မဟာသုဗောဓိရုံကျောင်းတိုက်

# ပဓာနနာယကဆရာတော်

# ဘဒ္ဒန္တိန္ဒမာလာဘိဝံသ ၏

## သြဝါဒကထာ

"သ နာထာ ဘိက္ခဝေ ဝိဟာရထ၊ မာ အနာထာ"

"ရဟန်းတို့ မိုခိုအားထား တရားရှိလျက် နေထိုင်ကြ၊ မိုခိုအားထား တရားကင်းလျက် မနေကြနှင့်"

ဗုဒ္ဓမြတ်စွာ၏ တပည့်မှန်သမျှ ရဟန်းရှင်လူ မည်သူမဆို ဖော်ပြပါ မြတ်ဗုဒ္ဓ၏ အဆုံးအမ သြဝါဒကို အမှတ်တရလိုက်နာသင့်ကြပေသည်။ "**အနာထ၊ အားကိုးမဲ့သူ**" အဖြစ် သတ်မှတ်ရာ၌ လူအများ၏ သတ်မှတ်ချက်နှင့် မြတ်ဗုဒ္ဓ၏ သတ်မှတ်ချက်တို့မှာ များစွာကွာခြား၏။

လူအများက မိဘဆွေမျိုး အားကိုးရာမရှိသူကို "**အနာထ** ၊ အားကိုးရာမဲ့သူ" ဟု ဆိုကြ၏။ မြတ်ဗုဒ္ဓကမူ အဆိုပါအားကိုးရာမရှိသူမျိုးကို မဆိုလို။

" သီလံ သုတံ သုမိတ္တာတ္တံ ၊
သုဗ္ဗစတ္တာ မနာလသံ ။
ဆန္နာရမ္ဘော သတိပညာ ၊
သန္တာ၂ဒ္ဒိ ဒသ နာထကာ "

ဟူသော မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ ရစနာဂါထာနှင့်အညီ သီလ သုတ စသော အားကိုးတရားကင်းမဲ့သူမျိုးကိုသာ တကယ့် "**အနာထ** ၊ အားကိုးရာမဲ့သူ" ဟု မိန့်ဆိုပေသည်။

၁၂၇၃-ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်၍ "သီလရှင်သာသနာ" ပြန့်ပွားအောင် ဆောင်ရွက်နိုင်ခဲ့သော ဆရာကြီး ဒေါ်မာလာရီ၏ ဤသမိဒ္ဓါဒယချောင်ကြီးသည် ယခု ၁၃၇၃-ခုနှစ်တွင် "နှစ်တစ်ရာ" ပြည့်ခဲ့လေပြီ။

သမိဒ္ဓေါဒယ ဂုပြည့်အခါသမယ၌ သမိဒ္ဓေါဒယနွယ်ဝင် သီလရှင်ဆရာကြီး ဆရာလေး တို့သည် မိမိတို့၏ အားကိုးရာအစစ်ကို ရရှိအောင် သတိဆောင်၍ ကြိုးစားအားထုတ်ကြရမည် ဖြစ်ပေသည်။

နာထကရဏာ = အားကိုးစရာ ဖြစ်စေနိုင်သော တရားများမှာ

(၁) သီလ = သီလရှင်များ စောင့်ထိန်းကြရသည့် ကိုယ်ကျင့်သီလ၊

(၂) သုတ = ပရိယတ္တိစာပေကို သင်ယူကျက်မှတ် နှလုံးသွင်းဆင်ခြင် သိမြင်အပ်သော တရားဓမ္မ၊

(၃) ကလျာဏမိတ္တ = ပိယ ဂရုဘာဝနီယ စသော ဂုဏ်နှင့်ပြည့်စုံသော မိတ်ဆွေကောင်း၊

(၄) သုဝစ = ပြောဆိုဆုံးမ လွယ်ကူလှအောင် စိတ်ကောင်းနှလုံးကောင်း ရှိခြင်း ဂါရဝ နိဝါတတရား၊

(၅) အနာလသ = သီတင်းသုံးဖော် သီလရှင်များ၏ အလုပ်ကိစ္စအတွက် အပျင်းမဖက်၊ တက်ကြွကြိုးစား လုပ်တတ်ကိုင်တတ်ရှိခြင်း၊

(၆) ဓမ္မကာမ (ဆန္ဒ) = တရားဓမ္မကို မြတ်နိုးခြင်း၊

(၇) အာရဒ္ဓဝီရိယ (အာရမ္ဘ) = အကုသိုလ်တရား ဖယ်ရှားရေး၊ ကုသိုလ်ဖြစ်ပွားရေးကို အလေးပေးကြိုးစားခြင်း၊

(၈) သန္တုဋ္ဌ = ရှိသမျှ ရသမျှနှင့် ကျေနပ်၍ လောဘမကြီးခြင်း၊

(၉) သတိ = အမှတ်တမဲ့မနေဘဲ သတိတရား လက်ကိုင်ထားခြင်း၊

(၁၀) ပညာ = သခ်ါရတရားတို့၏ ဖြစ်မှု ပျက်မှု ရှုမြင်နိုင်သော ဝိပဿနာပညာ၊ ကိလေသာကို ဖယ်ရှားနိုင်သော မဂ်ပညာ ဖိုလ်ပညာတို့ကို ရအောင်ကြိုးစားခြင်း၊

ဖော်ပြပါ ဤနာထကရဏာတရားများနှင့် ပြည့်စုံမှသာ "သနာထ" အားကိုးရာရှိသူဟု ခေါ်နိုင်ကြောင်း သတိထားကာ နာထကရဏာတရားများ လက်ကိုင်ထားနိုင်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

အခန်း (၂)

# သမိုင်းထဲက သင်ခန်းစာယူခြင်း





သမိဒ္ဓါဒယချောင် ၊ မူလချောင်တည်ဆရာကြီး

# ဒေါ်မာလာရီ ၏

# ဘဝသမိုင်းအကျဉ်း

စုံမြိုင်ဂနိုင် တောသဘာဝအလှအပများနှင့် ကျက်သရေမဂ်လာအပေါင်း ခညောင်းဝေဆာနေသော စစ်ကိုင်းတောင်တော်သာကြီးသည် မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးကြီးမားလှသော သာသနာတော်၏ အင်္ဂေ့အသက်များဖြင့် ထုံမွှမ်းလျှံနေပေသည်။ စစ်ကိုင်းတောင်ကြီးသည် အေးချမ်းမှုကို လိုလားတတ်သော ဘာသာသာသနာကို မြတ်နိုးတန်ဖိုးထားတတ်သော သူတော်ကောင်းတို့၏ နားခိုရာအရပ်လည်း ဖြစ်ပေသည်။ စစ်ကိုင်းတောင်မှ ကျောင်းတိုက်များ၊ ချောင်ကြီးများမှ သာသနာ့အာဇာနည်တို့သည်လည်း နေ့စဉ်နေ့တိုင်း အရဏ်တက်မှ နေဝင်သည်အထိ ဘုရားအသံ တရားအသံတို့ မစဲအောင် သာသနာအကျိုးကို ဆတက်ထမ်းပိုး အားကြိုးမာန်တက် ဆောင်ရွက်လျက် ရှိကြလေသည်။ ထိုများအနက်မှ အမျိုးသမီး အာဇာနည်တို့ ပေါက်ဖွားရာ သူတော်ကောင်း အမျိုးသမီးအပေါင်းတို့၏ မိုခိုအားထားရာဖြစ်သည့် သမိဒ္ဓေါဒယသီလရှင်တိုက်ကြီးသည်လည်း တစ်ခုအပါအဝင် ဖြစ်လေသည်။ ထိုသီလရှင်တိုက်ကြီးကို အမြော်အမြင်ကြီးစွာဖြင့် သီလသမာဓိ ပညာအားတို့ကို အစွမ်းကုန်ထည့်ကာ စတင်တည်ထောင်သွားခဲ့သော သာသနာ့အာဇာနည် ဖွားဘုရားကြီး ဒေါ်မာလာရီ၏ ဘဝသမိုင်းအကျဉ်းမှာ ဤသို့ဖြစ်ပေသည်။





## နှစ်ထူးဝိသေသ

ဒေါ်မာလာရီကို မွေးဖွားသော ၁၂၄၂-ခုနှစ်သည် နှစ်ထူးဝိသေသဖြစ်သည်။ ထိုနှစ်တွင် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးရွှေမြို့တော်ကြီး၌ သီပေါမင်းကြီး အာဏာရယ်တော်မူသည်။ ထိုနန်းတော်ကြီး၏ ရေတပ် ကြည်းတပ်များကို တိုင်းပြည်လုံခြုံရေးအတွက် အထူးကောင်းမွန်အောင် ပြန်လည်ဖွဲ့စည်းခဲ့သည်။ သီပေါမင်း၏ မိဖုရား စုဖုရားလတ်မှ သမီးတော်လေးတစ်ပါး ဖွားမြင်ခဲ့သည်။ အင်္ဂလိပ် မြန်မာ မဟာမိတ်စာချုပ် ချုပ်ဆိုရန် မြောင်လှမြို့သား သံတမန်အဖွဲ့ကို မြန်မာပြည်အောက်ပိုင်းသို့ စေလွှတ်တော်မူခဲ့လေသည်။

## ဇာတိချက်ကြွေ မွေးရပ်မြေ

ထိုကဲ့သို့ ထူးခြားသောနှစ်တစ်နှစ်ဖြစ်သည့် ၁၂၄၂-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၄) ရက်၊ ကြာသပတေးနေ့၊ နံနက် (၄) နာရီအချိန်တွင် သမိဒ္ဓါဒယချောင်ဆရာဖြစ်လာမည့် အမျိုးသမီးအာဇာနည်လောင်းလျာကို ခမည်းတော် ဦးစက်ဖော် + မယ်တော် ဒေါ်အိုင်တို့မှ မြန်မာပြည်အောက်ပိုင်း ရန်ကုန်တိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ခတ္တိယရွာတွင် ဖွားမြင်ခဲ့လေသည်။ ငယ်နာမည်မှာ မဖွားကြင်ဖြစ်လေသည်။ မိဘများသည် ကုန်သည်ကြီးများဖြစ်ကြလေသည်။ ဦးစက်ဖော် + ဒေါ်အိုင်တို့တွင် မဖွားကြင်၊ မဖွားရှင်ဟူ၍ သမီးနှစ်ယောက် ထွန်းကားလာခဲ့ရာ မဖွားကြင်မှာ သမီးဦးရတနာ ဖြစ်လေသည်။

## အရွယ်ငယ်သော်လည်း အသိဉာဏ်မငယ်

မဖွားကြင်သည် အသက် (၅) နှစ်အရွယ်တွင် ရွာကျောင်းရှိ ဆရာကြီး ဦးကြာပွင့်၊ ဆရာဦးစိန်တို့ထံ၌ ပညာသင်ကြားခဲ့ပြီး ထိုကျောင်းမှ နှစ်တန်းအထိ အောင်မြင်ခဲ့လေသည်။ မဖွားကြင်အသက် (၇) နှစ်အရွယ်တွင် နေအိမ်သို့ တည်းခိုရန် သီလရှင်တစ်ပါး ရောက်လာခဲ့ဖူးလေသည်။ မဖွားကြင်၏ ညီမဖြစ်သူ မဖွားရှင်သည် ထိုသီလရှင်အား မိမိတို့အိမ်၌ မတည်းခိုရန် နှင်လွှတ်လေသည်။ ထိုအခါ မဖွားကြင်က ညီမဖြစ်သူအား ထိုသို့မပြောရန် တားမြစ်ပြီး

ငရဲကြီးတတ်သည်ဟူ၍လည်း ပြောပြလေသည်။ မဖွားကြင်ကလေးသည် ထိုအသက်အရွယ်၌ သူတော်ကောင်းတို့ကို ပြစ်မှားလျှင် ငရဲကြီးတတ်သည်မှန်း နားလည်နေလေပြီ။ မဖွားကြင်ကား အသက်ငယ်သော်လည်း အသိဉာဏ်မငယ်သူတည်း။

## ဓာတ်ခံပါရမီ အစတည်ခဲ့

ဥပုသ်နေ့တစ်နေ့တွင် မဖွားကြင်သည် မိခင်ဒေါ်အိုင်နှင့်အတူ ဥပုသ်ဧရပ်သို့ လိုက်သွားလေသည်။ ထိုသို့လိုက်သွားရာမှ သီလရှင်ဘဝ၏ အေးချမ်းပုံနှင့် လောကီလူ့ဘောင်ဘဝ၏ ပူလောင်ပုံတို့ကို ဥပုသ်သည်များထံမှ ကြားခဲ့ရလေသည်။ မဖွားကြင်ကလေးသည် ထိုသို့ သူများပြောသည်ကို ကြားရရုံနှင့်ပင် အေးချမ်းသော သီလရှင်တို့၏ဘဝကို အလွန်အားကျနေမိလေ၏။ သူတော်ကောင်းဓာတ်ခံရှိသူတို့သည် ငြိမ်းချမ်းမှုကို မြတ်နိုးတန်ဖိုးထားတတ်သည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။ ထိုအခါမှစ၍ သီလရှင်ဝတ်ချင်စိတ်များသည် မဖွားကြင်ကလေး၏ နှလုံးသား၌ စတင်ကာ သန္ဓေတည်လာခဲ့လေတော့သည်။

## အခိုင်မတန်သေးလျှင် ဒဏ်မခံနိုင်


မဖွားကြင်သည် သီလရှင်ဝတ်ချင်သည့်အကြောင်းကို မိခင်အား မပြောရဲသဖြင့် ဖခင်ထံသို့ အရဲစွန့်ကာ ခွင့်ပန်ကြည့်လေ၏။ ထိုအခါ ဖခင်ဖြစ်သူသည် မဝတ်နဲ့ဟု တိုက်ရိုက်မပြောဘဲ ပရိယာယ်ဖြင့် "သီလရှင်ဘဝဆိုတာ အစားဆင်းရဲတယ်၊ ဒီတော့ အစားဆင်းရဲတဲ့ဒဏ်ကို ခံနိုင်ပြီဆိုမှ သီလရှင်ဝတ်" ဟုဆိုကာ ထိုနေ့ညနေ ထမင်းစားသည့်အချိန်တွင် ထမင်းကို



ဆီဆမ်းဆားဖြူးပြီး ကျွေးလေရာ မဖွားကြင်ကလေးခမျာ မစားနိုင်ရှာချေ။ ပါရမီနုသေးသော မဖွားကြင်အတွက် ထမင်းဆီဆမ်း ဆားဖြူးသည်ပင် မဟာအခက်အခဲကြီးတစ်ခု ဖြစ်၍နေလေတော့သည်။ သို့နှင့် မဖွားကြင်သည် ပထမဆုံးအကြိမ် သီလရှင်ဝတ်ရန်အကြံကို လက်လျှော့လိုက်ရလေတော့သည်။

## ပါရမီဓာတ်ခံ နှီးဆော်ပြန်ထင်

၁၂၅၂ ခုနှစ်၊ တန်ဆောင်မုန်းလ၊ မဖွားကြင် အသက် ၁၀ နှစ်အရွယ်တွင် မဖွားကြင်တို့မိသားစုသည် ဖခင်ကြီး၏တူ မဖွားကြင်၏ အစ်ကိုဝမ်းကွဲ ဦးဇနိတသီတင်းသုံးနေသော မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံတိုက်သို့ အလည်လာရင်း မန္တလေးမြို့နှင့် စစ်ကိုင်းတောင်တို့သို့ ဘုရားဖူးသွားကြလေသည်။ မဖွားကြင်တို့သည် မန္တလေးမြို့တွင် (၅) ရက်ခန့် ဘုရားဖူးကြပြီးနောက် စစ်ကိုင်းတောင်ဘက်သို့ ကူးခဲ့ကြလေ၏။ စစ်ကိုင်းတောင်၌ ဓမ္မိကချောင်တွင် တည်းခိုကာ စစ်ကိုင်းတောင်တစ်ခွင်ကို ဘုရားဖူးကြလေသည်။ ချောင်ဆရာလောင်းလေး မဖွားကြင်သည် စစ်ကိုင်းတောင်၏ တောရိပ်တောင်ရိပ်ကို အလွန်ပင်သဘောကျနေမိလေ၏။ ထိုစဉ်က သီလရှင်အများဆုံး ဆယ့်ငါးပါးခန့်သာ နေထိုင်သော ဂူတစ်လုံးချောင်သို့လည်း ရောက်ခဲ့ကြလေသည်။ လူသူအရောက်အပေါက်နည်း၍ သာမန်လူတို့အတွက် ကြောက်စရာကောင်းနေမည် ဖြစ်သော်လည်း ငြိမ်းချမ်းမှုကို မြတ်နိုးသော သူတော်စင် သူတော်ကောင်းတို့အတွက်မူကား အလွန်အေးချမ်းလှသော နယ်မြေပင် ဖြစ်လေသည်။ ထိုသို့ သူတော်ကောင်းဓာတ်ခံပါသော မဖွားကြင်



အလယ်မှ ဖွားဘုရားနှင့် ဂျပန်ဘုန်းကြီး ဦးနာဂရိတတို့ အမှတ်တရ

ကလေးကိုလည်း သမ္မာဒေဝ နတ်မြတ်နတ်ကောင်းတို့က စစ်ကိုင်းတောင်ကြီး၏ အေးချမ်းမှု အရသာကို မြည်းစမ်း၍များ ခိုင်းလေရော့သလားပင်။ မဖွားကြင်ကလေးကား ပထမဦးဆုံးအကြိမ် ဘုရားရိပ် တရားရိပ်၏ အေးချမ်းမှုအငွေ့အသက်တို့ကို ကိုယ်တိုင်ကိုယ်ကျ ရှူရှိုက်မိဖူးသွားလေတော့သည်။

## တစ်ရွာမပြောင်း သူကောင်းမဖြစ်

မဖွားကြင် အသက် (၁၂) နှစ်သမီးအရွယ်တွင် မဖွားကြင်တို့ မိသားစုသည် ဖျာပုံမြို့နယ် သမိန်တောရွာသို့ ပြောင်းရွှေ့နေထိုင်ကြလေသည်။ မဖွားကြင်သည်လည်း သုံးတန်းမှစ၍ ပညာသင်ကြားခဲ့လေသည်။ လေးတန်းအောင်ပြီးနောက် ကျောင်းဆက်မနေတော့ပေ။ မဖွားကြင်တို့ မိသားစုသည် ထိုသမိန်ထောရွာ၌ လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြပြီး လယ်မြေဧကပေါင်း ၅၀၀ ကို ပိုင်ဆိုင်ကြလေသည်။ မဖွားကြင်၏ မိဘများသည် အလှူရေစက်ကို လက်နှင့်မကွာအောင် လှူဒါန်းကြသူများ ဖြစ်ကြလေသည်။ ၁၂၅၅-ခုနှစ်တွင် သမိန်ထောရွာမြောက်ပိုင်း ဆုတောင်းပြည့်စေတီအနီး၌ အုင်္ဂန်ရံ သုံးလွှာထုရှိသော တန်ဆောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်၊ ၁၂၅၅-ခုနှစ်တွင် မန္တလေးမြို့တွင်ရှိသော စစ်ကိုင်တောင်ရိုး ဓမ္မိကချောင်၏ ကျောင်းအစ်မကြီး ဒေါ်ပုအိမ်တွင် တည်းခိုကာ မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံကျောင်း၌ ရဟန်းခံရှင်ပြု ကုသိုလ်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ အလှူကြီးပေးခဲ့လေသည်။

## သူတော်ချင်းချင်း သီတင်းလွှဲလွှဲ

ယင်းအလှူပွဲကြီး၌ အစ်ကိုဝမ်းကွဲဖြစ်သော ဦးဇနိတက တရားဟောလေရာ (၅၅၀) နိပါတ်လာ သောဏကဇာတ်တော်ကို ဟောတော်မူလေ၏။ ထိုအခါက အသက် (၁၅) နှစ်ရှိပြီဖြစ်သော မဖွားကြင်သည် "သောဏက ရှင်ပစ္စေကဗုဒ္ဓါက မရိန္ဒမမင်းကို စည်းစိမ်ယစ်မူးမနေရန် ကျီးမိုက်ကို ဥပမာပြု၍ တရားဟောသောနေရာ၌" ကျီးမိုက်လိုဘဝမျိုးဖြင့် သေသွားရမည်ကို အလွန်တုန်လှုပ်ချောက်ချားနေမိလေတော့သည်။ သို့နှင့် လူဝတ်ကြောင်ဘဝနှင့် မနေလိုတော့။ သီလရှင်ဝတ်တော့မည်ဟုဆိုကာ မိဘနှစ်ပါးထံ ခွင့်တောင်းပြန်လေသည်။ မိဘနှစ်ပါးကလည်း ခွင့်မပြုကြပေ။ မဖွားကြင်က ထပ်ခါထပ်ခါ ပြော၍နေသောအခါ သီလရှင်ဝတ်ချင်သည်ဆိုသော အသံကိုပင် မကြားချင်တော့ဟု ဆိုလာကြလေသည်။ ထိုအခါ မဖွားကြင်တို့ တည်းခိုနေသော အိမ်ရှင် ဒေါ်ပုသည် ကျောင်းအစ်မကြီးပီပီ သီလရှင်ဘဝ၏ ငြိမ်းအေးပုံတို့ကို

စီကာပတ်ကုံးပြော၍ အကယ်၍ မဖွားကြင်ကလေး သီလရှင်ဝတ်မည်ဆိုလျှင် မိမိက ကိုယ်တိုင် ထမင်းချက်ကျွေးပါမည် စသဖြင့် အားပေးရှာလေသည်။ မဖွားကြင်သည် ဒေါပုပြောသော စကားများကို အလွန်ပင် သဘောခွေ့.ကာ ဒေါပုအနားမှ မခွာတော့သဖြင့် ဖခင်ကြီးမှာ ခက်တယ်ဟူ၍သာ ညည်းတွားရှာရလေတော့သည်။

## နေရစ်လေဦး စစ်ကိုင်းတောင်

သို့နှင့် မန္တလေးမှ အလှူကြီးအပြီးတွင် စစ်ကိုင်းတောင်ဘက်သို့ကူးကာ ဝါးချက်ရွာအနီး ဂူတစ်လုံးချောင်၌နေ၍ ဆွမ်းလောင်းအလှူကို လှူဒါန်းကြပြန်လေသည်။ သီလရှင်ဝတ်ချင်သော မဖွားကြင်သည် စစ်ကိုင်း၌နေစဉ် မိဘများအနားတွင် မကပ်ဘဲ သီလရှင်များနှင့်သာ အချိန်ကုန်၍ နေလေတော့သဖြင့် မိဘများက တကယ်သီလရှင်ဝတ်သွားမည်ကို စိုးရိမ်ကာ စစ်ကိုင်းတောင်မှ အမြန်ပြန်ရလေတော့သည်။ မဖွားကြင်လေးခမျာမှာလည်း စစ်ကိုင်းတောင်ကြီးကိုကြည့်ကာ အလွန်ဝမ်းနည်းစွာ ငိုကြွေးရင်းဖြင့်ပင် မိဘများနှင့် လိုက်သွားရရှာလေတော့သည်။

## နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်

မဖွားကြင် အသက် (၁၉) နှစ်အရွယ်တွင်ဖြစ်သည်။ ကံတရားကား ဆန်းကြယ်လှ၏။ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာများကို နယ်လှည့်၍ သင်ကြားပေးနေသော ဆရာတော်ကြီးဦးပုညနှင့် ဦးသူတော်ကြီးတစ်ပါးတို့သည် သမိန်ထောရွာသို့ ရောက်လာခဲ့ကြလေသည်။ ရွာသူရွာသားများသည် ဆရာတော်ကို ကြည်ညိုလှသဖြင့် ရွာ၌ပင် ကျောင်းထိုင်စေကြလေသည်။ ကျောင်းကို ရွာတောင်ပိုင်းရှိ ဦးစံထွန်း+ဒေါ်ငြိမ်းတို့ မိသားစုမှ ဆောက်လုပ်လှူဒါန်းလေသည်။ မဖွားကြင်၏ မိဘများကလည်း ရေကန်ဆောက်လုပ် လှူဒါန်းကြလေသည်။ သီလရှင်ဝတ်ချင်သူ မဖွားကြင် ကလေးအတွက် မြတ်ဗုဒ္ဓ၏ ခက်ခဲနက်နဲလှသော အဘိဓမ္မာများကို သင်ယူခွင့်ရရှိခြင်းသည် ကံတရား၏ ဆန်းကြယ်မှုပင် မဟုတ်ပါလား။ "လူမစွမ်း နတ်မ" ဆိုသကဲ့သို့ပင် ကံကြမ္မာသည် မဖွားကြင်အား မျက်နှာသာပေးလျက် ရှိလေသည်။

## အောင်ပွဲကြီးနိုးလာလေပြီ

၁၂၅၉-ခုနှစ်၊ မဖွားကြင် (၁၇) နှစ်အရွယ်တွင် သမိန်ထောရွာသို့ ရန်ကုန်မြို့ ဗဟန်းမှ ဆရာကြီး ဒေါတိဏ္ဏဝတီ၊ ဒေါစာရဝတီ၊ ဒေါမေဓာဝီ၊ ဒေါနန္ဒာယီ၊ ဒေါပုဏ္ဏမိတို့သည် ဆရာတော်ဦးပုညထံ၌ အဘိဓမ္မာများ သင်ယူကြရန် ရောက်ရှိလာခဲ့ကြလေသည်။ သဒ္ဓါထက်သန်

ကြသော မဖွားကြင်၏ မိဘများသည် ဆရာလေးများ နေထိုင်ရန်အတွက် မူလဧရပ်ကြီးမှ အဆောင်တစ်ခုထုတ်ကာ လှူဒါန်းကြပြန်သည်။ မဖွားကြင်သည်လည်း ထိုသီလရှင်ဆရာကြီးများထံ၌ ဆယ်ပါးသီလခံယူပြီး အိမ်မပြန်စတမ်း နေလေတော့၏။ ရွာမှ အကြောင်းသိများက "ဒီသီလရှင်တွေ ရောက်လာတာ ဒီကောင်မလေးတော့ သီလရှင်ဖြစ်တော့မှာပဲ" ဟု ဆိုကြလေ၏။ မဖွားကြင်အတွက် အောင်ပွဲကြီးကား အလွန်ပင်နီးကပ်လာလေပြီ။

## အခိုန်ကျလျှင် ကံက မ တင်မြှ

ထိုရက်များ၌ မန္တလေးမှ အစ်ကိုဝမ်းကွဲတော်သူ ဦးဇနိတသည် ကျိုက်လတ်သို့ တရားဟောရန် လာရင်း နှမဖြစ်သူ မဖွားကြင်၏အဖြစ်ကို ကြားသိရ၍ သမိန်ထောရွာသို့ ကွင်လာကာ မဖွားကြင်၏ မိဘများအား "ဘုရားသမီးတော်နွယ်ဝင် သီလရှင်ဖြစ်မည့် ပါရမီရှိသူကို မဖျက်ကောင်းပါဘူး၊ သူ့ကုသိုလ်ကို အန္တရာယ်ပြုရာရောက်ပါတယ်" စသဖြင့် ဆုံးမလေသည်။ ထိုအခါမှ မဖွားကြင်၏ မိဘများလည်း စိတ်လျှော့ကာ မဖွားကြင်အား သီလရှင်ဝတ်ခွင့် ပြုလိုက်ကြလေသည်။ ၁၂၅၉ - ခုနှစ်၊ တော်သလင်းလဆန်း (၁၃) ရက်တွင် မဖွားကြင်သည် သမိန်ထောရွာ တောင်ကျောင်းဆရာတော် ဦးပုညကို ဥပဇ္ဈာယ်ပြု၍ ဆရာကြီး ဒေါ်တိဏ္ဏဝတီပေးသော "မမာလာရီ" ဟူသော ဘွဲ့အမည်ကို ခံယူကာ အနှစ်နှစ်အလလက တောင့်တခဲ့ရသော သီလရှင်ဘဝကို ရရှိခဲ့လေတော့သည်။ ညီမဖြစ်သူ မဖွားရှင်သည်လည်း "လှအရှိန်ရောက် ရေကြောင်းပါ" ဆိုသလိုပင် အစ်မနှင့်အတူ "မသုမမ္မစာရီ" ဟူသော ဘွဲ့အမည်ကို ခံယူကာ သီလရှင်ဝတ်လိုက်လေတော့၏။ ညီအစ်မနှစ်ဦးတို့သည် ထိုအချိန်မှစ၍ ပရိယတ္တိစာပေများကို ကြိုးစားသင်ယူကြလေတော့သည်။

## သမိန်ထောရွာတွင် သီလရှင်ကျောင်းပေါ်ပြီ

ဆရာကြီး ဒေါ်တိဏ္ဏဝတီ ပြန်သွားသောအခါ မမာလာရီ (မဖွားကြင်) ၏ မိဘများသည် ကျန်သီလရှင်များနှင့် မမာလာရီတို့ ညီအစ်မ နေထိုင်ရန်အတွက် ရွာမြောက်ပိုင်း ဆုတောင်းပြည့်ဘုရားအနီးတွင် သီလရှင်ကျောင်း ဆောက်လုပ်လှူဒါန်းကြလေသည်။ သမိန်ထောရွာတွင် သီလရှင်ကျောင်း ဖြစ်ပေါ်လာခြင်းသည်ကား သာသနာ့အာဇာနည် အမျိုးသမီးတို့အတွက် အားတက်ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်ပေတော့သည်။

## လရောင်တိမ်ဖုံးလေပြီလား

မမာလာရီသည် ငယ်စဉ်ကပင် စွဲလမ်းနှစ်သက်ခဲ့ရသော သူတော်ကောင်းတို့၏ အငွေ့အသက်များဖြင့် ထုံမွှမ်းနေသော သစ်ဝါးတောတောင် လှုိုမြောင်စိမ့်စမ်းတို့ဖြင့် အလွန်ပင် အေးချမ်းလှသော စစ်ကိုင်းရွှေပြည်ကြီးကို တစ်နေ့ မုချ နေဖြစ်အောင်နေမည်ဟု ကြံစည်ထား လေရာ ၁၂၆၀-ခုနှစ်၌ အစ်ကိုဝမ်းကွဲ ဦးဇနိတ လူထွက်သွားသောအခါတွင် အစ်ကိုကိုမှီ၍ စစ်ကိုင်းတောင်သို့ သွားနေမည်ဟု ရည်ရွယ်ထားရှာသည့် မိမိအကြံလေးမှာလည်း ပျက်သွားရ ရှာတော့လေသည်။ မမာလာရီသည် "ရွှေပြည်တော် မျှော်တိုင်းဝေးလေပြီ" ဆိုကာ အလွန် ဝမ်းနည်းစွာ ငိုပွဲကြီးဆင်ရလေတော့သည်။

## ပညာရှာပုံ အံ့သြဖွယ်မကုန်

ဦးဇနိတလူထွက် ဆရာခင် (လူအမည်) သည် လူထွက်လိုက်ပြီးသော်လည်း မိမိ တတ်ကျွမ်းထားသော ပိဋကတ်စာပေများကို မမာလာရီတို့အား သင်ပေးလေသည်။ သို့နှင့် ၁၂၆၂-ခုနှစ်၊ ဦးဇနိတလူထွက် ဆရာခင်အား ရန်ကုန် ကျောင်းတော်ရာဆရာတော်က ရန်ကုန်၌ နေရန် ခေါ်သောအခါ မမာလာရီတို့ သီလရှင်များလည်း ရန်ကုန်သို့ လိုက်ပါစာသင်ကြရင်း ရန်ကုန်မြို့ကြား တောရလမ်း ဦးဘိုးသာဇရပ်တွင် နေထိုင်ကြလေသည်။ နှစ်နှစ်ခန့်ကြာပြီးနောက် ဆရာခင် ဖျာပုံသို့ပြောင်းရာ ဖျာပုံမြို့သို့ လိုက်ပါစာသင်ကြပြန်သည်။ ဖျာပုံ၌ နှစ်နှစ်ခန့် နေကြပြီးသောအခါ သမိန်ထောရွာသို့ ပြန်လာခဲ့ကြလေသည်။

## ဆရာကောင်းထံ နည်းယူပြန်

၁၂၆၆-ခုနှစ်တွင် မမာလာရီတို့၏ မိခင်ကြီး ဒေါ်အိုင် လေနာရောဂါစွဲကပ်သဖြင့် ညောင်တုန်းမြို့သို့ ဆေးကုသရန် သွားကြလေသည်။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ဆရာတော်ကို သွားရောက်ကန်တော့ကြရာမှ ဆရာတော်၏ စီမံပေးမှုဖြင့် ရွှေဘိုခရိုင်၊ ဝက်လက် မြို့နယ် သရိုင်ရွာမှ ထရံကာဆရာကြီးဟု စာချရာ၌ နာမည်ကြီးသော ဒကာကြီးကို တစ်လလျှင် ငွေသုံးဆယ်ကျပ်ပေး၍ နှစ်လတာ ညောင်တုန်း၌ နေကာ ဓာတုကထာ ညဝါများကို သင်ကြားကြပြန်လေသည်။

## ထမင်းငတ်ခြင်းထက် စာငတ်ခြင်းက အခံရခက်

မမာလာရီတို့သည် သမိန်ထောရွာသို့ ပြန်ရောက်ကြပြီးနောက် ၁၂၆၇-ခုနှစ်တွင် တောင်ကျောင်း ဆရာတော် ဦးပုည ပျံလွန်တော်မူသဖြင့် အလုပ်များကြလေရာ မမာလာရီတို့လည်း စာမသင်ရဘဲ အချိန်များကုန်နေရလေသည်။ စာလိုချင်လွန်းလှသော မမာလာရီသည် စာမတတ်မည်ကို စိုးရိမ်ကာ ငို၍သာနေလေတော့သည်။ ဤသည်ကို ဆရာခင် (ဦးဇနိတလူထွက်) သိသောအခါ စိတ်မကောင်းသဖြင့် ဗေဒင်နက္ခတ်ပညာကို သင်ပေးလေ၏။ မမာလာရီကား စာသင်နေရလျှင် ပျော်နေသူပင်တည်း။

## စွန့်စားသူသာ အာဇာနည်

၁၂၆၈-ခုနှစ်တွင် မမာလာရီသည် ညီမဖြစ်သူ မသုဓမ္မစာရီ၊ ညီမတစ်ဝမ်းကွဲ မဝဏ္ဏစာရီ၊ မိခင်ကြီးဒေါ်အိုင်နှင့်အတူ ထရံကာဆရာကြီးရှိရာ ဝက်လက်မြို့နယ် သရိုင်ရွာသို့ ခရီးကြမ်းကို နှင်ကာ ပညာသင်ကြားဖို့အရေး အပြေးသွားကြလေသည်။ လမ်းခရီးတစ်ထောက်တွင် ပြည်မြို့၌ ဆယ်ရက်ခန့် ဘုရားဖူးကြစဉ် လယ်တီဆရာတော်ဘုရားကြီး၏ တပည့်များဖြစ်ကြသော သံခိပ် အသင်းသူအသင်းသားများနှင့် အဘိဓမ္မာဆွေးနွေးကြရာ သံခိပ်အသင်းသူအသင်းသားတို့က ကြည်ညိုလှ၍ "သရိုင်သို့ မသွားပါနှင့်၊ ပြည်မြို့၌ပင် သီတင်းသုံးရန် ကျောင်းဆောက်၍ ကိုးကွယ်ပါမည်" ဟု ဆိုသည်ကို လက်မခံဘဲ ပညာသင်ခရီးကြမ်းကို ဆက်၍နင်ကြလေသည်။ ထရံကာဆရာကြီးထံသို့ ရောက်ကြသောအခါ ငွေခြောက်ဆယ်ကျပ် အကုန်အကျခံ၍ ကပ်မိုးထရံကာကျောင်းတစ်ဆောင်ကို သီးခြားဆောက်နေကာ စာသင်ကြလေသည်။

## အာဇာနည်တို့စုဝေးရာ ထရံကာ

ထရံကာဆရာကြီးထံတွင် သမိဒ္ဓေါဒယချောင် ဆရာကြီးဖြစ်လာမည့် မမာလာရီ၊ အေးငြိမ်းချောင် ဆရာကြီးဖြစ်လာမည့် မဥမ္မာရီ၊ သီဝံဂါမိချောင် ဆရာကြီး ဖြစ်လာမည့် မဉာဏစာရီတို့နှင့်အတူ စာသင်ခဲ့ကြလေသည်။ မမာလာရီသည် ထရံကာဆရာကြီးထံတွင် လေးနှစ်တိတိ စာသင်ခဲ့လေသည်။ ထိုလေးနှစ်အတွင်း စာသင်ပျက်မည်စိုးသဖြင့် အရပ်တစ်ပါးကို တစ်ခါမျှ အလည်မသွားခဲ့ဖူးပေ။ ထရံကာဆရာကြီးသည် သူ၏အိမ်အပေါ်ထပ်၌ ဖျာကြမ်းလေးခင်းကာ စာသင်ပေးလေ့ရှိသည်။ ဆရာကြီး အမြဲတမ်းပြောလေ့ရှိသော စကားမှာကား "ခင်ဗျားတို့

နောင်တစ်ချိန် ဆရာလုပ်ကြဦးမှာ၊ သဘောပေါက်ပြီး ကြည်ညက်အောင် သင်ထားကြ" ဟူ၍ ဖြစ်လေသည်။

## ထူးခြားသူ တွေ့ဖူး

တစ်ရက်တွင် တစ်ရွာလုံး အပ်ကျသံပင် ကြားရမတတ် တိတ်ဆိတ်နေလေ၏။ အကြောင်းမူကား "ရွှေဂူကြီးဘုရားပြုရင် အမေသေတောင် အိမ်မှာမနေနဲ့" ဟု ပြောစမှတ်ပြုရသော ရွှေငွေအမြောက်အမြား ဌာပနာ၍ထားသော သစ်ဆိမ့်ရွှေဂူကြီးဘုရားပွဲ ရှိ၍တည်း။ သို့သော် ထူးဆန်းစွာပင် အိမ်တစ်လုံးပေါ်မှ ကျောင်းသားလေးတစ်ယောက် သုတ်စဉ်ကျက်သံသည် ပေါ်ထွက်လာနေလေ၏။ မမာလာရီသည် အံ့သြလှသဖြင့် ထိုကျောင်းသားလေးကို "မင်း ဘုရားပွဲမသွားဘူးလား" ဟု ခေါ်၍မေးကြည့်မိလေသည်။ ကျောင်းသားလေး ပြန်ဖြေသည်မှာကား "စာအံပျက်မှာစိုးလို့" တဲ့လေ။ ထိုကျောင်းသားလေးမှာ အခြားသူမဟုတ်၊ ဘာသာဦးကာကျမ်းပေါင်းများစွာကို ရေးသားပြုစုတော်မူခဲ့သော တောင်မြို့ မဟာဂန္ဓာရုံဆရာတော်လောင်းလျာလေးပင် ဖြစ်လေသည်။

## ကြောက်စာဖတ်ရန် တိုက်တွန်းခံရ

၁၂၇၀-ပြည့်နှစ်၊ မမာလာရီ အသက် (၂၈) နှစ် ရှိလေပြီ။ မမာလာရီတို့၏ မိခင်ကြီး ဒေါ်အိုင်သည် သမီးများထံသို့ တစ်နှစ်တစ်ခေါက် မှန်မှန်ရောက်မြဲဖြစ်သည်။ ဝါတွင်းကာလများ၌ စစ်ကိုင်းတောင်ရိုး အရှေ့ဂဏ္ဌာသယမယ်တော်ချောင်၌နေ၍ အရှေ့ဂန္ဓာရုံချောင် အောက်ဇရပ်သို့ သွားကာ နေ့စဉ်တရားအားထုတ်လေ့ရှိ၏။ ဝါကျွတ်ချိန်တွင် သမိန်ထောရွာသို့ ပြန်လေ့ရှိသည်။ ၁၂၇၀-ပြည့်နှစ်၊ ဝါဆိုလဆန်းပိုင်းတွင် ဒေါ်အိုင်သည် သမီးများထံသို့ ရောက်လာပြီးနောက် ဝါဆိုကာနီးတွင် စစ်ကိုင်းတောင်သို့အပြန် မမာလာရီတို့သည် မိခင်ကြီးအား စစ်ကိုင်းတောင်သို့ ပြန်ပို့ရင်း မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကို ဝင်ရောက်ဖူးမြော်ကြလေသည်။ ဆရာတော်ကြီးက "ဟဲ့ နင်တို့ ကြောက်စာဖတ်ဖူးရဲ့လား" ဟု မေးတော်မူ၏။ မမာလာရီတို့ကလည်း ကျောက်ပြားပေါ်တွင် ရေးထွင်းထားသော ကျောက်စာကို မေးသည်ထင်၍ ဖတ်ဖူးပါကြောင်း လျှောက်ထားကြလေသည်။ ဆရာတော်ကြီးက "ငါပြောတဲ့ ကြောက်စာဆိုတာ ကမ္မဋ္ဌာန်းကြောက်စာကို ပြောတာ။ ဒီလိုကွဲ.... ရှင်သေဖြစ်ပျက် ရကုန်ဆုံးကွဲ သူဆင်းရဲ မလွဲဒီဋ္ဌ ကမ္မဋ္ဌာန်းပဲဆိုတဲ့ ကြောက်စာကိုပြောတာ။ သတ္တဝါတွေဟာ အသက်ရှင်နေလျှင် သေရမှာ သိပ်ကြောက်တယ်၊

ဖြစ်လာရင် ပျက်သွားမှာ သိပ်ကြောက်တယ်၊ ရလာရင် ကုန်သွားမှာ သိပ်ကြောက်တယ်၊ ဆုံမိပြန်ရင် ပြန်ကွဲရမှာ သိပ်ကြောက်တယ်။ အဲဒါ ကြောက်စာပဲ။ ဒါကိုဆင်ခြင်နေရင် ကမ္မဋ္ဌာန်းဖြစ်တယ်” ဟု အမိန့်ရှိလိုက်လေသည်။ ထို ၁၂၇၀-ပြည့်နှစ်ကပင် မိခင်ကြီးဒေါ်အိုင်သည် အမြော်အမြင်ကြီးမားစွာဖြင့် သောတာပန်ရွာသူကြီး ဦးဖြူးထံမှ (၆) ဧကနီးပါးကျယ်သော မြေကွက် ယခု သမိဒ္ဓါဒယချောင်ဖြစ်လာမည့် မြေနေရာကို ငွေ (၆၅) ကျပ်ဖြင့် ဝယ်ယူပေးခဲ့လေသည်။

## ရွှေတောင်ကြီး ပြုလေပြီ

၁၂၇၁-ခုနှစ်၊ အညာနွေ၏ ပူပြင်းလှသော ကဆုန်လတွင် မမာလာရီသည် အရပ်ကြီးပြတ်ကဲ့သို့ ခြေလက်များမသယ်နိုင်အောင် အပြင်းဖျားလေတော့သည်။ သရိုင်ရွာသူရွာသားများက အနှိပ်ဆရာပင့်၍ နှိပ်ကြ၊ တတ်သလောက် မှတ်သလောက်ဖြင့် အစွမ်းကုန်ပြုစုကြသဖြင့် နှစ်ရက်သုံးရက်နေသောအခါ အနည်းငယ်သက်သာလာလေသည်။ ထိုစဉ် သမိန်ထောရွာမှ အစ်မဝမ်းကွဲဖြစ်သူ မပန်းမယ် ရောက်လာလေသည်။ လူမမာမေးရန်ကား မဟုတ်။ ကဆုန်လပြည့်ကျော် (၈) ရက်နေ့က မိမိတို့၏မိခင်ကြီး ဒေါ်အိုင် ဆုံးသွားပြီဖြစ်ကြောင်း လာရောက်သတင်းပို့ခြင်း ဖြစ်လေတော့သည်။ မမာလာရီသည် ရွှေတောင်ကြီးပြုသကဲ့သို့ ခံစားလိုက်ရလေသည်။ မိခင်ကြီးဒေါ်အိုင်သည် ဥပုသ်သီလ အမြဲစောင့်ထိန်းသူ၊ မပျက်မကွက် တရားအားထုတ်သူ၊ ဧကာသနိက်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်တို့ကိုလည်း မကြာခဏ ဆောက်တည်လေ့ရှိသူ၊ သဒ္ဓါတရားထက်သန်သူ။ မိမိတို့ညီအစ်မနှစ်ယောက်ကို ရင်အုပ်မကွာ စောင့်ရှောက်သူ၊ သမီးများ အလိုကျ ဆောင်ရွက်ပေးရှာသူ၊ မိမိတို့အား အေးချမ်းလုံခြုံသည့် အရိပ်ကြီးပေးသူဖြစ်၏။ ယခု ထိုမိခင်ကြီး ဆုံးပါးသွားခြင်းမှာ မမာလာရီအတွက် ရွှေတောင်ကြီးပြုသွားသကဲ့သို့ပင် ဖြစ်လေသည်။ မမာလာရီသည် မိခင်ကြီးဆုံးသွားသည်ကတစ်ကြောင်း၊ မိမိကိုယ်တိုင် ကျန်းမာရေး မကောင်းသည်က တစ်ကြောင်းကြောင့် ထိုနှစ်တစ်နှစ်လုံး သမိန်ထောရွာ၌ပင် ပြန်၍ အနားယူလိုက်လေတော့သည်။

## အောင်မြေဇေယျာဆီ ခို်တက်လာပြီ

၁၂၇၂-ခုနှစ်တွင် မမာလာရီသည် စစ်ကိုင်းတောင်မှာ ထရံကာဆရာကြီး စာချနေသည်ဟူသောသတင်းကို ကြားရလေသည်။ ထိုအခါ ငယ်စဉ်ကတည်းက စစ်ကိုင်းတောင်တွင်

နေချင်ခဲ့သော မမာလာရီသည် "ရေငတ်တုန်း ရေတွင်းထဲကျ" ဆိုသလိုဖြစ်ကာ မိမိ၏ အကြံအစည်များကို အကောင်အထည်ဖော်ရန် ဖခင်ကြီး ဦးစက်ဖော်၊ မသုဓမ္မစာရီ၊ မဏ္ဍန္ဒစာရီတို့ကိုခေါ်၍ စစ်ကိုင်းတောင်ရိုး၊ ဂူနီချောင်သို့ ရွှေ့လာခဲ့ကြလေသည်။ ထိုစဉ်က စစ်ကိုင်းတောင်သည် ယခုလောက် မစည်ကားသေးချေ။ (၁) ဂူတစ်လုံးချောင်း၊ (၂) သစ်ဆိမ့်ချောင်၊ (၃) မဂ္ဂင်ချောင်၊ (၄) နီဗွီန္ဒချောင်၊ (၅) ခေမေသကချောင်၊ (၆) ဂူနီချောင်၊ (၇) ဧမြို့ချောင်တို့သာ ရှိကြသေးပြီး အသက်အရွယ်ကြီးရင့်သူ လေးငါးဦးခန့်သာ တရားအားထုတ်၍ နေထိုင်ကြလေသည်။ ခေမေသကချောင်ရှေ့ ယခု ကားလမ်းမကြီးကား လှည်းလမ်းမျှသာ ရှိသေးသည်။ တစ်ခါတစ်ရံ ကျားများသစ်များ ဖြတ်သွားသည်ကို တွေ့ရသဖြင့် မြစ်ဆိပ်သို့ သွားလိုလျှင် ဧတဝန်ဘုရား မြောက်ဘက်စောင်းတန်းမှ သွားရသည်အထိပင် တောတောင်လျှိုမြောင် ထူထပ်လှလေသည်။ မမာလာရီတို့သည် ဂူနီချောင်ဆရာကြီး၏ အရိပ်အာဝါသကို ခိုလှုံကာ ထရံကာဆရာကြီးထံ၌ စာဝါလိုက်ရင်း တစ်ဖက်မှလည်း တပည့်များကို စာချပေး၍ အားလပ်သည့်အခါ၌ တရားအားထုတ်၍နေလေသည်။ ဖခင်ကြီး ဦးစက်ဖော်သည်လည်း မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူကာ တရားအားထုတ်လျက် အောက်ဧတဝန်ချောင်၌ နေလေတော့သည်။ တစ်နှစ် တစ်ကြိမ်သာ သမီးဖြစ်သူ မသုဓမ္မစာရီနှင့်အတူ သမိန်ထောရွာသို့ပြန်ကာ စပါးများကို ရောင်းချပြီးလျှင် စစ်ကိုင်းတောင်သို့သာ ပြန်လာကြလေသည်။

## စစ်ကိုင်းတောင် သမိဒ္ဓါဒယချောင်ပေါ်ပြီ

၁၂၇၃-ခုနှစ်တွင် မမာလာရီ၏ အသက်မှာ (၃၁) နှစ်ရှိလေ၏။ မမာလာရီသည် ဂူနီချောင်ဆရာကြီးအား သီးခြားချောင်တစ်ချောင်ခွဲ၍ နေလိုသည့်အကြောင်းကို လျှောက်ထားလေရာ ဂူနီချောင်ဆရာကြီးက "ချောင်သက်သက် မခွဲပါနှင့်၊ ဒီချောင်မှာပဲ ချောင်တစ်ဝက်ကို ခွဲပေးမည်" ဟု ပြောလေသည်။ မမာလာရီကလည်း သဘောကျ၏။ သို့သော် မဟာဂန္ဓာရုံဆရာတော်၏ ဩဝါဒမပါဘဲ ပြုလုပ်၍မဖြစ်သဖြင့် ဆရာတော်ကြီးထံ သွားရောက်လျှောက်ထားကြလေရာ ဆရာတော်ကြီးက "အင်း... ဂူနီချောင်ဆရာကြီး ရှိနေတုန်းဆိုရင်တော့ ကောင်းပါရဲ့၊ ရေရှည်မှာ ကိုယ့်နေရာနဲ့ကိုယ် နေကြမှသာ ကောင်းမည်" ဟု အမိန့်ရှိတော်မူသဖြင့် သီးခြားချောင်ခွဲတည်ရန်သာ ဆုံးဖြတ်လိုက်ကြလေတော့သည်။

## ဆရာတော်ကြီးစကား အားရစရာ

မိခင်ကြီးဝယ်ပေးခဲ့သော မြေနေရာကို ချောင်သစ်တည်ရန် မြေနေရာ သုတ်သင်ရှင်းလင်းကြပြီးနောက် ဆရာတော် (၁၀) ပါးအား ပင့်ဖိတ်ကာ အန္တရာယ်ကင်းပရိတ်တရားကို နာကြားကြလေသည်။ ပရိတ်ရွတ်ရာတွင် အရှင်သဒ္ဓမ္မ (ချမ်းအေးချောင်ဆရာတော်)၊ အရှင်ခေမိန္ဒ (အနောက်ဂူစွာသယဆရာတော်)၊ အရှင်ကေလာသ (ကျိုက်လတ်မြို့၊ ပစ္စိမာရုံဆရာတော်)၊ အရှင်နန္ဒဝံသ (မစိုးရိမ်ဆရာတော်) တို့ ဦးဆောင်တော်မူကြလေ၏။ ပစ္စိမာရုံဆရာတော်ကြီးက "ဟဲ့... မာလာရီ... နင် သိပ်ကံကောင်းတယ်၊ ပရိတ်တရားချီးမြှင့်ကြတဲ့ ဆရာတော်တွေက သီလဝန္တတွေချည်းပဲ သိလား၊ ဒီနေရာတော့ အန္တရာယ်လည်းကင်းမယ်၊ ကြီးပွားလည်း ကြီးပွားဦးမယ်" ဟု အမိန့်ရှိခဲ့လေသည်။

## ချောင်နာမည်များ ရွေးပေးကြပြီ

ချောင်သစ်အမည်ကို မဟာဂန္ဓာရုံဆရာတော်က သံသရာဘေးဆိုး အပူမျိုးတွေ ငြိမ်းအေးရလေအောင် "ဧချမ်းသာကြီးချောင်" ဟု မှည့်ခေါ်စေခဲ့လေသည်။ အစ်ကိုဖြစ်သူ ဦးဇနိတနှင့် သူငယ်ချင်း ဖြစ်ခဲ့သော မန္တလေးမြို့၊ အရှေ့ဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော် အရှင်ပညာကမ္ဘ ဗေဒင်သဘောအရ စက်ရပြီး ကြီးပွားရလေအောင် "သမိဒ္ဓေါဒယချောင်" ဟု မှည့်ခေါ်စေခဲ့ပါသည်။ မမာလာရီသည် ဆရာတော်ကြီးများကို လေးစားသောအားဖြင့် အမည်နှစ်မျိုးစလုံးကိုပင် ကမ္ဘည်းတင် ခေါ်တွင်စေခဲ့ပါသည်။ သို့ရာတွင် "သမိဒ္ဓေါဒယ" ဟူသော အမည်သညာသည်သာ လူသိများ ထင်ရှားလျက် ရှိနေပါသည်။

## အောင်လံစွင့်စွင့် လွင့်တလူလူ

ဖခင်ကြီး ဦးစက်ဖော်က အုတ်တိုက်ဆောက်လုပ်လျှဒါန်းလိုသော်လည်း သမီးဖြစ်သူ မမာလာရီ၏ သဘောအရ နှစ်ခန်းသုံးခန်း ဆင်ဝင်နှင့် အသားခင်း ကပ်မိုး ထရံနှစ်ထပ်ကာ ကျွန်းတံခါးနှင့် ဧရုပ်တစ်ဆောင်ကို ဆောက်လုပ်လျှဒါန်းလေသည်။ ၁၂၇၄-ခုနှစ်တွင် သမိဒ္ဓေါဒယချောင် ဝင်းတံခါးတိုင်၏ နဖူးစည်းပျဉ်ချပ်တွင် ချောင်အမည်၊ ချောင်တည်သက္ကရာဇ်တို့ကို ရေးထိုးကာ မမာလာရီသည် မသုဓမ္မစာရီ၊ မသုမာလာ၊ မခေမာစာရီ၊ မပညာဝါ၊ မကြန္ဒစာရီ တို့နှင့်အတူ ဂူနီချောင်မှ အပြီးပြောင်းရွှေ့ကာ "သမိဒ္ဓေါဒယ" တည်းဟူသော သာသနာ့အောင်လံကြီးကို လွှင့်ထူ၍ ပရိယတ် ပဋိပတ်အလုပ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်လေတော့သည်။

## တစ်ဘဝစာ တကယ်တာဝန်ကျေသူ

အမျိုးသမီး သာသနာ့အာဇာနည် ချောင်ဆရာကြီး ဒေါ်မာလာရီသည် ချောင် စတင် တည်ထောင်သည့် အချိန်ကစ၍ စစ်ကိုင်းတောင်ရိုး၌ အလွန်ထင်ရှား ကျော်ကြားတော်မူသည့် မဟာဂန္ဓာရုံဆရာတော်၊ ချမ်းအေးဆရာတော်၊ မစိုးရိမ်ဆရာတော် အစရှိသော ဆရာတော်ကြီးများ၏ ဩဝါဒများကို တစ်သွေမတိမ်း လိုက်နာဆောင်ရွက်ခဲ့လေသည်။ ဒေါ်မာလာရီသည် သက်တော် (၁၀၀) နှစ်၊ (၁) လ၊ (၆) ရက်တိုင်အောင် အတ္တာပရ ကျိုးနှစ်ဝကို မျှတစေလျက် သာသနာ့အကျိုးကို စွမ်းစွမ်းတမံ ရွက်ဆောင်ခဲ့ပြီးနောက် ၁၃၄၂-ခုနှစ်၊ တပို့တွဲလဆန်း (၆) ရက်၊ နေ့ (၂) နာရီခွဲအချိန်တွင် အမျိုးဘာသာ သာသနာအကျိုး သယ်ပိုးထမ်းရွက်မှုတို့ကို တစ်ဘဝစာအဖြစ် တကယ်တာဝန်ကျေစွာ ဆောင်ရွက်ကာ ရပ်နားတော်မူသွားခဲ့လေသည်။

## အာဇာနည်အစစ် ကေန်ဖြစ်

လောကဌ် "အပွေးမြင် အပင်သိ၊ အသွေးမြင် အဆင်သိ" ဟူသော ဆိုရိုးစကားရှိသည့် အတိုင်း သမိဒ္ဓါဒယချောင်ကြီး၏ စည်ပင်တိုးတက်နေပုံ၊ တပည့်များ၏ အောင်မြင်စွာ သာသနာ့အကျိုးကို ဆောင်ရွက်နိုင်ပုံတို့ကို မျက်ဝါးထင်ထင် တွေ့မြင်နေရခြင်းအားဖြင့် ချောင်ဆရာကြီး ဒေါ်မာလာရီ၏ ပရဟိတစွမ်းဆောင်ရည်ကို သိရှိနိုင်ပေသည်။ အဝေးကပုဂ္ဂိုလ်များ အကြည်ညိုခံရဖို့ အထင်ကြီးခံရဖို့မှာ အလွန်လွယ်ကူသော်လည်း အနီးနေပုဂ္ဂိုလ်များ၏ ကြည်ညိုမှု အထင်ကြီးမှုကို ရဖို့ရန်မူကား အလွန် ခဲယဉ်းသည်မှာ လောကဓမ္မတာဖြစ်၏။ ဆရာကြီး ဒေါ်မာလာရီကို အနီးကပ်ပြုစုခဲ့သော တပည့်များကိုယ်တိုင်က "ဖွားဘုရားကြီးသည် အရိယာ စာရင်းဝင် ဖြစ်လောက်သည်" ဟု ယုံကြည်ကြည်ညိုအထင်ကြီးရလောက်အောင် နေထိုင် အားထုတ်သွားခဲ့သည်မှာလည်း ဆရာကြီး ဒေါ်မာလာရီ၏ အတ္တဟိတ စွမ်းဆောင်ရည်တို့ကို သိနိုင်လောက်ကြပေသည်။ သာမန်ပုဂ္ဂိုလ်တို့၏ လုပ်ဆောင်ချက်တို့သည် ထိုပုဂ္ဂိုလ်မရှိသည့် နောက်ပိုင်း ဆယ့်လေးငါးနှစ်အကြာတွင် ပျောက်ကွယ်သွားတတ်သော်လည်း အာဇာနည်တို့၏ ကောင်းမြတ်သော လုပ်ဆောင်ချက်ဘဝမှတ်တိုင်တို့သည်ကား ၎င်းတို့မရှိသည့်နောက်ပိုင်းတွင်လည်း နှစ်ပေါင်းရာထောင်ချီ၍ ကျန်ရစ်လေ့ရှိသည်မှာလည်း လောက၏ထုံးစံပင် ဖြစ်လေသည်။ ဆရာကြီး ဒေါ်မာလာရီကို အမျိုးသမီး သာသနာ့အာဇာနည်ပုဂ္ဂိုလ်တစ်ဦး ဧကန်ဖြစ်ကြောင်း ယုံမှားဖွယ်မရှိ ဆုံးဖြတ်ကြရမည် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာကြီး ဒေါ်မာလာရီ

စတင်မျိုးစေ့ချ စိုက်ပျိုးခဲ့သော သမိဒ္ဓါဒယချောင်ကြီးသည် ယခု ၁၃၇၃-ခုနှစ်ဆိုလျှင် နှစ်တစ်ရာတင်းတင်းပြည့်သည်အထိ ကောင်းမွန်စွာ သာသနာ့အောင်လံ လွှင့်ထူနေဆဲဖြစ်သည်ကို မျက်မြင်ကိုယ်တွေ့ မြင်နေကြရသောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်၍ မူလချောင်ဆရာကြီး ဒေါ်မာလာရီကား နောင်လာနောက်သား အမျိုးသမီးအာဇာနည်တို့အတွက် အထူးပင် အားကျ အတုယူစရာကောင်းလှသော သူတော်ကောင်း အာဇာနည်စစ်စစ် ဧကန်ဖြစ်ပေတော့သတည်း။

(အရှင်နန္ဒမာလာဘိဝံသ ရေးသားသော ဆရာကြီး ဒေါ်မာလာရီ၏ နှစ်ကိုးဆယ်ကျော် ဘဝခရီးစာအုပ်နှင့် ဆရာကြီးဒေါ်မာလာရီ၏ တပည့်များမှ ပြောပြသည်တို့ကို အခြေခံဖော်ပြပါသည်။)



# သမိဒ္ဓါဒယချောင် ၊ ဒုတိယချောင်ဆရာကြီး
# ဒေါ်ဟေမာရီ ၏
# ဘဝသမိုင်းအကျဉ်း



ဖွားဟေမာရီ၏ ရုပ်တု

မူလချောင်တည် ဖွားဘုရားကြီး စတင်လွှင့်ထူခဲ့သော သမိဒ္ဓါဒယ သာသနာ့အောင်လံကြီးကို ဒုတိယ ချောင်ဆရာကြီးအဖြစ်ဖြင့် ပခုံးပြောင်းထမ်းယူကာ တာဝန်ကျေစွာ လွှင့်ထူပေးခဲ့သော ဆရာကြီး ဒေါ်ဟေမာရီ၏ ဘဝသမိုင်းအကျဉ်းမှာ ဤသို့ဖြစ်ပေသည်။

## ဇာတိချက်ကြွေ သူ့မွေးမြေ

သမိဒ္ဓါဒယချောင်၏ ဒုတိယမြောက် ချောင်ဆရာဖြစ်လာမည့် အမျိုးသမီးအာဇာနည် လောင်းလျာမှာ ဖျာပုံခရိုင်၊ သမိန်ထောရွာဇာတိ ဖြစ်ပေသည်။ ခမည်းတော် ဦးဘဆင်၊ မယ်တော်ဒေါစုတို့မှ ၁၂၆၅-ခုနှစ်၊ တော်သလင်းလဆန်း (၂) ရက်၊ သောကြာနေ့၊ နံနက် (၉) နာရီအချိန်တွင် ဖွားမြင်ခဲ့လေသည်။ မွေးချင်းခြောက်ယောက်တို့တွင် အငယ်ဆုံးသမီးရတနာဖြစ်၏။ (မွေးချင်းများစာရင်းကိုတော့ အတိအကျမသိရပါ။)



## ရွေးကောင်းမူပါသူ

ဒုတိယမြောက် ချောင်ဆရာလောင်းလျာလေးသည် စစ်ကိုင်းတောင်ရိုး သမိဒ္ဓါဒယချောင်ကြီးကို စတင်တည်ထောင်တော်မူသော ဖွားဘုရားကြီး ဒေါ်မာလာရီ၏ တူမအရင်းဖြစ်ပေသည်။ အာဇာနည်ဆရာကြီး၏ တူမဖြစ်ရသည်ကိုက ရွေးကောင်းမူဘုန်းကံပါသူဟု

ဆိုရပေမည်။ ၁၀ နှစ်သမီးအရွယ်ကတည်းက ဖွားဘုရားကြီးက ခေါ်ယူကာ စောင့်ရှောက်ပေးခဲ့လေသည်။ ဖွားဘုရားကြီး တရားထိုင်သွားလျှင် အတူလိုက်ပါခွင့်ရသည်ကိုက သူတော်ကောင်းဓာတ် အဆက်ရှိသူပင် ဖြစ်သည်ဟု ယုံကြည်ထိုက်ပေသည်။

## ဆန်းပြားသစ်လွင် ပါရမီရှင်

ပါရမီဟူသည် မြင့်မြတ်သူတို့သာ ပါလေ့ရှိ၏။ ဒုတိယချောင်ဆရာလောင်းလျာလေးသည် ပါရမီပါသူပီပီ အသက် (၁၂) နှစ်အရွယ်၌ မြင့်မြတ်သည့်အဖွဲ့အစည်းဖြစ်သော ဘုရားသမီးတော်နွယ်ဝင် သီလရှင်အဖြစ်ကို ရရှိခဲ့လေသည်။

ဒုတိယချောင်ဆရာလောင်းလေး၏ သီလရှင်အဖြစ်သည် ထူးခြားသည်ဟု ဆိုရမည်ဖြစ်ပေသည်။ မြောက်မြားစွာသော သီလရှင်ဆရာကြီး ဆရာလေးတို့၏ ဥပဇ္ဈာယ်မှာ သီလရှင်ဆရာကြီးများသာ ဖြစ်တတ်ကြ၏။ ဒုတိယချောင်ဆရာ လောင်းလျာကား သူတော်ကောင်းမို့ နတ်ကောင်းမသည့် အလား သီလရှင်ဝတ်ပွဲ၌ မစိုးရိမ်ဆရာတော်ဘုရားကြီး ဦးနန္ဒဝံသကိုယ်တော်တိုင် သီလချီးမြှင့်ပေး၍ ကိုယ်တော်တိုင် ဥပဇ္ဈာယ်ပေးခံရခြင်းကပင် ထူးခြားလှပေသည်။ မဟေမာရီဟူသော ဘွဲ့အမည်ကိုလည်း မစိုးရိမ်ဆရာတော်ကြီးကိုယ်တိုင် ပေးခဲ့သော အမည်ဖြစ်လေသည်။ ဒုတိယချောင်ဆရာလောင်းလျာလေး မဟေမာရီ၏ သီလရှင် ဒါယကာ ဒါယိကာမများမှာလည်း အများစုနှင့်မတူထူးသည်ဟုဆိုလျှင် ရနိုင်ကောင်းပေသည်။ အဘယ့်ကြောင့်ဆိုသော် အများစု ဆရာကြီး ဆရာလေးတို့၏ ပစ္စယ အလှူရှင်များမှာ



ဖွားဟေ ဓာတ်ပုံရိုက်ခံရမှာကြောက်၍ ပရိယာယ်ဆင်ကာ ရိုက်ထားပုံ



ဖွားညက်နှင့် ဖွားဟေ နှစ်ဦးပုံ

မိဘနှစ်ပါးဖြစ်သည်က များတတ်ကြလေသည်။ မဟေမာရီ၏ ပစ္စယအလျှုရှင်များမှာ ဘဒ္ဒေးဖြစ်သူ အရေးပိုင်မင်း ဦးအုန်းခိုင်+ဒေါ်မမမကြီးတို့ ဖြစ်ကြလေသည်။

## ကြီးတင်မြင်မှ ပင္လွှိုတစစ်

မစိုးရိမ်ဆရာတော်ကြီးက သီလရှင်ဝတ်ပြီးစ ထိုခဏမှာပင် "ငါ့တပည့် အသက်လည်းရှည်မည်၊ ဘုန်းလည်းကြီးမည်" ဟု ချီးမြှောက်စကား ဆိုလိုက်လေ၏။ "ပညာရှိစကား အပ်ဖျားရေစက် အနက်သမုဒ္ဒရာ" ဆိုသည့်အတိုင်း အလွန်နက်ရှိုင်းလှသော အဓိပ္ပာယ်များ ဆောင်သည့် စကားဖြစ်ပေသည်။ ထိုစကားမှန်၏။ ကျောင်းတစ်ကျောင်း၊ ချောင်တစ်ချောင်၊ အဖွဲ့အစည်းတစ်ခုဌ အရှိန်သြဇာရှိသူ မရှိသည့်နောက်ဌ တိုးတက်မှုများ အတန်အသင့် ဆုတ်ယုတ်တတ်သည်က များတတ်ကြ၏။

မဟေမာရီသည် ဖွားဘုရားကြီး၏ အရိုက်အရာ ဆက်ခံရသော ဒုတိယချောင်ဆရာဘဝဌ ချောင်ကြီးကို တိုးတက်လာအောင် ဘုန်းကံကြီးမားစွာဖြင့် ထိန်းနိုင်ခဲ့ပေသည်။ အသက်လည်း (၉၇) နှစ်အထိ ရှည်ခဲ့လေသည်။ ဤသည်ကပင် ဆရာတော်ကြီးစကား မှန်သည်ဟု ဆိုရပေမည်။

## နာမ်ကိုမွေးဖွား မိဘများ

"ရုပ်တရားများတို့ တိုးတက်စေရန် မိဘများက စောင့်ရှောက်မွေးပေးကြ၏၊ နာမ်တရားများ တိုးတက်စေရန် ဆရာသမားများက စောင့်ရှောက်မွေးပေးကြ၏" ဟူသော စကားနှင့်အညီ ဒုတိယချောင်ဆရာလောင်းလျာလေး မဟေမာရီသည် အဒေါ်ဖြစ်သူ မူလချောင်တည် သမိဒ္ဓေါဒယချောင်ဆရာကြီး ဒေါ်မာလာရီနှင့် သမိဒ္ဓေါဒယ စာချဆရာများဖြစ်ကြသော ဆရာကြီးဒေါ်ခေမာဝတီ၊ ဒေါ်သုနန္ဒီ၊ စာချအလွန်နာမည်ကျော်သော သရိုင်ရွာ ထရံကာဆရာကြီးစသော ဆရာကောင်းများထံမှ ပိဋကတ်စာပေများကို သင်ယူကာ နာမ်တရားများ ကြီးပွားခဲ့ရလေသည်။

## ထူးခြားလေရ သူ့ဘဝ

ဒုတိယချောင်ဆရာလောင်းလျာ မဟေမာရီသည် အရာရာထူးခြားသူဟု ဆိုရမည်ဖြစ်ပေသည်။ (၁၅) နှစ်အရွယ်တွင် ပထမငယ်တန်း၊ (၁၇) နှစ်အရွယ်တွင် ပထမလတ်တန်း၊ (၂၀) နှစ်အရွယ်တွင် ပထမကြီးတန်းတို့ကို အောင်တော်မူလေသည်။ ၁၃၀၂-ခုနှစ်တွင်


သမိဒ္ဓေါဒယ စာပြန်ပွဲ၌ ထူးချွန်စွာအောင်မြင်သဖြင့် ရွှေတံဆိပ်ဆုတို့ကို ဆွတ်ခူးနိုင်ခဲ့လေသည်။ ၁၃၀၉-ခုနှစ်တွင် အစိုးရမှ ဓမ္မာစရိယတန်းကို စတင်ကျင်းပလေရာ ထိုဓမ္မာစရိယတန်းကို သီလရှင်လောကတွင် ပထမဦးဆုံး ဓမ္မာစရိယဘွဲ့ကို လက်ဝယ်ပိုင်ပိုင် ဆွတ်ယူနိုင်သော သာသနာ့အာဇာနည် အမျိုးသမီးထူးဟု ဆိုထိုက်လှပေသည်။

## သဘာဝဖီဆန် ပြောင်းပြန်ကျင့်တတ်

ဆရာကြီး ဒေါ်ဟေမာရီသည် ၁၃၃၂-ခုနှစ်တွင် ဖွားဘုရား ဒေါ်မာလာရီ ထောင်စိုက်ခဲ့သော ချောင်ဆရာတာဝန် သာသနာ့တံခွန်ကြီးကို ပခုံးပြောင်းယူကာ ဦးထိပ်ပန်ဆင်၍ ချောင်အကျိုး သာသနာ့အကျိုးတို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ပါသည်။ ဆရာကြီး ဒေါ်ဟေမာရီသည် အမျိုးသမီးသဘာဝနှင့်မတူ တမူထူးခြားသူ ဖြစ်လေသည်။ အမျိုးသမီး အများစု၌ စကားအပြောများပြီး အလုပ်နည်းတတ်သည်က များလေသည်။ ဒုတိယချောင်ဆရာ ဒေါ်ဟေမာရီက အလုပ်များများလုပ်၍ စကားနည်းနည်းပြောတတ်သူ၊ စကားကို တိုတိုပြောတတ်သူ ဖြစ်လေသည်။

## သာသနာ့မယ်တော် အခေါ်ခံထိုက်

ရဟန်းခံ သိက္ခာထပ် ပြုလုပ်လှူဒါန်းသူမှန်သမျှသည် ရဟန်းမယ်တော် အခေါ်ခံထိုက်သည်မှာ ထုံးစံဖြစ်ပေသည်။ သာသနာတော်၏အကျိုးကို ဆောင်ရွက်နိုင်သော ရဟန်းတို့အား ရဟန်းခံ သိက္ခာထပ်သူတို့သာ သာသနာ့မယ်တော်ဟုခေါ်လျှင် ပိုမိုသင့်လျော်မည် ဖြစ်ပေသည်။ ဒုတိယချောင်ဆရာကြီး ဒေါ်ဟေမာရီသည် ဆရာကြီး ဒေါ်ဉာဏာစာရီနှင့် တွဲဖက်၍ သိက္ခာထပ် ကုသိုလ်ထူးကို ပြုလုပ်ထောက်ပံ့ လှူဒါန်းခဲ့ကြရာတွင် သာသနာ့တာဝန်များကို စွမ်းဆောင်တော်မူနိုင်ကြသော ဟံသာဂီရိဆရာတော်၊ ဝေဖယန္တာဆရာတော်၊ ရတနာ့ဗိမာန် ဦးကြွန်ယနှင့် ဝေဖယန္တာ ဦးပညာဝုဓတို့အား သိက္ခာထပ်ပြုလုပ်ကြသဖြင့် သာသနာ့မယ်တော်ကြီးဟု ခေါ်ထိုက်လှပေသည်။



ဟံသာဂီရိဆရာတော်
မိုးကုတ်ဦးပုညတို့ကို ရဟန်းခံစဉ်က

## တန်ဖိုးရှိစွာ ဘဝကုန်ဆုံးစေသူ

ဒုတိယချောင်ဆရာကြီး ဒေါ်ဟေမာရီသည် မူလချောင်တည်ဆရာကြီး ဒေါ်မာလာရီ စတင်လွှင့်ထူပေးလိုက်သော သမိဒ္ဓေါဒယဟူသော သာသနာ့အောင်လံကြီးကို ကိုယ်အား ဉာဏ်အား ရှိသမျှ အစွမ်းကုန်ကြိုးစားကာ လွှင့်ထူနိုင်၍ မိမိအတွက်လည်း ပွားများသင့်သည့် ကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်နိုင်သဖြင့် တစ်ဘဝအတွက် အထူးတာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သူ ဖြစ်လေသည်။ ယင်းသို့ဆောင်ရွက်တော်မူရင်း ၁၃၆၁-ခုနှစ်၊ ဝါဆိုလပြည့် ကျော် (၃) ရက်၊ သောကြာနေ့၊ သက်တော် (၉၇) နှစ်၌ သမိဒ္ဓေါဒယချောင်အရပ်မှာပင် တစ်ဘဝလုပ်ငန်းများ ရပ်နားတော်မူသွားပါသတည်း။

သမိဒ္ဓါဒယျောင် ၊ တတိယျောင်ဆရာကြီး

# ဒေါ်ဉာဏာစာရီ ၏

# ဘဝသမိုင်းအကျဉ်း

မူလျောင်တည် ဖွားဖွားကြီး ဒေါ်မာလာရီ စတင်တည်ထောင်ခဲ့သော သမိဒ္ဓါဒယ ဟူသော သာသနာ့အောင်လံကြီးကို မယိုင်လဲရလေအောင် တတိယျောင်ဆရာအဖြစ်ဖြင့် ဦးဆောင်ပေးခဲ့သော ဆရာကြီး ဒေါ်ဉာဏာစာရီ၏ ဘဝသမိုင်းအကျဉ်းမှာ ဤသို့ဖြစ်ပေသည်။

## မိဘ, ဇာတိ ဤသို့ရှိ

စစ်ကိုင်းတောင်ရိုး သမိဒ္ဓါဒယျောင်ကြီး အတွက် တတိယခေါင်းဆောင် ဖြစ်လာမည့် အမျိုးသမီး ငယ် သာသနာ့အာဇာနည်သည် ဧရာဝတီတိုင်း ဒေးဒရဲ မြို့နယ်၊ ကျုံကနိုင်ရွာဇာတိ ဖြစ်ပေသည်။ တတိယ ျောင်ဆရာလောင်းလျာ၏ ခမည်းတော် မယ်တော် တို့မှာ လယ်ပိုင်ရှင် ဦးထွန်းလှိုင်+ဒေါ်ကျော့မေတို့ ဖြစ်ကြလေသည်။ တတိယျောင်ဆရာလောင်းလျာကို ၁၂၆၃-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၆) ရက်၊ အင်္ဂါနေ့ တွင် ဖွားမြင်ခဲ့လေသည်။ ငယ်နာမည်မှာ မသိန်းမြင့် ဖြစ်လေသည်။ မွေးပေါက်ဖော် ရှစ်ယောက်အထဲမှ ဒုတိယမြောက်သမီးရတနာ ဖြစ်ပါသည်။



ဖွားဉာဏပုံ

## စာပေတတ်တာ သညာသား

မသိန်းမြင့်သည် သဒ္ဓါအားကောင်း ပညာအားကောင်းသူဖြစ်၍ သညာအားနည်းသည့် သဘောရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် ရတနာသုံးပါးနှင့် ကံ ကံ၏အကျိုးတရားတို့ကို

ယုံကြည်သည့်အားနှင့် ဝတ်ကြောင်ဘဝ၏ ငြီးငွေ့စရာ စက်ဆုပ်ဖွယ်ရာတို့ အသိဉာဏ်၌ ထင်လာကာ မိမိဆံပင်ကို ကိုယ်တိုင်ပယ်၍ ဘုရားသမီးတော်နွယ်ဝင် သီလရှင်ဘဝကို ဇွတ်အတင်းဝင်ခဲ့သူဖြစ်သောကြောင့်ဖြစ်သည်။ စာပေအဆင့်အားဖြင့် အလွန်အားနည်းသည့်အတွက် သညာအားနည်းသည်ဟု သုံးသပ်မိခြင်း ဖြစ်ပေသည်။

## ဆရာနှစ်ပါး ထူးခြားနာမည်

မသိန်းမြင့်သည် (၁၅) နှစ်အရွယ်တွင် သီလရှင်ဝတ်ခဲ့၏။ တွံတေးမြို့မှ ဆရာကြီး ဒေါ်မာလာရီကို ဥပဇ္ဈာယ်ပြု၍ သီလရှင်ဝတ်ခဲ့ခြင်းဖြစ်၏။ ဘွဲ့အမည်မှာ မဉာဏစာရီဟု မှည့်ခေါ်လေသည်။ မဉာဏစာရီသည် ဆရာကြီး ဒေါ်မာလာရီ (တွံတေး) ထံမှ အခြေခံစာပေများ သင်ယူကာ (၁၆) နှစ်အရွယ်တွင် ပထမငယ်တန်းကို အောင်မြင်ခဲ့လေသည်။ မဉာဏစာရီသည် (၁၈) နှစ်အရွယ်တွင် စစ်ကိုင်းတောင်ရိုးသမိဒ္ဓါဒယရောင်၌ ပြောင်းရွှေ့ကာ ဖွားဘုရားကြီး ဒေါ်မာလာရီထံတွင် ပညာသင်ယူခဲ့ရာ ပထမလတ်တန်းအထိ အောင်မြင်ခဲ့လေသည်။ ဆရာနှစ်ပါး၏ ဘွဲ့အမည်များ ထူးထူးခြားခြား လာတူခြင်းကလည်း ပါရမီအကျိုးပေးဆန်းနေသည်ဟု ထင်မိပါသည်။ သီလရှင်သမိုင်း၌ ဆရာနှစ်ပါး၏ ဘွဲ့အမည်တူသော ပုဂ္ဂိုလ်မှာ လက်ချိုးရေတွက်လျှင် ရနိုင်အောင် ရှားပါးလှပေသည်။



ဝေဖယန္တာဆရာတော် သီကျွာထပ်စဉ်က

## သညာအားနှင့် ပညာအား

မြေပိုင်ရှင် လယ်ပိုင်ရှင်များ ဖြစ်ကြသော မိဘများသည် သမီးလေး သီလရှင်ဝတ်သွားသည်ကို မကြည်ဖြူကြသည့်အတွက် ရွှေငွေကျောက်သံပတ္တမြားတို့ကိုပြကာ လူ့ဘဝတွင် မတောင့်မတမကြောင့်မကြနှင့် ပျော်သလို စိတ်တိုင်းကျထားပါမည်ဟုပြောကြလေသည်။ မဉာဏစာရီကား ဉာဏ်



ဟံသာဂီရိဆရာတော် သီကျွာထပ်စဉ်

မပါသော ကြောက်ခြင်းကြောင့် သီလရှင်ဝတ်ခဲ့ခြင်းမဟုတ်၊ ဉာဏ်ပါသော သံဝေဂ ကြောက်စိတ်နှင့် သီလရှင်ဝတ်ခဲ့သူဖြစ်သောကြောင့် ပစ္စည်းကပေးသော ချမ်းသာကို မမက်၊ တရားကပေးမည့် ချမ်းသာကိုသာ မက်မောသူဖြစ်လေသည့်အတွက် မိဘများကို သဘောပေါက်စေရန် ရှင်းပြကာ လူ့ဘဝကို ငြင်းဆန်လိုက်သဖြင့် မိဘများ လက်လျှော့၍ ပြန်သွားကြရလေတော့သည်။

## သားသမီးဝတ် မချွတ်စေရ

သူတော်ကောင်းမှန်လျှင် မိဘ၏ ကျေးဇူးဝတ္တရားကို ကျေမြိုဖြစ်ကြသည်မှာ ဓမ္မတာဖြစ်ပေသည်။ အလောင်းတော်ကြီးများဆိုလျှင် တိရစ္ဆာန်ဘဝမှစ၍ ဘုရားဖြစ်သည့် ဘဝတိုင်အောင် မိဘများ၏ ကျေးဇူးဝတ္တရားကို ကျေပွန်ခဲ့လေသည်။ မဉာဏစာရီသည်လည်း သူတော်ကောင်းဓာတ်ခံအခြေခံ၍ သဒ္ဓါတရားအားဖြင့် သာသနာ့နွယ်ဝင်အဖြစ် ခံယူလာသူ ဖြစ်သောကြောင့် သားသမီးများကျင့်ကြံလိုက်နာရမည့် ဝတ္တရားများကို မလစ်ဟင်းခဲ့ပေ။ မိခင်ကြီး ကျန်းမာရေးမကောင်းသောအချိန်၌ သမီးဝတ္တရား ကျေပွန်စွာဖြင့် တစ်နှစ်ခန့် ပြုစုစောင့်ရှောက်ကာ ကျေးဇူးဆပ်ခဲ့လေသည်။ လူတို့နှင့် ရောယှက်စွာ စောင့်စည်းရသည့်အတွက် အစားအစာ စသည်တို့ကြောင့် စွန်းငြိနိုင်သော မိမိ၏ သီလကိုလည်း လုံခြုံစွာ စောင့်စည်းနေထိုင်ခဲ့လေသည်။



ဦးပညာဝုဓ သိက္ခာထပ်ပြီး သိမ်ဆင်းလာစဉ်



ရတနာ့ဗိမာန်ဆွမ်းလောင်းဖို့
ချက်ပြုတ်ကြစဉ်

## စာပေပါရမီအား နည်းပါးသော်လည်း

သညာအားမကောင်း၍ စာပေဘက် တွင် မထူးချွန်ခဲ့သော်လည်း သဒ္ဓါအား ပညာအားကောင်းသူဖြစ်သဖြင့် သံသရာလမ်းကြောင်း ကောင်းစေမည့် ချောင်၏ ဝေယျာဝစ္စများကို ကြိုးကြိုး

စားစား ဆောင်ရွက်ပေးခဲ့လေ၏။ ချောင်ဆရာဖွားဖွားကြီး ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာ မဟာစည်ရိပ်သာ၌ တရားအားထုတ်သွားလျှင်လည်း မဉာဏစာရီသည် ဆရာသမား၏ ဝေယျာဝစ္စတို့ကို မလစ်ဟင်းရအောင် ဆောင်ရွက်ပေး၏။ မိမိအတွက်လည်း တရားအားထုတ်၏။ ကမ္မဋ္ဌာနာစရိယများ အားရကျေနပ်သော ဉာဏ်စဉ်မျိုးကို ရရှိအောင် အားထုတ်နိုင်ခဲ့လေသည်။ မကြာမကြာ အလျဉ်းသင့်တိုင်းလည်း တရားအားထုတ်သည့်အလုပ်ကို အဓိက တာဝန်ထား၍ ကြိုးစားလေ၏။

## သင်၍မရ သိမှရသည်

စည်းစိမ်ဥစ္စာ, ဂုဏ်ပကာသနဖြင့် ပရိသတ်များကို တည်ငြိမ်အောင် မထိန်းနိုင်၊ စည်းရုံးရေး ပညာသည်သာ ပရိသတ်များ တည်ငြိမ်အောင် ထိန်းနိုင်သည်ဟု ပညာရှိတို့ ဆိုရိုးပြုကြ၏။ ထိုစည်းရုံးရေးအတတ်သည်လည်း သင်၍တတ်သော အတတ်မျိုးမဟုတ်၊ စိတ်ကောင်း အရင်းထား၍ ခန္တီအား၊ မြော်မြင်တတ်သော ပညာအား၊ သူတစ်ပါးကောင်းကျိုးကို လိုလားတတ်၊ ကိုယ်ချင်းစာတတ်သော မေတ္တာ, ကရုဏာအား စသည်တို့ရှိမှ ဖြစ်နိုင်ပေသည်။ ဆရာကြီး ဒေါ်ဉာဏစာရီသည် စည်းရုံးရေးဘက်၌ သူမတူအောင် စွမ်းဆောင်နိုင်သူတစ်ဦး ဖြစ်လေသည်။ ချောင်အတွင်းမှ သာသနာ့အာဏာနည် သီလရှင်ဆရာကြီးများ ယနေ့အချိန်အထိ အလုပ်လုပ်နိုင်သည့်အဆင့်သို့ရောက်အောင် တည်ငြိမ်စွာ လုပ်ဆောင်နေနိုင်ကြသည်မှာလည်း ဆရာကြီး ဒေါ်ဉာဏစာရီ၏ စည်းရုံးရေးစွမ်းရည် ကျေးဇူးကြောင့်ပင် ဖြစ်ပေသည်။

## စိတ်ကောင်းရှိဖို့က ပထမ

ဆရာကြီး ဒေါ်ဉာဏစာရီသည် သာသနာ့ဘောင်၌ မပျော်သူတို့ကို ပျော်လာအောင်၊ စာမကျက်ချင်သူတို့ကို စာကျက်ချင်လာအောင်၊ စိတ်ဓာတ်ကျနေသူတို့ကို စိတ်ဓာတ်တက်ကြွလာအောင်၊ အားငယ်သူတို့ကို အားတက်လာအောင် နည်းအမျိုးမျိုးဖြင့် စည်းရုံးနိုင်သူ ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ဆရာကြီး ဒေါ်ဉာဏစာရီသည်



ဖွားဉာဏ်ဆွေမျိုးတစ်သိုက်နှင့်အတူ

စာပေဂုဏ်မရှိသော်လည်း စိတ်ကောင်းရှိ၍ ကြိုးစားကြလျှင် သာသနာတော်၌ ကျေးဇူးများသည်ကို လက်တွေ့လုပ်ဆောင်ပြခဲ့လေသည်။ နောင်လာမည့် မျိုးဆက်သစ် အမျိုးသမီး သာသနာ့အာဇာနည်တို့အတွက် အထူးအတုယူဖွယ်ကောင်းလှပေသည်။

## အပြောမဟုတ် အလုပ်ဖြင့် သက်သေထူပြ

ဆရာကြီး ဒေါ်ဉာဏစာရီသည် အကျင့် သီလ အနေအထိုင်အားထုတ်မှုအပိုင်းတို့၌ ဖွားဘုရားကြီး၏ ခြေရာကို နင်းနိုင်သူ ဖြစ်သည့်အတွက် အရိယာစာရင်းဝင်ဟု အချို့က ယူဆကြရလေသည်။ ယုံကြည်ထိုက်သော အကြောင်းကလည်း ရှိနေပေသည်။ ၎င်းကား အခြားမဟုတ်၊ တစ်ဘဝငြိမ်းကာနီးအထိ သတိကောင်းခြင်း၊ ရုပ်နာမ်ချုပ်ပြီး နောက်၌လည်း ဥတုဇရုပ်ကလာပ်မှာ သုသာန်ရောက်သည်အထိ ပျော့ပျောင်းညင်သာနေခြင်းတို့ကြောင့် ဖြစ်ပေသည်။ စာပေဂုဏ်ရှိမှ အလုပ်အောင်မြင်သည်၊ စာပေဂုဏ်မရှိလျှင် အသုံးမကျဟု အများ၏ ယူဆချက်ကို ဆရာကြီးဒေါ်ဉာဏစာရီက ပြောင်းပြန်လိုက်သကဲ့သို့ ဖြစ်ပေသည်။

စိတ်ကောင်းမရှိသူ၏ ဂုဏ်များသည် အပါယ်ရိက္ခာဖြစ်၍ ရေရှည်မအောင်မြင်နိုင်၊

ဂုဏ်မရှိသော်လည်း စိတ်ကောင်းရှိလျှင် မိမိနှင့် သူတစ်ပါးတို့အား အန္တရာယ်မရှိနိုင်သည့် အပြင် လုံ့လရှိက အများအကျိုးကို ကောင်းစွာဆောင်ရွက်နိုင်၍ ရေရှည်အောင်မြင်နိုင်ကြောင်းကို လက်တွေ့ပြသသွားသော ဆရာကြီး ဒေါ်ဉာဏစာရီသည် တတိယချောင်ဆရာအဖြစ်ဖြင့် မိမိစွမ်းဂုဏ်မှ သမိဒ္ဓါဒယ သာသနာ့အောင်လံတော်ကြီးကို တာဝန်ကျစွာ ထမ်းဆောင်ရင်း ၁၃၆၄-ခုနှစ်၊ ပြာသိုလဆန်း (၂) ရက်၊ စနေနေ့၊ ညနေ (၆း၀၀) နာရီအချိန်၌ သက်တော် (၁၀၀) နှစ်ပြည့်ရန် (၆) လ အလိုတွင် တစ်ဘဝတာအတွက် သာသနာ့တာဝန်များကို ရပ်နားတော်မူသွားပါသတည်း။



ဒေါ်ကုလပတိ

# စတုတ္ထမြောက်ချောင်ဆရာကြီး
# ဒေါ်ကုလပတိ ၏
# ဘဝသမိုင်းအကျဉ်း

၁၂၇၃-ခုနှစ်တွင် မူလချောင်တည်ဆရာကြီး ဒေါ်မာလာရီက စတင်တည်ထောင်ခဲ့သော အမျိုးသမီး သာသနာ့အာဇာနည် တို့၏ စုဝေးရာ သမိဒ္ဓေါဒယဟူသော သီလရှင်တိုက်ကြီးကို ချောင်ဆရာ အဆက်ဆက်တို့ လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသည်မှာ ယနေ့ ၁၃၇၃-ခုနှစ်အထိပင် ရောက်ရှိလာခဲ့ပြီ ဖြစ်ပေသည်။ သမိဒ္ဓေါဒယချောင်တည်းဟူသော သာသနာ့အောင်လံကြီးကား ဆက်လက်၍ လွှင့်ထူနေဆဲဖြစ်၏။ ယင်းကဲ့သို့ နှစ်တစ်ရာတိုင်တိုင် ဝင့်ဝင့်ကြွားကြွား မားမားစွင့်စွင့် အောင်လံလွှင့်ထူပေးနိုင်ခဲ့ကြသည့် အမျိုးသမီး သာသနာ့အာဇာနည်တို့အနက် ယခုလက်ရှိ စတုတ္ထမြောက် ချောင်ဆရာကြီးဖြစ်သော သက်တော် (၉၀) နှစ်ရှိ "ဖွားကုလပတိ" ၏ ဘဝသမိုင်းအကျဉ်းမှာ ဤသို့ဖြစ်ပေသည်။

**မိခင် ဖခင် ကျေးဇူးရှင်**

ယနေ့ "ဖွားကုလပတိ" ဖြစ်လာမည့် သာသနာ့အာဇာနည် အမျိုးသမီးလောင်းလျာကို ၁၂၈၂-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၃) ရက်၊ တနလ်ာနေ့၊ ညနေ (၆) နာရီအချိန်တွင် ပေါက်မြို့ရွာ၌ ခမည်းတော် ဦးအေး၊ မယ်တော် ဒေါ်ရွှေနိုင်တို့မှ ဖွားမြင်ခဲ့ပါသည်။ (၁) မမြခင်၊ (၂) မမြကြည်၊ (၃) မတင်ရီ၊ (၄) မမြသန်း၊ (၅) မခင်မကြီး၊ (၆) ကိုလှအောင်၊ (၇) မခင်လှလှဟူ၍ မွေးချင်း ခုနစ်ယောက်ရှိသည့်အနက် ဖွားကုလပတိ ဖြစ်လာမည့် သာသနာ့အာဇာနည် အမျိုးသမီးလောင်းလျာသည် တတိယမြောက် သမီးရတနာ ဖြစ်ပါ



၁၅ နှစ်အရွယ် အမှတ်တရ



# ဒေါ်ကုလပတီ

သမိဒ္ဓါဒယာချောင် စတုဏ္ဍမြောက် ချောင်ဆရာကြီး

စစ်ကိုင်းတောင်ရိုး

သည်။ မတင်ရီ၏ဖခင် ဦးအေးမှာ သစ်ကုန်သည်ဖြစ်ပြီး "ယုံကြည်စိတ်ချရသည်၊ ကတိသစ္စာတည်သည်" ဟု လူအများ၏ ယုံကြည်ချစ်ခင် လေးစားခြင်းကိုခံရသူတစ်ဦး ဖြစ်လေသည်။ မိခင် ဒေါ်ရွှေနိုင်သည် ဘာသာရေးကို အလွန်လေးစားလိုက်နာသော အမျိုးကောင်းသမီး ဖြစ်ပေ၏။

## ထူးခြားလျက်ပေ ဇာတိမြေ

စတုတ္ထမြောက် ချောင်ဆရာလျောင်းလျာလေး မွေးဖွားကြီးပြင်းရာ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော ပေါက်မြိုင်ရွာကြီးသည် မြန်မာပြည်အထက်ပိုင်း မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းနဖူးပေါ်တွင် တည်ရှိလေသည်။ ၎င်းနယ်မှ မြေများတွင်ပေါက်သော မန်ကျည်းပင်တို့၏ မန်ကျည်းသီးကလေးများသည် ထူးထူးခြားခြား အဆစ်တစ်ဆစ်သာ ပါဝင်လေ၏။ ရှေးအခါက ထိုနယ်ရှိ ရွာတို့သည် ဆိုခဲ့သော မန်ကျည်းသီးနှင့် ငါးခုံးမကိုရောရှိ အချဉ်ချက်ကာ ဘုရင့်စားတော်ပွဲသို့ ဆက်သပေးပို့ရသော စားဖိုကဲရွာကြီးများ ဖြစ်ခဲ့လေသည်။



ဒေါ်ကု နုပျိုတဲ့ ၁၈ နှစ် အရွယ်
ညီမသန်းသန်းနှင့်အတူ
(ထိုင်နေသည့်ပုံ)

## နိမိတ်စကား စိတ်အားဖြစ်သည်

ပေါက်မြိုင်ရွာသူ မတင်ရီသည် နားရွက်ကားကား အသားဖြူဖြူ အရပ်အမောင်းကောင်းကောင်းနှင့် ရုပ်ရည်ရူပကာတင့်တယ်သူဖြစ်သည်။ ဉာဏ်ပညာထက်မြက်ကာ ရဲရင့်ဖျတ်လတ်၏။ အသက် (၅) နှစ်အရွယ်တွင် စတင်ပညာသင်ကြားခဲ့ပြီး လေးတန်းအောင်သည်အထိ ကျောင်းဆရာကြီး ဦးမြနှင့် ဦးစံထွန်းတို့ထံတွင် ကျောင်းနေခဲ့သည်။ မတင်ရီ ကျောင်းထွက်ကာစ (၁၀) နှစ်၊ (၁၁) နှစ် အရွယ် ကစား ကောင်း၊ အရပ်တကာလည်ကောင်းသည့်အချိန်တွင် မတင်ရီတို့ရွာသို့ အခြားရွာမှ ဗေဒင်ဆရာတစ်ယောက် အလည်ရောက်လာခဲ့လေသည်။ မတင်ရီလည်း အဖော်များနှင့်အတူ ဗေဒင်မေးကြည့်ကြလေ၏။ ထိုအခါ ဗေဒင်ဆရာကြီးသည် အခြားသူများကို လောကီရေးရာနယ်ပယ်များသာ ဟော



ဘုရားအား ကိုယ်တော်တိုင်
ပန်းကပ်၊ ရေချမ်းကပ် လှူနေစဉ်



ဖွားကုလပတိ
ဘုရားခန်းကို ကြည်ညိုနေစဉ်

သော်လည်း မတင်ရီကိုမူကား "ဒီသူငယ်မလေးဟာ ထူးခြားသည်၊ လောကီနယ်မှာမနေ၊ လူဝတ်ကြောင်ကိုစွန့်ကာ သူတော်ကောင်းတရားမြတ်၍ သာသနာပြုမည့်သူလေးဖြစ်မည်" ဟူ၍ ဟောလေသည်။ မတင်ရီတို့ ရွာထဲမှ ဦးကြီးပုဆိုသူကလည်း "ဒီကောင်မလေးက ခေါင်းတုံးလေးနဲ့ နားရွက်ကားကားလေးနဲ့ သီလရှင်ဖြစ်မည့်ရုပ်လေး၊ တနလ်ာသမီးဆိုတော့ မကဝိန်စာရီ၊ မကဝိန်စာရီ" ဟူ၍ နောက်ပြောင်တတ်လေ၏။ ထို စကားတို့သည် မတင်ရီ၏နှလုံးသားဝယ် ပီတိကြွယ်ကာ သက်တော် (၉၀) ကျော်သည့်တိုင်အောင် မေ့မရနိုင်သော နိမိတ်စကားများ ဖြစ်ကြလေသည်။

## လောဘဒဏ်ခံလိုက်ရ

မတင်ရီအသက် (၁၃) နှစ်အရွယ်တွင် ကျေးရွာ၏ ရိုးရာအလုပ်အကိုင်ဖြစ်သော ဖျာရက်ခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်ရလေတော့သည်။ စိတ်ဓာတ်ထက်မြက်သူပီပီ လူကြီးများနှင့်အပြိုင် ဖျာရက်ရာ လူကြီးများပင် အံ့သြယူရလောက်အောင် လျင်မြန်သွက်လက်စွာ ရက်လုပ်နိုင်လေ၏။ ညနေ (၃) နာရီ၊ မြင်းခြံသင်္ဘောဆိုက်ပြီဆိုလျှင် မတင်ရီသည် တစ်နေ့တာအတွက် ဖျာသုံးချပ်ကို ရက်လုပ်ပြီးစီးပြီး ဖြစ်လေသည်။ ထိုစဉ်က ဖျာတစ်ချပ်၏ တန်ဖိုးမှာကား ငွေတစ်မတ်ဖြစ်လေ၏။ မတင်ရီအတွက် ငွေတစ်မတ်နှင့်အတူ မျက်စိရောဂါဝေဒနာသည်လည်း စွဲကပ်လာခဲ့လေသည်။

## လောဘဇော အတောမသတ်နိုင်သေး

မတင်ရီ (၁၅) နှစ်အရွယ်သို့ ရောက်ရှိလာသောအခါ ဤဖျာရက်သည့် အလုပ်တစ်မျိုးတည်းဖြင့် စီးပွားမတက်နိုင်သည်ကို သဘောပေါက်သွားလေသည်။ သို့ဖြင့် မိဘနှစ်ပါးကို ပြောပြပြီး မိမိတစ်ဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် ညီမ ဖြစ်သူ မခင်မကြီး၏အမည်ကိုသုံးကာ

"ဘီသုံးလုံး ခင်မကြီး (ပေါက်မြိုင်)" ဟူသော တံဆိပ်ဖြင့် ဆေးလိပ်ခုံထောင်လိုက်လေသည်။ ဆေးလိပ်ခုံကို ကိုယ်တိုင်ပင်လျှင် ဦးစီးလုပ်ကိုင်ပြီး အလုပ်ကိုလည်း ည (၁၁) နာရီရောက်သည် အထိပင် ကြိုးစားလေ၏။

## ပါရမီရင့်ရန် သည်းခံနေရ

ထိုသို့ မတင်ရီတစ်ယောက် စီးပွားရေးနယ်အတွင်း ရုန်းကန်နေရသော်လည်း ငယ်စဉ်အခါ (၁၁) နှစ်သမီးအရွယ်က ဗေဒင်ဆရာကြီးနှင့် ဦးကြီးပုတို့ နိမိတ်ဖတ်ခဲ့သည့် ပါရမီစကားသံ တို့ကား နားထဲတွင် ပဲ့တင်ထပ်နေသဖြင့် သီလရှင်ဘဝ စိတ်ကူးယဉ်ကာ ဖျာရက်ရင်း ပရိတ်ကြီး ကျက်သည်။ ဆေးလိပ်လိပ်ရင်း သတိပဋ္ဌာန်၊ ဓမ္မစကြာတို့ကို ကျက်မှတ်နေခဲ့လေသည်။ ပေါက်မြိုင်ရွာ၏ ဝတ်ရွတ်စဉ်အဖွဲ့မှာလည်း ခေါင်းဆောင်လုပ်ကာ ဓိနတ္ထပကာသနီ၊ ငါးရှဉ်ငါးဆယ် ဇာတ်နိပါတ်တော်တို့ကို အခေါက်ပေါင်းမြောက်မြားစွာ ဖတ်ပြခဲ့လေသည်။ ဖတ်ပြရတာများလွန်းလို့ ဘယ်တော့မှ မေ့မှာမဟုတ်လောက်ဘူးဟုပင် ထင်ခဲ့မိလေ၏။

## ပါရမီအလင်းရောင် ဆောင်၍လာပြီ


မတင်ရီသည် အသက် (၂၀) နှစ်ရောက်သည်အထိ သီလရှင်ဝတ်ရန် စိတ်အကြံရှိရာသော်လည်း အထမမြောက်နိုင်ဘဲ စီးပွားရေးနယ်ပယ်အတွင်းမှာပင် လုံးပန်းနေရလေသည်။ ၁၉၄၅-ခုနှစ်၊ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ပေါက်မြိုင်ရွာသို့ စစ်ဘေးဒဏ်ခိုလှုံရန်အတွက် အနယ်နယ် အရပ်ရပ်မှ ရောက်ရှိလာကြလေ၏။ ၎င်းတို့အထဲတွင် စစ်ကိုင်းတောင်မှ ပထမ အောင်မြေဘုံစံ ဆရာတော် ဦးဉာဏဇုတ္တရ၊ စည်ရှင်ဆရာတော် ဦးကောသလ္လ၊ သမိဒ္ဓေါဒယချောင်ဆရာကြီး ဒေါ်မာလာရီတို့လည်း ပါလာကြလေသည်။ ဤသည်မှာပင် မတင်ရီ သီလရှင်ဝတ်ဖြစ်ရန် အကြောင်းဖန်လာသကဲ့သို့ပင် ဖြစ်လေသည်။ မတင်ရီသည် ဆိုခဲ့သောပုဂ္ဂိုလ်များနှင့် အရင်းနှီးဆုံးသူများ ဖြစ်လာကြလေသည်။



ဒေါ်ဆရာ ဖွားကုလပတီနှင့်
တပည့် ဇေယျာသန္တာမိုးတို့ အမှတ်တရ

ထို့ကြောင့် မူလ ချောင်ဆရာ ဖွားဖွားကြီး ဒေါ်မာလာရီက "မကုလပတိ (မတင်ရီ) သီလရှင် ဖြစ်လာဖို့အတွက် တို့က သူတို့ရွာ သွားပေးရတာပါအေ" ဟု အမိန့်ရှိခဲ့ဖူးလေသည်။

## ပါရမီဓာတ်အား အလွန်ကြီးမားသည်



နေ့စဉ် သံဃာ့ဒါန ဆွမ်းလောင်းနေစဉ်

စစ်ကြီးပြီးသွားပြီးနောက် သမိဒ္ဓါဒယချောင်ဆရာကြီး ဒေါ်မာလာရီတို့အဖွဲ့လည်း စစ်ကိုင်းတောင်သို့ ပြန်ကြွသွားကြလေ၏။ မတင်ရီသည်လည်း စစ်ကိုင်းတောင်သို့ မကြာခဏဆိုသလို ဥပသ်စောင့်ရင်း ရောက်ဖြစ်လေရာ သဒ္ဓါဓာတ်ခံထက်သန်သူတို့အား စစ်ကိုင်းတောင်မှ ရှူရှိုက်လိုက်ရသော သူတော်ကောင်းတို့၏ အငွေ့အသက်၊ အေးချမ်းသော တောရိပ်တောင်ရိပ်၏ အဆွဲဓာတ်တို့ကြောင့် မူလဓာတ်ခံ ပါရမီရင့်သန်ခြင်း၊ သီလရှင်များနှင့် ရင်းနှီးခွင့်ရခဲ့စဉ်က အေးချမ်းသည့် အရသာကို ခံစားရခြင်း စသည့် အကြောင်းများ ပေါင်းဆုံကာ မည်သူဖျက်ဖျက် မပျက်တော့ဟု အဓိဋ္ဌာန်ချကာ ဆွေမျိုးစီးပွားအားလုံးကို စွန့်လွှတ်၍ သီလရှင်ဝတ်ရန် ဆုံးဖြတ်လိုက်တော့သည်။ ထိုအခါ၌ကား မတင်ရီသည် အသက် (၂၆) နှစ် ရှိခဲ့လေပြီ။

## ပေါက်မြိုင် လောကဓာတ် မောင်းခတ်လိုက်ပြီ

သာသနာ့နွယ်ဝင် သီလရှင်ဝတ်တော့မည့်အကြောင်းကို မိဘနှစ်ပါးနှင့် အသိုင်းအဝိုင်းကို အသိပေးလိုက်သောအခါ အားလုံးအံ့သြသွားကြလေသည်။ ဤမျှ ရုပ်ချောသူ၊ အလုပ်ကြိုးစားသူ၊ စီးပွားရေးလာဘ်မြင်သူတစ်ယောက်က လူ့ဘောင်ကို အပြီးပိုင်စွန့်ခွာလျက် တရားအားထုတ်ကာ လောကုတ္တရာအလုပ်ကိုသာ ဧကန်ချလုပ်တော့မည်ကို မယုံနိုင်အောင် ဖြစ်ကြရလေ၏။ သို့သော်လည်း မတင်ရီ၏ ပြောသည့်အတိုင်း ဖြစ်အောင်လုပ်တတ်သော သဘာဝကို သိကြသည့်အတွက် မည်သူကမျှ မတားကြပေ။ တား၍လည်း ရမည်မဟုတ်မှန်း ကောင်းကောင်းသဘောပေါက်ကြလေ၏။

## အဝတ်လည်းပြောင်း စိတ်လည်းပြောင်း

ထိုသို့ဖြင့် ၁၃၁၉-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်၊ တနင်္ဂနွေနေ့တွင် ဝိဇ္ဇောဒယ ဆရာတော်ကြီးမှ သြဝါဒချီးမြှင့်လျက် ချောင်ဆရာကြီး ဒေါ်မာလာရီက ဥပဇ္ဈာယ်ပေးကာ မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟဖြင့် မတင်ရီသည် "မကုလပတိ" ဟူသော ဘွဲ့အမည်ကို ခံယူ၍ ဝတ်ကြောင်ကိုစွန့်ကာ မြင့်မြတ်သော ဘုရားသမီးတော်နွယ်အဝင် သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့လေသည်။ မတင်ရီဘဝက အလှမာန်စီးပွားမာန်များ အတန်အသင့်ရှိခဲ့သော်လည်း ဘုရားသမီးတော်နွယ်ဝင် သီလရှင်ဖြစ်ပြီးသည်မှစ၍ သာသနာတော်ကြီးတွင် ပရိယတ္တိနှင့် ပဋိပတ္တိဟူ၍ ပဓာနတာဝန်နှစ်ရပ်ရှိသည့် အနက် ပရိယတ္တိအလုပ်ကိုသာ ဇောက်ချကြိုးစားလေတော့သည်။ သာမာန်လူတို့တွင် အသက်အရွယ်ကြီးရင့်ကာမှ သာသနာ့ဘောင်သို့ ဝင်ကြလျှင် ပဋိပတ္တိအလုပ်ကိုသာ အားသန်တတ်ကြပေရာ မကုလပတိ၏ စိတ်ဓာတ်မှာကား အလွန်အံ့သြဖွယ်ရာ၊ ကြည်ညိုဖွယ်ရာ၊ အတုယူဖွယ်ရာပင် ဖြစ်လေတော့သည်။ သီလရှင်ဝတ်သည့် အချိန်မှစ၍ သီလရှင်တို့၏အလုပ်ကိုသာ ကြိုးစားအားထုတ်သဖြင့်လည်း ဗျူပွတ်နှင့် လုပ်ရပ်ကိုက်ညီသောသူဟူ၍ ဆိုရပေမည်။



အလှူရေစက် လက်နှင့်မကွာ

## ဆရာကောင်းတပည့် ပန်းကောင်းပန်

မကုလပတိသည် စီးပွားရှာစဉ်က ရရှိခဲ့သော မျက်စိရောဂါ ဝေဒနာကို အမှုမထားဘဲ စစ်ကိုင်းတောင်ရိုး ဇေယျသိန် ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဦးပညိန္ဒာဘိဝံသ၊ ပဋ္ဌာန်းသိပ္ပံဆရာတော် ဦးဣန္ဒက၊ သမိဒ္ဓေါဒယချောင် ဆရာကြီး ဒေါ်မာလာရီ၊ နာယက ဆရာကြီးများ ဖြစ်ကြသော ဒေါ်ဉာဏာစာရီ၊



မွေးနေ့လှူရန်များကြည့်၍ ကြည်နူးနေပုံ

ဒေါ်ဟေမာရီတို့၏ သွန်သင်ဆုံးမမှုအောက်၌ စာပေကျမ်းဂန်များကို သင်ကြားခဲ့လေသည်။ သို့ဖြင့် ၁၃၁၁-ခုနှစ်တွင် ပထမငယ်တန်းကိုလည်းကောင်း၊ ၁၃၁၃-ခုနှစ်တွင် ပထမလတ်တန်းကိုလည်းကောင်း၊ ၁၃၁၄-ခုနှစ်တွင် ပထမကြီးတန်းကိုလည်းကောင်း၊ ၁၃၂၁-ခုနှစ်တွင် စာချတန်းကိုလည်းကောင်း အသီးသီး အောင်ပန်းပန်ဆင် အောင်မြင်ခဲ့လေသည်။

## သာသနာဝယ် ဆရာဟူသည် မိဘမည်၏

မကုလပတိသည် ပညာတော်ရုံသာမက စိတ်သဘောထားလည်း ပြည့်ဝသူဖြစ်ပေသည်။ သူမသည် ၁၃၁၄-ခုနှစ်၊ ပထမကြီးတန်း အောင်မြင်ချိန်ကစ၍ ချောင်ဆရာဖွားဖွားကြီး ဒေါ်မာလာရီ ဘဝနိဂုံးချုပ်သည့်အချိန်အထိ မငြိုမငြင် မိခင်ရင်းပမာ ပြုစုလုပ်ကျွေးခဲ့လေသည်။

ချောင်ဆရာဖွားဖွားကြီးကလည်း သမီးအလိမ္မာအရင်းအချာလေးပမာ ချစ်ခင်အားကိုးရှာသည်။ တစ်ခါတစ်ရံဆိုလျှင် "မကုလရယ် ညည်းက ပြုစုတတ်လိုက်တာ၊ ဧနေတိ သဒိသံ ပါကံ-တူသောအကျိုးပေးဦးမှာပါအေ" ဟုပင် ပြောတတ်ပေသည်။ ထိုအခါမျိုး၌ မကုလပတိက ဝမ်းသာပီတိဖြစ်လျက် "ဖွားဘုရား ဘုန်းကံကောင်းလို့ တပည့်တော်တို့က ပြုစုပေးရတာပါ၊ တပည့်တော်တို့ကလည်း ကံကောင်းလို့ ပြုစုခွင့်ရတာပါဘုရား" ဟု မိမိကိုယ်ကို ရိုကျိုးနှိမ့်ချကာ ပြန်လည်လျှောက်ထားတတ်လေသည်။



တပည့်လေးများကို အားရပါးရ လှူဒါန်းနေစဉ်



တပည့်တွေကျွေးရတာ အလွန်ဝမ်းသာပီတိဖြစ်ဟု ဆို

## သာသနာ့လုပ်ငန်း ဘုန်းဆန်းရှိမှ ပြုနိုင်ကြ

မကုလပတိသည် တစ်ဖက်က ဆရာသမား၏ဝေယျာဝစ္စကို ကျေပွန်စွာ ထမ်းရွက်နေသလို ချောင်သို့ ရောက်ရှိလာသော သာသနာ့အာဏာနည်း သီလရှင်လေးများကို

စာချပေးသည့်တာဝန်ကိုလည်း မလစ်ဟင်းစေရပေ။ စာချသည့်အလုပ်ကိုမူ ချောင်ဆရာဖွားဖွားကြီး အသည်းအသန်နာမကျန်းဖြစ်မှပင် ရပ်နားလေတော့သည်။ ထိုအချိန်၌ မကုလပတိမှာလည်း သက်တော် (၆၀) ကျော်ပြီဖြစ်သော ဒေါကုလပတိ ဖြစ်နေလေပေပြီ။ ဖွားကုလပတိသည် မကုလပတိ၊ ဒေါကုလပတိ၊ ဖွားကုလပတိဟူ၍ ဖြတ်သန်းလာသည့် ဘဝတစ်လျှောက်တွင် မိမိ၏ကိုယ်ကျင့်သီလကို အမြဲစင်ကြယ်နေအောင်ထား၏။ လောကဓံနှင့် ကြုံလာရတိုင်းလည်း ကိုယ်ကျင့်သီလ မည်စ်နွမ်းရလေအောင် "ပြိုင်လာရင် အရှုံးပေး၊ နှလုံးအေးတဲ့ဆေး" ဟူသော သူတော်ကောင်းတို့ထုံးကို နှလုံးမူ၍နေလေ၏။ မာန်မာနကိုလည်း တစ်ရက်ထက်တစ်ရက် ပိုပို၍ လျှော့ချနိုင်အောင် ကြိုးစား၏။ ထို့ပြင် ချောင်သို့ မိဝေး ဖဝေးဖြင့် ရောက်လာကြသော သီလရှင်ကလေးများကိုလည်း ရင်မှမွေးသော ရင်သွေးပမာ မိခင်မေတ္တာပေး၍ စောင့်ရှောက်ပေးတတ်လေသည်။ ဖွားကုလပတိသည် မဟာသရဏာဂုံတော်ကြီး စသော ရွတ်ဖွားနေကျ ဘာဝနာများကိုလည်း နှစ်ပေါင်းသုံးဆယ်ကျော်သည့်တိုင်အောင် မပျက်မကွက် ပွားများလျက်ရှိပေသည်။ မည်သည့်လှူဖွယ်ပစ္စည်းကိုမဆို လှူဒါန်းသည့်အခါတိုင်း၌ "မနှမြောလို့ ပေးလှူရခြင်းသည် ကောင်းလေစွ၊ ကောင်းလေစွ၊ ဝမ်းမြောက်ဝမ်းသာ ပေးလှူရခြင်းသည် ကောင်းလေစွ ကောင်းလေစွ၊ ပေးသူ ယူသူ ပစ္စည်းဟူ မှတ်ယူ နာမ်ရုပ်သာ၊ ဣဒံ မေ ပုညံ နိဗ္ဗာနသဿ ပစ္စယော ဟောတု" ဟူ၍ ရွတ်ဆိုဆုတောင်းလေ့ရှိသည်။ ဤသည်ကို ဖွားကုနှင့် ရင်းနှီးသူတိုင်း ကြိမ်ဖန်များစွာ ကြားဖူးနေကြပေလိမ့်မည်။

## အောင်လံထောင်လှက် ရှေ့ဆောင်နေဆဲ

ယခုအချိန်အခါ၌ သက်တော် (၉၀) ပြည့်လေပြီဖြစ်သော ဖွားကုလပတိသည် ရှေးရှေးဆရာကြီးများ ချမှတ်ခဲ့သည့် စည်းကမ်းများအတိုင်း သမိဒ္ဓေါဒယချောင်ကြီးကို ဦးဆောင်ထိန်းသိမ်းလျက် အချိန်ရတိုင်း တရားနာခြင်း၊ တရားအားထုတ်ခြင်း၊ အလှူအတန်းများပြုလုပ်ခြင်း စသော သံသရာအရေး ရှုမျှော်တွေးကာ နောင်လာနောက်သားတို့ အတုယူအားကျနိုင်စေရန် ကောင်းမှုကုသိုလ်များကို ပြုလုပ်ရင်း ကျန်းမာစွာဖြင့် သမိဒ္ဓေါဒယချောင်၏ သာသနာ့အောင်လံကြီးကို နှစ်ရာပြည့်၊ ရာကျော်တိုင်အောင် ထမ်းဆောင်လျက်ရှိပါသတည်း။

(ဤသမိုင်းကို ဇေယျာသန္တာမိုး ရေးသားထားသော မြတ်ဆရာဘဝပုံရိပ်စာအုပ်နှင့် ဖွားကုလပတိအပါအဝင် အခြားတပည့်တို့ ပြောပြသည်တို့ကို အခြေခံ တင်ပြအပ်ပါသည်)။

■

ချောင်ဆရာအဆက်ဆက် အားကိုးရသည့် သမိဒ္ဓါဒယချောင်ကြီးမှ

# တာဝန်ခံ နာယကဆရာကြီး ဒေါ်စရဝတီ ၏

# ဘဝသမိုင်းအကျဉ်း



သမိုင်းပြောင်သည့် စစ်ကိုင်းတောင်တော်မှ သမိဒ္ဓါဒယ ချောင်ကြီးသည် ဂုဏ်သတင်းများ ထင်ရှားကျော်ကြားသည့်အလျောက် တာဝန်ဝတ္တရားမှာလည်း များပြားလှပေသည်။ ထိုကဲ့သို့ များပြားလှသော တာဝန်ဝတ္တရားများကို ဆရာသမားများနှင့် လက်တွဲ၍ အဓိက တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသော ချောင်ဆရာအဆက်ဆက် အားကိုးရသော တာဝန်ခံနာယကဆရာကြီး ဒေါ်စရဝတီ၏ ဘဝသမိုင်းအကျဉ်းမှာ ဤသို့ဖြစ်ပေသည်။

## ဇာတိချက်ကြွေ မွေးရပ်မြေ

ခေါတောဆိုသော ရွာကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် အလွန်ရှေးကျသော ရွှေဘိုမင်းများလက်ထက်ကတည်းက တည်ရှိသော ရွာတစ်ရွာဖြစ်ပါသည်။ လူနေမှုအဆင့်အတန်းမြင့်၍ "အပျိုချော ခေါတော" ဟု ရှေးလူကြီးများ ပြောစမှတ်တွင်ရလောက်အောင် ရှေးအခါက မိန်းမချောများပေါသော ရွာကြီးတစ်ရွာဖြစ်ပါသည်။ ချောင်ဆရာကြီးများ အဆက်ဆက် အားကိုးရသော တာဝန်ခံ နာယကဆရာကြီးဖြစ်လာမည့် အမျိုးသမီး အာဇာနည်လောင်းလျာကို ထိုခေါတောရွာတွင် မွေးဖွားခဲ့ပါသည်။

## ခမည်းတော်နှင့် မယ်တော်

သမိဒ္ဓါဒယချောင်ကြီး၏ သာသနာ့တာဝန်များကို တာဝန်ယူဆောင်ရွက်ပေးနိုင်မည့် အမျိုးသမီးအာဇာနည်လောင်းလျာကို ခမည်းတော် ဦးဖိုးထင်+မယ်တော် ဒေါ်တင့်တို့မှ ၁၂၉၅-



# ဒေါ်စရဝတီ

သမိဒ္ဓါဒယရောင် တာဝန်ခံ နာယကဆရာကြီး

စစ်ကိုင်းတောင်ရိုး

ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်နေ့၊ နံနက် (၂) ချက်တီးကျော်အချိန်တွင် ဖွားမြင်ခဲ့ပါသည်။ အမည်နာမအားဖြင့် မခင်သိန်းဟူ၍ မှည့်ခေါ်ကြလေသည်။ (၁) ဒေါ်မြကြည်၊ (၂) ဒေါ်မြသောင်း၊ (၃) ကိုထွန်းဦး၊ (၄) ကိုခင်ဘ (ကျောင်းဆရာ)၊ (၅) ကိုခင်လှ၊ (၆) ကိုခင်ဝ၊ (၇) မခင်ဌေး၊ (၈) မခင်သိန်း၊ (၉) မောင်ချစ်ရွှေ၊ (၁၀) မောင်ဉာဏ်ဌေးဟူသော မွေးချင်း ၁၀ ယောက်အနက် အဋ္ဌမမြောက် သမီးရတနာ ဖြစ်ပါသည်။

## ဆွေကြီး မျိုးကြီး အသိုင်းအဝိုင်းကြီး

မခင်သိန်း၏အဘေးမှာ ဗိုလ်မင်းဦးချယ်ဆိုသူ ဖြစ်ပါသည်။ ဦးချယ်သည် တစ်ခါက မင်းတုန်းမင်းကြီးတစ်ပါးတည်း တောထိုင် (ခို) စဉ်က ထိုရွာအနီးရှိ တောထဲ၌ မျက်စိလည်နေစဉ် ကျောပိုး၍ လမ်းအထိရောက်အောင်ပို့ကာ သစ္စာခံဖူးလေ၏။ မင်းတုန်းမင်းတရားကြီးက ကျေးဇူးဆပ်သည့်အနေဖြင့် ဦးချယ်အား ဗိုလ်မင်းရာထူးပေး၍ လိုချင်သလောက် မြေများကို ပေးကာ ခေါင်းပေါင်းဖြူတစ်အုပ်နှင့် ငွေဒင်္ဂါး (၁၀၀) ကိုလည်း လစဉ်လတိုင်း ပေးသနားတော်မူခဲ့လေသည်။ (ဗိုလ်ချယ်၏ ရွှေကနုတ်ပန်းသေတ္တာကြီးမှာ နေအိမ်၌ပင် မဆုံနိုင်၍ ရွာဦးဘုန်းကြီးကျောင်းသို့ လှူဒါန်းလိုက်လေသည်။ သို့သော် ရွာကျောင်းမီးလောင်ရာတွင် ထိုသေတ္တာကြီးလည်း မီးထဲပါသွားလေသည်ဟူ၏။) ထို အဘေးဖြစ်သူ ဗိုလ်ချယ်၌ ဇနီးရှစ်ယောက်ရှိ၏။ အဘေး၏ သားသမီး မြေး မြစ် အဆက်ဆက် ဆွေမျိုးတို့သည် ယနေ့အချိန်အထိ အဆက်သွယ်များရှိကာ မြန်မာပြည်အနှံ့၌ ရှိနေကြသဖြင့် တာဝန်ခံ နာယကဆရာကြီးလောင်းလျာသည် ဆွေကြီး မျိုးကြီး အသိုင်းအဝိုင်းကြီး ဖြစ်ပေသည်။

## ဗေဒင်ဆရာမှားသည် ဒါပေမဲ့ မှန်သည်

တာဝန်ခံနာယကဆရာကြီးဖြစ်လာမည့် သာသနာ့အာဇာနည်လောင်းလျာလေး မခင်သိန်းကို မမွေးဖွားခင်အချိန်တွင် မိခင်ဖြစ်သူ ဒေါ်တင့်သည် ရွာသို့ရောက်နေသော ပုဏ္ဏားဗေဒင်ဆရာလေး ဆရာစိန်ကို မေးကြည့်လေ၏။ ဗေဒင်ဆရာက မွေးဖွားလာမည့် ရင်သွေးမှာ ယောကျ်ားလေးဖြစ်မည်။ စိတ်ဓာတ်ထက်မည်၊ ဇွတ်လုပ်တတ်မည်၊ ဘုန်းကံရှိမည် စသည်ဖြင့် ဝေဝေဆာဆာ ဟောလိုက်လေ၏။ တကယ်ဖွားသောအခါ မိန်းကလေးဖြစ်နေ၍ ဗေဒင်ဆရာ မှားသွားလေသည်။ သို့သော်လည်း မခင်သိန်း၏စိတ်သည် အလုပ်တစ်ခုကို မဖြစ်ဖြစ်အောင် လုပ်တတ်သဖြင့် စိတ်ဓာတ်ထက်သည်၊ မှန်သည်ထင်လျှင် အလျှော့မပေးတတ် ဇွတ်လုပ်တတ်သည်၊

အမျာ်း၏ ကြည်ညိုလေ်းစာ်းမှုကို ခံရသဖြင့် ဘုန်းကံရှိသည်ဟု ဆိုရပေမည် ဖြစ်သောကြောင့် ဗေဒင်ဆရာမှန်သည်ဟု ဆိုထိုက်ပေသည်။

## ငယ်စဉ်ဘဝ အခြေမချ

မခင်သိန်းသည် ခေတ်ပျက်အခါသမယတွင် ကြီးပြင်းလာခဲ့ရသဖြင့် ရွာမှာ ကျောင်းဆရာမျာ်း မရှိ၍ ကျောင်းမနေရပေ၊ သူမျာ်းဆိုပြသည့် ကကြီးကခွေး စသည်လောက်ကိုသာ တောင်ဆိုမြောက်ဆိုဖြင့် အသက် (၁၃) နှစ်အရွယ်သို့ပင် ရောက်ရှိခဲ့လေသည်။ ဆယ်ကျော်သက်တို့၏ထုံးစံ စိုးမိုးချုပ်ချယ်ခြင်းကို မခံလို၊ မိမိသာ အမှန်ဟု ထင်တတ်သော သဘာဝအတိုင်း နဂိုက စိတ်ဆတ်စိတ်ထက်သော မခင်သိန်းသည် မွေးချင်းမျာ်းနှင့် ကတောက်ကဆလေးမျာ်း ရှိလာခဲ့လေ၏။

## ဘဝရောင်ခြည် စတည်လေပြီ

မခင်သိန်းသည် စိတ်ဓာတ်ထက်သူပီပီ အိမ်ကထွက်မည် သီလရှင်ဝတ်မည်ဟု မိခင်ကို ပြောသောအခါ အမေဖြစ်သူ ဒေါ်တင့်သည် သမီးစကားကိုကြား၍ ဝမ်းသာသော်လည်း မယုံရဲပေ၊ ထင်မိထင်ရာလုပ်မည်ကို စိုးရိမ်သွားလေသည်။ သမီးရှေ့ရေး ရတက်မအေးသဖြင့် ဝါသနာထုံးစံအတိုင်း ဝက်လက်မြို့သို့သွားကာ ဗေဒင်ဆရာ ဦးဖိုးတန်ကို မေးမြန်းကြည့်လေသည်။ ဗေဒင်ဆရာကြီးက ကံနိမ့်၍ စိတ်မငြိမ်ကြောင်း အခုဘာလုပ်မည်နည်းဟုမေးရာ ဒေါ်တင့်က သီလရှင်ဝတ်မလို့တဲ့ဟု ပြောပြလေသည်။ ဗေဒင်ဆရာကြီးက ရက်မဆိုင်းဘဲ ဒီရက်အတွင်း ချက်ချင်းဝတ်ပေးရန် တိုက်တွန်းလိုက်လေသည်။ ထိုနေ့ ထိုရက်သည်ကား မခင်သိန်းအတွက် ဘဝတစ်ဆစ်ချိုး ကူးပြောင်းသော ရောင်နီဦးထွက်သော နေ့ဖြစ်သည်ကိုမူကား မည်သူမျှ သတိပြုမိကြလိမ့်မည် မဟုတ်ပေ။

## တစ်ရွာမပြောင်း သူကောင်းမဖြစ်

ဗေဒင်မေးပြီးနောက်တစ်နေ့တွင် မိခင်ကြီး ဒေါ်တင့်သည် သမီးနှင့်အတူ စစ်ကိုင်းမြို့ရှိ တူမတော်စပ်သူ ဦးဘကြွယ်၊ ဒေါ်သိန်းတင်တို့၏ မြန်မာ့နွယ်စဉ်တိုက်သို့ လာခဲ့ကြလေသည်။ လာရင်းကိစ္စကို ပြောပြလိုက်သောအခါ ဦးဘကြွယ်၊ ဒေါ်သိန်းတင်တို့သည် မိမိတို့နှင့် ရင်းနှီးပြီး ကိုးကွယ်နေသော စည်းကမ်း၊ စာချ အလွန်ကောင်းသော သမိဒ္ဓါဒယချောင်ဆရာကြီး ဒေါ်မာလာရီထံတွင် လိုက်၍အပ်နှံပေးပါမည်ဟု ကတိပြုလိုက်လေ၏။

## ဖွားဘုရားကြီး၏ ထူးခြားသည့်အိပ်မက်

မခင်သိန်းလေး သီလရှင်ဝတ်ရန် စစ်ကိုင်းသို့ ရောက်မလာမီ ရက်ပိုင်းအတွင်း၌ သမိဒ္ဓေါဒယ မူလချောင်တည်ဆရာကြီး ဒေါ်မာလာရီသည် ထူးခြားသောအိပ်မက်တစ်ခု မြင်မက်ခဲ့လေသည်။ အိပ်မက်ကား "သမိဒ္ဓေါဒယချောင်ထဲသို့ ဆင်ဖြူတော်တစ်စီး ဝင်လာသည်" ဟု ဖြစ်လေသည်။ ထိုအိပ်မက်အကြောင်းကို ဆရာကြီး ဒေါ်မာလာရီသည် ဒေါ်စရဝတီကို ကမ်းတက်မည်စိုး၍ ပြောမပြခဲ့။ အခြားလူကြီးတစ်ပါးကိုသာ ပြောပြခဲ့၍ ပြန်လည်ကြားရခြင်း ဖြစ်ပေသည်။

## ခုဆို ခုပဲ

နောက်တစ်နေ့မနက်တွင် ဒေါ်သိန်းတင်ဦးဆောင်သော မိခင်ကြီးဒေါ်တင့်နှင့် မခင်သိန်းတို့သည် စစ်ကိုင်းတောင်ရိုးသို့ ပထမဦးဆုံးခြေချခွင့် ရရှိကြလေသည်။ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသော စစ်ကိုင်းတောင်တော်၏ ရှုခင်းတို့အား ကြွပ်ဆတ်ဆတ်လေး မခင်သိန်းအား ဖမ်းစားထားလိုက်လေသည်။ သီလရှင်ဝတ်ချင်နေသော မခင်သိန်းသည် လမ်းမှာသွားနေရသည် ကိုပင် ကြာလွန်းလှသည်ဟု ထင်မိလေ၏။ သမိဒ္ဓေါဒယချောင်ဆရာကြီး ဒေါ်မာလာရီထံ ရောက်သောအခါ ဦးဆောင်သူ ဒေါ်သိန်းတင်မှ လာရင်းကို လျှောက်ထားလိုက်သောအခါ ချောင်ဆရာကြီးက မခင်သိန်း၏ အမူအရာကိုကြည့်လျက် "တစ်လလောက် ဥပုသ်စောင့်ကြည့်ပြီးမှ သီလရှင်ဝတ်ပါ" ဟု အကြံပြုလေသည်။ မခင်သိန်းက ချက်ချင်းပင် "ဆရာကြီး ဘုရားတပည့်တော်က အခုဆို အခုပဲ ဝတ်ချင်တယ်ဘုရား" ဟု ထလျှောက်လိုက်လေတော့သည်။ ချောင်ဆရာကြီးက သဘောကျကာ မနက်ဖန်ဟု ရက်သတ်မှတ်ပေးလိုက်လေ၏။

## ဘဝလည်းပြောင်း အကျင့်လည်းပြောင်း

၁၃၁၀-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ရွှေပြည်ဆရာတော်က သီလပေးတရားဟော၍ ချောင်ဆရာကြီး ဒေါ်မာလာရီက ဥပဇ္ဈာယ်ပေးလျက် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ဘုရားသမီးတော်နွယ်ဝင် သီလရှင်အဖြစ်ကို ခံယူလိုက်လေသည်။ စာချဆရာကြီး ဒေါ်ပုဏ္ဏာမီ (ယခု ဇေယျသီဂီချောင်ဆရာ) က မစရဝတီဟု ဘွဲ့အမည်ပေးပါသည်။ သီလရှင်ဝတ်ပွဲကို မိဘများက သံဃာတော် အပါးတစ်ရာကို နှစ်ရက်ခွဲပင့်ကာ ဆွမ်းကပ်လှူ၍ ခမ်းနားစွာ ကျင်းပပေးလေသည်။ ထိုနေ့သည်ကား မခင်သိန်း (၁၄) နှစ်ထဲ နှစ်လရောက်သောနေ့

ဖြစ်ပေသည်။ မခင်သိန်းတစ်ဖြစ်လဲ မစရဝတီသည် သီလရှင်ဝတ်သည့်အချိန်ကစ၍ အိမ်မှာနေသလိုမဟုတ်တော့။ သွက်လက်သည်၊ ထက်မြက်သည်၊ ကြိုးစားသည်၊ ဘဝပြောင်းသွားသလို အကျင့်လည်း ပြောင်းသွားသည်ဟု ဆိုရပေမည်။ ထို့ကြောင့် ဆရာသမားများ၏ ချစ်ခင်မှုကို ရရှိလေသည်။



ဒေါ်စရဝတီ ငယ်စဉ်
စာချတန်းပြီးစက

## ဆရာများနည်းရ အောင်ပန်းလှ

မစရဝတီသည် ကျေးဇူးရှင်ဆရာသမားများ ဖြစ်ကြသော ဇေယျသိန်ဆရာတော်၊ ချောင်ဆရာကြီး ဒေါ်မာလာရီ၊ စာချဆရာကြီးများ ဖြစ်ကြသော ဒေါ်ပုည္ဏာမီ၊ ဒေါ်ဟေမာရီ၊ ဒေါ်ဉာဏာစာရီ၊ ဒေါ်ပညာဝါသီ၊ ဒေါ်ကုလပတိ စသော သင်ဆရာ, မြင်ဆရာ, ကြားဆရာတို့ထံ၌ ကြိုးစားအားထုတ်လိုက်သဖြင့် (၁၈) နှစ်အရွယ်တွင် ပထမငယ်တန်း၊ (၁၉) နှစ်တွင် ပထမလတ်တန်း၊ (၂၀) နှစ်တွင် ပထမကြီးတန်းတို့ကို ဆက်တိုက်အောင်မြင်သွားလေတော့သည်။ နှစ်နှစ်ခန့်နှား၍ စာချတန်းကို ဖြေဆိုရာ နှစ်နှစ်ခန့်ဖြင့် ပြီးဆုံးအောင်မြင်သွားလေတော့သည်။ အောင်ပန်းအမျိုးမျိုးတို့ကို ပန်ဆင်နိုင်လေသောကြောင့် သမိဒ္ဓေါဒယချောင်၏ အားကိုးရသော စာချဆရာတစ်ပါး ဖြစ်လာလေတော့သည်။

## ပညာတက္ကသိုလ် ဘဝတက္ကသိုလ်

မစရဝတီသည် ငယ်စဉ်လူဘဝက စာပေမတတ်ခဲ့သော်လည်း သမိဒ္ဓေါဒယချောင်သို့ ရောက်သည့်အချိန်ကစ၍ စာပေများ တတ်မြောက်ရုံမျှမက အရည်အချင်းများရှိသည်အထိပင် တိုးတက်လာရခြင်း၊ စာပေပညာအရည်အချင်းများသာမက အနေအထိုင်ပါ ပီပီရိရိ နေတတ်ထိုင်တတ် တိုးတက်လာခြင်းတို့ကြောင့် ဤသမိဒ္ဓေါဒယချောင်ကြီးသည် သူမအတွက်တော့ ပညာရေးတက္ကသိုလ်ကြီး၊ ဘဝတက္ကသိုလ်ကြီးပင် ဖြစ်လာလေတော့သည်။

## စာချဝါသနာကြီးသူ

မစရဝတီသည် စာမေးပွဲများပြီးချိန်ကစ၍ တပည့်များကို စာပေပို့ချပေးခဲ့သည်မှာ ယနေ့ ဒေါ်စရဝတီ (ဝါ) ဖွားစရဝတီဟု ခေါ်ရမည့် သက်တော် (၇၈) နှစ် ရောက်သည်အထိ ခွဲ


ကောင်းကောင်းနှင့် စာချနေဆဲဖြစ်လေသည်။ စာမချရလျှင် မနေတတ်၊ စာချနေရာမှ ပျော်နေသူဖြစ်လေသည်။ စာဝါလွတ်သည်နှင့် စိတ်ပုတီးကိုကိုင်ကာ တတွတ်တွတ်နှင့် ရွတ်ဖတ်နေလေ့ ရှိလေသည်။



အသက်ကွယ်အရွယ်ရနေသော်လည်း
စာချရတာ မမောမပန်း

## ဘာပဲဖြစ်ဖြစ် မှန်သည်ဟု ယုံကြည်လျှင် တစိုက်မတ်မတ်

ဆရာကြီးဒေါ်စရဝတီ၏ စိတ်သဘောထားမှာ ဘာပဲလုပ်လုပ် တစိုက်မတ်မတ် ကြိုးစားတတ်လေသည်။ အလုပ်ကို အကြွေးမထားတတ်၊ ဟန်ဆောင်၍ ပြောရမည်ကိုလည်း အလွန်တာဝန်ကြီးသူ ဖြစ်လေသည်။ ထိုအကြောင်းများကြောင့်လည်း အများ၏ ယုံကြည်ကိုးစားမှုကို ခံရခြင်းဖြစ်ပေလိမ့်မည်။ အသက် (၂၄) နှစ်ခန့်လောက်ကတည်းက ပြုလုပ်နေကျ စရဏတို့ကိုလည်း ယနေ့ (၇၈) နှစ်တိုင်အောင် တစိုက်မတ်မတ် ပြုလုပ်နေဆဲဖြစ်လေသည်။ "မိမွေ ဘမွေကို မစား" ဟု ဆုံးဖြတ်ကာ အလှူအမျိုးမျိုးတို့ကို လှူဒါန်းခဲ့၏။ ထိုအထဲတွင် ချမ်းသာအလှူဖြစ်သော ဖိနပ်လှူခြင်းကုသိုလ်ကို ဝါသနာအပါဆုံးဖြစ်ပေသည်။ ဖိနပ်တစ်ရံ (၃၆) ကျပ်ခေတ်မှစ၍ ယနေ့ထိအောင် ဖိနပ်အရံပေါင်း တစ်သောင်းကျော် လှူပြီးဖြစ်ကြောင်း သိရပါသည်။



တာဝန်ခံနာယကဆရာကြီး
ဒေါ်စရဝတီ၏ မြတ်ဒါန

## ပညာလို အိုသည်မရှိ

ဆရာကြီး ဒေါ်စရဝတီထံမှ အတုယူအားကျစရာ မြောက်မြားစွာရှိ၏။ ထိုအထဲမှ ပညာရှာပုံလေးတစ်ခုကို တင်ပြလိုပေသည်။ ဆရာကြီးသည် စာချတန်းပြီးစက အလုပ်မရှိသဖြင့် အင်္ဂလိပ်စာသင်ရန် ဆန္ဒပြင်းပြခဲ့လေ၏။ ဆရာသမားက သဘောမတူသဖြင့် မိမိဆန္ဒကို ဘေးဖယ်ကာ ဆရာသမား၏ ဆန္ဒအတိုင်း နေလာခဲ့ရလေသည်။ ဆရာသမားများ မရှိတော့သော

နောက်ပိုင်း၌လည်း ချောင်ကိစ္စ၊ အခြားသာသနာရေးကိစ္စများဖြင့် အချိန်များလည်း ကုန်ဆုံးနေရလေသည်။ ထိုပညာသင်လိုသောစိတ်ကား မဖျောက်နိုင်ရှာပေ။ အသက် (၆၅) နှစ်အရွယ်သို့ ရောက်လာသောအခါ အင်္ဂလိပ်စာသင်ရန် ဆုံးဖြတ်လျက် နေ့လယ်အိပ်ချိန်၌ စာသင်ပေးမည့် ဆရာလေးထံ နေ့စဉ်သွားကာ သင်ယူလေသည်။ ညအိပ်ချိန်၌ စာစဉ်းစား၍အိပ်သည်။ မမှတ်မိလျှင် ချက်ချင်းမီးဖွင့်ရှာကာ ပြန်ကြည့်လေ၏။ ချောင်သို့ ကျောင်းသူလေးများလာသည့်အခါတွင်လည်း မသိသည်များကိုမေး၏။ ဤကဲ့သို့ နှစ်နှစ်ခန့် သင်ယူလိုက်သောအခါ ငါးတန်းကျောင်းသူများကိုပင် ပြန်လည်၍ သင်ပေးနိုင်လေသည်။ သာမန်လူတို့ စိတ်မကူးနိုင်သော စိတ်ဓာတ်ဖြင့် သင်ယူသည်မှာလည်း အတော်အံ့သြစရာ အတုယူစရာ အားကျစရာကောင်းလှပေသည်။





တာဝန်ခံနာယကဆရာကြီး ဒေါ်စရဝတီ ရရှိသော ဘွဲ့တံဆိပ်လက်မှတ်များ

## လက်ရုံးပမာ အားထားလာ

နာယကဆရာကြီး ဒေါ်စရဝတီ၏ သာသနာစိတ်, ချောင်အပေါ် ထားရှိသည့် ချောင်စိတ်, ဆောင်ရွက်နိုင်သည့် အရည်အချင်းတို့ကို ကြည့်ကာ ချောင်ဆရာကြီးများက ၁၃၄၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆) ရက်နေ့တွင် ဆင့်ကဲဆင့်ကဲ လေးစားရန်ဟူသောမူကိုထားကာ ချောင်၏ အဓိကနာယက တာဝန်ခံအဖြစ် လွှဲအပ်ကြလေသည်။ သာသနာရေးအဖွဲ့အစည်းတွင်လည်း ၁၃၈၅-ခုနှစ်မှစ၍ ယနေ့အချိန်အထိ မြို့နယ်သီလရှင်ဥက္ကဋ္ဌတာဝန်ကို သီလရှင်အဖွဲ့မှ တာဝန်ပေးအပ်ခြင်းကို ခံထားရလေသည်။ နိုင်ငံတော်အစိုးရက ဆက်ကပ်သော မဟာဂန္ဓဝါစကပဏ္ဍိတဘွဲ့တံဆိပ်ကို ၁၃၅၃-ခုနှစ်က လည်းကောင်း၊ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ကို ၁၃၆၀-ခုနှစ်က လည်းကောင်း ဆက်ကပ်ခြင်းကို ခံယူရရှိထားလေသည်။

## အချိန်ကို တန်ဖိုးရှိစွာသုံးလျက် ကျော်ဖြတ်နေဆဲ

ဆရာကြီး ဒေါ်စရဝတီသည် ယခုအခါ၌ အခွင့်အခါပေးတိုင်း တရားအားထုတ်ခြင်း၊ မိမိကိုယ်ကို နိဝရဏစစ်တမ်းဖြင့် သတိထားကာ ဆင်ခြင်၍နေခြင်း၊ ကျေးဇူးရှင်တို့၏ ကျေးဇူးတရားတို့ကို စွမ်းနိုင်သမျှ



နည်းနည်းအားလျှင်
ဤကဲ့သို့ ပုတီးစိပ်မြဲ

ဆပ်ပေးခြင်း၊ မိခင်ချောင်ကြီး၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းရွက်နေခြင်း၊ အခြားသော သာသနာရေး၊ ဘာသာရေးလုပ်ငန်းများကိုလည်း စွမ်းစွမ်းတမံ ဆောင်ရွက်နေခြင်းဖြင့် ကြုံခဲ့သည့် သာသနာတော်ကြီးအတွင်း၌ ရခဲသည့် လူ့ဘဝအား တန်ဖိုးရှိစွာသုံးလျက် သမိဒ္ဓေါဒယချောင်ကြီး၏ သာသနာ့အောင်လံတော်ကြီးကို ရာပြည့်ရာကျော်သည့်တိုင်အောင် ထမ်းဆောင်လျက်ရှိပါသတည်း။



သမိဒ္ဓေါဒယချောင် ၊ စာချုနာယကဆရာကြီး

# ဒေါ်ဆန္ဒဘာဂီ ၏

# ဘဝသမိုင်းအကျဉ်း

သမိဒ္ဓေါဒယချောင်ကြီး၏ ယခုလက်ရှိ စတုတ္ထမြောက် ချောင်ဆရာကြီး ဖွားကုလပတိနှင့်အတူ လက်တွဲကာ သာသနာ့ အကျိုးကို ဆောင်ရွက်နေသော သမိဒ္ဓေါဒယချောင်ကြီးအတွက် အားထားရသော နာယက ဆရာကြီးများစွာရှိသည့်အနက် ဒုတိယနာယကဆရာကြီးမှာ ဆရာကြီးဒေါ်ဆန္ဒဘာဂီ ဖြစ်လေသည်။

## မိဘနစ်ပါး ထူးခြားသမီး ဖွားသည့်ရပ်မြေ

၁၃၀၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆) ရက်၊ နံနက် (၇) နာရီအချိန်တွင် ယနေ့ ဒေါ်ဆန္ဒဘာဂီ ဖြစ်လာမည့် သာသနာ့အာဇာနည်လောင်းလျာကို ခမည်းတော် ဦးလှဖေနှင့် မယ်တော် ဒေါ်သိန်းတင်တို့မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ခေါတော ရွာတွင် ဖွားမြင်ခဲ့လေသည်။ ငယ်မည်မှာ မစိန်ထွေးဖြစ်ပြီး (၁) ကိုမင်းဒင်၊ (၂) ကိုမင်းဝန်၊ (၃) ကိုစိန်ဌေး၊ (၄) မစိန်ထွေးဟူ၍ မွေးချင်းလေးယောက်ရှိသည့်အနက် အထွေးဆုံး တစ်ဦးတည်းဖြစ်သော "အဖိုးတန်" သမီးရတနာ ဖြစ်လေသည်။ အကြောင်းမူကား မစိန်ထွေးလေးကို မွေးပြီးချိန်ကစ၍ မိဘများ၏ စီးပွားရေးမှာ ဆတက်ထမ်းပိုး တိုးတက်လာခြင်းကြောင့် ဖြစ်ပေသည်။ မစိန်ထွေးသည် ယခု သမိဒ္ဓေါဒယချောင်၏ တာဝန်ခံနာယက ဆရာကြီး ဒေါ်စရဝတီနှင့်လည်း ညီအစ်မတစ်ဝမ်းကွဲ တော်စပ်သူ ဖြစ်လေသည်။

## တောရောမြို့ပါ ပညာရှာ

မစိန်ထွေးကို မွေးဖွားပြီးနောက် စီးပွားရေးတိုးတက်လာသဖြင့် မစိန်ထွေးတို့မိသားစုသည် မစိန်ထွေး (၁၁) လသမီးအရွယ်တွင် ဝက်လက်မြို့သို့ ပြောင်းရွှေ့နေထိုင်ကြလေရာ မစိန်ထွေး

သည်လည်း တောသူကလေးဘဝမှ မြို့သူကလေးဖြစ်လာခဲ့လေတော့သည်။ မစိန်ထွေးသည် အသက် (၅) နှစ်အရွယ်တွင် ခေါတောရွာသို့ပြန်ကာ ခေါတောရွာကျောင်းဆရာ ဦးဘဏ်အေးထံတွင် လေးတန်းအထိ ပညာသင်ကြားခဲ့လေ၏။ လေးတန်းအောင်ပြီးနောက် အသက် (၁၁) နှစ်အရွယ်တွင် ဝက်လက်မြို့ကျောင်းသို့ ပြောင်းရွှေ့ကာ ဆရာဦးအုံကြီးထံတွင် ခြောက်တန်းအောင်မြင်သည်အထိ ဆက်လက် ပညာသင်ကြားခဲ့လေသည်။

## မိဘဆိုတာ ဒီလိုပါ

မိခင်ကြီး ဒေါ်သိန်းတင်သည် တစ်ဦးတည်းသောရှားရှားပါးပါးသမီးကလေးကို အလွန်ချစ်လေသည်။ အထူးသဖြင့် မစိန်ထွေးသည် နူတ်သွက်လျှာသွက်ကလေးမို့ အလွန်လည်း စိတ်ပူရှာသည်။ အရွယ်ကလေးလည်း ရောက်လာသဖြင့် မိခင်ပီပီ သမီးကလေးအား လောကီလူ့ဘုံ၌ ကြုံဆုံရတတ်သည့် ဒုက္ခများ ခံစားရမည်ကို အလွန်စိုးရိမ်ရှာသည်။ ဤသို့လျှင် သမီးလေးဘဝ အေးချမ်းဖို့အတွက် စစ်ကိုင်းတောင်ရိုး သမိဒ္ဓါဒယရောင်ရှိ တူမဖြစ်သူ မစရဝတီထံ အတင်းပို့ကာ သီလရှင်ဝတ်စေတော့လေသည်။



ဒေါ်ဆန္ဒာဘာဂီ ၁၄ နှစ်အရွယ်
သီလရှင်မဝတ်ခင် အမှတ်တရ

## သီလရှင်ဝတ်ရတာ စိတ်မပါ

သို့ဖြင့် မစိန်ထွေးသည် (၁၄) နှစ်သမီးအရွယ် ၁၃၂၀ -ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်တွင် မိခင်ကြီး၏ ဆန္ဒသက်သက်ဖြင့် သီလရှင်ဝတ်လိုက်လေတော့သည်။ ဝိဇ္ဇောဒယဆရာတော်ကြီးက သီလပေးတရား ချီးမြှင့်တော်မူသည်။ ချောင်ဆရာကြီး ဒေါ်မာလာရီက ဥပဇ္ဈာယ်ပေး၍ အစ်မဝမ်းကွဲ ဒေါ်စရဝတီကိုယ်တိုင် ခေါင်းရိတ် အဝတ်ဝတ်ပေးကာ ဇေယျသိန်ဆရာတော် ဦးပညိန္ဒာဘိဝံသက "မဆန္ဒဘာဂီ" ဟူသော ဘွဲ့အမည်ကို ပေးခဲ့လေသည်။ သံဃာအပါးတစ်ရာနှင့် သီလရှင် အပါးတစ်ရာတို့ကိုလည်း ဆွမ်းကပ်လှူခဲ့လေသည်။



ဒေါ်ဆန္ဒာဘာဂီ ၁၅ နှစ်ပုံ

## မိဘမေတ္တာ တုန့်ပြန်ချက်

မဆန္ဒဘာဂီသည် မိဘဆန္ဒအရ သီလရှင်ဘဝကို ခံယူလိုက်ရသဖြင့် သီလရှင်ဘဝတွင် မပျော်ပိုက်နိုင်။ လူထွက်ရန် ခဏခဏ စဉ်းစားမိလေသည်။ ဤသည်ကို မိခင်ကြီးသိရှိသွားသော အခါ မိဘစကားကို မြေဝယ်မကျ နားထောင်ရရှာသော သမီးကလေး သာသနာ့ဘောင်တွင် ပျော်မွေ့နိုင်ရန် စိတ်အေးချမ်းစွာနေနိုင်ရန် ရည်ရွယ်၍ ထိုခေတ်က ရွှေတစ်ကျပ်သားကို (၁၇၀) ကျပ်ရှိနေသော အချိန်တွင် ရွှေ (၆၅) ကျပ်သားကို ရောင်းချကာ နှစ်ထပ်တိုက်ကြီး တစ်လုံးကို ဆောက်လုပ်၍ လှူဒါန်းလေသည်။ ထိုတိုက်ကြီးကို ၁၃၂၁-ခုနှစ်က စတင် ဆောက်လုပ်ခဲ့ပြီး ၁၃၂၃-ခုနှစ်မှ ပြီးစီးလေသည်။ ဤသည်ကား မဆန္ဒဘာဂီအပေါ်တွင် ထားရှိသော မိဘများ၏ တုန့်ပြန်၍မမှီနိုင်သော မေတ္တာတရားပင် ဖြစ်ပေသည်။



ဒေါ်ဆန္ဒဘာဂီ ၂၇ နှစ်အရွယ်

## အသိရှိလျှင် အလွန်ပျော်ရွှင်

မဆန္ဒဘာဂီသည်လည်း တစ်နှစ်ပြီးတစ်နှစ် အသက်ကြီးလာသည်နှင့် စိတ်မာတ်ရင့်ကျက်လာသည်က တစ်ကြောင်း၊ ဆရာသမားများဖြစ်ကြသော ဟံသာဂီရိဆရာတော်၊ ဧယျသိန် ဆရာတော် ဦးပညိန္ဒာဘိဝံသ၊ ဦးပညာသီရိ၊ ဦးအဂ္ဂဝံသာဘိဝံသ၊ သထုံဆရာတော် ဦးပညာ၊ ဆရာကြီး ဒေါ်ဟေမာရီ၊ ဒေါ်ဉာဏာစာရီ၊ ဖွားကုလပတိ၊ ဆရာကြီး ဒေါ်စရဝတီ စသည် တို့၏ သွန်သင်ဆုံးမမှုများအောက်တွင် အသိဉာဏ်ရင့်သန်လာသည်ကတစ်ကြောင်း၊ မိဘနှစ်ပါး၏ မေတ္တာစေတနာများကို သဘောပေါက်နားလည်လာသည်က တစ်ကြောင်းတို့ကြောင့် ငြိမ်းချမ်းလှသော သီလရှင်ဘဝတွင် အလွန်ပျော်မွေ့လာလေတော့သည်။ ၁၃၂၂-ခုနှစ်၊ ၁၃၂၃-ခုနှစ်တွင် အဘိမမ္မာစာမေးပွဲ၊ ၁၃၂၄-ခုနှစ်တွင် ပထမငယ်တန်း၊ ၁၃၂၅-ခုနှစ်တွင် ပထမလတ်တန်း၊ ၁၃၂၆-ခုနှစ်တွင် ပထမကြီးတန်း၊ ၁၃၃၆-ခုနှစ်တွင် စာချတန်းတို့ကိုလည်း အသီးသီးအောင်မြင်ခဲ့လေတော့သည်။ ၁၃၆၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်သော မဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ကို ရရှိခဲ့လေသည်။ မဆန္ဒဘာဂီသည် သီလရှင်ဘဝ၌ အဘယ်မျှပျော်သနည်းဟု ဆိုရလျှင် "ရွှေကို လှည်းကိုးစီးတိုက်

၍ပေးမည်၊ လူထွက်မည်လား” ဟု မေးလျှင်တောင် ရွှေကို မရချင်နေ၊ သီလရှင်ဘဝကိုတော့ မစွန့်နိုင်တော့ချေ။

## အပျော်ကျော်ကာ ခုံမင်လာ

မဆန္ဒဘာဂီသည် မည်မျှအထိ သီလရှင်ဘဝကို မြတ်နိုးတန်ဖိုးထားပါသနည်းဟူမူ မဆန္ဒဘာဂီတို့ စာဖြေစဉ်က စာချတန်း၌ အစိုးရမှ ထုတ်ပြန်ထားသော စည်းမျဉ်းတစ်ခု ရှိလေသည်။ ဤသည်မှာ “စာချတန်းကို ကိုးနှစ်အတွင်း ဖြေဆို၍မပြီးလျှင် ဆက်လက်ဖြေဆိုရခွင့်မရှိ” ဟူ၍ ဖြစ်လေသည်။ မဆန္ဒဘာဂီသည် သီလကွန်နှင့် ဓမ္မသင်္ကြီကျမ်းတို့ကို စောစောပြီး၍သွားသော်လည်း ပါရာဓိကဏ်ကျမ်းကိုကား မပြီးနိုင်လေ။ သို့နှင့် အစိုးရက သတ်မှတ်ထားသော ကိုးနှစ်ဆိုသောအချိန်ကို ရောက်သွားလေတော့သည်။ “ဒီကိုးနှစ်ပြည့်လို့မှ မအောင်ရင်တော့ ငါတော့ ဘာဆက်လုပ်ရမည်နည်း၊ လူထွက်ရတော့မှာလား” ဟု တွေးဟာ သီလရှင်အဝတ်လေးတွေကိုကြည့်ရင်း ဂေဇက်မထွက်မချင်း ငိုနေခဲ့ရရှာလေသည်။ အကြိမ်ပေါင်း မည်မျှငိုခဲ့ရသည်ကိုပင် မရေမတွက်နိုင်တော့ချေ။ တစ်ခါတစ်ရံ ဝမ်းနည်းလွန်း၍ ရင်ဝဋ်ပင် ဆို့တက်လာသဖြင့် ခေါင်းအုံးလေးနှင့် အသာဖိကာ နေခဲ့ရသည်အထိပင် မဆန္ဒဘာဂီသည် သီလရှင်ဘဝကို ခုံမင်မြတ်နိုးလေသည်။

## ထူးခြားပီပြင် သူ.စွမ်းအင်

ဒေါ်ဆန္ဒဘာဂီသည် နူတ်သွက်လျှာသွက် အပြောကောင်း အဟောကောင်းသလို အလွန်သွက်လက်ချက်ချာ လိမ္မာပါးနပ်လေသည်။ အလုပ်ကိစ္စတစ်ခုကို ပရိယာယ်ကြွယ်ဝစွာဖြင့် နည်းအမျိုးမျိုးကိုသုံးကာ ပြီးစီးအောင်မြင်အောင် ဆောင်ရွက်တတ်လေသည်။ ဤသည်ကပင် သူမ၏ ထူးခြားသော အရည်အချင်းတစ်ခုပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း ဖွားဖွားကြီး ဒေါ်မာလာရီက မဆန္ဒဘာဂီကို အလွန်ချစ်သည်ဟု ဆိုရပေမည်။ ဖွားဖွားကြီးသည် မဆန္ဒဘာဂီအား “ငါ့မြေးလေးက တိုင်ကပ်နာရီလေး သိလား၊ ချောင်ကြီးက ဘယ်မှမခွာဘဲ အမြဲကပ်နေရမယ်နော်” ဟု လည်းကောင်း၊ “ဆရာအို မိဘအိုတွေနဲ့ နေရတာ ငါ့မြေးလေးကို သနားလိုက်တာ၊ ဖွားဖွားကြီးခေါင်းချတဲ့ နေရာလေးမှာပဲ နေရစ်လေ” ဟူ၍လည်းကောင်း မကြာခဏ မှာတတ်လေသည်။

## ကျေးဇူးသိတတ် ကျေးဇူးဆပ်

ဒေါ်ဆန္ဒာဘာဂီသည် ချောင်ဆရာဖွားဖွားကြီး ဒေါ်မာလာရီကို ကျေးဇူးဆပ်သည့်အနေ အားဖြင့် ဖွားဘုရားကြီးလုပ်ဆောင်ခဲ့သော သံဃာ့ဆွမ်းလောင်းဝတ္တရားများကို ၁၃၆၂-ခုနှစ်၊ တန်ခူးလမှစ၍ ဖွားကုလပတိ၏ ဦးဆောင်မှုအောက်မှာ တာဝန်ယူလာခဲ့သည်မှာ ယနေ့ထက်တိုင် အောင်ပင် ဖြစ်လေသည်။ နောင်ကိုလည်း ဆက်လက်၍ တာဝန်ယူသွားမည်ဟု ဆုံးဖြတ်ထား လိုက်ပါသည်ဟုလည်း ဆိုပါသည်။ ဘုရားဆွမ်းတော်ပွဲကိုလည်း နေ့စဉ် နံနက် (၄) နာရီတိုင်း ရက်မပျက် ဆောင်ရွက်နေပေသည်။ ဤသည်ကိုကြည့်၍ ဒေါ်ဆန္ဒာဘာဂီသည် မည်မျှအထိ ဘုရား တရား သံဃာ ဆရာ မိဘတို့အပေါ်တွင် လေးစားမှုရှိသည်၊ ကျေးဇူးကို သိတတ်သည်ကို သိရှိနိုင်ပေသည်။ ဒေါ်ဆန္ဒာဘာဂီတွင် ယုံကြည်ချက် ခံယူချက်တစ်ခုရှိသည်။ ၎င်းမှာ "ဆရာ သမား၏ အပြစ်ကို ပြောတတ်သော ပါးစပ်သည် ပညာရှိ ပါးစပ်မဟုတ်" ဟူ၍ပင်ဖြစ်သည်။

## ထူးခြားမြင့်မြတ် သူ့စိတ်ဓာတ်

ဒေါ်ဆန္ဒာဘာဂီ၌ ထူးခြားသော အလေ့တစ်ခု ရှိလေသည်။ ၎င်းမှာ စေတီ၊ ဂူ၊ ရေကန်၊ ဓရုပ်၊ တန်ဆောင်း အဟောင်းအပျက်များကိုတွေ့လျှင် မနေတတ်ပေ။ မိမိနှင့် ပတ်သက်သည် မပတ်သက်သည်ကို မစဉ်းစားတော့၊ မိမိ စွမ်းနိုင်သမျှ ကြိုးစားပြင်ဆင်တတ်လေသည်။ ဒေါ်ဆန္ဒာဘာဂီ သည် ပညာအလှူဖြစ်သည့် စာချ စာသင် အလုပ်ကိုလည်း ပထမကြိုးတန်း အောင်မြင်ခဲ့သည့်အချိန်မှစ၍ ယနေ့ထက် တိုင်အောင် လုပ်ဆောင်နေဆဲဖြစ်သည်။ စာချရာ၌ တစ်ခါ တစ်ရံတွင် နံနက် (၆) နာရီမှ ည (၁၀) နာရီ အထိပင် မငြီးစတမ်း စာချပေးခဲ့ဖူးလေသည်။



ဒေါ်ဆန္ဒာဘာဂီ နှင့်
ဦးဆောင်ပြင်ထားသောကျောင်းပုံ

## အားထားစရာ ကြိုးစားရာဆဲ

ယခုအခါတွင် ဒေါ်ဆန္ဒာဘာဂီသည် သက်တော် (၆၇) နှစ် ရှိလေပြီ။ ဆရာကြီး ဒေါ်ဆန္ဒာဘာဂီသည် သီလရှင်ဝတ်ပြီးသည့်အချိန်မှစ၍ သမ္မုဒ္ဓဂါထာတော်နှင့် ပဋ္ဌာန်းပစ္စယ



စာချလျှင် အားရပါးရ

နိဒ္ဒေသကို သက်တော် (၆၅) နှစ်အထိ ရွတ်ပွားခဲ့သည်။ သက်တော် (၆၆) နှစ်မှစ၍ ပရိတ်ကြီးကို ရွတ်ပွားမြဲဝတ်တစ်ခုအဖြစ်၊ ကြိုးစားခဲ့လေသည်။ စာချတန်းကို အောင်မြင်ပြီးစီးသည့်နောက်မှစ၍ နှစ်စဉ် စာဝါအားသည့်အခါတိုင်း ရိပ်သာတစ်ခုခုသို့သွားကာ တရားဘာဝနာများ ပွားများအားထုတ်ခဲ့လေသည်။ လောကဓံကြောင့် စိတ်ညစ်လာလျှင် တရားနှလုံးသွင်း၍ ဖြေလေ့ရှိသည်။ အသက် (၆၀) ကျော်လာကတည်းက "ငါ သေခါနီးပြီ" ဟု နှလုံးသွင်းကာ တရားကို ပိုမိုအားထုတ်ခဲ့လေသည်။ ဤသို့ဖြင့် သမိဒ္ဓေါဒယချောင် ဒုတိယနာယကဆရာကြီး ဒေါ်ဆန္ဒဘာဂီသည် ချောင်ကြီး၏ လုပ်ငန်းဆောင်တာ အဝဝတို့တွင် ရှေ့တန်းမှ ဦးဆောင်ပေးလျက်ရှိသလို မိမိအတွက်လည်း သံသရာအေးချမ်းကြောင်း ကောင်းမှုအစုစုတို့ကို ပြုလုပ်ရင်း သမိဒ္ဓေါဒယ သာသနာ့အောင်လံကြီးကို ပို၍ပို၍ လွှင့်ထူနိုင်ရန် အားထုတ်ဆဲရှိလေတော့သတည်း။



ယေယေတုန်းက ဒေါ်ဓမ္မေသီ

# သမိဒ္ဓါဒယချောင် နာယကဆရာကြီး
# ဒေါ်ဓမ္မေသီ ၏
# ဘဝသမိုင်းအကျဉ်း

သမိဒ္ဓါဒယ သာသနာ့အောင်လံကြီးကို နှစ်တစ်ရာ ရောက်သည်အထိ လွှင့်ထူရာ၌ နောက်တန်းက ထောက်ပံ့ လျက် မိမိစွမ်းရာဘက်မှ ဆောင်ရွက်ပေးနေသော ရွက်ပုံး သီး သာသနာ့အာဏာနည်များအနက်မှ မပါမပြီး ဖော်ပြရ မည်ဖြစ်သော ဆရာကြီး ဒေါ်ဓမ္မေသီ၏ ဘဝသမိုင်းအကျဉ်းမှာ ဤသို့ဖြစ်ပေသည်။

## မွေးချင်းပေါဘိ သူ့ဇာတိ

နာယကဆရာကြီး ဒေါ်ဓမ္မေသီသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ရေလှောင်ရွာဇာတိဖြစ်သည်။ ၁၃၀၄-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၅) ရက်၊ စနေနေ့၊ ညနေ (၅) နာရီအချိန်တွင် ခမည်းတော် ဦးဘသန်း+မယ်တော် ဒေါ်မတို့မှ မွေးဖွားသော သမီးရတနာ ဖြစ်ပါသည်။ မွေးချင်းများမှာ (၁) ဒေါ်မြရွှေ၊ (၂) ဦးချစ်မောင်၊ (၃) ဦးချစ်အောင်၊ (၄) ဒေါ်မြငွေ၊ (၅) ဒေါ်တင်ရီ၊ (၆) ဒေါ်ခင်ကြည်၊ (၇) ဒေါ်ခင်မို၊ (၈) ဒေါ်စိန်ခင်၊ (၉) ဒေါ်မြမြ၊ (၁၀) ဦးခင်မောင်ထွေးဟူသော မွေးချင်းဆယ်ယောက်အနက်မှ ပဉ္စမမြောက် သမီးရတနာ ဖြစ်ပါသည်။

## ဘာသာရေးနှင့်စ သူ့ဘဝ

မတင်ရီ (၈) နှစ်သမီးအရွယ်တွင် ဦးလေးဖြစ်သူ ရေလှောင်ရွာကျောင်းဆရာတော်ထံ၌ ပရိတ်ကြီး၊ ဓမ္မစကြာ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းများ သင်ယူခဲ့၍ (၁၂) နှစ် အရွယ်တွင် ကျောင်းမှထွက်ခဲ့ပါသည်။ ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ယူစဉ်ကပင် မတင်ရီ အတွက် ဘာသာရေး အသိဉာဏ်များ တိုးပွားခဲ့ရလေသည်။ အကြောင်းမှာ ဥပုသ်နေ့များ၌

ဥပုသ်သည်များကို ဇာတ်တော်ကြီးဆယ်ဘွဲ့၊ ဓိနတ္ထပကာသနီ စသည်တို့ ဖတ်ပြခဲ့ရသောကြောင့် ဖြစ်ပေသည်။

## ကြောက်တတ်ရန်အေး သူ့အတွေးမှန်

မတင်ရီသည် ကျောင်းထွက်သည့်အချိန်ကစ၍ မိဘများအားကူညီကာ အလုပ်များလုပ်ကိုင်ပေးနေခဲ့ရာ ၁၃၁၉-ခုနှစ်တွင် ငလျင်ကြီးလှုပ်သောအချိန်တွင် ရွှေပေလွှာတစ်စောင်ထွက်လာ၏။ ၎င်းမှာ မကောင်းသူပယ်, ကောင်းသူကယ်မည် စသည်ဖြင့်ပါရှိပေရာ မတင်ရီသည် ကြောက်လာကာ ငါကောင်းအောင်နေမှဟု တွေးနေသည့်အချိန်၊ ရွာဦးလည်း ကျောင်းဆရာမများက ဦးစီး၍ ရဲမေသင်တန်းပေးနေလေ၏။ မတင်ရီသည် ကြောက်သည်ကတစ်ကြောင်း၊ ရဲမေလုပ်ရမည်ကို စိတ်မဝင်စားသည်က တစ်ကြောင်းတို့ကြောင့် မိဘကိုခွင့်ပန်ကာ သီလရှင်ဝတ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။ ထိုနှစ်သည်ကား မတင်ရီ (၁၇) နှစ်အရွယ်ရောက်သောနှစ်ဖြစ်လေ၏။ မန်းမြို့ကြီးလည်း အနှစ်တစ်ရာပြည့်သော နှစ်ဖြစ်လေ၏။

## လောကကြောက်၍ ဘဝမြောက်ရ

၁၃၂၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၅) ရက်နေ့တွင် မိတ္ထီလာချောင်၌ ဆရာကြီးဖွားသာရီကို ဥပဇ္ဈာယ်ပြု၍ သီလရှင်ဝတ်ခဲ့ပြီး သီလရှင်ဝတ်ပွဲ၌ သီရိဟေမာဆရာတော်က တရားချီးမြှင့်၍ မဓမ္မသီဟု ဘွဲ့ပေးတော်မူခဲ့လေသည်။ မဓမ္မသီသည် မိတ္ထီလာချောင်၌ (၆) လခန့်နေ၍ သမိဒ္ဓေါဒယချောင်သို့ ယခု စတုတ္ထမြောက်ချောင်ဆရာကြီး ဖြစ်လာမည့် ဖွားကုလပတိကို အကြောင်းပြု၍ ရောက်လာခဲ့ရပေသည်။ သမိဒ္ဓေါဒယချောင်၌ ရောက်သည့်အချိန်ကစ၍ ပရိယတ္တိစာပေများကို သုဗောဓာရုံစာသင်တိုက်မှ တိုက်အုပ်ဆရာတော် ဦးဥတ္တရ၊ သုဗောဓာရုံ စာသင်တိုက်မှပင် ဆရာကြီးဒေါ်ကဉ္စနာ၊ သမိဒ္ဓေါဒယချောင်မှ ချောင်ဆရာကြီး ဒေါ်မာလာရီ၊ ဖွားကုလပတိ၊ ဒေါ်ကဉ္စနဝတီ၊ ဒေါ်စရဝတီ၊ အဘယာရာမဆရာတော်၊ ဟံသာဂီရိဆရာတော်၊ သီတဂူဆရာတော်တို့



လူကြီးများကို ကျေးရလျှင် ပျော်ရွှင်

ထံမှ သင်ယူခဲ့ရလေ၏။ ဆရာကောင်းများ၏ တပည့်ပီသစွာဖြင့် ကြိုးစားသင်ယူခဲ့သဖြင့် မဓမ္မသီ အသက် (၂၀) အရွယ်တွင် အဘိဓမ္မာစာမေးပွဲ၊ (၂၅) နှစ်အရွယ်တွင် အငယ်တန်း၊ (၂၈) နှစ်အရွယ်တွင် အလတ်တန်း၊ (၃၂) နှစ်အရွယ်တွင် အကြီးတန်း၊ (၃၄) နှစ်အရွယ်တွင် စာချတန်းတို့ကို အဆင့်ဆင့် အောင်မြင်ခဲ့လေသည်။

## ရောင်ရှားနိုင်သည့် မစ္ဆရိ

ဆရာကြီးဒေါဓမ္မသီသည် သုံးနှစ်ခန့် စာချပေးခဲ့၏။ လောကဓံတစ်ခုကြောင့် စာချလုပ်ငန်းများကို ရပ်တန့်ကာ တရားအားထုတ်၍ နေလာပါတော့သည်။ ဆရာကြီးဒေါဓမ္မသီသည် စကားပြောရာ၌ အသံအားကိုသုံး၍ အားရပါးရပြောတတ်သော အလေ့ရှိ၏။ ကုလမစ္ဆရိယ အလွန်နည်းသူဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မိမိကိုကြည်ညိုကြသော ဒကာ၊ ဒကာမများအား အခြားသော ဆရာကြီး၊ ဆရာလေးများကိုလည်း ကြည်ညိုနိုင်ကြစေရန် အားထုတ်တတ်သောကြောင့် ဖြစ်ပါသည်။

## နှစ်ခုပေါင်းဖက် စွယ်တော်ရွက်

ဆရာကြီးဒေါဓမ္မသီထံ၌ ထူးခြားချက်များစွာထဲမှ တစ်ခုကိုတင်ပြရလျှင် လူတစ်ယောက်ကို သိဖူးထားလျှင် မမေ့တန်း မှတ်မိတတ်သည့် သညာသည် လူတကာထက်ထူးသော အရည်အချင်းဟု ဆိုရပေမည်။ စတုတ္ထမြောက်ချောင်ဆရာကြီး ဖွားကုလပတိ၏အနီး၌ နာယကဆရာကြီး ဒေါဆန္ဒဘာဂီနှင့် အတူနေတတ်သည်က များပါသည်။ ဒေါဆန္ဒဘာဂီသည် အဟောကောင်း၊ အပြောကောင်းဖြစ်သော်လည်း တွေ့ဖူးသောလူနှင့် နေရပ်လိပ်စာကို မမှတ်မိတတ်ချေ။ ဆရာကြီး ဒေါဓမ္မသီကား ဒေါဆန္ဒဘာဂီလောက် စကားမပြောတတ်၊ လူနာမည်နှင့် နေရပ်တို့ကို အထူးမှတ်မိတတ်လေသည်။ အလုပ်ကိစ္စ၊ ချောင်ကိစ္စ၊ သာသနာရေးကိစ္စတို့၌ နှစ်ပါးတွဲကာ ဆောင်ရွက်လျှင် အထူးအောင်မြင်သည်ကို တွေ့ရပေသည်။ ထိုဆရာကြီးနှစ်ပါးကိုကြည့်၍ ဦကာကျော်ဆရာပြောသော နာမ်နှင့်ရုပ်တို့ အချင်းချင်း ကျေးဇူးပြုပုံ (အကျိုးနှင့် အကန်း) ဥပမာကို သတိရကာ စားရေးသူ ပြုံးမိပါသည်။

## တိမ်မရောင်နှင့်နက် အသိခက်သူ

ဆရာကြီး ဒေါဓမ္မသီသည် လျှုပါမည် ပေးပါမည်ဟု ကတိပေးထားလျှင် အလျှုခံရမည့်သူ၊ အပေးခံရမည့်သူကသာ တစ်ခါတစ်ရံ မေ့ကောင်းမေ့နိုင်သည်။ ဆရာကြီး ဒေါဓမ္မသီကား

မည်မျှအလုပ်များသည်ဖြစ်စေ မမေ့တတ်ပါ။ ဤမျှအထိ သည်ကောင်းသူ ဖြစ်ပေသည်။ သာမန်အားဖြင့် ဥပဓိရုပ်နှင့် နေပုံထိုင်ပုံကိုမြင်ရလျှင် ဘာသိဘာသာနေတတ်သူ၊ သာမန်ထက်မပိုသူဟု ထင်မှားစရာရှိသော်လည်း လျှို့ဝှက်စွာနေထိုင်ပြုမူတတ်သူ ဖြစ်ပေသည်။ ဆရာကြီးဒေါဓမ္မသီ၏ အရည်အချင်းနှင့် အဆင့်အတန်းကို သိရဖို့ လွယ်ကူမည်မဟုတ်ပေ။ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံသူ ဖြစ်သည်ဟု ဆိုရပေမည်။ "ဝ" မရှိဘဲ "ဝိ" လုပ်ချင်တတ်ကြသော လူ့သဘာဝကို ကျော်လွန်၍ "ဝ" ရှိပါလျက် "ဝိ" မလုပ်တတ်သည့် ဖြူစင်သောစိတ်ဓာတ်ပိုင်ရှင်ဖြစ်၍ အလွန်လေးစားကြည်ညိုစရာ ဖြစ်ပေတော့သည်။

## တက်ညီလက်ညီ အောင်ပွဲဆီသို့




အားလျှင် တရားထိုင်

ချောင်ကိစ္စနှင့်စပ်သော သာသနာ့လုပ်ငန်းများ၌ ရှေ့တန်းက မထွက်သော်လည်း နောက်တန်းက မလွတ်တမ်း ဆောင်ရွက်ပေးသူ ဖြစ်လေသည်။ သမိဒ္ဓေါဒယချောင်ကြီးယခုကဲ့သို့ အနှစ်တစ်ရာအထိ တည်တံ့ခိုင်မြဲစွာ ထွန်းကားနေခြင်းသည် ရှေ့တန်းက ဆောင်ရွက်သူများနှင့် နောက်တန်းက ထောက်ပံ့သူတို့ ညီညာစွာ ပြုလုပ်ဆောင်ရွက်ခဲ့ကြ၍ ဖြစ်ပါသည်။ ရှေ့နောက် သံစဉ်ညီညာသော တီးဝိုင်းကြီးကို နားဆင်ရသကဲ့သို့ ကြည်နူးဖွယ် ကောင်းလှပေသည်။ ရှေ့နောက်လူညီသော ဘောလုံးပွဲကြီးကို ကြည့်ရှုနေရသကဲ့သို့ အလွန်အားရစရာကောင်းလှပေသည်။

## ဆက်လက်ချီတက် လှော်ခတ်နေဆဲ

မည်သို့ဆိုစေ ဆရာကြီးဒေါဓမ္မသီသည် မူလချောင်ဆရာကြီး ဒေါမာလာရီ တည်ထောင်ခဲ့သော သမိဒ္ဓေါဒယချောင် သာသနာ့အောင်လံကြီးကို ဆက်လက်လွှင့်ထူနိုင်စေရန်အတွက် ဆောင်ရွက်ကြရာ၌ နောက်တန်းက မလွတ်တမ်း ဆောင်ရွက်သူဖြစ်ကာ ယခုအခါ သက်တော် (၇၀) နှစ်ရောက်သည်အထိ ချောင်ကြီး၏ အလုပ်တာဝန်များအပြင် မိမိဘဝအတွက် အားထားရာအစစ်တို့ကို ကြိုးစားအားထုတ်ရင်း သာသနာပြုလျက် ရှိပါသတည်း။

■



သမိဒ္ဓါဒယချောင် ၊ စာချုနာယကဆရာကြီး

# ဒေါ်တိရဏာဉာဏီ ၏

# ဘဝသမိုင်းအကျဉ်း

သမိဒ္ဓါဒယဟူသော သာသနာ့အောင်လံကြီးကို အနှစ်တစ်ရာတိုင်တိုင် မယိုင်မလဲ မားမားစွင့်စွင့် ကြွားကြွား ဝင့်ဝင့် လွှင့်ထူထားနိုင်စေရန် အင်အားတစ်ရပ်ဖြစ်သော သမိဒ္ဓါဒယချောင်၏ စာချုနာယကဆရာကြီးအဖြစ် လူသိများထင်ရှားသော "ဒေါ်တိရဏာဉာဏီ" ၏ ဘဝသမိုင်းအကျဉ်းမှာ ဤသို့ဖြစ်ပေသည်။


## ပန်းတွေပေါသည့် ပန်းတောသူ

သမိဒ္ဓါဒယချောင်၏ စာချုနာယကဆရာကြီး ဖြစ်လာမည့် အမျိုးသမီးအာဇာနည် လောင်းလျာကို ၁၃၁၂-ခုနှစ်၊ တပေါင်းလဆန်း (၁၀) ရက်၊ စနေနေ့၊ နံနက် (၇) နာရီ၊ (၁၅) မိနစ်အချိန်တွင် မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့၊ (၂၂) လမ်း၊ မြမာလာရပ်၊ (၁၆) ကွက်တွင် အဖ ဦးအောင်လှ၊ အမိ ဒေါ်သန်းတင်တို့မှ ဖွားမြင်ခဲ့ပြီး (၁) မကြည်အေး၊ (၂) မအေးအေး၊ (၃) မငြေးငြေး၊ (၄) မောင်ထွန်းစိန်ဟူသော မွေးချင်းလေးယောက်အနက် ဒုတိယမြောက်သမီးရတနာ ဖြစ်ပါသည်။ ငယ်မည်မှာ မအေးအေးဖြစ်သည်။ အမျိုးသမီးအာဇာနည်လောင်းလျာ မအေးအေးသည် ပြင်ဦးလွင်မြို့၊ အစိုးရအထက်တန်းကျောင်း၌ အသက် (၆) နှစ်မှ (၉) နှစ်အထိ ဆရာမကြီး ဒေါ်မော်လီတင်၊ ဆရာမြိုင် စသော ဆရာသမားများထံတွင် ပညာသင်ကြားခဲ့ပြီး လေးတန်းအထိ အောင်မြင်ခဲ့ပါသည်။

## လောကဓံဒဏ်ချက် အကောင်းဘက်ရောက်

မအေးအေး၏ ဖခင် ဦးအောင်လှသည် မီးရထားလမ်းဗိုလ်ကြီးဖြစ်သည့် အားလျော်စွာ အပေါင်းအသင်းမင်၍ အသောက်အစား ဝါသနာလေး ရှိတတ်သည်။ မိခင်ဒေါ်သန်းတင်သည်

ဘာသာရေးကို ဦးထိပ်ထားသူဖြစ်ရာ မိမိလို အပူမီးများကို သားသမီးများအား မခံစားစေလိုသော စေတနာဖြင့် မကြည်အေး၊ မအေးအေး၊ မဌေးဌေးတို့ကို ၁၃၁၂-ခုနှစ်တွင် သာသနာ့ဘောင်သို့ သွတ်သွင်းကာ သီလရှင်ဝတ်စေခဲ့လေသည်။ သို့နှင့် မဌေးဌေးတို့ ညီအစ်မသုံးယောက်သည် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင်တွင် ဖွားဘုရားကြီး ဒေါ်မာလာရီကိုယ်တိုင် သီလပေး ဥပဇ္ဈာယ်ပြု၍ နာယကဆရာကြီး ဒေါ်ဣန္ဒဝတီက ဆံချအဝတ်ဝတ်ပေးလျက် ဗုဒ္ဓသမီးတော်နွယ်ဝင် သီလရှင်ဘဝကို ခံယူကာ ပရိယတ္တိစာပေများကို ပျော်ပျော်ကြီး သင်ယူကြလေသည်။ မအေးအေး၏ သီလရှင်ဘွဲ့အမည်မှာကား "မတိရဏာဉာဏီ" ဖြစ်လေသည်။



ဒေါ်တိရဏာဉာဏီ
အသက် (၂၀) အရွယ်
အကြီးအောင်

## ဆရာကောင်းမှီ အောင်ပွဲဆီသို့

မတိရဏာဉာဏီသည် မူလချောင်တည် ဖွားဘုရားကြီးနှင့် ဒေါ်ဣန္ဒဝတီ၊ ဒေါ်ဟေမာရီ၊ ဒေါ်ဉာဏာစာရီ၊ ဖွားကုလပတိ၊ ဒေါ်စရဝတီ စသော သီလရှင်ဆရာကြီးများထံမှလည်းကောင်း၊ ဝေဇယန္တာဆရာတော် ဦးကဝိသာရ၊ ဦးမဟောသဓပဏ္ဍိတ၊ ဝိသုဒ္ဓါရုံ တောင်ဖီလာတောရဆရာတော် ဦးရာဇိန္ဒ စသော ဆရာသမားများထံမှလည်းကောင်း၊ နည်းနာနိသယကောင်းများ နာယူလျက် ပညာဆည်းပူး သင်ယူခဲ့ပြီး အသက် (၁၆) နှစ်တွင် ပထမငယ်တန်း၊ အသက် (၁၈) နှစ်တွင် ပထမလတ်တန်း၊ အသက် (၂၃) နှစ်တွင် ပထမကြီးတန်း၊ အသက် (၂၆) နှစ်တွင် နိကာယဂုဏ်ဓောတက ဓမ္မတ္ထဝိသာရဒ ဒီဃဘာဏကဘွဲ့၊ အသက် (၃၀) နှစ်တွင် အဂ္ဂမဟာကျော် ဓမ္မာစရိယဘွဲ့တို့ကို အသီးသီး ရရှိခဲ့လေသည်။ ဒေါ်တိရဏာဉာဏီ၏ အစ်မ၊ ညီမတို့ ဖြစ်ကြသော မကြည်အေးနှင့် မဌေးဌေးတို့ကား ပထမကြီးတန်းအရောက်တွင် လူ့ဘဝသို့ ပြန်လည်ကူးပြောင်းသွားကြပါသည်။




သီလရှင် အဂ္ဂမဟာအကျော်
မတိရဏာဉာဏီ

အဂ္ဂမဟာကျော်ရစဉ်က
သူ့အကြောင်း စာစောင်မှ

## ပင်ကိုယ်ပဋိဘာန် စိတ်ကူးဉာဏ်

ဒေါ်တိရဏဉာဏီသည် (၁) မေမြို့၊ (၂) ပြင်ဦးလွင်၊ (၃) တောင်လှေကား၊ (၄) ပန်းမြို့တော်၊ (၅) နှင်းမှုန်မြို့ဟူသော အမည်အမျိုးမျိုးဖြင့် တင်စားခေါ်ဝေါ်ကြသော ပန်းမြိုင်လယ်ကြီးတွင် မွေးဖွားခဲ့သော်လည်း ပန်းလိုနွဲ့နွဲ့နှောင်းနှောင်းလေးမဟုတ်၊ ထောင်ထောင်မောင်းမောင်း၊ ခုံခုံထည်ထည်ကြီးနှင့် စကားပြောလျှင် အားရပါးရ ပြောတတ်သူတစ်ဦး ဖြစ်လေသည်။ ပေါင်းသင်းဆက်ဆံရေးတွင် နွဲ့နှောင်းသော ပန်းပင်ကလေးများကဲ့သို့ လိမ္မာပါးနပ်စွာ ပေါင်းသင်းတတ်လေသည်။ ဒေါ်တိရဏဉာဏီတွင် အထက်ပါ ထူးခြားချက်များအပြင် အထူးခြားဆုံး အရည်အချင်းတစ်ခုလည်း ရှိလေသည်။ ၎င်းမှာ "ပန်းအလှဆင်ခြင်းအတတ်" ပင် ဖြစ်လေသည်။ ပန်းပေါင်းစုံတို့ ပွင့်လန်းရာ ပန်းမြို့တော်သူဖြစ်၍လားမသိ၊ ပန်းအလှဆင်ခြင်းအတတ်ကို သင်ယူထားခြင်း မရှိရပါဘဲ မွေးရာပါ ပဋိသန္ဓေကပင် ကျွမ်းကျင်လေသည်။ ဘုရားကျောင်းကန်၊ အလှူ၊ စာပြန်ပွဲတို့၌ ဒေါ်တိရဏဉာဏီ အလှဆင်ထားသော ပန်းများသည် အလွန်လက်ရာမြောက်လှသဖြင့် လူတစ်ရာရှိလျှင် အယောက်ကိုးဆယ်က အံ့သြချီးမွမ်းရလေသည်။ ထို့ကြောင့် "တရားမှာ ဝိဇ္ဇော၊ ပန်းမှာ သမိဒ္ဓေါ" ဟုလည်းကောင်း၊ "ပန်းအလှဘုရင် ပန်းဆင်ထိပ်ခေါင် သမိဒ္ဓေါဒယချောင်" ဟုလည်းကောင်း ပြောစမှတ်ပြုရလေသည်။



ဒီပန်းဆင်ပုံကလည်း တစ်မျိုးလေး



စာပြန်ပွဲ သူဆင်သည့် ပန်းအလှ

## နိဗ္ဗာန်ကူးတို့ သူဆောင်ပို့

ထို့အပြင် မတိရဏဉာဏီသည် ခွန်အားဗလလည်းကောင်းသူဖြစ်သည်။ သို့ဖြစ်၍ ဖွားဘုရားကြီး ဒေါ်မာလာရီသက်တော် (၉၀) ကျော်ပြီးနောက်ပိုင်း၌ ဘုရားကျောင်းသို့ ဘုရားဝတ်တက်သွားရာတွင် မတိရဏဉာဏီက ချီ၍ ပို့ပေး

ခဲ့ရလေသည်။ ဘုရားကျောင်းသို့ သွားရာလမ်းတွင် ဖွားဘုရားကြီးက "မတိရေ သီးပင်အောက်က မသွားပါနဲ့နော်၊ သီးသီး ငါ့ခေါင်းပေါ်ကြွေကျမယ်၊ ငါ့ကိုလည်း သေချာပွေ့ထားဦးနော်၊ ပန်းကန်ပေါ်ကျကွဲသွားရင် အစားပြန်ဝယ်ပေးလို့ရတယ်။ ငါ့ခေါင်းပေါ်ကျသွားရင် အစားဝယ်လို့ မရဘူးအေ့" စသဖြင့် ချစ်စနိုးနှင့် ပြောတတ်လေရာ မတိရဏာဉာဏီမှာ ဖွားဘုရားကြီး၏စကားကို သဘောကျကာ တခစ်ခစ်ရယ်ခဲ့ရလေသည်။ ဘုရားရှိခိုးပြီး ဖွားဘုရားကြီး နေထိုင်ရာကျောင်းသို့ ပြန်ပို့အပြီးတွင်လည်း ဖွားဘုရားကြီးက "သာဓုကွယ်... သာဓု...၊ ဒီနေ့တော့ ညည်းပို့ပေးလို့ ဘုရားကျောင်းမှာ ဘုရားဖူးရောက်ခဲ့ရပြီ၊ နက်ဖန်မှ တစ်ခါသွားကြဦးစို့" ဟု ပြောရာ လေသည်။ မတိရဏာဉာဏီအားလည်း "ညည်းလည်း ကိုယ့်အမေနေစေချင်တဲ့ သာသနာ့ဘောင်မှာ သီလရှင်ဝတ်လေးနဲ့ မြဲအောင်နေ၊ သီလရှင်ဆိုတာ သီလစောင့်ထိန်းပြီးနေရတာမို့ အိုသည့်တိုင်အောင် ချမ်းသာတယ်" ဟု ဆုံးမလေ့ရှိသည်။ မတိရဏာဉာဏီက "တပည့်တော်ပါရမီရှိသလောက် နေမှာပါဘုရား" ဟု ပြန်လျှောက်လျှင် "ဟဲ့... မိတိရဏာရဲ့ ပါရမီဆိုတာ သူ့အလိုလို ရှိလာတာ မဟုတ်ဘူး၊ ကိုယ်ကရှိအောင်လုပ်ရတာ၊ ကိုယ်ကဖြည့်ဆည်းရတာ၊ ပါရမီရှိလာအောင် ကျင့်ကြံကြိုးကုတ်



တိပိဋကဆရာတော်နှင့် နိကာယ်ဘွဲ့နှင်းသဘင်



၁၃၄၃ ခု၊ ကဆုန်လပြည့်နေ့ (၁၈-၅-၈၁) နေ့
နိကာယ်ဘွဲ့နှင်းသဘင်
ဥဘတောအောင်စဉ်က



သူ့ပုံနှင့် သူ့အောင်လက်မှတ်များ

အားထုတ်ပြီး သီလရှင် ဝတ်လေးနဲ့ မြိုအောင်၊ ပျော်အောင် နေနော်၊ သာသနာ့ဘောင်မှာ နေခွင့်ရတယ်၊ မြိုတယ်ဆိုတာ ထိုက်တန်တဲ့သူမှသာ ဖြစ်နိုင်တာအေ့" ဟု ပြန်လည်ပြောပြဆုံးမခဲ့လေသည်။ ဤသည်ကိုကြည့်၍ မတိရဏာဉာဏ်အား ဖွားဘုရားကြီးက မည်မျှအားကိုးသည် ချစ်ခင်သည်ကို သိနိုင်ပေသည်။ မတိရဏာဉာဏ်ကလည်း ဆရာမိဘတို့ ဆိုဆုံးမခဲ့သည့် အတိုင်း ယခုအချိန်ထိ သီလရှင်ဘဝဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ပင် ရှိပေသည်။



တပည့်များနှင့် စာချဆရာ

## တာဝန်ကျစွာ ဆက်လျှောက်နေဆဲ

ဤသို့ အထူးထူးအပြားပြား ဂုဏ်ပုဒ်များရှိသော ဒေါ်တိရဏာဉာဏ်သည် အသက် (၂၉) နှစ် အရွယ်မှစ၍ ယခု အသက် (၆၂) နှစ်တိုင်အောင် တစ်နေ့လျှင် အနည်းဆုံး (၄) ကြိမ် စာချပေးလျက်ရှိသည်။ သမိဒ္ဓါဒယချောင်ကြီး၏ တာဝန်များအပြင် မိမိဘဝသံသရာ အခြေလှဖို့ ပရိယတ်၊ ပဋိပတ် လုပ်ငန်းများကိုလည်း ကြိုးစားအားထုတ်ရင်း သမိဒ္ဓါဒယချောင်တည်းဟူသော သာသနာ့အောင်လံကြီးကို ပိုမိုမြင့်မား တင့်တယ်အောင် ဝိုင်းဝန်းလွှင့်ထူလျက် ရှိပါသတည်း။

■



# သမိဒ္ဓါဒယချောင်၊ စာချုနာယကဆရာကြီး

# ဒေါ်ပညာသီဂီ၏

# ဘဝသမိုင်းအကျဉ်း

မူလချောင်တည်ဆရာကြီး ဒေါ်မာလာရီ စတင် လွှင့်ထူခဲ့သော သမိဒ္ဓါဒယတည်းဟူသော သာသနာ့ အောင်လံကြီးကို အင်အားကောင်းစွာဖြင့် အနှစ်တစ်ရာတိုင်အောင် လွှင့်ထူနိုင်ရန် တစ်ဖက် တစ်လမ်းက အထောက်အကူပြု၍ ကျေးဇူးများလှသော စာချုနာယကဆရာကြီး ဒေါ်ပညာသီဂီ၏ ဘဝသမိုင်းအကျဉ်းမှာ ဤသို့ဖြစ်ပေသည်။

## မြို့သူ သီလရှင်ဘဝ ရခဲ့လှ

စာချုနာယကဆရာကြီးဖြစ်သော ဒေါ်ပညာသီဂီ ဖြစ်လာမည့် အာဇာနည်အမျိုးသမီးငယ်သည် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉ x ၈၆ လမ်း၊ ထုံးဘူးတန်းရပ်ဇာတိ ဖြစ်ပေသည်။ ခမည်းတော်မှာ ကုန်သည်ပွဲစားကြီးဖြစ်သူ ဦးဝင်းမောင် ဖြစ်ပြီး၊ မယ်တော်မှာ ဒေါ်သန်းမေတို့ ဖြစ်ကြလေသည်။ စာချုနာယက လောင်းလျာလေးသည် ၁၃၀၉-ခုနှစ်၊ နတ်တော်လဆန်း (၈) ရက်၊ ကြာသပတေးနေ့၊ နံနက် (၄:၀၀) နာရီ အချိန်တွင် ရခဲ့လှသည့် လူ့ဘဝကို လက်ဝယ်ပိုင်ပိုင် ရရှိခဲ့သူ ဖြစ်ပေသည်။ မွေးချင်းများမှာ (၁) ကိုခင်မောင်စိန်၊ (၂) ကိုခင်မောင်ကြည်၊ (၃) မမြင့်၊ (၄) မမြခိုင်ဟူ လေးယောက်ရှိလေသည်။ စာချုနာယကဆရာကြီး ဒေါ်ပညာသီဂီသည် တတိယမြောက်သမီးရတနာ ဖြစ်ပါသည်။ မမြင့်သည် ၁၃၁၈-ခုနှစ်၊ (၉) နှစ်သမီး အရွယ်တွင် မိသားစုအလှူပွဲ၌ ဒုလ္လဘဝတ်ခဲ့ရာမှ သီလရှင်ဘဝ၌ မြဲခဲ့သူဖြစ်လေသည်။ ထို့ကြောင့်လည်း



ဒေါ်ပညာသီဂီ

လ, ရက်တို့နှင့် သီလပေးတရားဟောသော ဆရာတော်ဘွဲ့အမည်တို့ကို မမှတ်မိခဲ့ချေ။ မြင့် သီလရှင်ဝတ်ခဲ့သည့်ကျောင်းမှာ မန္တလေးမြို့၊ ဝိသုဒ္ဓါရုံတိုက်၊ ဇမ္ဗူမော်ကျောင်း ဖြစ်လေသည်။

## မမြင့် မမြင့်တာလည်းရှိ၊ မြင့်တာလည်းရှိ

စာချနာယကဆရာကြီး ဒေါ်ပညာသီဂီ၏ ဘွဲ့အမည်ကို အများအားဖြင့် ခေါ်လေ့ခေါ်ထ မရှိကြဘဲ ဒေါ်မြင့်ဟုသာ ခေါ်ဝေါ်ကြ အသိများကြလေသည်။ ဒေါ်မြင့်သည် မိခင်ကြီး၏ စကားကို နားထောင်ခဲ့သော သမီးအလိမ္မာမို့သာ သီလရှင်ဝတ်ခဲ့သော်လည်း ငယ်စဉ်က သီလရှင်ဘဝတွင် မပျော်ပိုက်ခဲ့ပေ။ ဘုန်းကံပါရမီရှိသူဖြစ်၍သာ သီလရှင်ဘဝကို မြဲသည်ဟု ဆိုရပေမည်။ ဆရာကြီး ဒေါ်မြင့်သည် နာမည်အားဖြင့် ဒေါ်မြင့်ဖြစ်နေသော်လည်း အရပ် အမောင်းမှာ သိပ်မြင့်လှသူမဟုတ်။ ဖြူဖြူပုပုလေးသာ ဖြစ်လေသည်။ ဒေါ်မြင့်ဆိုသည့်အတိုင်း မိမိထက် အသက်အရွယ်မြင့်မြတ်ကြသည့် ချောင်အတွင်းမှ ဖွားသက်ရှည် တော်တော်များများ ကိုတော့ စိတ်ဓာတ်ကို မြှင့်တင်အောင်ထား၍ ကြင်နာယုယစွာ ပြုစုတတ်သည်ဟု ဆိုကြပါသည်။ ထို့ကြောင့် ဒေါ်မြင့်သည် အရပ်အမောင်း မမြင့်သော်လည်း စိတ်ဓာတ်မြင့်သူ ဖြစ်လေသည်။

## မြင့်မြတ်ဆရာ ချဉ်းကပ်လာ

စာချနာယကဆရာကြီး ဒေါ်ပညာသီဂီ (ခေါ်) ဒေါ်မြင့်သည် မန္တလေးမြို့၌ သီလရှင် ဝတ်ပြုမှ စစ်ကိုင်းသမိဒ္ဓါဒယျောင်သို့ ပြောင်း ရွှေ့လာသူ ဖြစ်ပေသည်။ မန္တလေးမှာ ဝတ်သည် ဆိုသော်လည်း မန္တလေး၌ လအနည်းငယ်သာ နေ၍ သမိဒ္ဓါဒယျောင်သို့ ရောက်ခဲ့ခြင်း ဖြစ် လေသည်။ ထို့ကြောင့် ဒေါ်မြင့်၏ကျေးဇူးရှင် စာချဆရာများမှာ စစ်ကိုင်းတောင်မှသာ ဖြစ်ပေ သည်။ ၎င်းတို့မှာ ဖွားဘုရားကြီး ဒေါ်မာလာရီ၊ ဒေါ်ဟေမာရီ၊ ဒေါ်ဉာဏာစာရီ၊ ဒေါ်ကုလပတိ၊ ဒေါ်စရဝတီ စသော သီလရှင်ဆရာကြီးများနှင့် ဟံသာဂီရိဆရာတော်၊ သီတဂူဆရာတော်တို့ ဖြစ်ကြလေသည်။ စာချနာယက ဆရာကြီး ဒေါ်မြင့် အောင်မြင်ခဲ့သော စာမေးပွဲများနှင့် ရခဲ့သော ဘွဲ့တံဆိပ်တို့မှာ ၁၃၃၂-ခုနှစ်တွင် အငယ်တန်း၊ ၁၃၃၃-ခုနှစ်တွင် အလတ်တန်း၊



လူကြီးများကို
ကြင်ကြင်နာနာပြုစုနေသည့် ဒေါ်မြင့်

၁၃၃၅-ခုနှစ်တွင် အကြီးတန်း၊ ၁၃၃၉-ခုနှစ်တွင် ဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့လေသည်။ ၁၃၅၅-ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်သော စူဠဂန္ဆဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ကို အလှူခံရရှိခဲ့လေသည်။

## သူ့ဗီဇက ထူးလှသည်

ဆရာကြီးဒေါ်မြင့်သည် အနေရိုးကုတ်သူဟု ဆိုရမည်ဖြစ်ပေသည်။ စာရေးသူက သိချင်တာများ မေးလိုက်လျှင် မှတ်မိတော့ဘူးဘုရားဟုပြောကာ ခေါင်းလေးကုတ်ကုတ်နေတတ်သည်။ ဒေါ်မြင့်ဟုဆိုရသော်လည်း သိပ်မြင့်မားမားကြီး ဖြစ်လာရန် စိတ်ကူးရှိပုံမရ၊ ရိုးရိုးကလေးသာ နေလိုပုံရသည်။ သူ့မှာ စာချစရာရှိလျှင် စာချသည်။ မရှိလျှင် လူကြီးတွေပြုစုသည်။ အားလျှင် ဂုဏ်တော်များပွားရွတ်နေလေ့ရှိတတ်သည်ဟု ဆိုပါသည်။ မည်သို့ဆိုစေ ဒေါ်ပညာသီဂီခေါ် ဒေါ်မြင့်သမိုင်း၌ သမိဒ္ဓေါဒယချောင်ကြီး နှစ်တစ်ရာဆိုသည်အထိ အောင်လံလွှင့်ထူလာရာမှာ တစ်တောင့်တစ်နေရာက ပါဝင်နေသည်ကိုကား ထင်ရှားလှပေသည်။ ဒေါ်မြင့်ကို တွေ့မြင်ရလျှင် ပြုံးပြုံးနှင့် စကားများပြောတော့မှာပဲဟု ထင်ရသော်လည်း အလွန်အပြောနည်း၍ ရိုးကုပ်ငြိမ်နေတတ်သည်ကိုက ကြည်ညိုစရာတစ်ခု ဖြစ်ပေသည်။

## မြင့်မြတ်အတွေး နွေးထွေးသူဘဝ

ငယ်စဉ်က မိဘစကားနားထောင်ခဲ့၍ သီလရှင်ဘဝ မြိုခဲ့သော်လည်း စာမေးပွဲများ အောင်လာသောအခါ မိမိကိုယ်ကို ယုံကြည်မှုရှိလာကာ သီလရှင်ဘဝတွင် ပျော်ပိုက်လာလေတော့သည်။ ဤသို့ဖြင့် အမျိုးသမီးအာဇာနည်တို့ ခိုကိုးရာ သီလရှင်သာသနာအတွက် အားထားရသည့် ဆရာကြီးတစ်ပါး ဖြစ်လာတော့သည်။ ယခုအခါ သက်တော် (၆၄) နှစ်ရှိ ဆရာကြီး ဒေါ်မြင့်သည် တပည့်များအတွက် စာချပေးရင်း သက်တော် (၉၂) နှစ်ရှိ ဖွားစန္ဒာရီကို ပြုစုရင်း ချောင်လုပ်ငန်းများကို လူကြီးများခိုင်းသည့်အတိုင်း ဆောင်ရွက်ပေးရင်း မိမိဘဝအတွက် အားထားစရာ အကျင့်စရဏတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်ရင်းဖြင့် သမိဒ္ဓေါဒယတိုက်ကြီး၏ သာသနာ့အောင်လံကြီးကို အနှစ်တစ်ရာတိုင်လွှင့်ရာ၌ တစ်ဖက်တစ်လမ်းမှ ကူညီကာ ချောင်အကျိုးများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသတည်း။



စစ်ကိုင်းတောင်ရိုး
သမိဒ္ဓါဒယျောင် စာချဆရာ

# မနိမလဉာဏီ ၏

# အတ္ထုပ္ပတ္တိအကျဉ်း

မနိမလဉာဏီသည် ဝက်လက်မြို့၊ ခေါတောရွာ ခမည်းတော် ဦးမင်းဝန်+ မယ်တော် ဒေါလှသိန်းတို့မှ ၁၃၂၁-ခု၊ ပြာသိုလဆန်း (၅) ရက်၊ စနေနေ့တွင် ဖွားမြင်သော သမီးရတနာ ဖြစ်ပါသည်။

၁၃၃၄-ခုနှစ်၊ ကဆုန်လဆန်း (၈) ရက်၊ တနင်္္ဂနွေနေ့တွင် စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓါဒယျောင်၊ ပထမဆရာကြီး ဒေါမာလာရီကို ဥပဇ္ဈာယ်ပြုလျက် ဦးလှဖေ+ဒေါသိန်းတင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော သီလရှင် အဖြစ်သို့ ရောက်ရှိပါသည်။

သီလရှင်ဖြစ်ပြီးနောက် ဆရာကြီး ဒေါစရဝတီထံ ပရိတ်ကြီး၊ မင်္ဂလသုတ်မှ စ၍ သင်ယူရာ သာသနောဒယစာမေးပွဲ ငယ်-လတ်-ကြီးကိုလည်းကောင်း၊ အဘိဓမ္မာစာမေးပွဲ ပ၊ ဒု၊ တကိုလည်းကောင်း၊ ၁၃၃၇-ခုနှစ်တွင် ပထမငယ်၊ ၁၃၄၀-ခုနှစ်တွင် ပထမလတ်၊ ၁၃၄၂-ခုနှစ်တွင် ပထမကြီးတန်း အောင်မြင်၍ ၁၃၅၉-ခုနှစ်တွင် သာသနဓဇမဟာစရိယဘွဲ့နှင့် ဝိနယဝိဒူဘွဲ့ကို ဆွတ်ခူးရရှိခဲ့ပါသည်။

ယခုအခါ သမိဒ္ဓါဒယျောင်၌ စာချဆရာအဖြစ် သာသနာ့တာဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်လျက် ရှိပါသည်။ ၁၃၅၉-ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲကို စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး သမိဒ္ဓါဒယျောင်၊ ဒုတိယဆရာကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါဟေမာရီထံမှ ဝင်ရောက်ဖြေဆို အောင်မြင်ပါသည်။



စစ်ကိုင်းတောင်ရိုး
သမိဒ္ဓေါဒယချောင် စာချဆရာ

# မစန္ဒကလျာ ၏
# အတ္ထုပ္ပတ္တိအကျဉ်း

မစန္ဒကလျာသည် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ တော်ဝိရွာ၊ ဦးစိုးမောင်+ဒေါ်အေးမြိုင်တို့၏ သမီးရတနာဖြစ်သည်။

၁၃၂၁-ခုနှစ်၊ တပေါင်းလဆန်း (၁၂) ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။

၁၃၅၁-ခု၊ ပြာသိုလပြည့်ကျော် (၁၂) ရက်၊ အင်္ဂါနေ့တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ သမိဒ္ဓေါဒယချောင် ဆရာကြီးကို ဥပဇ္ဈာယ်ပြုကာ သီလရှင်အဖြစ်သို့ရောက်သည်။

သီလရှင်ဖြစ်သည်မှစ၍ ပရိယတ္တိစာပေများကို ကြိုးစားသင်ယူခဲ့ရာ၊ မူလတန်း၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတို့ကို အောင်မြင်၍ ၁၃၇၁-ခုနှစ်တွင် ဓမ္မာစရိယကျမ်းစာ ပါရာဓိကဏ္ဍ၊ ဓမ္မသင်္ဂဏီတို့ကို အောင်မြင်ခဲ့ပါသည်။

ယခုအခါ သမိဒ္ဓေါဒယချောင်၌ စာချဆရာအဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ အခြေခံမှစ၍ ပထမကြီးတန်းထိ စာပေများကို သမိဒ္ဓေါဒယချောင်ဆရာကြီး ဒေါ်ဆန္ဒဘာဂီ၊ ဒေါ်ကုမာရီ၊ ဒေါ်နိမလ၊ ဒေါ်ဝေသီဂီတို့ထံမှလည်းကောင်း၊ ဓမ္မာစရိယကျမ်းစာများကို စစ်ကိုင်းတောင်ရိုး ဓေယျသိန်ဆရာတော်၊ ဇိနောဆရာတော်၊ ကြံခင်းဆရာတော်တို့ထံမှလည်းကောင်း သင်ယူခဲ့ပါသည်။

❀



စစ်ကိုင်းတောင်ရိုး
သမိဒ္ဓါဒယချောင် စာချဆရာ

## မကုမာရီ ၏

# အဌုဖွတ်ိအကျဉ်း

မကုမာရီသည် ဝက်လက်မြို့၊ ခေါတောရွာ ခမည်းတော် ဦးမင်းဝန်+မယ်တော် ဒေါလှသိန်းတို့မှ ၁၃၂၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၇) ရက်၊ တနလ်ာနေ့တွင် ဖွားမြင်သည်။

၁၃၃၆-ခုနှစ်၊ တပေါင်းလဆန်း (၁၀) ရက်၊ ကြာသပတေးနေ့တွင် သမိဒ္ဓါဒယချောင် ဆရာကြီး ဒေါမာလာရီကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးမင်းဝန်+မယ်တော် ဒေါလှသိန်းတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

သီလရှင်ဖြစ်ပြီးနောက် ဆရာကြီး ဒေါစရဝတီထံ ပရိတ်ကြီး မင်္ဂလသုတ်မှ စ၍ သင်ယူရာ သာသနောဒယစာမေးပွဲ ငယ်လတ်ကြီးတို့ကိုလည်းကောင်း၊ အဘိဓမ္မာစာမေးပွဲ ပ၊ ဒု၊ တ တို့ကိုလည်းကောင်း၊ အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲ ပ၊ ဒု၊ တ တို့ကိုလည်းကောင်း၊ ၁၃၄၅-ခုနှစ် ဘုရင်သမုတိ ပထမကြီးတန်းကိုလည်းကောင်း၊ ၁၃၄၀-ခု၌ အစိုးရပထမငယ်တန်း၊ ၁၃၄၂-ခု၌ အစိုးရပထမလတ်တန်း၊ ၁၃၅၂-ခု၌ အစိုးရပထမကြီးတန်းတို့ကိုလည်းကောင်း၊ ၁၃၅၆-ခု၌ ဝိနယဝိဒူဘွဲ့ကိုလည်းကောင်း၊ ၁၃၅၇-ခု၌ သာသနာ့ဓဇ ဓမ္မာစရိယဘွဲ့ကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ပြီး ယခုအခါ စစ်ကိုင်းမြို့၊ သောတာပန်ရွာ၊ သမိဒ္ဓါဒယချောင်တွင် စာချဆရာအဖြစ်ဖြင့် ပရိယတ္တိ သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

❁



စစ်ကိုင်းတောင်ရိုး
သမိဒ္ဓါဒယျောင် စာချဆရာ
# မပဇ္ဇောတဉာဏီ ၏
# အတ္ထုပ္ပတ္တိအကျဉ်း

မပဇ္ဇောတဉာဏီသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အုံတုံရွာအဘ ဦးအုန်းမောင်+အမိ ဒေါ်လှသိတို့မှ ၁၃၃၅-ခု၊ နယုန်လဆန်း (၇) ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သော သမီးရတနာဖြစ်သည်။ သားသမီးရှစ်ယောက်အနက် ငါးယောက်မြောက် သမီးရတနာဖြစ်သည်။

၁၃၅၀-ခု၊ အသက် (၁၅) နှစ်အရွယ်တွင် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးသမိဒ္ဓါဒယျောင်၌ ချောင်ဆရာကြီးကို ဥပဇ္ဈာယ်ပြု၍ အဒေါ်ဖြစ်သူ ဒေါ်သုဝဏ်၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သီလရှင်အဖြစ်သို့ရောက်သည်။

သမိဒ္ဓါဒယျောင်၌ပင် ဒေါ်ဆန္ဒဘာဂီ (သာသနဓဇမဟာစရိယ)၊ ဒေါ်ကုမာရီ (သာသနဓဇမဟာစရိယ) တို့ထံ၌ ပထမကြီးတန်းထိ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

အစိုးရမဟာစရိယတန်းကို ဓေယျသိန်ဆရာတော်၊ ဓိနောဒယဆရာတော်၊ ကြံခင်းပဇ္ဇောတာရုံဆရာတော်ထံတို့၌ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။ သီလကျွန်ကျမ်း၊ အဋ္ဌသာလိနီကျမ်းတို့ကို အောင်မြင်ခဲ့သည်။

မပဇ္ဇောတဉာဏီသည် ချောင်ဆရာကြီး ဖွားဖွားကု၏ နေ့စဉ်ဘုံဆွမ်းလောင်းမှု၊ စာပေပို့ချမှုတို့ကို အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။



စစ်ကိုင်းတောင်ရိုး
သမိဒ္ဓါဒယချောင် စာချဆရာ

## မရူပဝတီ ၈၆

# အတ္ထုပ္ပတ္တိအကျဉ်း

မရူပဝတီသည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ တပယ်ရွာဦးအေးမောင်+ဒေါ်တင်ညိုတို့မှ ၁၃၃၆-ခု၊ တန်ခူးလပြည့်ကျော် (၂) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သမီးရတနာ ဖြစ်ပါသည်။ ၁၃၅၅-ခု၊ တန်ဆောင်မုန်းလပြည့်နေ့တွင် စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓါဒယချောင် ဆရာကြီး ဖွားကုလတိကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သီလရှင်အဖြစ်သို့ ရောက်ခဲ့သည်။

သီလရှင်ဖြစ်ပြီးနောက် ဆရာကြီး ဖွားကုလပတိ, ဒေါ်သန္တ, ဒေါ်ကုမာရီတို့ အထံ၌ အခြေခံစာများကို သင်ယူခဲ့ပါသည်။ ၁၃၅၅ မှ ၁၃၅၈ အထိ မန္တလေးတက္ကသိုလ်၌ အဝေးသင်တက်ရောက်ကာ B.Sc (ရက္ခဗေဒ) ဘွဲ့ကို ရရှိခဲ့ပါသည်။

၁၃၅၉ ခုနှစ်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ တောင်စွန်း ဓမ္မဒူတတောရကျောင်းတိုက်သို့ ရောက်ရှိကာ မူလတန်းမှစ၍ သင်ကြားခဲ့ပါသည်။ အခြေပြုမူလတန်း၊ ပထမငယ်တန်း အောင်မြင်ပြီး ပထမလတ်တန်း-တစ်နိုင်ငံလုံး ပထမ၊ ပထမကြီးတန်း-တစ်နိုင်ငံလုံး ပထမ ရရှိကာ (ပထမကျော်) ဘွဲ့ကို ရရှိခဲ့ပါသည်။

ယခုအခါ ဓမ္မစရိယစာဝါများကို စစ်ကိုင်းတောင်ရိုး၊ ဇေယျသိန်ဆရာတော်၊ ပဌမဂန္ဓာရုံဆရာတော်၊ လေးကျွန်မြေ အုဋ္ဌကျောင်းဆရာတော်တို့ထံမှ သင်ယူရင်း သမိဒ္ဓါဒယချောင်၌ စာချဆရာအဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

❀



စစ်ကိုင်းတောင်ရိုး
သမိဒ္ဓါဒယျောင် စာချဆရာ

# မသုကေသီ ၏
# အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်သုကေသီသည် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ သစ်တက္ကုန်းကျေးရွာ အဘ ဦးကျော်ညွှန့်+အမိ ဒေါ်ခင်တင့်တို့၏ သမီးရတနာဖြစ်သည်။

၁၃၃၃-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၃) ရက်၊ သောကြာနေ့တွင် ဖွားမြင်သည်။

၁၃၄၇-ခုနှစ်၊ တပို့တွဲလဆန်း (၁၅) ရက်နေ့တွင် အဘ ဦးကျော်ညွှန့်+အမိ ဒေါ်ခင်တင့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ သမိဒ္ဓါဒယျောင်ဆရာကြီး ဒေါ်စရဝတီကို ဥပဇ္ဈာယ်ပြုကာ သီလရှင်အဖြစ်သို့ရောက်သည်။

သီလရှင်ဖြစ်ပြီးနောက် ဆရာကြီး ဒေါ်စရဝတီထံ ပရိတ်ကြီးမှစ၍ သင်ယူရာ အစိုးရ ပထမပြန်စာမေးပွဲ မူ၊ ငယ်၊ လတ်၊ ကြီးတို့ကို အောင်မြင်ခဲ့၍ စစ်ကိုင်းတောင်ရိုး သာသနောဒယ သာသနာ့တံခွန်စာမေးပွဲ ပထမငယ်တန်းကိုလည်း ပထမတန်းမှ အောင်မြင်ခဲ့သည်။

ယခု ဓမ္မာစရိယစာဝါများကို စစ်ကိုင်းတောင်ရိုး မဟာဝေပုလ္လဆရာတော်၊ ကြံခင်းပဇ္ဇောတာရုံဆရာတော်တို့ထံမှ သင်ယူနေ၍ သမိဒ္ဓါဒယျောင်၌ စာချဆရာအဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

❁



စစ်ကိုင်းတောင်ရိုး
သမိဒ္ဓါဒယျောင် စာချဆရာ

# မသုဝဏ္ဏာစန္ဒီ ၏
# အတ္ထုပ္ပတ္တိအကျဉ်း

မသုဝဏ္ဏာသည် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ဦးထွေးမောင်+ဒေါ်စိန်ကြည်တို့၏ သမီးရတနာဖြစ်သည်။ ၁၃၃၈-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၃) ရက်၊ သောကြာနေ့တွင် ဖွားမြင်သည်။

၁၃၅၀-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၅) ရက်၊ အင်္ဂါနေ့တွင် ဦးထွေးမောင်+ဒေါ်စိန်ကြည်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မကွေးတိုင်း၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ဆုံကုန်းသာသနာ့ရိပ်သာဆရာကြီးကို ဥပဇ္ဈာယ်ပြုကာ သီလရှင်အဖြစ်သို့ရောက်သည်။

၁၃၅၅-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၅) ရက်နေ့တွင် သမိဒ္ဓါဒယျောင်သို့ရောက်ခဲ့သည်။ ရောက်ပြီးနောက် ဆရာကြီး ဒေါ်စရဝတီထံ အခြေခံစာများမှစ၍ သင်ယူရာ ၁၃၆၂-ခုနှစ်တွင် မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်၍ စစ်ကိုင်းတောင်ရိုး၊ သာသနောဒယ သာသနာ့တံခွန် စာမေးပွဲတွင် မူလတန်းနှင့် ပထမလတ်တန်းတို့၌ အောင်မြင်ခဲ့ပါသည်။

ယခုအခါ စစ်ကိုင်းတောင်ရိုး မဟာဝေပုလ္လဆရာတော်၊ ပထမဂန္ဓာရုံဆရာတော်၊ ကြံခင်းပဇ္ဇောတာရုံဆရာတော်တို့ထံ ဓမ္မာစရိယတန်း စာပေများကို သင်ယူခဲ့ရာ ၁၃၇၂-ခုနှစ်တွင် သီလကွန်ကျမ်းကို အောင်မြင်ခဲ့၍ သမိဒ္ဓါဒယျောင်၌ စာချဆရာအဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

❁

အခန်း (၇)

# သဝဏ်ဒိဋ္ဌိယာဇီ

သာသနာ့သမိုးမှောက်



## ပထမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ၏

# သီလရှင်ကျင့်ဝတ် ဥပဒေသံပေါက်

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး ပထမမဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော အောက်ပါ "သီလရှင်ဥပဒေကျင့်ခန်း" ကို သီလရှင်များသာမက ဗုဒ္ဓဘာသာဝင်များပါ နှုတ်တက်အာဂုံ အရဆောင်ကြရမည်။

၁။ ရှေ့နောက် စဉ်းစား၊ သတိထား၊ ဉာဏ်အားအမှန်ကြည့်။
၂။ ကြည့်လို့မြင်သော်၊ တော်မတော်၊ အဖော်ညှိနှိုင်းဘိ။
၃။ အဖော်နှင့်ပြော၊ ဉာဏ်နီးနှော၊ သဘောကျလေ့ရှိ။
၄။ ထို့ကြောင့်ကဝိ၊ ပညာရှိ၊ မျက်စိဆုံးအောင်ကြည့်။
၅။ ဘယ်သင်း ဘယ်ဟာ၊ အရာရာ၊ ငါသာတတ်ချင်ဘိ။
၆။ ပညာသတိ၊ ဉာဏ်မသိ၊ မှားမှန်းမသိ မှားတတ်၏။
၇။ ကဝိတစ်ဆူ၊ လုပ်ချင်သူ၊ နှိုင်းယှဉ်အများညှိ။
၈။ အများလောက၊ သဘောကျ၊ မုချမှားမရှိ။
၉။ သို့မှလွန်ခိုင်၊ မယိမ်းယိုင်၊ ကျောက်တိုင်ပမာရှိ။
၁၀။ တပည့်ကျင့်ခန်း၊ ထုံးနည်းလမ်း၊ တစ်ခန်းပြဦးအုံ့။
၁၀။ ဆရာ့အပြစ်၊ ဆိုးအညစ်၊ စင်စစ်မပြောရ။
၁၂။ ဆရာဆုံးမ၊ သြဝါဒ၊ မုချနားထောင်ရ။
၁၃။ ဆရာကိုမှု၊ နှုတ်ခမ်းစူ၊ ပြန်မှုမပြောရ။
၁၄။ ပြစ်မပြောငြား၊ ထိုသူအား၊ နှစ်ပါးကိုယ်စိတ် ချမ်းသာရ။
၁၅။ ကမ္မဋ္ဌာန်းထုတ်သူ၊ သီလဖြူ နိဗ္ဗုလျင်မြန်ရ။
၁၆။ ပရိယတ်ပဋိပတ်၊ ကျင့်မြတ်နှစ်ဖြာ၊ ပြည့်စုံတာ၊ တိုက်တာဂုဏ်ကြီးရ။
၁၇။ တိုက်ဂုဏ်ရှိငြား၊ လွန်ကြီးပွား၊ ဘုရားသာသနာ ချီးမြှောက်ရ။

၁၈။ သာသနာမူ၊ ချီးမြှောက်သူ၊ နိဗ္ဗုလျှင်မြန်ရ။
၁၉။ တောထဲတောင်ထဲ၊ တစ်ယောက်တည်း၊ ထင်းလည်းမခွေရ။
၂၀။ ပြေးလား လွှားလား၊ တဟား‌ဟား၊ လား‌လား‌မပြုရ။
၂၁။ ရေခပ်ရေချိုး၊ သည်နှစ်မျိုး၊ ကိုယ်ကျိုးရှိအောင်သွား။
၂၂။ ညာလှမ်းရုပ်နာမ်၊ ဘယ်လှမ်းဖြစ်ပျက်၊ ထင်မြင်လျက်၊ မပျက်ခရီးသွား။
၂၃။ သွားတိုင်းသွားတိုင်း၊ စိတ်မရိုင်း၊ ကသိုဏ်းခြေမှာထား။
၂၄။ ခြေတစ်လှမ်းမှန်၊ သချေ်ဟန်၊ နိဗ္ဗာန်ရဖို့သွား။
၂၅။ ဆွမ်းလောင်းပြန်လျှင်၊ သီလရှင်၊ ငယ်လျှင်မခိုင်းနှင့်။
၂၆။ ဆွမ်းကပ်ပြန်လျှင်၊ သီလရှင်၊ ကိုယ်ပင်မကပ်နှင့်။
၂၇။ ဆွမ်းကပ်ပြန်ရာ၊ ဘုဉ်းပေးပါ၊ တစာစာမလျှောက်ကြနှင့်။
၂၈။ ဆွမ်းကျွေးသောအခါ၊ ဒါယကာ၊ ပါးမှာမခွာနှင့်။
၂၉။ ရဟန်းတစ်ပါး၊ အိမ်တွင်းများ၊ ယောကျ်ားကင်း၍ မပင့်ရ။
၃၀။ ဆွေဘုန်းကြီးကား၊ ဝင်ပြန်ငြား၊ ဘုရားကျောင်းမှာ ဇည့်ခံကြ။
၃၁။ ညဉ့်အိပ်ပြန်လို၊ ထိုဘုန်းမို၊ ကျောင်းကိုညွှန်ပါကြ။
၃၂။ ရဟန်းတော်များ၊ နီးအပါး၊ ဝပ်တွားရိုသေကြ။
၃၃။ တရားနာလျှင်၊ သမ္မဇ္ဇဉ်၊ ယှဉ်၍နာပါကြ။
၃၄။ တရားတော်ကို၊ လွန်ကြည်ညို၊ ပုဂ္ဂိုလ်မချစ်ရ။
၃၅။ ပုဂ္ဂိုလ်ချစ်မျိုး၊ စိတ်မရိုး၊ ကိုယ်ကျိုးပျက်စီးရ။
၃၆။ သူငါမြင်လျှင်၊ မေးငေါ့ချင်၊ ကိုယ်တွင်ရှက်ကြီးရ။
၃၇။ လောကုတ် လောကီ၊ ကျိုးနှစ်လီ၊ ဘယ်ဆီဟန်မရ။
၃၈။ သာသနာဖျက်၊ သည်အတွက်၊ နရက်ရောက်ပြန်ရ။
၃၉။ လောကီမှာလည်း၊ ကိုယ်ဖြစ်နဲ့၊ ဆင်းရဲစိတ်ဒုက္ခ။
၄၀။ ထို့ကြောင့်သာပ၊ မျိုးသိသ၊ အားထုတ်ကျင့်ပါကြ။
၄၁။ စစ်ကိုင်းမြို့မြောက်၊ တောင်တစ်လျှောက်၊ လျှံတောက်ရောင်ဝါ၊ သာသနာ၊
လွန်စွာထွန်းလတ္တံ့။
၄၂။ "ဥဩမှုတ်ခါ" သာသနာ၊ ရောင်ဝါနေသို့ ထွန်းလတ္တံ့။

၄၃။ ထွန်းသည့်သာသနာ၊ သတ္တဝါ၊ ထိုခါရေသို့ အေးလတ္တံ့။
၄၄။ သီလရှင်တို့၊ နိဗ္ဗာန်သို့၊ ရောက်ဖို့ကိုယ်နှုတ်၊ ဆုံးမရပါသည်ဘုရား။
၄၅။ စကားပြောကျယ်၊ အရယ်ကျယ်၊ အခေါ်ကျယ်၊ အချေကျယ်၊ အလှမ်းကျယ်၊
ကျယ်ငါးပါးကို၊ ပယ်ရပါမည်ဘုရား။
၄၆။ စကားများ၊ အရယ်များ၊ အအိပ်များ၊ အစားများ၊ နဝကမ္မများ၊ ပစ္စည်းစုများ၊ လူငယ်တို့နှင့်
ရောနှောများ၊ အလည်အပတ်များ၊ များရှစ်ပါးကို၊ ပယ်ရပါသည်ဘုရား။
၄၇။ အစားကြမ်း၊ အအိပ်ကြမ်း၊ အသွားကြမ်း၊ အထိုင်ကြမ်း၊ အရယ်ကြမ်း၊ စိတ်ကြမ်း၊
ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ အဆုံးအမကြမ်း၊ ကြမ်းကိုးပါးကို ပယ်ရပါသည်ဘုရား။
၄၈။ ဆန်ပိုး၊ ထင်းပိုး၊ ဟင်းရွက်ပိုး၊ ရေပိုး စသည် ရှောင်ကြဉ်ရပါသည်ဘုရား။
၄၉။ စားဖွယ်သီးမျိုး၊ တစ်ကြိမ်ခိုး၊ ထမ်းပိုး ဒဏ်သုံးဆယ်ပါဘုရား။
၅၀။ နှစ်ကြိမ်ခြောက်ဆယ်၊ သုံးကြိမ်ဝယ်၊ ချောင်ဝယ်မနေရပါဘုရား။
၅၁။ ပါးချဆိုငြား၊ ခိုက်ရန်ပွား၊ ထွက်သွားချောင်ဝယ်မနေရပါဘုရား။
၅၂။ သီလချစ်ငြား၊ မယ်သီအား၊ ဘုရားပျော်ပွဲ၊ မလိုက်ရပါဘုရား။
၅၃။ ပွဲမရှိငြား၊ ဘုရားသွား၊ များများကြီး ကုသိုလ်ရပါသည်ဘုရား။
၅၄။ ခင်သီနှင့်ခင်ကြီး၊ လွန်ပြွမ်းတီး၊ အနီးနေမှု ချောင်၌မနေရပါဘုရား။
၅၅။ အနီးနေသူ၊ အခေါက်တူ၊ လူဟူသမျှ နှုတ်ခမ်းစူကြပါသည်ဘုရား။
၅၆။ ဘုန်းကြီးကျောင်းကို၊ သွားမည်ဆို၊ တစ်ကိုယ်တည်း မသွားရပါဘုရား။
၅၇။ ဘုန်းကြီးနှင့် သီလရှင်၊ ကျွမ်းတဝင်၊ ရယ်ရွှင်စကား၊ တပြောပြောနေငြား၊ ထွက်သွား
ချောင်ကပါဘုရား။
၅၈။ ဘုန်းကြီးများထံ၊ စာတက်ပြန်၊ လျင်မြန်ချောင်က ထွက်သွားရပါသည်ဘုရား။
၅၉။ ဆွေမျိုးတော်မတော်၊ ယောကျ်ားဖော်၊ မလျော်အဝေးက ရှောင်ရပါသည်ဘုရား။
၆၀။ ကျား, သစ်, ဆင်, မြွေ၊ ရန်သူတွေ၊ ကြောက်လေအဝေးက ရှောင်သလိုပါဘုရား။
၆၁။ ညဉ့်ရော နံနက်၊ ရက်မပျက်၊ ဝတ်တက်ဆွမ်းတော်ကပ်၊ အမှန်လိုက်ရပါသည်ဘုရား။
၆၂။ အရာရာမှာ၊ သည်းခံတာ၊ များစွာကြီးပွားပါသည်ဘုရား။
၆၃။ တိုက်ဂုဏ်ယုတ်နိမ့်၊ ပုန်းတိတ်တိတ်၊ ဆေးလိပ်သောက်၊ ချောင်၌မနေရပါဘုရား။
၆၄။ နေလွဲကွမ်းစား၊ ဆေးဝါးငြား၊ ထွက်သွားချောင်ကပါဘုရား။

၆၅။ ဝါပ ဝါတွင်း၊ လေးသီတင်း၊ ဆားဟင်းဧကာသနိုက် ပတ္တာပိုဏ်၊ တစ်တိုက်လုံး စားရပါသည်ဘုရား။

၆၆။ ဝါပ ဝါတွင်း၊ လေးသီတင်း၊ မပျင်းတစ်တိုက်လုံး ကမ္မဋ္ဌာန်း စီးဖြန်းရပါသည်ဘုရား။

၆၇။ တောဘုမ္မက ရုပ်နာမ်တို့သည် အဖန်ဖန် ဖြစ်ပျက်၍ အနှစ်သာရ ဘာတစ်ခုမျှ မရှိကုန်ပါတကား။

၆၈။ ကမ္မဋ္ဌာန်းခွင်၊ ဝင်ပြန်လျှင်၊ မထင်ထင်အောင်၊ စီးဖြန်းရပါသည်ဘုရား။

၆၉။ ထင်ပြန်ခဲ့လျှင်၊ စိတ်ကရွှင်၊ လူမြင်တိုင်း မပြောရပါဘုရား။

၇၀။ ကမ္မဋ္ဌာန်းတရား၊ စီးဖြန်းငြား၊ ထိုသူအား တရားရလွယ်ပါသည်ဘုရား။

၇၁။ တရားကိုခင်၊ သီလရှင်၊ ခြေတွင်ကသိုဏ်းပွား။

၇၂။ တောင်ဝှေးထောက်လျှင်၊ ဆရာခင်၊ စိတ်တွင်အာရုံများ။

၇၃။ တောင်ဝှေးလွတ်က၊ ကသိုဏ်းကျ၊ ခြေကဘယ်မသွား။

၇၄။ ကသိုဏ်းမကွာ၊ သွားသောခါ၊ များစွာအာရုံပွား။

၇၅။ ဣန္ဒြေခြောက်ဖြာ၊ အရာရာ၊ ကောင်းစွာစောင့်ပြီးသွား။

၇၆။ သတိမကွာ၊ မဂ်ချမ်းသာ၊ လျင်စွာရဖို့သွား။

၇၇။ ခြေတစ်လှမ်းမှန်၊ သချေါတန်၊ နိဗ္ဗာန်ရဖို့သွား။

၇၈။ နိဗ္ဗာန်ရမှ၊ ချမ်းသာလှ၊ မုချအမှန်သား။

၇၉။ တရားရမှ၊ နိဗ္ဗာန၊ နိစ္စချမ်းသာပါလိမ့်မည်ဘုရား။

၈၀။ သီလရှင်မယ်၊ ကျင့်ဝတ်ရှစ်ဆယ်၊ နှုတ်ဝယ်ရအောင် ဆောင်ရပါသည်ဘုရား။

သီလရှင်မယ် "ကျင့်ရှစ်ဆယ်" နှုတ်ဝယ်ရအောင် ဆောင်ရပါသည်ဘုရား။

*(သီလရှင်ကျင့်ဝတ် ဥပဒေသံပေါက် ပြီး၏။)*

# စစ်ကိုင်းတောင်ရိုးမ ချောင်ခွဲများ



ဒေါ်ပုဏ္ဏာမိ
ဇေယျသီဂီချောင်
သောတာပန်ရပ်၊ စစ်ကိုင်း



ဒေါ်ဝဏ္ဏာစာရီ
ထီလာညွှန့်ချောင်
သောတာပန်ရပ်၊ စစ်ကိုင်း



ဒေါ်ကုမုဒီ
သဒ္ဓမောဒယချောင်
နန်းဦးမြို့သစ်၊ စစ်ကိုင်း



ဒေါ်ဝါရိတ္တာစာရီ
ဥရုသမဂ္ဂါဒယချောင်
သောတာပန်ရပ်၊ စစ်ကိုင်း



ဒေါ်ကုန္ဒာသီရီ
သီတောဒယချောင်
သောတာပန်ရပ်၊ စစ်ကိုင်း



ဒေါ်ကုန္ဒစာရီ
သဗ္ဗသိဒ္ဓိဝေဘူချောင်
ထုံးဘို၊ စစ်ကိုင်း



ဒေါ်သေဂီ
ရတနာသိဒ္ဓိချောင်
နန်းဦးမြို့သစ်၊ စစ်ကိုင်း



ဒေါ်ဟိတကာရီ
ချမ်းသာချောင်
သောတာပန်ရပ်၊ စစ်ကိုင်း



ဒေါ်ဇနကမာလိနီ
သက္ကဓိတာသီလရှင်စာသင်တိုက်
နန်းဦးမြို့သစ်၊ စစ်ကိုင်း



ဒေါ်ဇနကမာလိနီ
ချမ်းမြေ့သီရိချောင်
ပါရမီရပ်၊ စစ်ကိုင်း



ဒေါ်စိတ္တာဝတီ
ဇေယျာပါရမီချောင်
ပါရမီရပ်၊ စစ်ကိုင်း



ဒေါ်နိမလ
ဝေရီဇယချောင်
ဇေယျာရပ်၊ စစ်ကိုင်း



ဒေါ်ဥတ္တရာ
ဓေယျာဘုံကျော်ချောင်
သောတာပန်ရပ်၊ စစ်ကိုင်း



ဒေါ်ယုဝတီ
ဓမ္မသုခချောင်
သောတာပန်ရပ်၊ စစ်ကိုင်း



ဒေါ်ဟေမာရီ
မြိုင်ဟေမာသီလရှင်စာသင်တိုက်
ထုံးဘို၊ စစ်ကိုင်း



ဒေါ်တိရဏာထေရီ
ပြွန်တန်ဆာ
သီလရှင်စာသင်တိုက်



ဒေါ်ဇနဉာဏီ
သာသနာ့ရက္ခိတသီလရှင်စာတိုက်
နန်းဦး၊ စစ်ကိုင်း



ဒေါ်သေ
ဆားတောင်ချောင်
သောတာပန်ရပ်၊ စစ်ကိုင်း



ဒေါ်တိက္ခဉာဏီ
တြိရတနာအေးချမ်းသာချောင်
စစ်ကိုင်း



ဒေါ်မေမိယ
နီလာသီဂီချောင်
သောတာပန်ရပ်၊ စစ်ကိုင်း



ဒေါ်ထေရိကာ
သာသနာသမိဒ္ဓိချောင်
သောတာပန်ရပ်၊ စစ်ကိုင်း



ဒေါ်ပညာမဇ္ဈရီ (သမိန္ဒေါတိုက်ခွဲ)
ပညာမဇ္ဈရီချောင်
ပါရမီရပ်၊ မင်းဝံတောင်ရိုး

ဓာတ်ပုံမရပါ

ဒေါ်သုမင်္ဂလာ
သစ္စာပါရမီချောင်
ပါရမီရပ်၊ စစ်ကိုင်း

# တစ်နိုင်ငံလုံးရှိ ချောင်ခွဲများ



ဒေါ်နန္ဒာရီ
သဒ္ဓမ္မရောင်ခြည်သီလရှင်စာသင်တိုက်
တံခွန်တိုင်၊ ပြည်ကြီးတံခွန်မြို့နယ်
မန္တလေးမြို့။
ဖုန်း – ၀၉ ၆၈၀၃၆၅၇



ဒေါ်ထေရီ
သာသနောဒယသီလရှင်စာသင်တိုက်
ပြည်ကြီးမျက်မှန်ရပ်ကွက်
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း – ၀၉ ၉၁၀၀၆၉၁၄၄



ဒေါ်ဥတ္တရ၀ဏ္ဏီ
ဇနောဒယစာသင်တိုက်
မန်းတောင်မြေ၊ မန္တလေးမြို့။
ဖုန်း – ၀၂ ၇၅၂၈၃



ဒေါ်ကုလဉာဏီ
သမ္မုဒ္ဓေစာသင်တိုက်
မန္တလေးမြို့။



ဒေါ်ဥက္ကဋ္ဌ၀ဏ္ဏီ
အနီယာသီလရှင်စာသင်တိုက်
၆၂ လမ်း၊ ၃၀ x ၃၁ ကြား
ပြည်ကြီးမျက်ရှင်ရပ်
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း – ၀၂ ၃၄၀၈၄၊ ၀၉ ၄၅၁၃၀၅၂၁၁



ဒေါ်ပညာစာရီ
မဇ္ဈိမသကစာသင်တိုက်
၀န်သိုမြို့



ဒေါ်ယသ၀ဏ္ဏီ
ဇေယျသုခ၀ဏ္ဏီသီလရှင်စာသင်တိုက်
မြစ်သားမြို့



ဒေါ်သမ္မာရီ
သန္တာရာမသီလရှင်စာသင်တိုက်
တောင်သာရပ်ကွက်၊ ပျဉ်းမနားမြို့
ဖုန်း – ၀၆၇ ၂၄၁၀၀၁



ဒေါ်ခေမာစာရီ
ချမ်းမြေ့ရံသီစာသင်တိုက်
ရန်ကင်းတောင်ခြေ၊ ပုသိမ်ကြီးမြို့နယ်
မန္တလေး



ဒေါ်မမွန်ဒီ
ဓမ္မဂုဏ်ရည်မြင့်မြင့်ခင်ကျောင်း
ချမ်းမြသာယာရပ်ကွက်
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး
ဖုန်း – ၀၉ ၂၀၃၇၄၀၉



ဒေါ်ဝဏ္ဏိတမာလိနီ
သမိဒ္ဓါဒယမြမြင့်မိုရ်
သီလရှင်စာသင်တိုက်
အမှတ် (၅) နယ်မြေ၊ မတ္တရာမြို့
မန္တလေး



ဒေါ်မုဒိတာ
မဠ္ဍသကစာသင်တိုက်
မုံရွာမြို့



ဒေါ်ဉာဏာသီဂီ
မဟာမြေသမိဒ္ဓါဒယ
သီလရှင်စာသင်တိုက်
မ / ဒရုံ
ဖုန်း – ၀၉ ၇၃၀၁၉၁၇၄



ဒေါ်မေတ္တာဏီ
ဓမ္မပါလမေဒနီသီလရှင်စာသင်တိုက်
ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်
ရန်ကုန်
ဖုန်း – ၀၉ ၈၆၁၉၂၀၅၅



ဒေါ်သုသီဂီ
ဇေယျာသီရိကျောင်း
ပဲခူးမြို့



ဒေါ်သေကာ
သမိဒ္ဓါဒယအောင်မြေ
သီလရှင်စာသင်တိုက်
မြစ်ငယ်
ဖုန်း – ၀၂ ၅၅၃၇၂၆



ဒေါ်ကေစာရီ
သန္တာဝတီစွယ်တော်
မန္တလေး

ဓာတ်ပုံမရပါ

ဒေါ်ဉာဏဝတီ
ဉာဏဝတီသီလရှင်စာသင်တိုက်
အရှေ့ပြင်၊ မန္တလေး

အခန်း ( ၄ )

# သာသနာ့နွယ်ဝင်တို့၏ စာရေးပစ္စည်း



# ဆရာကြီးများ

ဒေါ်ပုည္ဏမိ

သမိဒ္ဓေါဒယချောင် ဖွားဖွားဘုရားကြီး တည်ထောင်ခဲ့သော ချောင်ကြီးသည် နှစ် (၁၀၀) ပြည့်ပြီဖြစ်၍ သမိဒ္ဓေါဖွားဖွားဘုရား၏ ကျေးဇူးတော်တွေကို ပူဇော်သောအားဖြင့် နှစ်တစ်ရာပြည့် ပူဇော်ပွဲပြုလုပ်ရာ၌ ဖွားဖွားဘုရား၏ ဂုဏ်ကျေးဇူးတွေကို ဇေယျသီဂီဆရာကြီးဟာ သမိဒ္ဓေါ ဖွားဖွားဘုရားကို အနီးကပ်ဆုံး တပည့်အဖြစ်နှင့် ပြုစုစောင့်ရှောက်ခဲ့တာ နှစ်ပေါင်း (၃၀) ကျော်တယ်လို့ သိရပါသည်ဘုရားဟု သမိဒ္ဓေါဆရာကြီး ဒေါ်ကုလပတိ၏တပည့် မသန္တကာရိနီ မဟာအောင်မြေ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့မှ ဆရာကြီး ဒေါ်သန္တကာရိနီသည် တပည့်တော်ထံလာပြီး လျှောက်ထားပါသည်။ တပည့်တော်ကလည်း နေလို့သိပ်မကောင်းသေးပါ။ စိတ်အေးအေးထားပြီး တရားအားထုတ်နေရပါသည်လို့ပြောတော့ ဆရာကြီးဘုရား များများမရေးနိုင်လည်း ရေးနိုင်သလောက်ကလေးရေးပြီး ပေးပါဦးဘုရားလို့ ထပ်လျှောက်ထားတော့ ဆရာ့ဂုဏ်ကျေးဇူးတွေ အာရုံပြုပြီး ရေးချင်တဲ့ဆန္ဒတွေကြောင့် ထ၍ရေးလိုက်ပါသည်။ အသက်ကြီးလာတော့ ဇရာ ဗျာဓိ မရဏဒဏ်ကြောင့် သိပ်မကောင်းပါ။

ဇေယျသီဂီဆရာကြီး ဒေါ်ပုဏ္ဏာမိသည် ၁၂၉၀-ခုနှစ်၊ အသက် (၉) နှစ်အရွယ် မိခင်ကြီးနှင့်အတူ မိုးညှင်းသမ္မုဒ္ဓေဆရာတော်ဘုရားကြီးထံ တရားနာပြီး သံဝေဂဖြစ်၍ သီလရှင် ဝတ်လိုက်ပါသည်။ ဆရာတော်ဘုရားကြီးက ငါမြေးပုဏ္ဏာမိရေ ငယ်သေးတယ်။ စာသင်ချေဦးဆိုပြီး မုံရွာမြို့ ဓမ္မေသကစာသင်တိုက်ကို လိုက်ပို့ခိုင်းလိုက်ပါသည်။ ဓမ္မေသကစာသင်တိုက် တိုက်အုပ်ဆရာကြီး ဒေါ်မမကြီးက သူနှင့်အတူနေခိုင်းတော့

တပည့်ဝတ္တရားငါးပါးနှင့် ပြည့်စုံစွာ ဝတ္တရားကျေတော့ ငါနှင့်အတူနေလို့ပြော၍ အတူနေပါသည်။ မုံရွာမှ အိမ်ကမိခင်ကြီးက ပြန်ခဲ့ပါဦးလို့ ခေါ်၍ ပြန်လာခဲ့ရပါသည်။ မိခင်ကြီးကလည်း အသက် (၈၀)၊ မျက်စိကလည်းမှုန်တော့ မုံရွာခရီးကို ခဏခဏမလာနိုင်ဘူး။ စစ်ကိုင်းတောင်ရိုးမှာ အမေတို့အသိချောင်ရှိပါတယ်။ အဲဒီချောင်ကို သွားနေပါ။ အမေလိုက်ပို့ပေးမယ်။ အမေလည်း သမီးနှင့်အတူတူ လိုက်နေမယ်လို့ အတန်တန်ချော့ပြီးပြောတော့ ကဲ... အမေချမ်းသာသလို သမီးနေပါ့မယ်လို့ ပြောလိုက်ရပါသည်။ အမေနှင့် အဒေါ်လေးပို့တို့ စစ်ကိုင်းတောင်ရိုး လိုက်ပို့တော့ အမေတို့သိတဲ့ ချောင်ဆရာလေးမရှိတော့ ညနေစျေးလေးဆင်းပြီး ဒီစစ်ကိုင်းတောင်ရိုးမှာ ဘယ်ချောင်အကောင်းဆုံးလဲလို့ စုံစမ်းတဲ့အခါကျတော့ သမိဒ္ဓါအကောင်းဆုံးလို့ ပြောလိုက်သတဲ့။ အမေတို့ သမိဒ္ဓါလိုက်ပို့တော့ ချောင်ဆရာကြီးမရှိသေးဘူး။ လက်မခံရဲဘူးလို့ တိုက်အုပ်ဆရာကြီးက ပြောလိုက်တော့ ဆရာကြီးတို့ လက်ခံပါဘုရားလို့ အတန်တန်ပြောတော့ စဉ်းစားဦးမည်။ နက်ဖန်ခါမှ ပြန်လာခဲ့လို့ မှာလိုက်ပါသည်။ နက်ဖန်သွားတော့ အေး... လက်ခံမည်။ ငါ ညက အိပ်မက်ယူအိပ်တော့ ဒီအခုလာအပ်မည့်ဆရာလေးဟာ သောဝစဿတမင်္ဂလာနှင့် ပြည့်စုံမှာလား၊ မပြည့်စုံဘဲ ဆရာသမား စိတ်ဆင်းရဲရမှာလား၊ အိပ်မက်တောင်းအိပ်တော့ ငါ့အိပ်မက်က ကောင်းတယ်လို့ပြောတော့ ဘယ်လိုမက်ပါသလဲလို့မေးတော့ ငါးတွေ တောင်းကြီးနဲ့ အပြည့်ကြီးလှုသွားတယ်လို့ အိပ်မက်တယ်ဆိုပြီး လက်ခံလိုက်ပါသည်။

တိုက်အုပ်ဆရာကြီးက ဆရာဘုရားပြန်လာတော့ သွားအပ်ပါသည်။ အေးအေးဆိုပြီး လက်ခံလိုက်ပါသည်။ သမိဒ္ဓါရောက်လို့ (၃) လလောက် ရှိပါသေးသည်။ ဆရာဘုရားက ပထမပြန်ကော်မတီဖြစ်လို့ ရန်ကုန်က ဖိဂ်စာရောက်လာပါသည်။ ဆရာဘုရားက မယ်သုမာလာညည်းတပည့် ငါ ရန်ကုန်ခေါ်သွားမယ်။ မပုဏ္ဏာမီ ရန်ကုန်လိုက်မှာလား လို့ ခေါ်မေးတော့ ဆရာဘုရားကို ကြောက်လို့သာ လိုက်ပါမည်ဘုရားလို့ လျှောက်လိုက်ပါသည်။ ကြောက်၍ မလိုက်ချင်သော်လည်း ဆရာသမားကခေါ်တော့ ဝမ်းသာစွာနှင့်ပဲ လိုက်သွားပါသည်။ ရန်ကုန်ရောက်တော့ ဟံသာဝတီဆရာကြီး ဒေါ်ဥာဏာစာရီဆီမှာ ရှိကြတဲ့ ဆရာကြီးရဲ့ အချစ်ဆုံးတပည့်တွေက ချောလည်းချော ဘုန်းလည်းကြီးကြပါတယ်။ ပြီးတော့ မြို့သူတွေဆိုတော့ အချောအလှတွေချည်းပဲ။ သူတို့ဆရာဘုရားကိုလည်း ချစ်ကြောက်ရိုသေတဲ့ တပည့်တွေက များပါတယ်။ ဟံသာဝတီဆရာကြီး ဒေါ်ဥာဏာစာရီဟာ ဆရာဘုရားရဲ့ တပည့်ကြီးဆိုတော့ ဆရာဘုရားကို လျှောက်သတဲ့။

ဆရာဘုရားကလည်းဘုရား တပည့်တွေအများကြီးရှိပါလျက် ဒီမည်းမည်းကြုတ်ကြုတ် တပည့်လေးကိုမှ ခေါ်ခဲ့ရသလားဘုရားလို့ လျှောက်သတဲ့။ နောက်နေ့ကျတော့ တပည့်တော်က ဆရာသမားကိုပြုစု၊ ၎င်းဆရာကြီး ဒေါ်ဥာဏာစာရီကိုလည်း ပြုစုတော့မှ ဆရာဘုရားကို တပည့်တော် မနေ့က လျှောက်ထားမိတာ မှားပါပြီဘုရား။ ဆရာသမားက ပညာရှိဆိုတော့ တပည့်ဝတ္တရားနှင့်ပြည့်စုံပြီး ဆရာဘုရားကို ပြုစုစောင့်ရှောက်တဲ့တပည့်မို့ ခေါ်ခဲ့တာကိုးလို့ ငါ့ကိုပြန်လျှောက်ထားတယ်လို့ သမိဒ္ဓေါဖွားဖွားဘုရားက တပည့်တော်ကို ပြန်ပြီးအမိန့်ရှိပါသည်။ ရန်ကုန်မှ ပြန်လာပြီးတော့ "မယ်ပုဏ္ဏာမီ ငါ့ကိုပြုစုပြီးနေတော့ မယ်သုမာလာဆီ မပြန်နဲ့တော့" လို့ အမိန့်ရှိ၍ တင်ပါဘုရားလို့ လျှောက်ထားပြီး ပြုစုခဲ့တာ နှစ်ပေါင်း (၃၀) ကျော် ပြုစုခဲ့ပါသည် ဘုရား။

နှစ်ပေါင်း (၃၀) ကျော် ပြုစုခဲ့တော့ ဆရာဘုရားကလည်း ပင်ကိုယ်သဘောက ကရဏာ မေတ္တာရှင်ကြီးလည်းဖြစ်၊ တပည့်ကလည်း ဝတ္တရားပြည့်စုံပြီး ရိုသေလေးစားစွာပြုစုတော့ သဘောကျ၍ "ညည်း ငါ့ထဲ ဆန်နှစ်အိတ်နဲ့ ဆီတစ်ပုံးသာထည့်တော့ ငါ့ကိုပြုစုတော့" လို့ အမိန့်ရှိ၍ ဆရာသမား စိတ်ချမ်းသာအောင် ပြုစုခဲ့ပါသည်။

ဆရာသမားဂုဏ်ပုဒ်တွေမရေးဘဲ သူရေးချင်တာတွေ ရေးတယ်လို့ မအောက်မေ့ကြပါနှင့်။ တပည့်တော်တို့က ဆရာနှင့် တပည့်တွေနဲ့ လက်တွဲပြီး သာသနာပြုနေကြရပါသည်။ တပည့်တွေဟာ တပည့်ဝတ္တရားငါးပါးနှင့်ပြည့်စုံစွာ ဆရာသမားကို ချစ်ကြောက်ရိုသေရမည်။ ဆရာသမားများကတော့ တပည့်အပေါ်မှာ ဆရာ့ဝတ္တရားငါးပါးနှင့် ပြည့်စုံစွာ စောင့်ရှောက်ကြပါတယ်။ ဆရာနှင့်တပည့် ညီညီညွတ်ညွတ်နှင့် သာသနာပြုကြလျှင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာနှင့် ဘုန်းကြီးသက်ရှည် ကုသိုလ်တိုးပွား အကျိုးများစေလို၍ ယခုလိုရေးလိုက်ရခြင်းပါဘုရား။ သမိဒ္ဓေါဆရာဘုရားရဲ့ ဂုဏ်ပုဒ်တွေကတော့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တွေ။ တပည့်တွေ အပေါ်၌ ကရဏာ မေတ္တာ ကြီးမားစွာနှင့် အုပ်ချုပ်ခဲ့ပုံတွေကြောင့် တပည့်တွေ တစ်ရာကျော် နှစ်ရာကျော်နှင့် သမိဒ္ဓေါချောင်ဟု ကျော်ကြားထင်ရှားခြင်း ဖြစ်ပါသည်။

ဆရာဘုရားကြီးက အစစအရာရာမှာ သည်းခံတဲ့ ခန္တီပါရမီနှင့်လည်း ပြည့်စုံ၍ အစစအရာရာမှာ တပည့်တွေကလည်း ချစ်ကြောက်ရိုသေကြ၍ သမိဒ္ဓေါချောင်ကြီးဟာ ဆရာဘုရား၏ ဂုဏ်ပုဒ်တွေကြောင့် ကျန်ရစ်တဲ့တပည့် ချောင်ဆရာကြီး ဒေါကုလပတိ၊ ဒေါစရဝတီတို့က ဆက်လက်စောင့်ရှောက်ပြီး သာသနာပြုနေကြ၍ သမိဒ္ဓေါသာသနာကြီးဟာ ပျက်စီးယိုယွင်းခြင်း

မရှိပါ။ သမိဒ္ဓေါချောင်ဆရာကြီးဘုရား၏ ဘုန်းတန်ခိုးကြီးမားတော့ ချောင်လွှဲအပ်ခဲ့သော တပည့်ဆရာကြီး ဒေါ်စရဝတီက အများဆုံးအကုန်ခံ၍ ကြိုးမှူးပြီး ဒါယကာပါအားလုံးနှင့် ဘုရားကျောင်းကြီး ပြုပြင်ထားတာ တွေ့မြင်ရတော့ ဝမ်းသာလို့၊ ဆရာဘုရား တုသိတာ နတ်ပြည်မှ ကြည့်ရှုပြီး ဝမ်းသာစွာ သာဓုခေါ်ဆိုပါဘုရားလို့ ကုသိုလ်အမျှပေးဝေပြီး ဒေါကုလပတိ၊ ဒေါ်စရဝတီတို့ အမှူးထားပြီး အားလုံးသောတပည့်တွေ ကျန်းမာချမ်းသာစွာနှင့် သမိဒ္ဓေါဖွားဖွားကြီးရဲ့ ဂုဏ်တော်ကို အာရုံပြုပြီး သမိဒ္ဓေါချောင်ကြီး တိုးတက်အောင် ကြီးပွားအောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့လျက် နိဂုံးချုပ်လိုက်ပါသတည်း။

ဒေါ်ပုဏ္ဏာမီ (ဥက္ကဋ္ဌ)

( သာသနဓဇ သိရိပဝရ မဟာစရိယ )

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

မဟာသဒ္ဓမ္မဇောတိကဓဇ

ဇေယျသိဂီချောင်ဆရာကြီး

တိုင်းသီလရှင်အမှူဆောင်အဖွဲ့၊

စစ်ကိုင်းတိုင်းဒေသကြီး

# သာသနာ့မိခင်

# အာဇာနည်ဖွားဖွားသို့

ဒေါ်ဇယဝတီ

မြန်မာ့သီလရှင်သမိုင်းတွင် အတုယူစံထားစရာကောင်းပြီး "စာတစ်စောင် ပေတစ်ဖွဲ့" ဖြင့် မှတ်တမ်းတင်ထားရလောက်အောင် ပရိယတ်၊ ပဋိပတ် သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြသည့် သီလရှင်ဆရာကြီးသုံးပါး ပေါ်ထွန်းခဲ့သည်။ ရတနာပုံခေတ်တွင် သီလရှင်မယ်ကင်းခေါ် ဆရာကြီး ဒေါ်ခေမာ၊ ကိုလိုနီခေတ်တွင် စစ်ကိုင်း သမိဒ္ဓေါဒယဆရာဖွားဘုရားကြီး ဒေါ်မာလာရီ၊ လွတ်လပ်ရေးခေတ်တွင် ရန်ကုန်၊ ဟံသာဝတီ မြန်အောင် ဆရာဖွားဖွားကြီး ဒေါ်ဉာဏစာရီတို့ ဖြစ်သည်။

သီလရှင်ဆရာကြီး မယ်ကင်းသည် ရတနာပုံနေပြည်တော်တွင် မင်းတုန်းမင်း၏ မိဖုရား၊ သမီးတော်များ၊ နန်းတွင်းသူများ၏ ဆရာဖြစ်၍ သီးခြား "ကျောင်း" ဆောက်လုပ်လှူဒါန်းကိုးကွယ် အပူဇော်ခံခဲ့ရသည်။ ထိုစဉ်က ပိဋကတ်စာပေလောကၭ နာမည်ကျော် ဗန်းမော်ဆရာတော်နှင့်ပင် အပြိုင်စာချိုးနိုင်သည့် သတ္တိ၊ ဗျတ္တိရှိသူ၊ စာပေစွမ်းရည်မြင့်သူဖြစ်သည်။

ဆရာကြီး ဒေါ်မာလာရီသည် ၁၂၆၂-ခုနှစ်တွင် ဖျာပုံမြို့နယ်၊ သမိန်ထောရွာ၌ ရန်ကုန် ဗဟန်းမှ ကြွလာသော ဆရာကြီးများကို ဥပဇ္ဈာယ်ပြု၍ သီလရှင်ဝတ်သည်။ ၁၂၆၃-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးသို့ ရောက်လာ၍ ဂူနီချောင်၌နေထိုင်သည်။ ဆရာကင်း၏တပည့်ရင်း ဂူနီချောင် ဆရာကြီး ဒေါ်ခမ္မ၏တပည့် ဖြစ်ခဲ့သည်။ ထရံကာဆရာကြီးထံမှ ပညာရင်နှီး သောက်စို့ခွင့်ရခဲ့သည်။ သမိန်ထောသူ ဒေါ်မာလာရီသည် ရုပ်ရည်၊ အကျင့်သီလနှင့် စာပေ ပရိယတ္တိဂုဏ်တို့ကြောင့် စစ်ကိုင်းတောင်ရိုးတွင် တဖြည်းဖြည်းနှင့် လူသိများကာ ထင်ပေါ်လာသည်။

၁၂၇၃-ခုနှစ်တွင် "သမိဒ္ဓေါဒယချောင်" ကို တည်ထောင်၍ သီလရှင်လောကကို ပရိယတ္တိ စာပေမီးရှူးတန်ဆောင်ဖြင့် ထွန်းပြောင်စေခဲ့သည်။ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးရှိ သီလရှင် ဆရာကြီး ဆရာလေးများက သမိဒ္ဓေါဆရာကြီး ဒေါ်မာလာရီအား "ဖွားဘုရား" ဟု ချစ်စနိုးဖြင့် ခေါ်ကြသည်။

ဖွားဘုရားသည် သာသနာတော်ကို အလွန်ကြည်ညို မြတ်နိုးသည်။ သာသနာ့ဝန်ထမ်းရဟန်း၊ သာမဏေ၊ သီလရှင်များကိုလည်း လေးစားသည်။ ကိုယ်ကျင့်သီလကို တန်ဖိုးထားသည်။ ပရိယတ်၊ ပဋိပတ်လုပ်ငန်းကို ကိုယ်တိုင်လည်း အားထုတ်ကျင့်ကြံသည်။ တပည့်စဉ်ဆက်ကိုလည်း အားထုတ်ကျင့်ကြံစေသည်။ "ဂန္ဆ ဝိပဿနာ ဓူရန္နစ်ဖြာ" ကို အားမထုတ်ဘဲ အလကားနေသည်ကို မကြိုက်ပါ။ ထိုခေတ် ထိုအခါက ဖွားဘုရား၏ "သမိဒ္ဓေါချောင်" သည် အနယ်နယ်အရပ်ရပ်က ရာထူးဂုဏ်သိမ်၊ စည်းစိမ်ရှင် အမျိုးသမီးများ ဝင်ထွက်သွားလာတရားဓမ္မမေးမြန်း ဆွေးနွေးရာဌာန၊ စာသင်သား သီလရှင်များ၏ ပရိယတ္တိစာပေရင်နှီ့ သောက်စို့ရာ "မဟာဌာနကြီး" ဖြစ်သည်။ ထို့ကြောင့် ဖွားဘုရားနှင့် သမိဒ္ဓေါဒယ၏ ဂုဏ်သတင်းသည် မြန်မာပြည်တွင်းဌ်သာမက ပြည်ပသို့တိုင် ပျံ့လွှင်ခဲ့သည်။

မြန်အောင်ဆရာကြီး ဒေါ်ဉာဏစာရီသည် အသက် (၁၆) နှစ်အရွယ်၊ ၁၂၇၆-ခုနှစ်၊ တပေါင်းလတွင် မြန်အောင်မြို့ ဘာဝနာတိုက်ဟောင်း ဆရာကြီး ဒေါဝိလာသီထံ သီလရှင်ဝတ်ပြီး ငါးနှစ်ခန့် ပရိယတ်၊ ပဋိပတ်လုပ်ငန်းကို အားထုတ်ကြိုးစားခဲ့သည်။ ၁၂၈၀-ပြည့်နှစ်တွင် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင်ဆရာကြီး ဖွားဘုရားဒေါမာလာရီထံတွင် တပည့်ခံကာ ပညာရင်နှီ့သောက်စို့သည်။ ထရံကာဆရာကြီးထံမှာ ပညာသောက်စို့သည်။ ဒေါ်ဉာဏစာရီနှင့်အတူ မြန်အောင်မှ ဒေါ်မေဓာရီ၊ ဒေါ်သီလဝတီတို့လည်း လိုက်လာပညာသင်ယူခဲ့သည်။

သမိဒ္ဓေါဒယဆရာကြီး ဖွားဘုရား ဒေါ်မာလာရီသည် ဒေါ်ဉာဏစာရီအား ချစ်စနိုးဖြင့် "ရန်ကုန်ဆရာကြီး" ဟု ခေါ်သည်။ "ဆရာဘုရား တပည့်တော်က ဆရာဘုရား၏ တပည့်ပါ။ ရန်ကုန်ဆရာကြီးလို့ မခေါ်ပါနှင့်ဘုရား။ တပည့်တော် မခံယူဝံ့ပါဘုရား" ဟု ဒေါ်ဉာဏစာရီက လျှောက်ထားရာ "မယ်ဉာဏစာရီရယ် ညည်းက တို့များထက် ဘုန်းကြီးပါတယ်အေ။ ပြီးတော့ နောင်အနာဂါတ်မှာ တို့များထက် သီလရှင်လောကကို ပိုမိုထွန်းတောက်အောင် စွမ်းဆောင်နိုင်မည့်သူ ဖြစ်လို့မို့ ရန်ကုန်ဆရာကြီးလို့ ကြိုတင်ခေါ်ထားတာအေ့" ဟု ပြုံးပြုံးကြီး ပြန်ပြောတတ်လေသည်။ ဖွားဘုရားသည် သီလကို ချစ်မြတ်နိုး တန်ဖိုးထားသည်။ ရိုးရိုးနေလေ့ရှိသည်။

ဒေါ်ဉာဏစာရီသည် စစ်ကိုင်း သမိဒ္ဓေါဒယမှာ ဆယ်နှစ်ကြာပညာသင်ယူပြီး ၁၂၉၁-ခုနှစ်တွင် မြန်အောင်မြို့၌ "သမိဒ္ဓေါဒယ ဘာဝနာတိုက်သစ်" ကို တည်ထောင်၍ ပရိယတ္တိစာပေပို့ချဖြန့်ဝေသည်။ ၁၃၀၁-ခုနှစ်တွင် သီလရှင်သာသနာပြုလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့၊ ဟံသာဝတီရပ်ကွက်၌ "သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်" ကို တည်ထောင်ခဲ့သည်။ ဒေါ်ဉာဏစာရီ မျှော်မှန်းသည့်အတိုင်းပင်

ရန်ကုန် သမိဒ္ဓါဒယ မြန်အောင်ကျောင်းတိုက်သည် ပရိယတ္တိစာပေ ပို့ချသင်ကြားမှု စနစ်တကျ ရှိခြင်း၊ စည်းကမ်းရှိခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း (တစ်အိုးတည်းစားစနစ် ကျင့်သုံးခြင်း) တို့ကြောင့် ဘုန်းတော်ကြီး စာသင်တိုက်များနှင့်ပါ ရင်ဘောင်တန်း အောင်မြင်မှုရခဲ့သည်။

ရန်ကုန် ဒေါ်ဉာဏစာရီသည် နှစ်စဉ် စစ်ကိုင်းတောင်ရိုးသို့သွားပြီး ဖွားဘုရား၏ မွေးနေ့အလှူ ကျင်းပပေးလေ့ရှိသည်။ တစ်ခါက ဒေါ်ဉာဏစာရီသည် ဖွားဘုရား၏ မွေးနေ့တွင် ဧည့်ခံရန် မန္တလေးစည်တော်ကြီး ၄ားလာသည်။ ဓမ္မာရုံပေါ်၌ ဆရာတော် သံဃာတော်များကို ဆွမ်းကပ်နေချိန် စည်တော်ကြီးကို ရွှမ်းစေသည်။ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးမှ သီလရှင်ဆရာကြီး ဆရာလေးများကိုလည်း ပင့်ဖိတ်ကျွေးခြင်းဖြစ်၍ သီလရှင်တွေ စုံလှသည်။ သီလရှင်ငယ်များသည် စည်တော်ကြီးသံဖြင့် စားကြ၊ သောက်ကြ၊ ဧည့်ခံကျွေးမွေး ပျော်ရွှင်နေကြသည်။ ထိုသို့ စည်ကားသိုက်မြိုက်စွာ ကျင်းပရသည်ကို ဒေါ်ဉာဏစာရီ ပျော်မဆုံးဖြစ်နေသလောက် ဖွားဘုရားက ထိုအချင်းအရာကိုကြည့်၍ စိတ်အိုက်နေပါသည်။ "ညည်းတို့က ဆိုင်းသံ ဗုံသံတွေ နားထောင်ပြီး ပျော်နေကြတယ်ပေါ့လေ၊ ကိုယ့်သီလပျက်တာတော့ မသိကြဘူး။ တို့မှာရှိတာက ၁၀ ပါးရယ်၊ ညည်းတို့မှာ သီလမှရှိကြသေးရဲ့လားအေ" ဟု ပြောရှာသည်။ ဖွားဘုရား၏ သီလကို ချစ်မြတ်နိုး တန်ဖိုးထားပုံမှာ စံနမူနာယူလောက်ပါပေသည်။

ရန်ကုန်ဆရာကြီး ဒေါ်ဉာဏစာရီသည် ၁၃၃၇-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၂) ရက်၊ ည (၉) နာရီ (၂၇-၄-၁၉၇၅) တွင် ကွယ်လွန်သည်။ ထိုစဉ်က ဖွားဘုရားအား ချက်ချင်း (တယ်လီဖုန်းလာလျှင်လာချင်း) မလျှောက်သေးဘဲ နောက်တစ်နေ့ နေ့ဆွမ်းစားပြီး အေးအေးဆေးဆေး အနားယူချိန်ရောက်မှ လျှောက်ထားကြရာ "ညည်းတို့က ငါစိတ်မကောင်းဖြစ်မှာစိုးလို့ မပြောကြပေမယ့် ငါက နှလုံးသွင်းပြီးသားပါအေ၊ မတုန်လှုပ်ပါဘူး" ပြောပြီး ဒေါ်ဉာဏစာရီ၏ ဂုဏ်ကျေးဇူးကို အမှတ်ရနေပုံရပါသည်။ နှုတ်မှ "အင်း... မယ်ဉာဏစာရီဟာ ငါရဲ့ အချစ်ဆုံးတပည့်ပေပဲ။ ဘာမဆိုသိပ်တော်တယ်။ ငါ့ကိုလည်း အင်မတန်ချစ်ခင်လေးစားတယ်။ ငါကသာ ဒါလုပ်ချင်တယ်ပြောလိုက်ရင် ချက်ချင်းဖြစ်အောင်လုပ်ပေးတယ်။ ဘယ်တော့မှ ပြန်မပြောဘူး။ သူသေသွားတာ ငါ့ညာလက်ရုံး ပြုတ်သွားတာပဲ။ သိပ်နာတယ်" ဟု ညည်းရှာပါသည်။

ဒေါ်ဉာဏစာရီ မရှိသည့်နောက်ပိုင်း ဖွားဘုရား၏ မွေးနေ့သို့ ရန်ကုန် သမိဒ္ဓါဒယမှ ဒေါ်မေဓာရီ (ဖွားဖွားလတ်) နှင့် နာယကဆရာများ၊ တိုက်အုပ်ဆရာ ဒေါ်ဇယဝတီတို့ နှစ်စဉ်မပျက် သွားရောက်ကန်တော့ ပူဇော်ကြပါသည်။ ဖွားဘုရားသည် ကြည်လင်ဝင်းပစွာဖြင့် "ငါ့သမီးကြီး မရှိတော့ပေမယ့် ငါ့မြေးတွေနဲ့ ပျော်ရတာပေါ့အေ" ဟု ပြောကာ ရန်ကုန်တပည့်

များ လုပ်ကိုင်ဆောင်ရွက်နေပုံကိုကြည့်ပြီး ပြုံးနေပါသည်။ ဆွမ်းကပ်ရန်ယူလာသော ပုစွန်တုပ်များကို အခွံခွာပြီး လွှင့်ပစ်မည်အပြု "ဟဲ့... ဟဲ့... ဘာလုပ်မလို့တုံး၊ လွှင့်ပစ်မလို့လား၊ မလုပ်နဲ့ မလုပ်နဲ့၊ အရည်ငင်ရဦးမယ်လေ" ဟု ပြောသည်။ ဖွားဘုရားသည် ဤသို့ဤနှယ် နေရာတိုင်းတွင် စေ့စပ်သေချာသည်။ စည်းစနစ်ကြီးသည်၊ ခြိုးခြံချွေတာသည်။ အလဟဿ ဖြစ်သည်ကို မကြိုက်ပေ။

ရန်ကုန်တပည့်များက "ဖွားဘုရား ဆွမ်းကပ်၊ ဆွမ်းလောင်းဖို့ ငါးကြော်၊ ပုစွန်ခြောက်ကြော်၊ ငါးပိကြော်တွေပါ ယူလာပါတယ်ဘုရား" ဟု လျှောက်ထားလျှင် "အေးအေး ညည်းတို့ အောက်ပြည်အောက်ရွာကပါလာမှ ဆွမ်းကပ်၊ ဆွမ်းလောင်းရတာ ပိုပြည့်စုံတော့တယ်၊ ကောင်းတယ်အေ" ဟု ဝမ်းသာစကား ဆိုတတ်သည်။

ဖွားဘုရားသည် ဘုရားဝတ်တက်၊ စာအံ စာကျက် ပျက်မှာကို မကြိုက်ပါ။ ဘုရားဝတ်တက်ချိန်၊ စာအံစာတက်ချိန်တွင် အခြားကိစ္စများ လုပ်ဆောင်သည်ကို လုံးဝမနှစ်မြို့။ ဆွမ်းဆန်ရပ်သည့်ကိစ္စပင် လစဉ် အဖိတ်နေ့တိုင်း မထွက်ရ။ ရက်သတ်မှတ်ပေးထားသည်။ သွားရာလာရာ နေရာတိုင်းမှာ စည်းကမ်းဖြင့် ဘောင်ခတ်ပေးထားသည်။ ထို့ကြောင့်လည်း ဖွားဘုရားကြီးမွေးဖွားပေးသည့် "သမိဒ္ဓေါဒယချောင်ထွက်" ဆရာတပည့်စဉ်ဆက်တို့သည် ဖွားဘုရား၏ စည်းကမ်းအတိုင်း ကျင့်သုံး နေထိုင်ပြီး မြန်မာပြည်အရပ်ရပ်၌ ပရိယတ္တိစာသင်တိုက်၊ ပဋိပတ်ကမ္မဋ္ဌာန်းတိုက်၊ ပရဟိတကျောင်းတိုက် စသည်များ ကိုယ့်အားသန်ရာ တည်ထောင်သာသနာပြုနေကြသည်မှာ အောင်မြင်မှုရနေကြပါသည်။ ရန်ကုန် သမိဒ္ဓေါဒယ ဒေါ်ဉာဏစာရီမြန်အောင်ကျောင်းတိုက်ခွဲများပင် တစ်ရာကျော်နေပြီဖြစ်သည်။

ဖွားဘုရားကြီး မွေးဖွားခဲ့သော "စစ်ကိုင်း သမိဒ္ဓေါဒယချောင်" သည် "နှစ်တစ်ရာပြည့်ပြီ" ဖြစ်သည်။ သမိဒ္ဓေါဒယ၏ မျိုးဆက်သစ်ဖြစ်သော (ကျောင်းတိုက်အသီးသီး) တပည့်စဉ်ဆက်တို့သည်လည်း ဖွားဘုရား၏ အဆုံးအမအောက်ဝယ်နေပြီး နှစ်တစ်ရာမှ နှစ်နှစ်ရာ... သုံးရာ... စသည် နှစ်ပေါင်းထောင်သောင်းမက ကမ္ဘာတည်သရွေ့ သာသနာ့တာဝန်ကို ကြာရှည်စွာ ဆောင်ရွက်သွားကြပါမည်ဟု ရိုသေစွာ ဂါရဝပြုလိုက်ရပါသတည်း။

**ဒေါ်ငယဝတီ**

အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတာ

(တိုက်အုပ်ဆရာ)

သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်၊ ရန်ကုန်

သမိဒ္ဓါဒယချောင်ကို

# အလုပ်သမ်းများ

အလုပ်ဟူသည် ရုပ်အလု စိတ်အလုဟု နှစ်မျိုးရှိပါသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော မိဘတို့သည် အထူးသဖြင့် ကိုယ်ဝန်ဆောင်ထားသော မိခင်သည် မိမိ၏ဝမ်းတွင်းမှာရှိသော ရင်သွေးငယ်ကို ယောကျ်ားလေး၊ မိန်းကလေးဟု ကွဲပြားစွာ မသိရသေးပေမယ့် သူတော် ကောင်းလေးဖြစ်ပါစေ၊ ခြေလက် စသော အင်္ဂါစုံပါစေ၊ ချောမောလှပါစေဟု မိမိ၏ ကျန်းမာ အသက်ရှင်ရေးကို ပဓာနမထား မွေးဖွားလာသော မမြင်ရသေးသော ရင်သွေးအတွက် ဆုတောင်း ပေးကြသည်။ ဝိပတ္တိတရားလေးပါးတွင်လည်း ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသူကို ဥပဓိသမ္ပတ္တိဟု ဘုရားရှင်ဟောတော်မူပါသည်။ လောကသာသနာ နှစ်ဖြာတို့တွင် ရုပ်ဆင်းချောမော လှပမှုသည် လည်း ရှေ့တန်းမှ အရေးပါသည်ကို စာဖတ်သူများ သိပြီးဖြစ်ကြပါသည်။ ခန္ဓာကိုယ်၏ ပြင်ပဖြစ်သော အရုပ်တို့တွင်လည်း စိမ်းလန်းစိုပြေသော သီးပင် စားပင် ရာသီအလိုက် မွှေးပျံ့သင်းကြိုင်သော ပန်းရနံ့တို့ဖြင့်လည်းကောင်း၊ သန့်ရှင်းသပ်ရပ် ခံ့ညားထည်ဝါ၍ မြင်ရသူ တို့၏ စိတ်နှလုံးကို ယူကျုံးသွေးဆောင်နိုင်သော နေရာဌာနတို့သည်လည်း ရုပ်ပိုင်းဆိုင်ရာအလု ပ်ပင် ဆိုရပါမည်။

အထူးသဖြင့် ရုပ်အလုထက် စိတ်အလုအရေးပါပုံကို ဘုရားရှင်သည် (စိတ္တေန နီယတေ လောကော မနောပုဗ္ဗင်္ဂမာ မနောသေဋ္ဌာ) စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။ ကျမ်းပြု အကျော် အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရား၏ စည်းကမ်း ၁၀ ချက်တို့တွင် စိတ်ကောင်း ရှိဖို့က ပထမဟု ရှေ့တန်းတင်၍ ဆုံးမခဲ့သည်မှာ စိတ်အလုအရေးကြီးပုံကို ဖော်ပြခဲ့သည် မဟုတ်ပါလား။ ကျေးဇူးရှင် သမိဒ္ဓါဒယမိခင် ဖွားဘုရားသည်ပင် သာသနာကို သူတော်ကောင်း စိတ်ဓာတ်ဖြင့် အလုဆင်သွားပုံကို စာရှုသူများ သိပြီးဖြစ်ပါသည်။ ဖွားဘုရားသည် အထူးသဖြင့် ဥပုသ်နေ့ ဘုရားဝတ်ပြုအပြီး ညနေချမ်းအချိန် ဆုံးမခဲ့ဖူးသော သြဝါဒများထဲမှ "သမဂ္ဂါနံ

တပေါသုခေါ" စသော ဒေသနာတော်လာ ညီညီညွတ်ညွတ်ဖြင့် ညီအရင်းအစ်မ သားအရင်းအမိ အဒေါ်ရင်းတူမပမာ ချစ်ချစ်ခင်ခင် စည်းစည်း လုံးလုံး ညီညီညွတ်ညွတ်နေခြင်းဖြင့် မိမိတို့ ကျောင်းတိုက် (သို့မဟုတ်) စွမ်းနိုင်ရင် သာသနာကို အလှဆင်နိုင်ရမည်ဟု ဩဝါဒပေးခဲ့ဖူးပါသည်။

ဤနေရာ၌ ဂေါသိင်္ဂအင်ကြင်းတောကို အလှဆင်တော်မူခဲ့သော ရဟန္တာအရှင်မြတ် (၃) ပါးတို့ကို ရေးသားတင်ပြပါမည်။ ညို့ညို့မှိုင်းမှိုင်း အုံ့ဆိုင်းနေသော အရွက်အဖူး အညွန့်နုနု ထွတ်ထွတ်တို့ဖြင့် စိမ်းအဝါနီတချို့ ပြာညို့ညို့ဖြူတသွယ်နှင့် အဆင့်ဆင့်အခိုင်ခိုင် သူနိုင်ကိုယ်နိုင် အလှချင်း ပြိုင်နေရော့သလားဟု ထင်မှားရသည်။ ရာသီအလိုက် ဖူးပွင့်နေသော ပင်လုံးကျွတ်ပွင့် ဝေဖြာပြီး အလှတန်ဆာဆင်ထားသည့်နယ် လှပမွှေးကြိုင်သော ပန်းရနံ့တို့ဖြင့်လည်းကောင်း၊ သင်းပျံ့ပျံ့မွှေးသော အင်ကြင်းပန်းရနံ့တို့ဖြင့် ဂေါသိင်္ဂအင်ကြင်းတောသည် သာယာလှပါဘိ။ နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်းလှပါဘိသည်။

ပန်းရနံ့တို့ဖြင့် ထုံသင်းသော ဥယျာဉ်အတွင်းဝယ် တစ်ပင်မှတစ်ပင်သို့ကူးကာ မြူးတူး ပျော်ပါးလျက်ရှိသော ကျေးငှက်သာရကာတို့ သာယာသော သီကျူးသံတို့သည်လည်းကောင်း၊ ဝတ်ရည်စားသုံးသော ပျားပိတုန်းတို့သည်လည်းကောင်း ဝဲပျံနေကြသည်။ သာယာအေးချမ်းသော တောစခန်းဝယ် မျက်စိအာရုံ၊ နားအာရုံတွေ ဆိတ်ငြိမ်နေသည်မို့ အရိယာသူတော်ကောင်းတွေ ပျော်မွေ့တော်မူကြသည်။ တရားအားထုတ်လိုသောသူများအတွက် တောတောင်စခန်းသည် ပတ်ဝန်းကျင်အာရုံ အနှောင့်အယှက်ကင်း၍ စိတ်ကို ကြည်လင်စေသည်။ သမာဓိကို တိုးပွားစေသည်။ တရားသားတက်လွယ်၏။ ၎င်းဥယျာဉ်အတွင်းဝယ် အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလရဟန္တာမထေရ်မြတ်သုံးပါးတို့သည် သီတင်းသုံးနေခိုက် ဖြစ်ပါသည်။

အခါတစ်ပါး တစ်ခုသော ညနေချမ်းအချိန်၌ ဘုရားရှင်သည် ဂိဇ္ဈကာ ဝသတ အုဒ္ဓကျောင်းတော်မှ နောက်လိုက်မပါ ကိုယ်တော်တစ်ပါးတည်း သပိတ်သင်္ကန်းကိုလွယ်လျက် မထင်မရှား ရဟန်းတစ်ပါးအသွင်ဖြင့် ကြွရောက်တော်မူလာပါသည်။

ကြွရောက်တော်မူလာသော ဘုရားရှင်ကို အရှင်အနုရုဒ္ဓါမထေရ်သည် ခရီးဦးကြိုဆို၍ တစ်ပါးက မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို လှမ်းယူတော်မူ၏။ တစ်ပါးက နေရာထိုင်ခင်းကို ပေး၏။ တစ်ပါးက ခြေဆေးရေ၊ ခြေဆေးအင်းပျဉ်၊ ခြေပွတ်အိုးခြမ်းကို အနီး၌ ထားပေး၏။ မြတ်စွာဘုရားသည် ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူ၍ ခြေတို့ကို ဆေးတော်မူ၏။

မြတ်စွာဘုရားသည် “အနုရုဒ္ဓါ သင်တို့သည် ကျန်းမာပါကုန်၏လော၊ မျှတပါကုန်၏လော၊ ဆွမ်းဖြင့် မပင်မပန်းရှိပါကုန်၏လော” ဟု မေးတော်မူ၏။

“မြတ်စွာဘုရား... တပည့်တော်တို့သည် ကျန်းမာပါကုန်၏၊ မျှတပါကုန်၏၊ ဆွမ်းဖြင့် မပင်မပန်း ရှိကြပါကုန်၏” ဟု ရိုသေစွာလျှောက်ထားကြပါသည်။

တစ်ဖန် မြတ်စွာဘုရားက “အနုရုဒ္ဓါ သင်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိကြဘဲ နို့နှင့်ရေကဲ့သို့ အချင်းချင်း ချစ်ဖွယ်သောမျက်စိတို့ဖြင့် ကောင်းစွာကြည့်လျက် နေကုန်၏လော” ဟု မေးတော်မူ၏။ ဘုရားရှင်သည် သုံးပါးလုံးကို ယခုကဲသို့ပင် မေးတော်မူ၏။

သုံးပါးလုံး၏အဖြေတို့သည်လည်း တစ်ထပ်တည်း တူညီစွာပင် ဖြေတော်မူ၏။ “မြတ်စွာဘုရား ဘုရားတပည့်တော်တို့သုံးပါးသည် စင်စစ်အားဖြင့် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိကြဘဲ နို့နှင့်ရေကဲ့သို့ဖြစ်၍ အချင်းချင်း ချစ်ဖွယ်သောမျက်စိတို့ဖြင့် ကောင်းစွာကြည့်လျက် နေပါကုန်၏” ဟု လျှောက်ထားကုန်၏။

“အနုရုဒ္ဓါ သင်တို့သည် အဘယ်သို့လျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်းမရှိဘဲ နို့နှင့်ရေကဲ့သို့ဖြစ်၍ အချင်းချင်း ချစ်ဖွယ်သောမျက်စိတို့ဖြင့် ကောင်းစွာကြည့်လျက် နေကြပါကုန်သနည်း” ဟု မေးတော်မူ၏။

“အရှင်ဘုရား ဤတောခ္ဆေနေသော ဘုရားတပည့်တော်တို့အား ငါသည် အရတော်စွတကား၊ ငါသည် ကောင်းစွာရအပ်ပါပေစွတကား၊ ငါသည် ဤသို့သဘောရှိသော သီတင်းသုံးဖော်တို့နှင့်အတူနေရ၍ အရတော်ပါပေစွဟု အကြံဖြစ်ပါသည်ဘုရား။ အရှင်ဘုရား တပည့်တော်တို့သည် ဤအရှင်တို့အပေါ်၌ မျက်မှောက်၌လည်းကောင်း၊ မျက်ကွယ်၌လည်းကောင်း (၁) ကာယကံမေတ္တာ၊ (၂) ဝစီကံမေတ္တာ၊ (၃) မနောကံမေတ္တာတို့ကို ဆောက်တည်ပါ၏ဘုရား။ ဘုရားတပည့်တော်တို့အား ငါသည် မိမိစိတ်ကိုထား၍ ဤအရှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် ကျင့်ရမူ ကောင်းလေစွဟု အကြံဖြစ်ပါသည်ဘုရား။ အရှင်ဘုရား... တပည့်တော်တို့သည် မိမိစိတ်ကိုထား၍ ဤအရှင်တို့၏ စိတ်ဖြင့်သာလျှင် ကျင့်ပါ၏။ အရှင်ဘုရား... တပည့်တော်တို့အား ကိုယ်တို့သာ ကွဲပြားပါကုန်၏။ စိတ်သည်ကား တစ်ခုတည်းကဲ့သို့ ဖြစ်ပါသည်ဘုရားဟု လျှောက်ထား၏။ အရှင်ဘုရား... ဤတောခ္ဆေနေသော တပည့်တော်တို့သည် ရှေးဦးစွာ ရွာမှ ဆွမ်းခံပြန်လာသော ရဟန်းသည် နေရာကိုခင်းပါ၏။ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်

အိုးခြမ်းကို ချထားပါ၏။ ဆွမ်းဦးထည့်၍ ခွက်ကိုဆေးပြီးလျှင် ထည့်ထားပါ၏။ သောက်ရေသုံးရေကိုလည်း တည်ထားပါ၏" ဟု လျှောက်ထားကြသည်။

(မူလပဏ္ဏာသပါ - ၅၆၆)

တပည့်တော်တို့သုံးပါးသည် သုံးကိုယ်တစ်စိတ်ဖြင့် ညီညွတ်စွာနေထိုင်၍ ဝိဝေကသုံးပါးကို ဆောက်တည်ကျင့်သုံးလျက်နေကြပါသည်ဘုရား။ မြတ်စွာဘုရားသည် သာဓု (သုံးကြိမ်) ခေါ်ဆို၍ ဂိဠကာ ဝသထအုဒ္ဒကျောင်းတော် ပြန်လည်ကြွချီတော်မူခဲ့ပါသည်။ ၎င်းညချမ်း အခါသမယသည် ဂေါသိင်္ဂအင်ကြင်းတော၌ သာသနာ့သမိုင်းတွင် တုန့်ိုင်း၍မရသောအလှူဖြစ်ခဲ့ဖူးပါသည်။

ထို့အတူပင် သမိဒ္ဓေါဒယချောင်ကြီး၌ ရှိကြသော ဆရာကြီးငယ်အပေါင်းတို့သည် ဖွားဘုရားနှင့် ရှေ့ဆရာ့ဆရာကြီးများ ချမှတ်ခဲ့သော လမ်းစဉ်ကို တူညီသော သဒ္ဓါဆန္ဒဖြင့် ကျပွန်စွာထမ်းဆောင်ရင်း သမိဒ္ဓေါချောင်၏အလှကို အားဖြည့်ပေးနေသည်ကို ဝမ်းမြောက်စွာ ကြုံတွေ့ခဲ့ရပါသည်။ ယခု သမိဒ္ဓေါဒယချောင်ကြီးသည် ၁၃၇၃-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၃) ရက်နေ့တွင် နှစ် (၁၀၀) ပြည့်ခဲ့ပေပြီ။ ပဓာနနာယဆရာကြီး ဒေါ်ကုလပတိ (ဖွားကု) ၏ သက်တော်သည်လည်း ယင်းနေ့တွင်ပင် (၉၀) ပြည့်ခဲ့ပေပြီ။ ဖွားကုသည် စာပေပို့ချခဲ့စဉ်အခါက သဒ္ဒါသင်္ကြိုဟ် ညဝါ စသည်တို့ကို အခြေပိုင်ပိုင် ပို့ချနိုင်ခဲ့ပါသည်။ ယခုအခါ စာပင်မပို့ချတော့သော်လည်း ရောက်ရှိလာကြသော တပည့်များအပေါ်၌ ကိုယ်ချင်းစာတရားကို ရှေ့တန်းတင်ပြီး မိမိစွမ်းနိုင်သလောက် ပေးကမ်းထောက်ပံ့ခြင်း၊ ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုးကို စွမ်းနိုင်သလောက် ထမ်းဆောင်နိုင်ကြပါစေရန် မျက်မှောက်မျက်ကွယ် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတို့ဖြင့် အလှဆင်နေဆဲမို့ အသက် (၉၀) ရောက်၍ အိုပင်အိုငြားသော်လည်း လှုပနေဆဲပင် ဖြစ်ပါသည်။

ဒေါစန္ဒာရီ (ခေါ) ဘွားစံ - ဖွားဘုရားကို ပထမဦးဆုံး အနီးကပ်ပြုစုခဲ့ဖူးသူ သက်သတ်လွတ် တစ်ထပ်တည်းကို နှစ်ပေါင်းများစွာစားပြီး မိမိစွမ်းနိုင်သလောက် သမိဒ္ဓေါချောင်၌ တပည့်လေးများကို စာပေပို့ချပေးခဲ့သူ ယခုအခါ အသက် (၉၄) ကျော်ပြီဖြစ်၍ တရားဓမ္မဖြင့် နေထိုင်သူဖြစ်ပါသည်။

ဒေါသီလဝတီ (ခေါ) ဘွားသီ-ငယ်စဉ်အခါက တပည့်များကို စာပေပို့ချခဲ့၍ ယခုအခါ အသက် (၉၀) ကျော်ပြီဖြစ်၍ ဝိပဿနာတရားဖြင့် မွေ့လျော်နေသူ ဖြစ်ပါသည်။

ဒေါက္ကန္ဒဝတီ (ခေါ) ဖွားကြန်–သာသနဓဇ သိရိပဝရဓမ္မာစရိယ အသက် (၈၁) နှစ် အရွယ်တွင် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ခဲ့လေပြီ။

အသက်ထင်ရှားရှိစဉ်အခါက ဖွားဘုရားကို အနီးကပ်ပြုစု၍ ပထမကြိုးတန်းဆိုင်ရာ စာပေများကို ကျွမ်းကျင်လိမ္မာစွာ ပို့ချနိုင်ပါသည်။ "ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ် ဓာတုကထာ" ဟု ခက်ခဲသောကျမ်းများကိုပင် သဘောပေါက်အောင် ပို့ချနိုင်ပါသည်။ အထူးသဖြင့် ပဋ္ဌာန်းယမိုက်ကျမ်းများကို အရကောက်စာအုပ်ကို မကိုင်စေဘဲ ဇယားဆွဲပြီး အလွတ်ပို့ချပေးတတ်ပါသည်။ တစ်ချိန်သောအခါက အမရပူရမြို့ ညဝါအကျော် တူးမောင်း ဆရာတော်၏ ကျောင်းတံခါးကို ဖွင့်လိုက်သည်ရှိသော် ကျွဲဟုမမြည်ဘဲ "ဟောဟန်ကား" မြည်သည်ဟု မှတ်သားခဲ့ရဖူးပါသည်။ ထို့အတူ ဖွားကြန်၏ စာပေပို့ချခဲ့သော ထိုအခါက စာချစာကျက်သံ မြိုင်ဆိုင်စွာ ပေါ်ထွက်နေသော ဖွားဘုရား၏ တိုက်ကြီးမဟာသည် တံခါးဖွင့်လိုက်တိုင်း "ဟောဟန်ကား"၊ တံခါးပိတ်လိုက်တိုင်း "အာမန္တာ" သံတို့ဖြင့် ဖုံးလွှမ်းကာ ပရိယတ္တိမဟာဌာနကြီး ဖြစ်ခဲ့ပါသည်။

ပဋ္ဌာန်းကျမ်းကို ကျွမ်းကျင်စွာပို့ချခဲ့သော ဖွားကြန်သည် တစ်ခါတစ်ရံ ပဋ္ဌာန်းတရားနှင့် ဥပမာပြု၍ ဆုံးမဖူးသည်ကို အမှတ်ထင်ထင်ရှိနေဆဲပင် ဖြစ်ပါသည်။ "သာသနာတော်အတွင်းမှာ နေကြတဲ့ ညည်းတို့ဟာ အညမညပစ္စည်းလို မကျင့်ရဘူး၊ သဟဇာတပစ္စည်းလို ကျင့်ရမည်။ အညမည သဘောက ကိုယ့်ကို ကျေးဇူးပြုဖူးမှ သူကပြန်ပြီး ကျေးဇူးပြုတာ၊ ဆိုလိုရင်းကတော့ ကိုယ်ဖို့ကျန်မှ လုပ်ပေးတာ၊ လက်စားအပြန်အလှန် အချင်းချင်း ကျေးဇူးပြုတဲ့သဘောပေါ့။ သဟဇာတသဘောကတော့ ကိုယ့်ကို ကျေးဇူးပြုပြု မပြုပြု ကျေးဇူးပြုတယ်။ ကိုယ့်ကို လုပ်ပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ ရရ မရရ (မျှော်လင့်ချက်မထားဘဲ) ကျေးဇူးပြုခြင်း ဖြစ်တယ်။ ဖွားကြန်သည် စစ်ကိုင်းတောင်ရိုး သာသနောဒယသိလရှင်အသင်းကြီး၏ အထွေထွေ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့ဖူးပါသည်။

စာမေးပွဲမေးခွန်းများနှင့် စပ်၍လည်း ခေတ်နှင့်လျော်ညီစွာ မေးခွန်းထုတ်နိုင်ပါသည်။ စာရေးသူတို့ မင်္ဂလာတံခွန် စာမေးပွဲအစမ်းဖြေဆိုခဲ့စဉ်က ဖြစ်ပါသည်။ "စျေးနားနီးနီး တိုက်ကြီးကြီးနှင့် အပျိုကချော ငွေကပေါ" ဟူ၍ ဖြစ်ပါသည်။ ရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှု အထူးရှိသူတို့သာ ခံစားပြည့်စုံသော "ပုဗ္ဗေစ ကတပုညတာ" မင်္ဂလာကို ပြောလိုရင်းဖြစ်ပါသည်။

ဉာဏ်ပညာထက်မြက်သော ဘွားကြန်သည် လက်မှုပညာအရာတွင်လည်း စိတ်ကူးဉာဏ်ဆန်းကျယ်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။ သမိဒ္ဓါဒယဓမ္မာရုံကြီးအတွင်း ဘုရားဆောင်ကို

ဖွားဘုရားနှင့် တွဲဖက်ပြီး ကိုယ်တိုင် ယိုးဒယားပန်းကွက်ဖော်၍ မန္တလေးမှ မှန်စီဆရာ ဦးထွန်းရီအဖွဲ့ကို ဦးဆောင်ကြပ်မတ် ပြုလုပ်ခဲ့ပါသည်။

### ဒေါ်စရဝတီ မဟာဂန္ဓဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ

၁၃၁၉-ခုနှစ်၊ အသက် (၂၄) အရွယ်တွင် ကျမ်းရင်းသုံးကျမ်းကို မြန်မာဂုဏ်ထူးကျမ်းနှင့် တွဲဖက်အောင်မြင်၍ သာသနဓဇသိရီပဝရမဟာစရိယဘွဲ့တံဆိပ်တော်ကို ခံယူရရှိခဲ့ပါသည်။

ဉာဏ်ပညာထက်မြက်သော တပည့်ဖြစ်၍ ဆရာသမားများ၏ ချီးမြှောက်မှုကို ခံယူခဲ့ရပါသည်။ သမိဒ္ဓေါဒယချောင်ကြီးတွင် ယခင်အခါကပင် အငယ်ဆုံးသော စာချဆရာတစ်ပါးဖြစ်၍ ချောင်၏ သာသနာရေး၊ ဘာသာရေးကိစ္စများကို ဦးစီးဦးဆောင် တက်ကြွစွာ ရွက်တန်းမှ ပါဝင်လုပ်ဆောင်ခဲ့ပါသည်။ သာသနာ့စိတ်ဓာတ် ပြည့်ဝစွာဖြင့် စာပေပို့ချခြင်းအလုပ်ကို နှစ်ပေါင်းများစွာ ယခုထက်တိုင် ပို့ချနေဆဲပင် ဖြစ်ပါသည်။

ဆရာကြီးသည် အသက် (၇၀) ကျော်အရွယ်မှစ၍ ကျန်းမာရေးအားနည်းလာခဲ့ပါသည်။ သို့သော် ဆရာကြီး၏ ထက်သန်လှသော သဒ္ဓါအား ဝိရိယအား တို့သည် နုပျိုလန်းဆန်းဆဲပင် ဖြစ်ပါသည်။ ပရိယတ္တိစာပေပို့ချရခြင်း၏ အကြောင်းဆက်ကြောင့် ဓမ္မာစရိယတပည့်များကို လည်း မွေးထုတ်ပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် ၁၃၆၁-ခုနှစ်မှစ၍ ယခု ၁၃၇၃-ခုနှစ်တိုင်အောင် သီလရှင်သင် ပညာသင်ကြားရေးကျောင်းကိုလည်း ကိုယ်တိုင် သင်ကြားစီမံ ကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်တွေ ခေတ်နှင့်လျော်ညီစွာ ထမ်းဆောင်နေဆဲ ဖြစ်ပါသည်။

အတန်းအသီးသီးတွင် အောင်မြင်ပြီးသူ တစ်ရာကျော်ရှိပြီဟု သိရပါသည်။ တစ်ဖက်မှာလည်း ၁၃၄၄-ခုမှ ယခု ၁၃၇၃-ခုအထိ မြို့နယ် သီလရှင်ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းရွက်နေဆဲဖြစ်ပါသည်။ သမိဒ္ဓေါဒယ နှစ် (၁၀၀) ပြည့်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဓမ္မာရုံတော်ကြီးကို (၅) ကြိမ်တိုင်တိုင် ငွေအား လူအား စိုက်ထုတ်ပြီး သိန်းရာကျော် အကုန်အကျခံ၍ ဦးဆောင်ကာ ပြုပြင်လှူဒါန်းခဲ့ပါသည်။ ယခုအခါ ဆရာကြီးသည် ကျရောက်လာတတ်သော ဝေဒနာများကို သတိမကွာ သည်းခံပြီး ရှုမှတ်ပွားများလျက် ရှိပါသည်။

### ဒေါ်ဝဏ္ဏာရီ (သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ)

ဖွားဘုရားရှိစဉ် ယခင်အခါက သမိဒ္ဓေါဒယချောင်ကြီးတွင် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ရံခါ ပထမကြီးတန်းစာဝါများကို ပို့ချပေးခဲ့သော ဆရာကြီးတစ်ပါး ဖြစ်ပါသည်။

စာသင်သားများကို သဘောပေါက်နားလည်လွယ်အောင် ပို့ချပေးနိုင်၍ လက်မှုပညာအရာတွင်လည်း စိတ်ကူးဉာဏ်ထက်မြက်သော ဆရာကောင်းတစ်ဦး ဖြစ်ခဲ့ပါသည်။ အသက် ၆၈ နှစ် အရွယ်တွင် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ပြီး ဖြစ်ပါသည်။

### ဒေါ်ဆန္ဒာဘာဂီ (မဟာဂန္ဓဝါစကပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယ)

ယခင်အခါ ဖွားဘုရားနေထိုင်ခဲ့သော တိုက်ဟောင်းကြီးကို ယခုအခါ တိုက်သစ်ကြီးအဖြစ် ခမ်းနားထည်ဝါအောင် ပြုလုပ်နိုင်စွမ်းရှိသော ဆရာကြီးတစ်ပါး ဖြစ်ပါသည်။ သမိဒ္ဓေါဒယချောင်၌ရှိသော ပထမလတ်၊ ပထမကြီးတန်း စာသင်သားများကို စာပေပို့ချ၍ စာပေပရိယတ္တိကို ချမ်းသာစွာ ကြိုးစားနိုင်ကြပါစေဟု မွန်မြတ်သောဆန္ဒဖြင့် တိုက်သစ်ကြီးကို ဦးဆောင်ပြုလုပ်ခဲ့ပါသည်။

ဒကာ ဒကာမများကိုလည်း အဟောအပြောကောင်းသော ဆရာကြီးတစ်ပါးအဖြစ် ထင်ရှားပါသည်။

တစ်ဖက်မှလည်း သက်တော်ရှည် ဖွားဇ္ဈန်အား အနီးကပ်ပြုစုရင်း သမိဒ္ဓေါဒယချောင်၌ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

### ဒေါ်စမွေသီ (သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ဓဝါစကပဏ္ဍိတ)

သမိဒ္ဓေါဒယချောင်သို့ ရောက်ရှိလာသော တပည့်များကို မိမိစွမ်းနိုင်သလောက် စာဝါများ ပို့ချနေသော စာချဆရာကြီးတစ်ပါး ဖြစ်ပါသည်။ ရင်းနှီးကျွမ်းဝင်သော ဒကာ ဒကာမများကို မိမိကို ကြည်ညိုသကဲ့သို့ တခြားသီလရှင်များကိုလည်း ကြည်ညိုဆည်းကပ်နိုင်ပါစေဟု ရိုးဖြောင့်သော စိတ်ထားဖြင့် ချောင်သို့ ခေါ်ဆောင်လာခဲ့ပါသည်။ ယခုအခါ ကျန်းမာစွာဖြင့် သာသနာပြုလျက် ရှိပါသည်။

### ဒေါ်ပညာသီဂီ (သာသနဓဇ ဓမ္မာစရိယ၊ ဂန္ဓဝါစကပဏ္ဍိတ)

ဖွားဘုရားရှိစဉ်အခါက တခြားသီလရှင်များ ဘုရားဝတ်တက်သွားကြရာတွင် ဖွားဘုရားအား ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့သော ဆရာကြီးတစ်ပါး ဖြစ်ပါသည်။ ဖွားဘုရားကို ပြုစုခဲ့သလို ဆရာလေးဘုရား ယခုလက်ရှိ ဖွားကု၊ ဖွားစံနှင့် အသက်အရွယ်ကြီးရင့်သော သီလရှင်ဆရာကြီးတွေအပေါ်၌လည်း အကြောင်းအားလျော်စွာ တိုက်ဆိုင်ပါက ကြင်ကြင်နာနာ ပြုစုပေး

လေ့ရှိပါသည်။ စာပေပို့ချ ရာ၌ စိတ်ရှည်စွာဖြင့် စာပေပို့ချပေးလေ့ရှိပါသည်။ အထူးသဖြင့် ပလောင်သီလရှင်လေးများကို အခြေခံမူလတန်းမှသည် ပထမကြီးတန်းရောက်သည်အထိ ကြိုးစားပို့ချပေးပြီး ယခုအခါ သမိဒ္ဓါဒယျောင်၌ သာသနာ့တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။

## ဒေါ်တိရဏာဉာဏီ (မဟာဂန္ဓဝါစကပဏ္ဍိတ အဂ္ဂမဟာကျော်)

ပထမငယ်၊ ပထမလတ် စသော သောတုဇနများကို စာပေပို့ချပေးနေသော ဆရာကြီး တစ်ပါး ဖြစ်ပါသည်။ အထူးသဖြင့် ဆရာကြီးသည် ဖွားဇ္ဈန်၏တပည့်ကြီး ပီသပါပေတယ်ဟု ချီးမွမ်းခံရပါသည်။ စိတ်ကူးဉာဏ် ပြောင်မြောက်သည်ဟု ဆိုရပါမည်။ ဟိုယခင်အခါက နီးစပ်ရာချောင်တို့၌လည်းကောင်း၊ သမိဒ္ဓါချောင်၌လည်းကောင်း၊ တခြားဘာသာရေး၊ သာသနာရေးပွဲတို့၌ အခမ်းအနားပြင်ဆင်ရာတွင် လှုပခမ်းနားစွာ စေတနာထက်သန်စွာဖြင့် ပြုလုပ်ပေးတတ်ပါသည်။

စာရေးသူတို့ငယ်စဉ် သမိဒ္ဓါချောင်၌ သီတင်းကျွတ်ဆွမ်းတော်တင်လျှပ်ပွဲ၊ မီးထွန်းပွဲတို့၌ တာဝတိံသာနတ်ပြည်မှ ကြွတော်မူလာသော ဘုရားရှင်သည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြား စောင်းတန်း သုံးသွယ်ဖြင့် ကြွလာတော်မူပုံကိုလည်းကောင်း၊ တန်ဆောင်မုန်းလ၊ မဟာဂန္ဓာရုံ ဝိနည်းစာပြန်ပွဲ၌ တောပန်း၊ တောင်ပန်း၊ မေမြို့ပန်း စသော ပန်းတို့ကို လှုပစွာ တန်ဆာဆင်လျက်နေပုံကို ဦးဆောင်ပြီး ပြုလုပ်ခဲ့သူတို့တွင် တစ်ပါးအပါအဝင် ဖြစ်ပါသည်။ ယခုအချိန်အထိ သမိဒ္ဓါဒယျောင်၌ သာသနာပြုလျက် ရှိပါသည်။

ယခုအခါ သမိဒ္ဓါဒယျောင်ကြီးသည် နှစ်တစ်ရာသို့ပင် ရောက်ခဲ့ပြီးဖြစ်၍ ဟောင်းပင် ဟောင်းငြားသော်လည်း ကမ္ဘာနှင့် သာသနာ ရှင်သန်နေသရွေ့ ဖြူစင်သောနှလုံးသားဖြင့် မိမိတို့အားလုံး စည်းလုံးညီညွတ်စွာ ရှိနေကြမည်ဆိုပါက ထာဝစဉ် သစ်လွင်လှပနေဦးမည် သာတည်း။

၁၁-၅-၂၀၁၁

# သီလဒေါနိုး
# ဖွားပုံဖော်ပြသောအခါ

ဇယျာန္တာမိုး...

သီလသည် ယောဂီပုဂ္ဂိုလ်၏ အဆင်တန်ဆာတည်း။
သီလသည် ယောဂီပုဂ္ဂိုလ်၏ တန်ဆာဆင်ကြောင်း တရားကောင်းတည်း။
သီလတို့ဖြင့် တန်ဆာဆင်အပ်သာ ယောဂီပုဂ္ဂိုလ်သည် တန်ဆာဆင်အပ်သာ ပုဂ္ဂိုလ်အပေါင်းတို့တွင် လွန်မြတ်သည့်အဖြစ်သို့ ရောက်၏။

(သီလက္ခန် အဋ္ဌကထာ)

ပန်းအနံ့၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်၊ ကြက်ရုံးပန်းအနံ့ စသည်တို့သည် လေညာသို့မသွား၊ သူတော်ကောင်းတို့၏ သီလဟူသောရနံ့နှင့် သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည်သာ လေအောက်လေညာ အရပ်မျက်နှာအားလုံးတို့သို့ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်ပါသည်။ ထိုပန်းရနံ့အမျိုးမျိုးထက် သီလရနံ့သည်သာ အတုမရှိ မြတ်၏။

ဓမ္မပဒအာနန္ဒယေရုပဏ္ဏဝတ္ထု

စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓါဒယချောင်နှင့် သမိဒ္ဓါဒယစာသင်တိုက်များ၏ ဦးဆောင်ပဓာနဖြစ်သော ဖွားဘုရား ဒေါ်မာလာရီသည် ၁၂၅၉-ခု၊ အသက် (၁၇) နှစ်သမီးအရွယ်တွင် သာသနာ့နွယ်ဝင် သီလရှင်အဖြစ်ကို သဒ္ဓါပဗ္ဗဇ္ဇိတ၊ ပညာပဗ္ဗဇ္ဇိတ၊ ဘယာပဗ္ဗဇ္ဇိတ၊ မိရိုးဖလာ ပဗ္ဗဇ္ဇိတလေးမျိုးတို့တွင် ပညာအရင်းခံသော သဒ္ဓါပဗ္ဗဇ္ဇိတသက်သက်ဖြင့် မြင့်မြတ်သော သီလရှင်အဖြစ်ကို မြတ်နိုးခုံမင်စွာ ခံယူခဲ့ပါသည်။

သီလရှင်ဝတ်သည့်နေ့မှစ၍ ဆယ်ပါးသီလကို အသက်ထက်ဆုံး ဖြူစင်စွာ စောင့်ထိန်းသွားပါသည်။ သီလကို အလွန်တန်ဖိုးထားသော ဖွားဘုရားသည် အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ ကျန်းမာရေးနှင့် သင့်လျော်သော တောင်ရိုး၏ ရာသီဥတုနှင့် လျောက်ပတ်သော မန်ကျည်းသီးမှည့် ဖျော်ရည်ကို သောက်တတ်ပါသည်။ မြေအိုးသန့်သန့်လေးတွင် မန်ကျည်းသီးမှည့်နှင့် ထန်းလျက်ကို စင်ကြယ်စွာ ဆေးကြော၍ အဖတ်မပါအောင်စစ်ပြီး ဆားအနည်းငယ်

ခတ်၍ ညနေ၊ တစ်ခါတစ်ရံ အိပ်ရာမဝင်မီ သောက်လေ့ရှိသည်။ မန်ကျည်းသီးမှည့်သည် ကျန်းမာရေးအတွက် အထောက်အကူပြုသည် မှန်သော်လည်း မန်ကျည်သီးမှည့်ပါသော တေဆေးကို တပည့်များကိုပင် စားသုံးခွင့်မပြုပါ။

စာရေးသူတို့ တစ်ခါတစ်ရံ ရောက်သီးနှင့်ကြက်သွန်သုပ် မသိအောင်စားမိပြီး ဖွားဘုရား အနီးအပါးသို့ ရောက်သွားပါသည်။ ကြက်သွန်နဲ့ရ၍ အနားသို့ အကပ်မခံဘဲ ထိုက်သင့်သော အပြစ်ဒဏ်ကို ပေးဆောင်ရသလို အဆူအငေါက်ခံကြရပါသည်။ တခြားသောသီလများကိုလည်း ယခုကဲ့သို့ပင် လွန်စွာအလေးထားတတ်ပါသည်။ ဤနေရာ၌ ထင်ရှားသောအကြောင်းအရာ တစ်စိတ်တစ်ဒေသမျှကိုသာ တင်ပြထားပါသည်။

အကျိုးဖြစ်ထွန်းမှုမှန်သမျှ အကြောင်းတရားနှင့်ကင်း၍ ဖြစ်ရိုးထုံးစံ မရှိပါပေ။ အကျိုးတရားကို ရလိုပါက အကြောင်းတရားကို ကြိုးစား၍ ပြုလုပ်ကြရပါမည်။ အတုမရှိသော ဘုရားရှင်သည်ပင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်ကို ဖြည့်ဆည်းတော်မူခဲ့ရသော ကြောင့် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းနှင့် အမင်းမင်းတို့၏ ဦးသျှောင်သဗ္ဗညုတဉာဏသခင် ဘုရားအဖြစ်သို့ ရောက်တော်မူရသည်။

ထိုဘုရားရှင်၏ အဆုံးအမ သာသနာတော်မှာ နေကြရသော သီလရှင်များသည် မိမိတို့ ပိုင်ဆိုင်သော ၈ ပါး၊ ၉ ပါး၊ ၁၀ ပါးသီလကို ကျိုးပေါက်ပျောက်ကျားမှုမရှိရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ မိမိတို့နှင့်သက်ဆိုင်သော သီလဖြစ်တဲ့ စာရိတ္တသီလဆိုတာ ဆရာသမား၊ အသက်အရွယ်ကြီးရင့်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုရိုသေသေ ဝတ်ကြီးဝယ်ငယ်ကို ဖြည့်ကျင့်ခြင်း စတဲ့ စာရိတ္တသီလ၊ မိမိတို့ဇောင့်ထိန်းနေတဲ့ ဒုစရိုက်မှုမျိုးမှ ရှောင်ကြဉ်ခြင်း ဝါရိတ္တသီလကိုလည်း အတတ်နိုင်ဆုံး ပြည့်စုံစေရမယ်။ ညည်းတို့နှင့် အနီးဆုံး အလွယ်ကူဆုံး ဥပမာပေးရရင် ညည်းတို့ဝတ်နေတဲ့ ကိုယ်ရုံ ဂိုက် စတဲ့ အဝတ်အစားလေးတွေကို မီးပွားလေးများ တစ်ပေါက်လောက်စင်သွားပြီး ကိုယ်ရုံမီးပေါက်သွားရင်ပဲဖြစ်ဖြစ်၊ ဆီ၊ မင်၊ အညစ်အကြေးတစ်ခုခု စွန်းထင်းသွားပြီဆိုရင် ပရိတ်သတ်အလယ်မှာ ဝက်ရုံ၍ မတင့်တယ်သလိုပါပဲ။ အခုဆောင်းနေကြတဲ့ ပုသိမ်ထီးတွေ ခရိုင်လေးတစ်ချောင်းပဲ ကျိုးသွားတယ်ဆိုရင် ဆောင်းလို့အဆင်မပြေနိုင်ပါဘူး။

ဘုရားတင်လှူရန် ပန်းဝယ်တယ်ဆိုပါစို့၊ ညှိုးနေတဲ့ပန်းကို ဝယ်ဖို့နေနေသာသာ ကောက်တောင် မကိုင်ကြည့်ပါဘူး။ သီလတစ်ပါးညှိုးသွားရင် ကျန်တဲ့သီလတွေပါ မအောင်မြင်တော့ပါဘူး။ ဒါကြောင့် သီလနှင့်ပြည့်စုံသူတို့ ရရှိတဲ့အကျိုးကိုလည်း သိထားကြရမယ်။

၁။ စည်းစိမ်ဥစ္စာ ပေါများကြွယ်ဝ တိုးတက်အောင်မြင်ခြင်း။
၂။ ကောင်းသောသတင်းရနံ့ မွှေးပျံ့ကျော်စောခြင်း။
၃။ ပရိသတ်အလယ်၌ ကြောက်ထိတ်လန့်ခြင်းမရှိ ရဲဝံ့စွာဝင်ရခြင်း။
၄။ ရွှင်လန်းဝမ်းမြောက်စွာဖြင့် မတွေမဝေသေရခြင်း။
၅။ သေလွန်သောအခါ နတ်ပြည်သုဂတိသို့ လားရခြင်းဟူသော အကျိုးငါးပါးကို ရရှိခံစားရမှာ ဖြစ်တယ်။

ညည်းတို့ သီလရှင်လေးတွေဖြစ်တဲ့အတွက် ဝိသဘာဂအာရုံများနှင့် ပတ်သက်၍ အထူးသတိထားရမယ်။ ရဟန်းယောကျ်ားများနှင့်ဖြစ်စေ၊ လူယောကျ်ားများနှင့်ဖြစ်စေ ဝိသဘာဂအာရုံများနှင့် ကူးလူးဆက်ဆံ အရောတဝင်နေထိုင်ခြင်းကို အထူးပင် ရှောင်ကြဉ်ကြရမယ်။ သမိဒ္ဓါ ချောင်သို့ ဆွေမျိုးမတော်စပ်သော ရဟန်းတော်များနှင့် အမျိုးသားများ တစ်ခါတစ်ရံ ရောက်လာခဲ့သော် မနီးမဝေးမှာ စာချဆရာတစ်ပါး ထားပြီးမှ ဧည့်ခံပြောဆိုကြရပါသည်။ တစ်ခါသော် နံနက်စောစော ဆွမ်းခံထိုင် ကိုယ်တော်ရဟန်းတစ်ပါးသည် ဆွမ်းလောင်းနေကျဖြစ်သော ဖွားဣန္ဒာကို စောင့်ဆိုင်း၍ထိုင်နေစဉ် ၎င်းရဟန်း၏ သပိတ်ပေါ်မှာ စာအိတ်လေးတင်ထားပါသည်။ စာတိုက်မှာထည့်ရန် ဖြစ်မည်ထင်ပါသည်။ ရဟန်းတော်သီတင်းသုံးသော ကျောင်းတိုက်သည် စာရေးသူတို့ချောင်ကို ကျော်လွန်ပြီးမှ စာတိုက်ကို ရောက်ပါသည်။ မျက်စိလျင်သော ဖွားဘုရားသည် သပိတ်ပေါ်မှ စာအိတ်ကို မြင်သွားပါသည်။ စာရေးသူအား လက်ယပ်ခေါ်ပြီး လက်တွေ့ပြသခဲ့ဖူးပါသည်။ စာရေးသူတို့ချောင်နှင့် အရှေ့တောင်အရပ် မျက်စောင်းထိုး အနေအထားမှာ ဘုန်းကြီးကျောင်းတစ်ကျောင်း တည်မည်ဟု ကြားသောအခါ ချောင်မတည်ခင်ကပင် တပည့်တို့၏ရှေ့ရေးကို ကြိုတင်ဆုံးမခဲ့ဖူးပါသည်။ ယခု စာရေးသူနေသောကျောင်းသည် လမ်းတစ်ဖက်မှာ အစကပင် ရှိပြီးဖြစ်သော ရိပ်သာကြီးတစ်ခု ရှိနေပါသည်။ အရွယ်ကြီးသော ရဟန်းတော်အများစု သီတင်းသုံးကြပါသည်။

ဖွားဘုရားသာ သက်ရှိထင်ရှားရှိနေခဲ့ရင် ဒီနေရာမှာ ကျောင်းတိုက်တည်ရန်ကို အားပေးမည် မဟုတ်ပါ။ ယခုအခါ အချိန်အခါ အခြေအနေအရ နေရပြန်တော့လည်း ဖွားဘုရားဆုံးမခဲ့ဖူးသော ဩဝါဒတွေကို အသစ်တစ်ဖန် ပြန်လည်ကြားယောင်နေဆဲပင် ဖြစ်ပါသည်။

ဖွားဘုရားချောင်ဆရာဖြစ်စအခါ ဝက်လက်မြို့နယ်၊ သရိုင်ရွာ ထရံကာဆရာကြီးထံမှ စာပေသင်ကြားစဉ်က ဖြစ်ပါသည်။ ဖွားဘုရားသည် တပည့်ကောင်းဖြစ်သည့်အားလျော်စွာ

ဆရာကြီး၏ ကျန်းမာရေး၊ စား၀တ်နေရေး စသည်တို့ကို စွမ်းနိုင်သလောက် ပြုစုလုပ်ကျွေးတတ်ပါသည်။ သို့သော် ဆရာကြီး၏သားငယ် မောင်ဘရွှေကို တခြားသီလရှင်များက ဆရာကြီးဆန္ဒအရ ချီတဲ့အခါ ချီကြသလို ကျီစယ်တဲ့အခါများလည်း ရံခါရှိတတ်ပါသည်။ ဖွားဘုရားက ဒီနေရာမှာ ကလေးငယ်ပင် ဖြစ်သော်လည်း ဆရာကြီးအကြိုက်လိုက်ပြီး မချီခဲ့ပါဟု နှစ် (၉၀) ကျော် ဘ၀ခရီးစာအုပ်တွင် ဖတ်ရှုကြည်ညိုခဲ့ရပါသည်။ စာရေးသူ အသက် (၂၄) နှစ်အရွယ်တွင် ဖွားဘုရားကွယ်လွန်ခဲ့ပါသည်။ ဖွားဘုရားသည် ဝိသဘာဂအာရုံများနှင့်စပ်၍ လည်းကောင်း၊ တခြားသီလများနှင့်စပ်၍လည်းကောင်း (အတ္တသမ္မာပဏိဓိ) မိမိ၏ကိုယ်နှင့် စိတ်ကို အထူးသတိထား၍ အသေးအမွှားလေးအစ ဆောက်တည်ခဲ့သည်ကို အမျှားဆုံး တွေ့ခဲ့ရပါသည်။ တစ်ခါတစ်ရံ အသက်အရွယ်ကြီးရင့်ပြီဖြစ်၍ မြေးမျှလောက်သော ရင်းနှီးသော ဒကာလေးများက တောင်ဝှေးအဖြစ် ကိုယ်စားပြုပြီး တွဲပေးသည်ကို "ရတယ်" ဟု ပြောပြီး လက်မခံခဲ့ပါ။ သတိတရားကိုလည်း လက်ကိုင်ထားနေကြောင်း ထင်ရှားပါသည်။

ဖွားဘုရား (၉၅) နှစ်အရွယ်က ဖြစ်မည်ဟု ထင်ပါသည်။ တပေါင်းလဆန်း (၁၄) ရက်၊ ညနေ (၄) နာရီအချိန်တွင် ဒေါ်ကုလပတီနှင့် ဒေါ်ဣန္ဒ၀တီတို့က ဖွားဘုရားနှင့် ခပ်လှမ်းလှမ်းတွင် ရှိနေကြပါသည်။ စာရေးသူက ဖွားဘုရားထံပါး၌ ရှိနေခိုက်ဖြစ်ပါသည်။ နှစ် (၉၀) ကျော် ဘ၀ခရီး စာအုပ်ပြုစုသူ ဆရာတော် ဦနန္ဒမာလာဘိဝံသ (ယခု အပြည်ပြည်ဆိုင်ရာ ထေရ၀ါဒ တက္ကသိုလ် ပါမောက္ခချုပ်) ဆရာတော်သည် နက်ဖန် တပေါင်းလပြည့် ဆရာတော်မွေးနေ့ကို ဖွားဘုရားအား ကြိုတင်ပြောထားပြီးဖြစ်သောကြောင့် လာရောက်ခေါ်ပါသည်။ မွေးနေ့တွင် ဘုရားအမှူးရှိသော သံဃာတော်များ ပရိသတ်များကို လှူဒါန်းကျွေးမွေးရန် ပြုလုပ်ထားသော ကြည်ညိုဖွယ်ရာမြင်ကွင်းကို မြင်တွေ့စေချင်သောကြောင့် ဖြစ်မည်ထင်ပါသည်။ ဆရာတော်နှင့် ဖွားဘုရားသည် မြေးနှင့်အဘွားကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားကြည်ညိုရင်း ရှိခဲ့ကြပါသည်။ ဖွားဘုရားက အစကဖွင့်မပြောသော်လည်း လိုက်ပြီးပူဇော်ရန် ဆန္ဒရှိပုံရပါသည်။ ကျောင်းရှေ့မှာ ဆရာတော်ကြွလာပြီဟု တစ်စုံတစ်ယောက်က စာရေးသူအား လှမ်း၍ပြောလိုက်ပါသည်။ ထိုအခိုက် ဖွားဘုရားက "မလိုက်တော့ပါဘူးအေ၊ အသက်ကြီးတောင့်ကြီးမားမှ" ဟု ပြောလာပါသည်။ ဖွားဘုရားဆန္ဒကို သဘောပေါက်ရပါသည်။ သက်တော်ရှည်ဆရာကြီးတစ်ပါး ကြွလာပြီဟုဆိုပါက အနားမှာရှိကြတဲ့ ပရိသတ်များသည် နေရာရွှေ့ရ၊ အရိအသေပေးရ စသည်ဖြင့် အလုပ်များသွားမှာကို အလိုမရှိသလို၊ အသက်ကြီးမှ ဟိုနေရာပါ ဒီနေရာသွား

ကိုယ်နေရာလေးကို အေးအေးဆေးဆေး မနေတတ်ဘူးဟု တချို့ပြောတတ်ကြသည်ကို ဖွားဘုရား သိပြီးဖြစ်ပါလိမ့်မည်။ သို့သော် သီလရနံ့တို့ဖြင့် ကြိုင်လိုင်နေသောဆရာကြီး တစ်ပါးကို ဖူးတွေ့ကြည်ညိုရခြင်းသည် မင်္ဂလာဟု ယူဆကြသော လူအများစုသည် သမိဒ္ဓါချောင်သို့ပင် လာရောက်ကန်တော့ကြပါသည်။ ဖွားဘုရားအား အနီးအဝေး တပည့်ဒကာဒကာမများက မျက်မှောက်မျက်ကွယ် ကြည်ညိုကြပါသည်။

ဆရာဒကာဆက်ဆံရေးနှင့် စပ်လျဉ်း၍ လောကကြီးအတွင်းမှာ နေထိုင်ကြရတဲ့ တို့သီလရှင်များဟာ အလှူခံပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက် သဒ္ဓါလွန်း ဆွမ်းတော်တော်ရပ် ဆိုပေမယ့် အစစအရာရာ အလိုက်သိရမယ်။ လိုတာကိုအလှူခံပါဟု ဖိတ်ကြားလာသည့်တိုင်အောင် မိဘနှင့် သားသမီးပင်ဖြစ်စေ လိုတာကို လိုသလောက် အလှူမခံရပါဘူး။ လှူသလောက်ပဲ ကျေနပ်နိုင်ရမယ်။ ဒါမှလည်း အလှူပေးကြရတဲ့ ဒကာများ ဆရာကို အကြောင်းပြုပြီး ရေရှည် ကုသိုလ်စိတ် ဖြစ်ရမှာပေါ့။ သာသနာတော်တွင်းမှာ နေကြတာဖြစ်သောကြောင့် တစ်ကိုယ်ကောင်းစားရေးတစ်ခုကိုကြည့်ပြီး တစ်ယောက်သာသနာပြုဖို့ထက် အများကောင်းကျိုးကို ရှေ့ရှုပြီး အများကောင်းစားဖို့ သာသနာစိတ်ဓာတ် ပြည့်ဝစွာ ထားရှိကြရမယ်။ ဒါမှသာ မိမိ သာသနာ့ဝန်ထမ်းဆိုတာ အဓိပ္ပာယ်ပြည့်ဝမယ်။

မိမိတို့ဘက်က လောကဝတ်မကျေတော့ အနေခက်၊ ဓမ္မဝတ်မကျေတော့ အသေခက်ဆိုတဲ့ ရှေးလူကြီးတို့၏ စကားအရ လောကဝတ်၊ ဓမ္မဝတ် ကျေနေတော့ အနေလည်း အဆင်ပြေ၊ အသေလည်း လွယ်ကူတာပဲပေါ့။

ဖွားဘုရားသည် ကိုယ့်ကျန်းမာရေးအတွက် မိမိနှင့်သင့်လျော်သော အစာအာဟာရ ဆေးဝါးဓာတ်စာများကို မှီဝဲပြီး ကိုယ်ခွန်အားကို ဖြစ်စေသလို စိတ်ကျန်းမာရေးအတွက် ဗုဒ္ဓါနုဿတိ ဘာဝနာပွားများခြင်း ဝိပဿနာတရားများ ရှုမှတ်ပွားများခြင်းဖြင့် စိတ်ခွန်အားကို ပြည့်စေပါသည်။ အသက် (၉၀) ကျော် အရွယ်ရောက်သည့်တိုင် သမိဒ္ဓါဓမ္မာရုံ ဘုရားကျောင်းကြီးပေါ်သို့ တက်ရောက်၍ ဘုရားရှင်အား ပူဇော်တတ်ပါသည်။ တချို့တပည့်တွေက ဖွားဘုရားတိုက်မှာ ဘုရားရှိနေတာပဲ။ ဒီမှာရှိခိုးလည်း ရတယ်မဟုတ်ပါလား ဘုရားဟု ပြောရာတွင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူသော ဘုရားရှင်ကို သွား၍ဖူးမြော်ရသလိုပဲပေါ့ဟု ပြောပါသည်။ နောက်ပိုင်း ခွန်အားကောင်းသော တပည့်တွေက ချီပိုး၍ ဘုရားကျောင်းပေါ်သို့ ပို့ပေးကြသည်။ "ညည်းတို့ကို အားနာပါတယ်အေ၊ ကောင်းကောင်းလည်း ချီကြနော်၊ အိုးတစ်လုံးကွဲသွားရင် အစားထပ်ဝယ်လို့ရတယ်" ဟု ပြောခဲ့ဖူးပါသည်။

တပည့် ဒကာမ ဒကာမများ၏ ကျန်းမာရေးကိုလည်း အလေးထားတတ်ပါသည်။ တပည့်များနေမကောင်းပါဆိုပါက မိခင်စိတ်ဓာတ်ပြည့်ဝစွာဖြင့် ပရိတ်တော်များ ရွတ်ဖတ်ပေးခြင်း၊ တစ်ခါတစ်ရံ တရားတော်ကို နှလုံးသွင်းနေဖို့ သတိပေးခြင်း၊ စားကောင်းသောက်ဖွယ်များ ပေးကမ်းခြင်း၊ ဆေးဖိုးများ ထောက်ပံ့ခြင်းများ ပြုလုပ်လေ့ရှိပါသည်။ အချို့ ဒကာ ဒကာမများကိုလည်း အခါအားလျော်စွာ ယခုကဲ့သို့ပင် ပြုလုပ်ခြင်း၊ တပည့်များအား စေလွှတ်၍ ပို့ခိုင်းခြင်းများ ပြုလုပ်တတ်ပါသည်။ အထူးသဖြင့် အားနည်းချက်ရှိသော ဒကာ ဒကာမများကို ကျေးဇူးရှိ ကျေးဇူးမဲ့မရွေး အကြောင်းအားလျော်စွာ အကူအညီလိုပါက ပေးကမ်းထောက်ပံ့လေ့ရှိပါသည်။

တစ်ခါက တောင်ကြီးမြို့သို့ အလည်ရောက်သွားခိုက် ဖြစ်ပါသည်။ ဆရာကြီး ငွေဥဒေါင်း (ဦးကြီးခင်) နှင့် တွေ့ပါသည်။ စာရေးဆရာမ မိုးမိုး (အင်းလျား) က ဒုက္ခရောက်ပြီးမှ သာသနာ့ဘောင်သို့ ဝင်လာသော မသုခမွစာရိအကြောင်းကို ဝတ္ထုရေးတယ်။ ဆရာကြီး ဒေါ်မာလာရီက ပြည့်စုံတဲ့ဘဝမှ သီလရှင်ဝတ်လာပြီး ထိုက်ထိုက်တန်တန် စွမ်းနိုင်သလောက် အများကောင်းကျိုးကို ဆောင်ရွက်သွားတာမို့ ဒေါ်မာလာရီ အကြောင်းကိုလည်း ရေးရန် တိုက်တွန်းရမယ်ဟု ပြောခဲ့ဖူးပါသည်။

ဤကဲ့သို့သော သီလရနံ့တို့ဖြင့် ထုံသင်းသော ဖွားဘုရားသည် လှပသော ပီပြင်သောဘဝမှ ရိကၡာထုပ်အပြည့်ဖြင့် တမလွန်သို့ ထွက်ခွာသွားခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော် ကြာခဲ့ပေပြီ။ ဖွားဘုရားပြုစုပျိုးထောင်ခဲ့သော သမိဒ္ဓါဒယချောင်ကြီးသည်လည်း နှစ်ပေါင်း (၁၀၀) သို့ပင် ရောက်ခဲ့လေပြီ။

သို့သော် မွေးပျံ့သောသီလရနံ့တို့ဖြင့် လွှမ်းခြုံထားသောကြောင့် နတ်ပြည်၊ ဗြဟ္မာပြည်သို့ တိုင်အောင် ကြိုင်လှိုင်၍နေမည်သာ ဖြစ်ပါသတည်း။

**ငယ်သာသန္တာမိုး** *ရေးသားပူဇော်သည်။*

၂၅-၄-၂၀၁၁ (စနေနေ့)

# လပြည့်ဝန်းပမာ မြတ်ဆရာ

ဇေယျာသန္တာဝိုး

ဖြူလို့ဖွေးပါဘိ ငွေသွေး ငွေစန္ဒာက
ရွှေရံတော် ကြယ်ကလေးတွေနှင့်
အာကာပြင် ကျယ်သရွေ့မှာလ
သိမ်မွေ့စွာ ညီလာခံတော့
သူ့တမန်ရောင်ခြည်အေးဆိတ
တေးစိမ့်၍ ယို။

ဇော်ဂျီ

ကြယ်တာရာအပေါင်း ဝန်းရံခ၍ တောက်ပပြည့်ရွှန်းလျက် ကြည်လင်အေးမြသော လပြည့်ဝန်းကြီးတစ်ဝန်း ဖြစ်ပေါ်လာရန် လကွယ်ညအမှောင်တိုက်ကို အခြေခံခဲ့ရပါသည်။

(၁၄) ရက်ဟူသော လဆန်းရက်များကို တစ်စတစ်စဖြတ်ကျော် တစ်စတစ်စစီ အင်အား ဖြည့်တင်းကာ အပြိုးပန်တဝေဝေဖြင့် အမှောင်ချွေကာ အလင်းရောင်ဖြာသော လပြည့်ဝန်းကြီး အဖြစ်သို့ အရှိန်အဟုန်ဖြင့် မရပ်မနား ဖြတ်သန်းခဲ့ရပါသည်။

ထိုနည်းတူစွာပင် ဖွားဘုရားတည်းဟူသော လပြည့်ဝန်းတစ်ဆူ ပေါ်ထွန်းလာရန် မြန်မာနိုင်ငံ ကိုလိုနီခေတ်မှသည် လွတ်လပ်ရေးရပြီးသည့်တိုင်အောင် ပန်းမွေ့ရာရွှေကော်ဇောခင်းသော လမ်းကိုချည်း လျှောက်လှမ်းခဲ့ရသည် မဟုတ်ပါပေ။ ဆူးငြောင့်ရောပြွမ်းသော ခရောင်းလမ်းကိုလည်း လျှောက်လှမ်းခဲ့ရပါသည်။ မနုဿတ္ထဘာဝေ စသော ဒုလ္လဘတရားငါးပါးကို ထိုက်ထိုက်တန်တန်ရ၍ အဓိပ္ပာယ်ရှိရှိ နေထိုင်အသုံးချကာ မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ကျေပွန်စွာ ထမ်းဆောင်ရင်း တစ်ကမ္ဘာလုံးကို အေးမြသောရောင်ခြည်ဖြင့် ထွန်းလင်းစေသော မသာလည်းတသာလည်းတရသည့် ဖိုးရွှေလမင်းကြီးသည် ကြယ်တာရာအပေါင်းတို့ ရွှေညီလာခလျက် အဇ္ဈာကောင်းကင်တစ်ခုလုံး အပြိုးပန်းတဝေဝေဖြင့် အလှကျက်သရေ ဖုံးလွှမ်းစေခဲ့ပါသည်။

ထို့အတူ စစ်ကိုင်းတောင်ရိုး သမိဒ္ဓါဒယချောင်ကြီး၌ ၁၈၀ ကျော်သော သီလရှင်စာသင်သားများနှင့် ချောင်ခွဲများမှ တပည့်များတည်းဟူသော ကြယ်တာရာများ ဝန်းရံခလျက်

သာသနာ့တာဝန်များကို ထမ်းဆောင်ရင်း သာသနာ့သမိုင်းတစ်ခေတ် သီလရှင်ကဏ္ဍသစ်တစ်ခုအဖြစ် ကမ္ဘည်းတင် မော်ကွန်းထိုးနိုင်လောက်အောင် အရှိန်အဟုန်ဖြင့် ထွန်းလင်းတောက်ပနေခဲ့သော ချောင်ကြီးသည် ယခုအခါ နှစ်တစ်ရာသို့ပင် ရောက်ခဲ့ပေပြီ။

သမိဒ္ဓါ၏ နှစ်တစ်ရာဖြတ်သန်းခဲ့ရသော ခရီးတွင် ကြည်နူးပျော်ရွှင်ဖွယ်များ ရှိခဲ့ဖူးသလို စိတ်ပျက်အားငယ်စိတ်ဓာတ်ကျဖွယ်ရာများနှင့်တည်း ကြုံတွေ့ရမည်သာ၊ တစ်ခါတစ်ရံ အားမာန်တက်ကြွရသည့်အခါမျိုးလည်း ရှိခဲ့ဖူးပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ သမိဒ္ဓါချောင်သားတစ်ဦးဖြစ်သော စာရေးသူ၏စိတ်အာရုံတွင် စွဲထင်ကျန်ရှိနေသော မြင်ကွင်းကလေးများကို ပြန်လည်သတိရနေတတ်ပါသည်။

၁၃၂၅-ခု၊ ကဆုန်လပြည့်ကျော် (၈) ရက်။ စာရေးသူတို့ ညီအစ်မသည် ဖခင်ကြီး၊ အစ်ကိုကြီးတို့ ခေါ်ဆောင်မှုဖြင့် တာဝန်ခံဆရာကြီး ဒေါသုခ၏ အကူအညီရယူကာ ဖွားဘုရားထံမှောက်သို့ ရောက်ရှိခဲ့ကြပါသည်။ ကြီးမားသော ရှေးရေစက်ကြောင့်ဟုပင် ထင်ပါသည်။ ဖွားဘုရားကို စတင်ဖူးမြင်လိုက်ရစဉ်ကပင် မေတ္တာ၊ ကရုဏာဆိုသော စကားလုံးနှင့် အဓိပ္ပာယ်ကို ဘာမျှနားမလည်သေးပေမယ့် တည်ကြည်သော ဥပဓိရုပ်၊ ချို့မြသောအပြုံး၊ တောက်ပစူးရှသော မေတ္တာ၊ ကရုဏာပြည့်လျှမ်းသော မျက်လုံးအစုံတို့ကို ဖူးတွေ့လိုက်ရသောအခိုက် စာရေးသူရင်မှာ အတိုင်းမသိ အေးမြခြင်းအတိ ဖြစ်ခဲ့ရပါသည်။ ဟိုယခင်က တိုက်အုပ်ဆရာကြီးမှာ သရိုင်ရွာဇာတိ ဒေါ်ဇသာရ (ခေါ်) ဖွားဖွားဇ ရှိပါသေးသည်။ နောက် (၆) နှစ်လောက်ရှိသောအခါ ဒေါ်ဒေါ်ကံသည် ဒုတိယအကြိမ် ပြန်ရောက်လာသည်ဟု သိရပါသည်။ ယခုခေတ်လို သီလရှင်အငယ်လေးများ မများလှသေးပါ။ ရှိတဲ့သူလေးတွေက သူ့တို့အိုးနှင့်သူတို့ စားကြပါသည်။ ဖွားဘုရားစားအိုးတွင် ဆယ်ပါးလောက်ရှိပါသည်။ စာရေးသူက အငယ်ဆုံးဖြစ်ပါသည်။ ဆယ်ပါးဟုဆိုသော်လည်း မိခင်ကြီးနှင့်တူသော ဖွားဘုရားစားအိုးသည် အဝေးအနီးမှ ရောက်လာတတ်သော တပည့် ဒကာ ဒကာမများနှင့် စိုပြေသောထမင်းစားဝိုင်း ဖြစ်ခဲ့ပါလေ၏။

ဖွားဘုရားသည် သီလရှင်အငယ်လေးများကို နောင်အနာဂတ်သာသနာတော်မှာ ဆရာကြီးများ၏ ပခုံးပြောင်းသာသနာတာဝန်ကို ထမ်းဆောင်နိုင်မည့်သူများအဖြစ် ရည်ရွယ်ချက်ထားဟန်ရှိပါသည်။ မိခင်ကြီးပမာ အကြင်နာပေးတတ်၍ ဆရာကြီးလို တင်းမာသောမျက်နှာထားဖြင့် ဆုံးမလေ့ရှိပါသည်။ ဆုံးမသည့်နေရာမှာလည်း ငါ့တပည့် ငါသာ ဆုံးမရမည်မဟုတ်ပါပေ။ မိမိကို စာချမပေးသော ဆရာသမားများကိုလည်း ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိအားလျော်စွာ ရိုရိုသေသေ

ဆည်းကပ်ကြရပါသည်။ ဆရာကြီးတစ်ပါး ထိုင်နေသည်ရှိသော် မနီးမဝေးမှပင် ဖိနပ်ကလေး ချွတ် ကိုယ်ကိုကိုင်းညွှတ်ပြီး ဖြတ်သွားရပါသည်။

မှတ်မှတ်ရရ ရှိနေပါသေးသည်။ ရွှေခြူးတိုက်က ကြီးကြီးကဉ်သည် ဖွားဘုရားထံဝှိ သူချက်သောဟင်းများကိုထည့်၍ နေ့ဆွမ်းလာစားသောအခိုက် ဖြစ်ပါသည်။ စားပြီးအပြန်တွင် စာရေးသူက ယူလာသော ဆွမ်းဟင်းပန်းကန်များကို ပြန်၍ပို့ပေးပါသည်။ ဒီမှာတင် အမှတ်တမဲ့ နိုင်သောကြောင့် ပန်းကန်တစ်လုံး ကျ၍ကွဲသွားပါသည်။ ကြီးကြီးကဉ်က အနားမှာတွေ့သော ဝါးခြမ်းစိတ်နှင့် စာရေးသူအား ရိုက်ပါတော့သည်။ ရိုက်လိုက်သည်ကို မြင်တွေ့သော ဖွားဘုရား သည် ရိုက်သာရိုက်ပါဟု အားပေးလိုက်ပါသည်။ တချို့ပုဂ္ဂိုလ်များသည် မိမိမွေးထားသော လူကိုမဆိုထားဘိ တိရစ္ဆာန်လေးများကိုပင် ရိုက်သည်ကိုပင် မကြိုက်တတ်ပါ။ သဘောထားကြီး သော တပည့်တို့၏ ကောင်းကျိုးကိုသာ အစဉ်လိုလားပါသော ဖွားဘုရားသည် ငါဆုံးမတာကို သာ ခံယူရမှာမဟုတ်ဘဲ မည်သည့်ဆရာ ဆုံးမတာပဲဖြစ်ဖြစ် ခံယူရမည်ကို လက်တွေ့ပြသလိုက် ခြင်း ဖြစ်ပါသည်။

လှူဒါန်းပေးကမ်းခြင်းကို ဝါသနာထုံသော ဖွားဘုရားသည် ဦးဦးဖျားဖျား ထူးထူးခြားခြား ရလာသော စားသောက်ဖွယ်ရာများကို တောင်ရိုးမှ ဆရာတော်ကြီးများအား မကြာမကြာ ပေးပို့လှူဒါန်းရလေ့ရှိပါသည်။ အများအားဖြင့် စာရေးသူတို့လို ငယ်ရွယ်သူများကိုသာ လှူဒါန်း ခိုင်းပါသည်။ အကြောင်းတိုက်ဆိုင်သောအခါ ရန်ကုန်မှ ဖွားဖွားကြီးနှင့် ပြွန်တန်ဆာ ဖွားဖွားကြီး တို့က ဖွားဘုရားကြိုက်တတ်သော မင်းဂွတ်သီး၊ မချစ်စုသရက်သီး၊ ပုစွန်တုပ်ကြီး၊ ငါးကျည်း ခြောက် စသည်တို့ကို ပေးပို့လှူဒါန်းတတ်ပါသည်။ တချို့ အဝေးအနီး တပည့်ဒကာမများမှ လှူဒါန်းလိုက်သော ပစ္စည်းဝတ္ထု စသည်တို့ကိုလည်း ဘုရားဆွမ်းတော်ကပ်ရန်နှင့် သူစားဖို့ အနည်းငယ်ချန်ထား၍ လှူဒါန်းလေ့ရှိပါသည်။ တစ်ခါတစ်ရံ အလှူအတန်းပြုလုပ်သော အခါတို့၌ ဆရာတော်ကြီးများသာမက အဝေးအနီးမှ ချောင်ဆရာကြီးများကိုပါ ပို့လှူခိုင်းလေ့ ရှိပါသည်။

အထူးသဖြင့် ရွှေဟင်္သာဆရာတော်ဘုရားထံ သွားရောက်လှူဒါန်းသောအခါ ပစ္စည်းဝတ္ထု နည်းသည်ဖြစ်စေ များသည်ဖြစ်စေ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံဟောတု" နှင့် လိုရင်းတိုရှင်း ရေစက်ချပေးပါသည်။

ရွှေစေတီဘုရားကတော့ “အဘိဝါဒန သိလိသ” စသော ဂါထာကို ဆုပေးလေ့ရှိပါသည်။

တန်ခူးလ ဝါဝင်ဝါထွက် တစ်နှစ် သုံးခါ ဆရာတပည့်အားလုံး စုံညီစွာ ကန်တော့ရောက် သောအခါတို့၌ ဆရာတော်ဘုရားများ၏ ဆုံးမသြဝါဒကို ရိုသေစွာ နာယူကြရပါသည်။ အလှူအတန်း ပြုလုပ်ရာတွင် သာမဏေငယ်လေးများကိုလည်း အနာဂါတ်သာသနာတော်၏ အညွှန့်အဖူးလေးများအဖြစ် မျှော်မှန်းကာ လိုအပ်သောအချိန်မှာ လိုအပ်သောဝတ္ထုကို ရိုသေစွာ လှူဒါန်းလေ့ရှိပါသည်။

တစ်ခါသော် မင်းကွန်းဆရာတော်ဘုရား စစ်ကိုင်းတောင်ရိုးသို့ကြွခိုက် ဖွားဘုရား ပင့်လျှောက်ချက်ကို လက်ခံတော်မူ၍ သမိဒ္ဓါချောင်သို့ ကြွတော်မူလာပါသည်။ ကုလားထိုင် ပေါ်၌ ကော်ဇောခင်းထားပြီး ထိုင်ပါရန် လျှောက်ထားပါသည်။

ဆရာတော်ဘုရားသည် မိမိထက် အသက်အရွယ်ကြီးရင့်သော ဖွားဘုရားကြောင့်ဖြစ်မည် ထင်ပါသည်။ ၎င်းကုလားထိုင်ပေါ်မှာ မထိုင်ဘဲ ဖွားဘုရားနှင့် မနီးမဝေးတွင် ကြမ်းခင်းပေါ်မှာ ဖျာနှင့် ကော်ဇောခင်းပြီးမှ ထိုင်တော်မူပါသည်။ မာန်မာနကင်းတော်မူသော ဆရာတော်ကိုကြည့်၍ ဆရာတပည့် လွန်စွာမှပင် ကြည်ညိုရပါသည်။

ဒေါ်ဒေါ်ကု ဒေါ်ဒေါ်ကျန်တို့ အပြင်သွားခိုက် ကြုံသောအခါ ဖွားဘုရားကိုယ်တိုင် မီးဖိုထဲဝင်၍ သံဃာတော်များ ဆွမ်းဟင်းအတွက် စီမံပေးတတ်ပါသည်။ နေ့စဉ်နံနက်တိုင်း ကြွရောက်တော်မူလာကြသော တောင်ရိုးပျော် ရဟန်းသာမဏေများကို ချောင်မှ တပည့်များ စုပေါင်းလှူဒါန်းကြသော ဆွမ်း ဆွမ်းဟင်းများနှင့် ဖွားဘုရားတိုက်ကြီးမှချက်သော ဟင်းများ ပေါင်းစုပြီး လှူဒါန်းလေ့ရှိပါသည်။ နတ်တော်လပြည့်ကျော် (၁၄) ရက် ဖွားဘုရား၏ မွေးနေ့နံနက်ခင်းတွင် မုန့်ဟင်းခါး အချိန် (၅၀၀) ကျော်တို့ကို ပင့်ဖိတ်ထားသော သံဃာတော် များ၊ ပရိတ်သတ်များနှင့် ဆွမ်းခံကြွလာသော သံဃာတော်များကို ကပ်လှူကြရပါသည်။ ညချမ်းအခါသမယတွင် နိုင်ငံကျော် ဓမ္မကထိက ဆရာတော်များကို ပင့်ဖိတ်၍ အာမိသဓမ္မ နှစ်ဌာနတို့ဖြင့် ဆရာတပည့်ဒကာ စုံညီစွာ အလှူကြီးကို အသက်ရှည်သမျှ ကာလပတ်လုံး ပြုလုပ်သွားခဲ့ပါသည်။ ၁၃၄၂-ခု၊ ရာပြည့်မွေးနေ့မင်္ဂလာတွင် ဆရာတော် သံဃာတော် အပါး (၁၀၀) ကျော်တို့အား နေ့ဆွမ်းဆက်ကပ်ပြီး သီးစုံပဒေသာပင် (၁၀၀) ကျော်တို့ဖြင့် ပူဇော် လှူဒါန်းသွားခဲ့ပါသည်။ မကွယ်လွန်မီ တစ်နှစ်အလိုတွင် အပတ်စဉ် ကြာပသတေးနေ့တိုင်း သံဃာတော် (၁၀) ပါးကို ဆွမ်းကပ်သွားခဲ့ပါသည်။

ဖွားဘုရား၏ တိုက်ကြီးသည် လူအများ၏ သောက်သုံးရာ ရေတွင်းရေကန်သဖွယ် ဖြစ်ခဲ့ဖူးပါသည်။ ပညာရေးနှင့်ပတ်သက်၍ စာချဆရာတွေ ရှိနေသားပဲဟု ဥပက္ခာပြုမထား အနားခေါ်ပြီး လယ်တီပဲရမတ္ထသံခိပ်နှင့် သဒ္ဒါဂိုဏ်းစဉ် ရုပ်တွက် စသည်ကို ပြောပေးနေတတ်ပြန်ပါသည်။ တစ်ခါတစ်ရံ ညမှာ အလွတ်ပြန်ခိုင်းတတ်ပါသည်။ မှတ်မိနေပါသေးသည်။ (သုနဓော သုနခါ ဗိဠာလေ ဝိဠာရာ မုသိမ်ကာ စသည် ဂိုဏ်းစဉ်ကို) ဖွားဘုရား ချပေးခဲ့ပါသည်။ အထူးသဖြင့် စာကိုကြိုးစားပြီးကျက်နေသူဆိုရင် ခိုင်းဖို့နေနေသာသာ စာကျက်နေတာကိုပဲ ကြည့်ပြီး ပိတိဖြစ်နေတတ်ပါသည်။ စာမေးပွဲအောင်လာတဲ့ တပည့်များကိုလည်း အစိမ်းအကျက် မခွဲခြားဘဲ ငါ့အပေါ် တပည့်ဝတ္တရားချို့ယွင်းသူဟု စိတ်ဒုံမထားဘဲ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်လေ့ရှိပါသည်။

စာရေးသူတို့ငယ်စဉ် ဝတ္ထု၊ မဂ္ဂဇင်းများကို ဖတ်ရှုခွင့်မပေးပါ။ ညနေ (၄း၃၀) လောက် ဆိုရင် မဟာစည်၊ မိုးကုတ်ဆရာတော်ဘုရားများ၏ ဝိပဿနာအလုပ်ပေးတရား ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဖတ်ပြရပါသည်။ နာရီဝက်ဖြစ်စေ တစ်နာရီဖြစ်စေ ဖတ်ကြရပါသည်။ စာဖတ်လည်းသွားစေ ဝိပဿနာနှင့်လည်း ရင်းနှီးစေလိုသောကြောင့် ဖြစ်ပါသည်။ ဖွားဘုရားသည် တပည့်များကို အာမိသ ပစ္စည်းဝတ္ထုများနှင့် ပေးကမ်းချီးမြှင့်ရုံမျှမက နှုတ်မှလည်း ဖွင့်ဟ၍ အများကြားလောက်အောင် ချီးကျူးတတ်ပါသည်။ ဥပမာ–ရန်ကုန် ဟံသာဝတီ ဖွားဖွားကြီး၊ စစ်ကိုင်း သမိဒ္ဓေါမှ ကြီးကြီးကဉ်တို့ဆိုရင် ဟံသာဝတီဆရာတို့ မယ်ကဋ္ဌနာတို့ ငါ့ထက် ဘုန်းကံကြီးပါပေတယ်ဟု ချီးကျူးတတ်ပါသည်။

ကိုယ်ချင်းစာတရား အခြေခံ၍ မေတ္တာတရားထားတတ်သော ဖွားဘုရားသည် မိသားစု များနှင့် အဆင်မပြေ၍ မကြာမကြာရောက်လာတတ်သော အမျိုးသမီးလေးများ၏ အခက်အခဲကို ကူညီပေးတတ်သောကြောင့် တောင်ရိုးမြင်းလှည်းဆရာများသည် ဒီသမိဒ္ဓေါချောင်ဆရာကြီးက သဘောကောင်းတယ်ဟုပြောပြီး ချောင်ပေါက်ဝတွင် ထားရစ်ခဲ့ကြပါသည်။ ဖွားဘုရားသည် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး တစ်လတန်သည်၊ နှစ်လတန်သည် ဥပုသ်စောင့်ခိုင်းကာ သီလရှင်ဝတ်နိုင်ပါက မိဘများထံ ခွင့်ပန်ခိုင်းပြီး သီလရှင်ဝတ်ပေးတတ်ပါသည်။ မတစ်ရာက ပေါက်ဖွားသော တပည့်မိန်းကလေးများကို ထိန်းကျောင်းရသည်မှာ လွယ်ကူသောအရာ မဟုတ်ပါပေ။ တံတိုင်းနှင့်တူသော စည်းကမ်း၊ အရိပ်နှင့်တူသော မေတ္တာ၊ ကရဏာတည်းဟူသော ရင်ခွင်ဝယ် နွေးထွေးစွာ ဆုံးမသင့်သူကို ဆုံးမ၍ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌

ဆုတ်ယုတ်မည့်အကျိုးကိုမြင်ပါက ကရဏာအရင်းခံသော ဒေါသဖြင့် ပြင်းထန်စွာ အပြစ်ပေးတတ်ပါသည်။

ဖွားဘုရားသည် သစ်ပင်ခုတ်သည်ကိုလည်း အားမပေးတတ်ပါ။ သစ်ပင်ခုတ်ပစ်ရင် ရက္ခစိုးမိသားစုများ အခိုက်အတဲ့ ဒုက္ခရောက်မှာကို လိုလားဟန်မရှိပါ။ တစ်ခါက ဖွားဘုရား တိုက်ကြီး၏မြောက်ဘက် မန်ကျည်းပင်နီပင်ကို ဒေါဒေါ်ကွန်က ရှင်းရှင်းလင်းလင်း မြင်သာထင်သာ ရှိစေရန် ခုတ်ပစ်ခိုင်းပါသည်။ ခုတ်ပြီးမှ ဖွားဘုရားက သိသွားပါသည်။ ဒေါဒေါ်ကွန်က အကျိုးအကြောင်း ဆီလျော်အောင် လျှောက်ထားမှ လက်ခံပါသည်။ သို့သော် ဘဝင်တော့ ကျဟန်မရှိပါ။ တစ်ခုသော ညနေခင်းတွင် ဖြစ်ပါသည်။ ဖွားဘုရားမကွယ်လွန်မီ (၆) လ အလိုဟု ထင်ပါသည်။ အဲဒီမန်ကျည်းပင်က "ကလေးမလေးတစ်ယောက်လာတယ်" ဟု စာရေးသူအား ပြောပြပါသည်။ "လှပါသလားဘုရား" ဟု မေးလျှောက်ရာတွင် လှတယ်၊ ချောတယ်ဟု မပြောဘဲ စာရေးသူကို စေ့စေ့ကြည့်ပြီး "ညည်းလို မျက်လုံးပြူးလေးနှင့်" ဟု ပြောပါသည်။ ပရိယတ္တိအရာနှင့်စပ်၍ သူကိုယ်တိုင် ဆရာကောင်းများထံ နည်းခံ၍ ကြိုးစားအားထုတ်ခဲ့ပါသည်။ တပည့်များကိုလည်း ဝါတွင်းလပြည့်လကွယ် ဥပုသ်နေ့တွင် ကျန်းမာရေးကောင်းသူတိုင်း မဖြစ်မနေ သက်သတ်လွတ် ဇကာ သနိုက် ပတ္တာပိဏ်း တစ်ခုခုကို အားလုံးစားကြရပါသည်။ အသက်အရွယ်ကြီးရင့်သူနှင့် ငယ်ရွယ်သူ သီလရှင်များသာ ပိတ္တာပိဏ်းကို စားကြပါသည်။ စားပြီးပါက နာရီဝက်ဖြစ်စေ၊ တစ်နာရီဖြစ်စေ တရားရှုမှတ်ကြရပါသည်။ ပထမပြန်စာမေးပွဲကြီးပြီးပါက မဟာစည်ရိပ်သာ၊ မိုးကုတ်ရိပ်သာများသို့ စာချဆရာများကို အပ်နှံခိုင်းကာ ရက်ပေါင်း ၃၀၊ ၄၅ ရက် စသည့် တရားထိုင်ကြရပါသည်။ "ပရိယတ်ပဋိပတ် ကျင့်မြတ်နှစ်ဖြာ ပြည့်စုံတာ၊ တိုက်တာဂုဏ်ကြီးရ၊ တိုက်ဂုဏ်ရှိငြား၊ လွန်ကြီးပွား၊ ဘုရားသာသနာ ချီးမြှောက်ရ၊ သာသနာမူ၊ ချီးမြှောက်သူ၊ နိဗ္ဗုလျင်မြန်ရ" ကျေးဇူးတော်ရှင် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ဘုရား၏ သီလရှင်များအတွက် ချမှတ်ပေးခဲ့သော ဥပဒေသကို ရိုသေစွာ ကျင့်ကြံလိုက်နာခဲ့ပါသည်။ ဖွားဘုရားသည် ငယ်ရွယ်စဉ်အခါကပင်

ပညာရှိသူတော်ကောင်းများ ဖြစ်ကြသော ဆရာသမားများ၏ ဆုံးမစကားကို တန်ဖိုးထားပြီး လိုက်နာခဲ့သောကြောင့် သောဝစသတာဂုဏ်နှင့် ပြည့်စုံသူဟု ဆရာများက ချီးမွမ်းခြင်းကို ခံယူခဲ့ရပါသည်။ စာရေးသူသည် ဖွားဘုရား၏ခြေရင်း ဝပ်ဆင်းပြီး (၁၆) နှစ်၊ (၁၇) နှစ်နီးပါး တပည့်အဖြစ် နေထိုင်ခဲ့ပါသည်။ သို့သော် ငယ်ရွယ်သေးသည့်အလျောက် မှတ်ဉာဏ်အားနည်းသည်ကတစ်ကြောင်း၊ အရွယ်ရောက်လာသော်လည်း ဉာဏ်ပညာအားနည်းသည်တို့ကြောင့် ဖွားဘုရား၏ အကြောင်းအရာကို ရေးသားပူဇော်ရာ၌ နေ့၊ ရက်၊ လ အချိန်တို့ပင် မှားကောင်းမှားပါမည်။ ဖွားဘုရား၏ ကရဏာအရင်းခံသော ပြောကြားချက်များသည် စာရေးသူ ဉာဏ်မမီ၍သာ ပြည့်စုံမည်မဟုတ်ပါ။ ဤမှုန်ကန်သောသစ္စာကားကို ရေးသားရပါသောကြောင့် တပည့်ကောင်းတစ်ယောက် ဖြစ်ပါရစေဟု ဆုမွန်ခြွေရပါသည်။

မိကောင်း ဖကောင်းတို့၏ သမီးရတနာ၊ ဆရာသမားကောင်းတို့၏ တပည့်အလိမ္မာ၊ တပည့်ကောင်းတို့၏ မြတ်ဆရာဖြစ်သော ဖွားဘုရားတည်ထောင်သွားခဲ့သည့် သမိဒ္ဓါဒယ ချောင်ကြီးသည် နှစ်တစ်ရာသို့ရောက်၍ ဟောင်းပင်ဟောင်းသွားသော်လည်း ဖွားဘုရားတည်းဟူသော ငွေလမင်းကြီး၏ အေးမြသောအရိပ်ကြောင့် အရှိန်မပျက် ဆက်လက်၍ လင်းလက်တောက်ပ ချမ်းမြေ့နေမည်သာ ဖြစ်ပါသတည်း။

၂၅-၄-၂၀၁၁ (စနေနေ့)

ငယျာသန္တာမိုး ရေးသားပူဇော်သည်။

# သမိဒ္ဓါဒယအလယ်တောရ
# မော်လမြိုင်သီလရှင်စာသင်တိုက်

ဒေါ်ညာဏောဘာသီ

စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓါဒယချောင်၌ ဖွားဘုရား၏ ထင်ရှားသော တပည့်များတို့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်းရှိ အလယ်တောရကျောင်းတိုက်တွင် သမိဒ္ဓါဒယ မော်လမြိုင်သီလရှင်စာသင်တိုက်ကို ဦးစွာပထမ တည်ထောင်တော်မူခဲ့ကြသော ဆရာကြီးများမှာ ဒေါ်ဝဏ္ဏမာရီ၊ ဒေါ်သုနန္ဒီ၊ ဒေါ်ပုညဝတီ၊ ဒေါ်ကုလနန္ဒီတို့ ဖြစ်ပါသည်။ ဆရာကြီး ဒေါ်သုနန္ဒီသည် ပထမကြိုးတန်း၌ ပထမကျော်ကို ၁၉၂၆-ခု၊ စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓါဒယချောင်မှ အောင်မြင်ခဲ့ပါသည်။ မိမိတို့ဆရာသမား၏ ကျေးဇူးဂုဏ်အနန္တကို အာရုံပြု၍ မော်လမြိုင်၏ရှေ့မှာ သမိဒ္ဓါဒယဟု အမည်ပေးကင်ပွန်းတပ်ခဲ့ကြပါသည်။ သမိဒ္ဓါဒယ အမည်ကိုသာ ရယူခဲ့သည်မဟုတ်ပါ။ မိမိတို့ဆရာသမားများ ကျင့်ကြံခဲ့သော သူတော်ကောင်းလမ်းစဉ်ကိုလည်း နည်းမှီ၍ သာသနာ့တာဝန်များကို အသက်ထက်ဆုံး ထမ်းဆောင်ခဲ့ကြပြီး ယခုအခါ ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ကြပြီး ဖြစ်ပါသည်။ ယခုအခါ အသက် (၉၁) နှစ်ရှိပြီဖြစ်သော သက်တော်ရှည်ဆရာကြီး ဒေါ်ကုလနန္ဒီတစ်ပါးသာ ကျန်ရှိနေပါသည်။ ဆရာကြီး ဒေါ်ကုလနန္ဒီ (မဟာဂန္ဓဝါစကပဏ္ဍိတ) နှင့် ဆရာကြီး ဒေါ်ညာဏောဘာသီ (အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ) ဆရာကြီးနှစ်ပါးက ဆက်လက်ထိန်းသိမ်း အုပ်ချုပ်လျက် ရှိပါသည်။ တစ်ဖက်မှာလည်း မြတ်ဗုဒ္ဓသာသနာတော်ကြီးကို အဓွန့်ရှည်စွာ တည်တံ့ပါစေရန် ရည်ရွယ်၍ ရှေးရှေးဆရာကြီးများ ချမှတ်ခဲ့သော လမ်းစဉ်ကို အရှိန်အဟုန်မပျက် ဆက်လက် ပြန့်ပွားစေရန်အကျိုးငှာ ရန်ကုန်တိုင်းလုံးဆိုင်ရာ အမျိုးသမီး ပရိယတ္တိအာဂုံစာပြန်ပွဲကြီးကိုလည်း

“စိတ်ရည်ဇွဲသန်၊ သည်းငြင်းခံ ပြုရန်သာသနာ” ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ဆရာကြီးဒေါကုလနန္ဒီ၊ ဒေါဉာဏောဘာသီ၊ ဒေါဓမ္မေသီ၊ ဒေါနန္ဒသာရီ၊ ဒေါပညာရံသီ၊ ဒေါပညာရီ ဆရာကြီးများနှင့် အလှူရှင် သာသနာ့ဒါယကာ ဒါယိကာမများ စုပေါင်းကောင်းမှု ဖြင့် ဆက်လက်ချီတက်ခဲ့ရာ ယခုနှစ် ဆိုရင် (၆၇) နှစ် သက်တမ်းသို့ပင် ရောက်ရှိခဲ့ပါသည်။ အတန်းအသီးသီးတွင် အောင်မြင်သူပေါင်း များစွာရှိနေပြီဖြစ်၍ အမျိုးသမီးသီလရှင်များအတွက် အားတက်ဖွယ်ရာ၊ အားထားရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပြီဖြစ်၍ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။ ကမ္ဘာနှင့် သာသနာ့တည်ရှိနေသရွေ့ ဆက်လက်တည်တံ့ပါစေဟု မွန်မြတ်သော ဆုကို ချွေရပါသတည်း။

ဒေါဉာဏောဘာသီ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

# ပြွန်တန်ဆာမြို့
# သမိဒ္ဓါဒယ ဓမ္မဇောတိကာရုံ သီလရှင်စာသင်တိုက်

## ဇယျာသန္တာမိုး

ပြွန်တန်ဆာမြို့၏ ကျက်သရေဆောင်ဖြစ်သော သမိဒ္ဓါဒယ ဓမ္မဇောတိကာရုံ သီလရှင်စာသင်တိုက်ကြီးကို ၁၃၀၂-ခုတွင် ဆရာကြီး ဒေါဓမ္မစာရီသည် ဒေါကေလာသီ၊ ဒေါကောသာရီ၊ ဒေါဉာဏသီဂီ၊ ဒေါကုမာရီ၊ ဒေါသုနန္ဒီ၊ ဒေါနန္ဒမာလာနှင့် သာသနာ့ဒါယိကာမများဖြစ်ကြသော ဒေါကျင်မွား (ကျားမင်း)၊ ဒေါစော၊ ဒေါလှသင်း၊ ဒေါစောတင်၊ ဒေါမြစိန်၊ ဒေါစော (ယုန်မင်းဆီစက်)၊ ဒေါအုံးခင်၊ ဒေါငွေအောင်၊ ဆရာမကြီး ဒေါကျင်စိန်တို့နှင့်အတူ ဆရာဒကာလက်တွဲညီစွာဖြင့် အထက်ပါစာသင်တိုက်ကြီးကို သာသနာတော်အကျိုး ရည်မှော်ကိုးကာ တည်ထောင်ခဲ့ပါသည်။ အသက် (၁၂) နှစ်အရွယ်တွင် သာသနာ့ဘောင်သို့ ဝင်ရောက်လာသော ဆရာလေး ဓမ္မစာရီသည် ၁၂၆၉-ခုနှစ်၊ ရန်ကုန်မြို့၊ ဗဟန်းသီလရှင်စာသင်တိုက်၌လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး သမိဒ္ဓါဒယချောင်၌ ဖွားဘုရား ဒေါမာလာရီအထံ၌လည်းကောင်း ပညာရင်နှီးသောက်စို့ခဲ့ပါသည်။

ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း၊ စာချတန်းတို့ကို အောင်မြင်ခဲ့ပါသည်။ ဆရာကြီး ဒေါဓမ္မစာရီသည် ပြွန်တန်ဆာမြို့၊ နင်းကျမ်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးပညာဇောတ၏ နှမအရင်းဖြစ်ပါသည်။ ကျေးဇူးတော်ရှင် ဖွားဘုရား၏ ချောင်နာမည်ဖြစ်သော သမိဒ္ဓါဒယအမည်ကို ဆရာဘုရားဂုဏ်ကို အာရုံပြု၍ ရှေ့ဆုံးမှတပ်ကာ အစ်ကိုတော် ဦးပညာဇောတ၏ နောက်ဆုံးဘွဲ့တော်ဖြစ်သော ဇောတိကကိုယူ၍ အလယ်မှ မိမိဘွဲ့အမည် ဓမ္မကိုယူ၍ "သမိဒ္ဓါဒယ ဓမ္မဇောတိကာရုံ" ဟု ဘွဲ့အမည်ကို မှည့်ခေါ်ခဲ့ပါသည်။ ဆရာကြီးသည် အပြောအဆို၊ အမူအရာ၊ စိတ်နေသဘောထား နူးညံ့ပျော့ပျောင်း၍ ချစ်စရာ ကြည်ညိုစရာကောင်းသော ဖွားဘုရား၏ ထင်ရှားသော တပည့်ကြီးများတွင် ထူးခြားသော သူတော်ကောင်းစိတ်ဓာတ် ပြည့်ဝသော ဆရာကြီးတစ်ပါး ဖြစ်ပါသည်။ ဖွားဘုရားနှင့် ဆရာသမားများကိုလည်း လွန်စွာမှာပင် မြတ်မြတ်နိုးနိုး တန်ဖိုးထားတတ်သည်ကို စာရေးသူငယ်စဉ်က ဖွားကုနှင့် မကြာမကြာရောက်ခဲ့ဖူး၍ မြင်တွေ့ခဲ့ရပါသည်။ ဆရာကြီး ဒေါဓမ္မစာရီသည် ၁၃၃၆-ခု၊

ပြာသိုလဆန်း (၈) ရက်နေ့တွင် ဘဝနတ်နန်းသို့ ကြွမြန်းခဲ့ပါသည်။ ပါရမီဖြည့်ဘက် သာသနာပြုဘက်များဖြစ်ကြသော တပည့်ကြီးများနှင့် ဒကာ ဒကာမများသည်လည်း ကုသိုလ် ရိက္ခာထုပ်အပြည့်ဖြင့် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ပြီး ဖြစ်ပါသည်။ သို့သော် ဆရာကြီး ဒေါ်ခမ္မစာရီနှင့် တပည့်ကြီးများ၊ ဒကာ ဒကာမများတို့သည် လူပင်သေသော်လည်း နာမည်က တော့ ယခုထက်တိုင် ရှင်သန်လျက် ရှိနေပါသေးသည်။

ယခုလက်ရှိ သာသနာ့တာဝန်ကို ထမ်းဆောင်နေကြသော ဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ ပဓာနနာယကဆရာကြီး ဒေါကဉ္စနရုံသီ၊ ဓမ္မာစရိယ ဂန္ထဝါစက ပဏ္ဍိတ ဆရာကြီး ဒေါကဉ္စနထေရီ၊ ဒေါစရိတဉာဏီ၊ ဒေါဝိဇ္ဇာရုံသီ၊ ဆရာကြီးလေးပါးတို့သည် ဖွားဖွားကြီး ဒေါခမ္မစာရီ နှင့် ဆရာများချမှတ်ခဲ့သော လမ်းရိုးလမ်းဟောင်းကို လမ်းသစ်ထွင်၍ ခေတ်နှင့်လျော်ညီစွာပြုလုပ်ပြီး ကြီးပွားတိုးတက် အောင်မြင်နေသည်ကို ဝမ်းမြောက်စွာဖြင့် တွေ့မြင်ရပါသည်။

သမိဒ္ဓါဒယဓမ္မဇောတိကာရုံသီလရှင်စာသင်တိုက်သည် လေးဇကျယ်ဝန်းပါသည်။ ၎င်းစာသင်တိုက်မုခ်ဦး၏ လက်ယာဘက်တွင်ကပ်လျက် တည်ရှိသော မုစလိန္ဒသတ္တာဟ နဂါးရုံ ဘုရား တည်ရှိပါသည်။ ၎င်းဘုရားအနီးတွင် တစ်ပါးနေကမ္မဋ္ဌာန်းကျောင်းလေးနှင့် ဆင်နှစ်ကောင် နှစ်ထပ်ကျောင်း အပါအဝင် (၃) ကျောင်းရှိပါသည်။ မုခ်ဦး၏ လက်ဝဲဘက်တွင် မြရတနာ တစ်ထပ်တိုက် ကျောင်းအမကြီး ဒေါ်နီတိုက်ကျောင်းနှင့် တိုက်ကျောင်း (၅) ကျောင်း ရှိပါသည်။ ကျောင်းတိုက်မုခ်ဦး၏ အလယ်တည့်တည့်တွင် (၁၂) ပင်၊ (၁၁) ခန်း၊ (၁) ခန်းကို (၈) ပေခွဲရှိ နှစ်ထပ်ပျဉ်ထောင်ကျောင်းကြီး ရှိပါသည်။ ဟိုယခင်က ပျဉ်ထောင်ကျောင်းများနေရာ တွင် ယခုအခါ အုဋ္ဌတိုက်များဖြင့် အစားထိုး နေရာယူထားပါသည်။ ဖွားဖွားကြီးတို့ရှိစဉ်က ပျဉ်ထောင်ကျောင်း (၆) ကျောင်းသာ ရှိပါသည်။ တစ်ကျောင်းနှင့်တစ်ကျောင်း လွယ်ကူစွာ သွားလာနိုင်ရန် (၇၂) ခန်းရှိသော နတ်လမ်း (စင်္ကြံလမ်း) ကိုလည်း မိုးဒဏ်နေဒဏ်ခံနိုင်ရန် သွပ်မိုးကွန်ကရစ်ခင်းပြီး လှပစွာ သွယ်တန်းထားပါသည်။

ကျောင်းတိုက်တိုင်းမှာလည်း ရေတုံကင်၊ ရေဘုံဘိုင်၊ ရေကန်များဖြင့်လည်းကောင်း၊ သီးပင် စားပင်၊ ပန်းပင်တို့ဖြင့်လည်းကောင်း ပျော်မွေ့ဖွယ်ရာကောင်းလှပါသည်။ နယ်ပေါင်းစုံမှ ရောက်ရှိလာကြသော စာသင်သားသီလရှင်များ ချမ်းသာစွာ စာပေသင်ကြားနိုင်ရန် ပြုလုပ်ထား သည်မှာလည်း စီစဉ်သူ ဆရာကြီးများနှင့် သဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းထားသော ဒကာ ဒကာမများကို ချီးကျူးဂုဏ်ယူစရာပင် ဖြစ်ပါသည်။ ယခုအခါ အခြေပြုမူလတန်း ပထမငယ်၊

ပထမလတ်၊ ပထမကြီးတန်း၊ အစိုးရစာချတန်း၊ ဝိနယဝိဒူ, ဒီဃနိကာယဝိဒူ ဝိသုဒ္ဓိမဂ် စာမေးပွဲများ၌ ပထမရပြီး အောင်မြင်သူများဖြင့် စည်ကားလျက်ရှိနေပါသည်။

တစ်နှစ်တွင် အလှူကြီးလေးခါကို ဆရာဒကာ စုပေါင်းညီညာစွာဖြင့် ပြုလုပ်လေ့ရှိသည်ဟု သိရပါသည်။ နှစ်စဉ်နှစ်တိုင်း ကျေးဇူးရှင်ဆရာကြီး၏ ဂုဏ်တော်အနန္တကို အာရုံပြု၍ ဆရာကြီးလွန်တော်မူသော ပြာသိုလဆန်း (၈) ရက်နေ့တွင် အာဂုံပြန် ရေးဖြေစာမေးပွဲကို ကျင်းပပြီး ဆုနှင်းသဘင်ပွဲကိုလည်း ခမ်းနားစွာကျင်းပခဲ့ကြပါသည်။

တန်ခူးလ သင်္ကြန်အခါတို့တွင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ပွဲနှင့် ဒုလ္လဘသီလရှင်ဝတ်ပွဲများ ကျင်းပကြပါသည်။ ဒုလ္လဘသီလရှင်များ (၁၀၀) ကျော်၊ (၂၀၀) နီးပါး ရှိသည်ဟု သိရပါသည်။ ကဆုန်လပြည့်နေ့တွင် ဝါဆိုသော သီလရှင်များအားလုံးကို ဆီ (၃) ပိသာနှင့် အခြားပစ္စည်းဝတ္ထုများကို လှူဒါန်းမည်ဟု သိရပါသည်။ နယုန်လပြည့်နေ့ နဂါးရုံဘုရားပွဲတော်ကို (၃) ရက်တိုင်တိုင် ပဋ္ဌာန်းဒေသနာတော်ကြီးဖြင့် ပူဇော်ကြပါသည်။ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် ကျောင်းရှိ သီလရှင် (၁၀၀) တို့အား ဝတ်စုံများ စုပေါင်းလှူဒါန်းကြပါသည်။ ပြွန်တန်ဆာမြို့နှင့် အဝေးအနီး ဒကာ ဒကာမများသည် သီလရှင်စာသင်တိုက် တည်သည်မှ ယခုအချိန်တိုင်အောင် မိမိတို့စွမ်းရာဘက်မှ အမြဲလှူဒါန်းထောက်ပံ့လေ့ရှိပါသည်။

ယခုအခါ ကျောင်းတိုက်တိုင်းမှာ တွေ့ရခဲ့သော ထူးခြားသော မြင်ကွင်းလေးကတော့ ကျောင်းရှိဆရာလေးများသည် ရောက်ရှိလာသော ဆရာကြီးများကို မြင်ရာအရပ်မှ ရှိသေစွာ လက်အုပ်ချီ၍ ကြိုဆိုကြပါသည်။ ဆရာကြီးများ ထိုင်နေသည်ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ လာရာလမ်းမှ ဖိနပ်ကလေးကိုချွတ်၊ ကိုယ်ကိုကိုင်းညွတ် အရိုအသေပေး၍ သွားကြရပါသည်။ ယခုအခါ အလွန်ရှားပါးသွားပြီဖြစ်၍ အတုယူအားကျစရာအဖြစ် တင်ပြအပ်ပါသည်။

စစ်ကိုင်းတောင်ရိုး သမိဒ္ဓါဒယချောင် နှစ် (၁၀၀) ပြည့်ပူဇော်ပွဲကြီးကို ဖွားဘုရား၏ တပည့်ကြီးငယ်အဖြစ်ဖြင့် မိမိတို့စွမ်းနိုင်ရာဘက်မှ သာသနာပြုလျက် ကြိုဆိုဂုဏ်ပြုအပ်ပါသတည်း။

ရေးသားပူဇော်သူ

**ဇေယျာသန္တာမိုး**

၁၈-၅-၂၀၁၁

ကဆုန်လဆုတ် (၁) ရက်၊

ဗုဒ္ဓဟူးနေ့

စစ်ကိုင်းတောင်ရိုး

# သမိဒ္ဓါဒယချောင် သီလရှင်စာသင်တိုက် ချောင်တည်

## နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်

## ရာပြည့်မော်ကွန်း ပိဒ်စုံရတု



၁။ ဧရာဝတီ၊ မြစ်နဒီလျှင်၊ ပလီနွဲ့နှောင်း၊ ရေစီးကြောင်းအား၊ ရွှေ့ပြောင်းဝိုက်ဝှေ့၊ အနောက်ကွေ့လျက်၊ မြင်တွေ့ကြုံရ၊ ဝက်နွာဖြင့်၊ လှုပကျော့ရှင်း၊ ကွေ့ကောက်ကွင်း၍၊ စီးဆင်းခွေလည်၊ ကျုံးရေကြည်သို့၊ ရွှေပြည်ပတ်ခြာ၊ ဝိုင်းပတ်ကာဖြင့်၊ ကဗျာမမှီ၊ စာမပီမျှ၊ ကုံးသီဆိုဖွဲ့၊ တောတောင်ဘွဲ့လည်း၊ နှိုင်းမဲ့အလျင်း၊ ပြိုင်စံကင်းခဲ့၊ သတင်းမွေးဆောင်၊ စစ်ကိုင်းတောင်၏၊ နှစ်ထောင်ရှည်ကြာ၊ သာသနာဝယ်၊ နှစ်ရာဂဏန်း၊ ကြာမြင့်တန်း၌၊ မြတ်ပန်းတော်ဝင်၊ သီလရှင်ဟု၊ အသွင်ချမ်းငြိမ်း၊ လောကီတိမ်းကာ၊ ထိန်းသိမ်းစောင့်ရှောက်၊ ယွင်းမဖောက်ဘဲ၊ ပြောင်မြောက်ခဲ့ပေ၊ သမိုင်းမွေဖြင့်၊ အခြေကျန၊ မြတ်ဗုဒ္ဓ၏၊ ထွန်းပရောင်ရှိန်၊ လင်းလက်ချိန်ဝယ်၊ ဂုဏ်သိန်ပြည့်လျှမ်း၊ တာဝန်ထမ်း၍၊ ဆင့်ကမ်းဆက်ခံ၊ ကောင်းကျိုးနှံလျက်၊ ရည်သန်နိဗ္ဗု၊ ကျင့်ကြံယူသော်၊ ကြည်ဖြူလေးမြတ်၊ သဟဇာတ်ဖြင့်၊ မပြတ်စည်ပင်၊ သီလရှင်တို့၊ စာတင်မော်ကွန်း၊ ရေးဖွဲ့ညွှန်း၍၊ ကောင်းလွန်းစုံစွာ၊ သာသနာအား၊ သင့်စွာဆည်းကပ်၊ ပရိယတ်လည်း၊ သင်မှတ်ကိုယ်စီ၊ နှလုံးတည်လျက်၊ စာစီဖြောင့်ရိုး၊ မြင့်မြတ်မျိုးတို့၊ သည်ပိုးထက်သန်၊ နေရာမှန်ဝယ်၊ ဧကန်လိုလား၊ မြတ်တရားကို၊ နာကြားထပ်ဆင့်၊ လက်တွေ့ကျင့်သော်၊ အခွင့်သေချာ၊ မြို့ဇေယျာအား၊ ပတ်ခြာစီးဆင်း၊ ဧရာမင်းနှယ်၊ သတင်းမွေးလှ၊ ရှင်သီလတို့၊ စောင့်ကြအစဉ်၊ မပြတ်ယှဉ်သည်၊ ဘဝင်တင့်မော၊ ဥယျာဉ်တောအား၊ စည်ပြောလှပ၊ စည်းကာရသို့၊ ဘဝသစ်လောင်း၊ ကောင်းမှုဆောင်းသည့်၊ ခွင့်ကောင်းကိုယူ၊ စိတ်ဝမ်းဖြူလျက်၊ ရည်တူဆောင်နှင်း၊ သီလမျဉ်းကို၊

ပျက်ယွင်းမရှိ၊ စောင့်ထိမ်းဘိသော်၊ သတိမပြတ်၊ ကျုံးတည်လတ်သည်၊ **ကမ်းစပ်ရေကြည်သင့်သတည်း ။**

၂။ ဇေယျာမဟီ၊ မင်းပေါင်းမှီလျက်၊ မြို့တည်ထောင်ပြု၊ ပြည်ထောင်စုတို့၊ အောင်မူသေချာ၊ အောင်နေရာတည့်၊ ရှေးခါသည်မှ၊ ခုကာလတိုင်၊ ဒါနစည်ပင်၊ ကောင်းကျိုးထင်လျက်။ အစဉ်ကောင်းမှု၊ လာရောက်ပြုသည်၊ ပြည့်သူ့စိတ်ဝမ်း၊ ဆုပ်ကိုင်ဖမ်းကာ၊ မျှတမ်းမစဲ၊ တဖွဖွလျှင်၊ ရင်ထဲဆိုက်ဆိုက်၊ သည်းအူလိုက်မျှ၊ သိုက်မြိုက်အလှူ၊ ကြည်ကြည်ဖြူနှင့်၊ မဟူနေ့ည၊ မြင်တွေ့ရ၏၊ သီလတန်ခိုး၊ လှုံ့ဆော်ပိုး၍၊ ကောင်းကျိုးပြယုဂ်၊ တောင်လုံးအုပ်လျှင်၊ သရုပ်မှန်သည်၊ မြတ်စေတီနှင့်၊ ကျင့်သီလဆောင်၊ ဂူ, ကျောင်း, ချောင်တို့၊ ကုန်အောင်စုံမျှ၊ တွက်မရခဲ့၊ များလှရဟန်း၊ ကိန်းဝပ်မြန်းကာ၊ ရွှင်လန်းပျော်ပြိုး၊ သီတင်းသုံးကြ၊ ရှေးထုံးအစဉ်၊ တောသို့ဝင်၍၊ ပယ်ခွင်မြို့ရွာ၊ တရားရှာရန်၊ ကျောင်းရာကိုပျိုး၊ မဂ်ဖိုလ်မျိုးကို၊ တက်တိုးကျင့်လှမ်း၊ မြတ်စခန်းတည့်၊ မျှော်မှန်းရွေပြည်၊ နိဗ္ဗာန်ရည်လျက်၊ ချောင်တည်ခလေ့၊ သူတော်မွေ့ခဲ့၊ ကောင်းပေစုံလင်၊ သီလရှင်တို့၊ အလျင်မပြတ်၊ သူတော်မြတ်ကို၊ ဆွမ်းကပ်လှူလောင်း၊ သင့်အပ်ကြောင်းဖြင့်၊ ကိန်းအောင်းမွေ့လျော်၊ ကောင်းမှုပျော်လည်း၊ လှူသော်မဝ၊ စောင့်သီလနှင့်၊ ဓမ္မစုံစွာ၊ ဘာဝနာလျှင်၊ ခါခါမပြတ်၊ ဆည်းပူးအပ်၍၊ ကျောင်းရပ်တည်ထောင်၊ ဇရပ်ချောင်ဝယ်၊ လူ့ဘောင်ခွာစွန့်၊ ပန်းအညွှန့်တို့၊ အဝွန့်ရှည်လျက်၊ အဖက်ဖက်မှ၊ ကိုင်းခက်ဝေဖြာ၊ သာသနာကို၊ ရှည်ကြာခွင့်မှီ၊ မာလာရီဟု၊ သညီမည်ဆန်း၊ တော်ဝင် ပန်းကား၊ ကိန်းခန်းစုံစွာ၊ ထောင့်နှစ်ရာဝယ်၊ ခုနှစ်ဆယ်နှင့်၊ ကြီးကျယ်မဆုံး၊ အစွယ်သုံးတွင်၊ မယ့်ဘုန်းရွှေကံ၊ အကြောင်းဖန်၍၊ ကျင့်ကြံညီသော၊ သမိဒ္ဓါဟု၊ ခြံတောရှင်းကာ၊ ချောင်တည်ပါသော်၊ သဒ္ဓါတူမျှ၊ ကလျာဏတို့၊ ဒါနမပြတ်၊ ဆောင်နှင်းအပ်သည်၊ **လွှမ်းပတ်ခွေလည်ဆင့်သတည်း ။**

၃။ သေလာနဒီ၊ တောတောင်မှီလျက်၊ ရေကြည်ပြာစိမ်း၊ လေနုယိမ်းစဉ်၊ ညွှတ်တိမ်းသာစွ၊ ပနံရလိမ့်၊ ဓုရမျှော်မှန်း၊ မဂ္ဂင်လမ်းမှ၊ ရဟန်းတို့လျှင်၊ နိဗ္ဗာန်ဝင်အောင်၊ အစဉ်မပြတ်၊ ပဋိပတ်ကို၊ ထပ်ထပ်ဆင့်ဆင့်၊ မြင့်ထက်မြင့်မျှ၊ အကျင့်ကျိုးကုတ်၊ မနစ်ဆုတ်ဘဲ၊ အားထုတ်သောခါ၊ ဖြောင့်စေရာဟု၊ အာဟာရဆွမ်း၊ ကျောင်းသင်္ကန်းမှ၊ ကျန်းမာစေရေး၊ သင့်သောဆေးဖြင့်၊ မျှော်တွေးထောက်ကူ၊ ကုသိုလ်ယူမည့်၊ ပြည်သူတို့ကား၊ လောကီသားမို့၊ ထွေပြားနေရ၊ လူ့ကိစ္စနှင့်၊ ဘဝလုံးခြာ၊ နေရရှာသည်၊ အခါအခွင့်၊ နေ့စဉ်တင့်ဖို့၊ အသင့်ရှိကြ၊ မြတ်ဒါနလည်း၊ ကာလမဆိုင်း၊ မဖြတ်ပိုင်းဘဲ၊ လိုတိုင်းအစဉ်၊ သီလရှင်တို့၊ အမြင်တင့်တယ်၊ ဝတ်ကြီးငယ်ကို၊

စွန့်ပယ်လူ့ရွာ၊ ပြုခွင့်သာခဲ့၊ ပမာပုံဆောင်၊ စစ်ကိုင်း တောင်နှင့်၊ လှဖောင်သဘော်၊ စုန်ဆန်မျောသည်၊ မြစ်ကြောဇရာ၊ လိုက်ဖက်စွာသို့၊ ဆရာစဉ်ဆက်၊ ရှေးထုံးစွဲ၍၊ နှစ်သက်ကြည်ဖြူ၊ သီလမူကို၊ ခံယူနှစ်ထောင်း၊ ကောင်းမှုပေါင်းဖြင့်၊ အကြောင်းစုံလှ၊ တည်နေကြလျက်၊ ဓမ္မမည်မှတ်၊ ပရိယတ်လည်း၊ မပြတ်သင်အံ၊ ဆရာထံသို့၊ ပို့နှံအပ်လေ၊ သင်ယူစေသော်၊ အခြေခံကောင်း၊ သူမြတ်လောင်းတို့၊ ပန်းပေါင်းစုံညီ၊ ပွင့်လေပြီမို့၊ ကိုယ်စီကိုယ်ငှ၊ ကိုယ့်ဌာနဝယ်၊ ဓမ္မဥယျာဉ်၊ အောင်ပန်းဆင်ကာ၊ တစ်ခွင်လောက၊ လှတိုင်းလှအောင်၊ စွမ်းပြသက်သေ၊ အောင်ပန်းဝေခဲ့၊ အောင်မြေမည်သော၊ သမိဒ္ဓါ၏၊ ရှုမောမဆုံး၊ အောင်အပြုံးဖြင့်၊ အောင်နှုန်းသေချာ၊ နှစ်တစ်ရာကား၊ သေချာမျက်မှောက်၊ အခွင့်ရောက်ပြီ၊ ကွန်းထောက်ဝေဖြာ၊ ထောင့်သုံးရာဝယ်၊ ခုနစ်ဆယ်တွင်၊ အစွယ်ပြင်ဘား၊ သုံးနှစ်ထားလျက်၊ ဘုရားမြတ်စွာ၊ သာသနာကို၊ ကောင်စွာဆင့်လျော်၊ စွယ်စုံကျော်လျှင်၊ ပူဇော်ခွင့်ရ၊ ဤကာလကား၊ ပုညစုံလင်၊ သီလရှင်တို့၊ အစဉ်ကြွေးကြော်၊ သာဓုခေါ်၍၊ စေ့ဆော်လွှမ်းပတ်၊ သဟဇာတ်သည်၊ **ပန်းမြတ်ဝေစည်ပွင့်ဿတည်း။**

**မောင်ဇော်နိုင် ( ချမ်းသာသုခ )**



ဖွားကုဂုဏ်ရည်

မြင်ကြ
မထင်ရ
အဆင်လှတဲ့ သက်ကြားအို ။ ။

ကုလပတိ
သမုဒယမငြိ
အတုအပမရှိတဲ့ ကျွန်ုပ်ရှင် ။ ။

စိတ်သဘော
မနိမ့်သော
သမိဒ္ဓါရဲ့ စံပြမယ် ။ ။

ထက်ခေါင်
ရွက်ဆောင်
အသက်တောင်
ကိုးဆယ်ပြည့်ပြီကော ။ ။

ညီမျှအောင်
သီလဆောင်
ဒီကမောင် ရှိခိုးလိုက်ပါရဲ့ ။ ။

ရာကျော်
အခါတော်
အသာမျော်ရှည်ပါဦးမယ် ။ ။

သင်းရနံ့
ဝင်းပျံ့
သတင်းနံ့ပါတဲ့ သီလရှင် ။ ။

မောင်ကော်နိုင် ( ချမ်းသာသုခ )

## သောတုၚ်နေများသို့ တိုက်တွန်းလွှာ

စကား စကား ပြောပါများ
စကားထဲက ဇာတိပြု၏။
ထို့ကြောင့်သာပင်
စကားဝိုင်းထိုင် ဝင်မပြိုင်နှင့်
စကားဝိုင်းပြော ဝင်မနှောနှင့်
အတတ်ပညာ အဖြာဖြာကို
သင်, အံ့, လေ့လာ ဆည်းပူးပါမှ
အထက်တန်းဘဝ လူလောကသို့
မှချကေန် ရောက်မည်မှန်လို့
ကျင့်, ကြံ့, ကြိုးကုတ် အားထုတ်စို့။ ။

ရွှေသန္တာ

# သမိဒ္ဓါဒယ ဖိတ်ခေါ်သံ

✧ သောတုဆွေ၏
စာသင်နေရာ ချောင်ဌာနေမှာ
သမိဒ္ဓါချောင် ဖြစ်ပါသည်။

✧ ချောင်၏အလယ်
တင့်တယ်ပေကောင်း ဘုရားကျောင်းရှင့်။

✧ ချောင်၏ထိပ်တွင် ပုံတူရှင်နှင့်
အရှေ့အနောက်
တောင်, မြောက်လေးထွေ ရှုကြည့်လေသော်
ဇရပ် တန်ဆောင်း တိုက်ကျောင်းများနှင့်
အလွန်ပျော်ရွှင်စရာကောင်းပါသည်။

✧ ထိုချောင်မှာရှိ
သောတုအပေါင်း သိဿကောင်းတို့
စာကျက်, စာပြန် ဘဝင်လှုံသည်။

✧ ညံ့ညံ့မစဲ တသဲသဲ
ထိုလောက်အောင်မျှ ကြိုးစားကြ၍
စာပွဲတိုင်းမှာ
ထူးကဲလွန်စွာ အောင်ကြသည်။

✧ ပျော်စရာကောင်းသည့်
အကျွန်ုဌာနီ ရွှေချောင်ဆီသို့
တစ်ခေါက်အရောက်လာစမ်းပါ။ ။

ဟေမာန်ဦး

# နောင်းနောင်တ

✧ ငယ်စဉ်အခါ ပညာရှာစဉ်
ငါ၏ဆရာ မြတ်မဟာမှ
ငါကိုပြစ်တင် ပြောဆိုချင်ဟု
ငါ၏မနော စော, ကြောမိခဲ့။ ။

✧ ကိုယ်တိုင်ဆရာ ဖြစ်သောခါမှ
ငါ၏ဆရာ မြတ်မဟာသည်
ကရုဏာထား သိသမျှားကို
တော်စေ တတ်စေ ထက်မြက်စေအောင်
အော်ကာတစ်လှည့် ချော့ကာတစ်ဖုံ
မြောက်ကာတစ်မည် အလိလိဖြင့်
အမိုက်အမှောင် ထွန်းလင်းပြောင်အောင်
လမ်းပြဆောင်သည်
ငါသည် နောင်းနောင်တပါတကား။ ။

ရွှေသန္တာ

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၁ | ဥူးသုမန | သီရိသုမနချောင် | ၁၀၀၀၀၀ |
| ၂ | ဇီနောဆရာတော် | စစ်ကိုင်း | ၁၀၀၀၀၀ |
| ၃ | ဦးဇေယျာနန္ဒ | ရတနာမဠိမဏ္ဍိုရိပ်သာ-ရန်ကုန် | သက်န်း(၁၀)စုံ |
| ၄ | အမေရိကန်ဘုန်းဘုန်းရွှေမန်း | မန္တလေး-သက်န်း (၂) စုံ | ၃၀၀၀၀ |
| ၅ | ရတနာမာရ်အောင်ဆရာတော် | စစ်ကိုင်းတောင်ရိုး | ၂၀၀၀၀ |
| ၆ | ဥူးသဒ္ဓမ္မ | ရွှေဟင်္သာတိုက်ဟောင်း | ၂၀၀၀၀ |
| ၇ | အရှင်ကေသဝါလင်္ကာရ | သုဇောဓရုံ | ၁၅၀၀၀ |
| | **သမိဒ္ဓါဒယချောင်မှ ဆရာကြီး ဆရာလေးများ အလှူစာရင်း** | | |
| ၈ | ဆရာကြီး ဖွားဖွားကုန်ဉ် မောင်နှမတစ်စု | | ၅၀၀၀၀၀၀ |
| ၉ | ဆရာကြီး ဒေါစရဝတီ | | ၈၀၀၀၀၀ |
| ၁၀ | ဒေါမြင့်ကျောင်း ၃၃ ပါး | | ၃၂၀၀၀၀ |
| ၁၁ | ဒေါဓမ္မေသီ | | ၂၀၀၀၀၀ |
| ၁၂ | ဒေါဆန္ဒဘာဂီ | | ၂၀၀၀၀၀ |
| ၁၃ | ဒေါပညာသီဂီ | | ၁၀၀၀၀၀ |
| ၁၄ | ဒေါတိရဏာဉာဏီ | | ၁၀၀၀၀၀ |
| ၁၅ | ဒေါနိမလဉာဏီ | | ၁၀၀၀၀၀ |
| ၁၆ | ဒေါကုမာရီ | | ၁၀၀၀၀၀ |
| ၁၇ | ဒေါပဒ္မောတဉာဏီ | | ၁၀၀၀၀၀ |
| ၁၈ | ဒေါစန္ဒကလျာ | | ၁၀၀၀၀၀ |
| ၁၉ | ဒေါသုသီဂီနှင့် တူမများ | | ၁၀၀၀၀၀ |
| ၂၀ | ဒေါဥတ္တရာနှင့် တူမများ | | ၁၀၀၀၀၀ |
| ၂၁ | ဒေါစန္ဒာသီရိနှင့် တူမများ | | ၁၀၀၀၀၀ |
| ၂၂ | ဒေါစန္ဒသီရိ+မမေမာစာရိနှင့် တူမများ | | ၁၀၀၀၀၀ |
| ၂၃ | ဒေါဥဇ္ဇေသီ၊ မနန္ဒသီဂီ | | ၁၀၀၀၀၀ |
| ၂၄ | ကံ့ကော်ပင်ကျောင်းမှ ကလေး ၈ ပါး | | ၆၅၀၀၀ |
| ၂၅ | မဥပ္ပလဉာဏီ၊ မအစ္ဆရိယဉာဏီ | | ၆၀၀၀၀ |
| ၂၆ | မသဒ္ဓာရီ၊ မသုစန္ဒာ | | ၆၀၀၀၀ |

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၂၇ | မပဝရ၊ နိလုပ္ပလ၊ ကေဝလ၊ ကေသရီ၊ ဝိသိဂ်္ဂီ၊ မုဒိတာ ၆ ပါး | ၆၀၀၀၀ |
| ၂၈ | ဒေါသုဓမ္မာ | ၅၀၀၀၀ |
| ၂၉ | မဇစန္ဒာမာလိနီ | ၅၀၀၀၀ |
| ၃၀ | မထမ္ဘမာလိနီ | ၅၀၀၀၀ |
| ၃၁ | မဝိဇ္ဇေသီ | ၅၀၀၀၀ |
| ၃၂ | မဝဏ္ဏိတဘဂ္ဂဏီ | ၅၀၀၀၀ |
| ၃၃ | မဝဏ္ဏသိဂ်္ဂီ | ၅၀၀၀၀ |
| ၃၄ | မရူပဝတီ | ၅၀၀၀၀ |
| ၃၅ | ဒေါဝေဘာရီ | ၅၀၀၀၀ |
| ၃၆ | ဒေါဇြဟ္မစာရီ | ၅၀၀၀၀ |
| ၃၇ | ဒေါဇနီ | ၅၀၀၀၀ |
| ၃၈ | မသန္တဝတီ | ၅၀၀၀၀ |
| ၃၉ | မကုသုမ | ၅၀၀၀၀ |
| ၄၀ | မပဝရစာရီ | ၅၀၀၀၀ |
| ၄၁ | မသုဝဏ္ဏာ | ၅၀၀၀၀ |
| ၄၂ | မသုကေသီ | ၅၀၀၀၀ |
| ၄၃ | မဓေမာနန္ဒီ | ၅၀၀၀၀ |
| ၄၄ | ဒေါစိတ္တရ | ၅၀၀၀၀ |
| ၄၅ | ဒေါသုနန္ဒီ | ၅၀၀၀၀ |
| ၄၆ | ဒေါဥပကာရီ | ၅၀၀၀၀ |
| ၄၇ | ဒေါတိကဉ္စာဏီ, မဓမ္မဒိန္နာ | ၅၀၀၀၀ |
| ၄၈ | မသုဓမ္မာနှင့် တူမများ | ၅၀၀၀၀ |
| ၄၉ | မနန္ဒမာလာနှင့် တူမများ | ၅၀၀၀၀ |
| ၅၀ | ဒေါပဏိတ၊ ဒေါအဠုန | ၅၀၀၀၀ |
| ၅၁ | ဒေါခင်လီ၊ သမီး-မပညာသီရိ | ၄၀၀၀၀ |
| ၅၂ | ဒေါဥပ္ပလနှင့် ညီမ တူမများ | ၃၅၀၀၀ |
| ၅၃ | ဖွားနု၊ မဓေမာ | ၃၀၀၀၀ |
| ၅၄ | ဒေါပုညကာရီ | ၃၀၀၀၀ |

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၅၅ | မကေတု၊ မဝိဇယ၊ မကုမ္မာရီ | ၃၀၀၀၀ |
| ၅၆ | မသန္တ၊ တူမ ၃ ပါး | ၃၀၀၀၀ |
| ၅၇ | ဒေါ်ဝေသိဂ်ီနှင့် မဇောတဉာဏီ | ၃၀၀၀၀ |
| ၅၈ | ဒေါ်ခေမိကာ | ၃၀၀၀၀ |
| ၅၉ | ဒေါ်ဉာဏသိဂ်ီနှင့် တူမ မကုသလ | ၃၀၀၀၀ |
| ၆၀ | မခေမာထေရီ | ၃၀၀၀၀ |
| ၆၁ | ဒေါ်ပညာသိဂ်ီ | ၃၀၀၀၀ |
| ၆၂ | ဒေါ်မာလာသိဂ်ီ | ၃၀၀၀၀ |
| ၆၃ | ဒေါ်သုမာလာ | ၃၀၀၀၀ |
| ၆၄ | ဒေါ်ကေသီ | ၂၀၀၀၀ |
| ၆၅ | ဒေါ်စိတ္တ၊ ဒေါ်ဇေသု | ၂၀၀၀၀ |
| ၆၆ | မပဋ္ဆာနန္ဒီ၊ မဝဏ္ဏောသီ | ၂၀၀၀၀ |
| ၆၇ | မကုဏ္ဍလ | ၂၀၀၀၀ |
| ၆၈ | မကောမာရီ၊ မဂန္ဓသာရ | ၂၀၀၀၀ |
| ၆၉ | ဖွားသီ | ၂၀၀၀၀ |
| ၇၀ | မနီပုန တူမ ဇလာသီ | ၂၀၀၀၀ |
| ၇၁ | မအညေသီ၊ မသုထေရီ၊ မဉာဏောသီ | ၂၀၀၀၀ |
| ၇၂ | မတိက္ခ၊ မဝဏ္ဏိတ | ၂၀၀၀၀ |
| ၇၃ | ဖွားကံ့ | ၂၀၀၀၀ |
| ၇၄ | မထေရိကာ၊ မဥတ္တမ | ၂၀၀၀၀ |
| ၇၅ | မဘဒ္ဒထေရီ၊ ဣန္ဒမာလာ | ၁၅၀၀၀ |
| ၇၆ | မမေဒနီယ | ၁၅၀၀၀ |
| ၇၇ | မစာဂ၊ မသုတ | ၁၅၀၀၀ |
| ၇၈ | မသုမာလာ၊ မဒီပ၊ မဇေဋ္ဌ | ၁၅၀၀၀ |
| ၇၉ | ဒေါ်ဇနီကျောင်းမှ ၄ ပါး | ၁၂၀၀၀ |
| ၈၀ | မနီမလ၊ မသုမာလာ | ၁၀၀၀၀ |
| ၈၁ | မဝိလာသီ | ၁၀၀၀၀ |
| ၈၂ | မသုမန | ၁၀၀၀၀ |

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၈၃ | မဒါနုစာရီ၊ မသုတေသီ | | ၁၀၀၀၀ |
| ၈၄ | မကေဇာ၊ မယုစန္ဒာ | | ၁၀၀၀၀ |
| ၈၅ | မဏ္ဍန | | ၁၀၀၀၀ |
| ၈၆ | မကစ္စာယနီ | | ၁၀၀၀၀ |
| ၈၇ | မဇေသန္တာ | | ၅၀၀၀ |
| ၈၈ | ဒေါ်သီရိစန္ဒာ | ရွှေသိမ်တော် | ၄၀၀၀၀၀ |
| ၈၉ | ဒေါ်ဇေသုဝတီ | ဇေသုဝတီ သီလရှင်စာသင်တိုက်၊ လယ်တီရပ်၊ မုံရွာမြို့ | ၃၀၀၀၀၀ |
| ၉၀ | သက္ကဓိတာ သီလရှင်စာသင်တိုက် ဆရာတပည့်များကောင်းမှု | နန်းဦးမြို့သစ် | ၃၀၀၀၀၀ |
| ၉၁ | ဆရာကြီးဒေါ်ပုဏ္ဏာမိနှင့် တပည့်များ | ဧရယျသိင်္ဂီရောင် | ၂၀၀၀၀၀ |
| ၉၂ | ဒေါ်ဉာဏောဘာသီနှင့် ဆရာတပည့်များ | အလယ်တောရ သမိဒ္ဓါဒယ၊ မော်လမြိုင် သီလရှင်စာသင်တိုက်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၉၃ | ဒေါ်ဉာဏသိင်္ဂီနှင့် ဆရာတပည့်များ | မဟာအောင်မြေ၊ သမိဒ္ဓါဒယ သီလရှင်စာသင်တိုက်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၉၄ | ဒေါ်ဂုန္ဒ၊ ဒေါ်စာဂ | သဗ္ဗသိဒ္ဓိဝေဘူရောင် | ၁၀၀၀၀၀ |
| ၉၅ | ဒေါ်ဇဝနမာလိနီ၊ဒေါ်တိက္ခဝရဉာဏီ | သာသနရက္ခိတရောင်၊ မင်းဝံတောင်ရိုး | ၁၀၀၀၀၀ |
| ၉၆ | ဒေါ်ကဉ္စနဝတီ၊ ဒေါ်ကဉ္စနထေရီနှင့်ဆရာတပည့်များ | သမိဒ္ဓါဒယ ဇောတိကာရုံ သီလရှင်စာသင်တိုက်၊ ပြွန်တန်ဆာမြို့ | |
| ၉၇ | ဒေါ်တိရဏထေရီ၊ ဒေါ်ပညာဝါသီနှင့် တပည့်များ | ဓမ္မဝိဇယရုံသီ၊ ပြွန်တန်ဆာ သီလရှင်စာသင်တိုက် | ၁၀၀၀၀၀ |
| ၉၈ | ဒေါ်စန္ဒာသီရိ+ဒေါ်ရူပီယဉာဏီ | ကရဏာရုံသီရောင် | ၁၀၀၀၀၀ |
| ၉၉ | ဒေါ်ဇေယျာသီရိ | တည်းတော်ရာရိပ်သာ၊ မြစ်သားမြို့ | ၁၀၀၀၀၀ |
| ၁၀၀ | ဒေါ်တိက္ခဉာဏီ၊ ဒေါ်စန္ဒာရီ | တြိရတနာရောင် | ၁၀၀၀၀၀ |
| ၁၀၁ | ဒေါ်သမ္မာ၊ ဒေါ်သိဃ်ဝရ | သန္တာရာမသီလရှင်စာသင်တိုက်၊ ပျဉ်းမနားမြို့ | ၁၀၀၀၀၀ |
| ၁၀၂ | ဒေါ်ဝါရိတ္တာစာရီ | ဥရသမဂ္ဂါဒယရောင် | ၁၀၀၀၀၀ |

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၁၀၃ | ဒေါ်ဝဏ္ဏိတမာလိနီနှင့် ဆရာတပည့်များ | သမိဒ္ဓါဒယ မြမြင့်မိုရ်သီလရှင်စာသင်တိုက်၊ မတ္တရာမြို့ | ၁၀၀၀၀၀ |
| ၁၀၄ | ဒေါ်ဣန္ဒာသီရိနှင့် တပည့်များ | သီတောဒယချောင် | ၁၀၀၀၀၀ |
| ၁၀၅ | ဒေါ်ယုဝတီနှင့် တပည့်များ | ဓမ္မသုခချောင် | ၁၀၀၀၀၀ |
| ၁၀၆ | ဒေါ်ပဏ္ဏိတမဉ္ဇူရီ | ဝိုင်းမော် | ၁၀၀၀၀၀ |
| ၁၀၇ | မောက္ခသီဝံဆရာကြီးနှင့် တပည့်များ | စစ်ကိုင်းတောင်ရိုး | ၆၀၀၀၀ |
| ၁၀၈ | ဒေါ်ပညာတီ၊ ဒေါ်ရူပသီဂီ | မြဝတီစာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၀၉ | ဒေါ်မိတ္တာထေရီ၊ ဒေါ်ခေမာစာရီ | ဓမ္မဝိဟာရီသီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၁၀ | ဒေါ်ဥက္ကဋ္ဌဝတီ | အနိဃာသီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၁၁ | ဒေါ်ဉာဏဝတီ (ခေါ်) ဒေါ်စရိတဉာဏီ | ဉာဏဝတီသီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၁၂ | ဒေါ်ဥတ္တရဝတီ၊ ဒေါ်နိမလဉာဏီ | ဇိနောဒယသီလရှင်စာသင်တိုက်၊မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၁၃ | ဒေါ်ကုလဉာဏီ | သမ္မုဒ္ဓေသီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၁၄ | ဒေါ်ထေရီနှင့် တပည့်များ | သာသနောဒယသီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၁၅ | ဒေါ်ခေမာစာရီ | ချမ်းမြရံသီ သီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၁၆ | ဒေါ်ဇကစာရီ၊ ဒေါ်ကလျာထေရီ | သန္တာဝတီ စွယ်တော်သီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၁၇ | ဒေါ်နိမလ၊ ဒေါ်သီရိ | မြဝတီ၊အမှတ် (၄) သီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၁၈ | ဒေါ်ဓမ္မနန္ဒီ | ဓမ္မဂုဏ်ရည် မြင့်မြင့်ခင် သီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၁၉ | ဒေါ်ဝိမလဉာဏီ၊ ဒေါ်အာယုဉာဏီ၊ ဒေါ်ကုသလဝတီ | အနိဃာသီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၂၀ | ဒေါ်နန္ဒာရီ | သဒ္ဓမ္မရောင်ခြည် သီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၁၂၁ | ဒေါ်ပညာစာရီ | မဉ္ဇူသကာသီလရှင်စာသင်တိုက်၊ ဝန်းသိုမြို့ | ၅၀၀၀၀ |

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၁၂၂ | ဒေါ်ဟေမာနှင့် တပည့်များ | မြို့ငှက်မောချောင် | ၅၀၀၀၀ |
| ၁၂၃ | ဒေါ်ထေရီ | ဧသုဝတီသီလရှင်စာသင်တိုက်၊ မုံရွာမြို့ | ၅၀၀၀၀ |
| ၁၂၄ | ဒေါ်ပုညဝတီ | ဧသုဝတီသီလရှင်စာသင်တိုက်၊ မုံရွာမြို့ | ၅၀၀၀၀ |
| ၁၂၅ | ဒေါ်ဟိတကာရီ၊ ဒေါ်နိက္ခဝတီ | ဧချမ်းသာချောင် | ၅၀၀၀၀ |
| ၁၂၆ | မမေမာဉာဏီ၊ မနိမလဉာဏီ | ဓမ္မပါလမေဒနီသီလရှင်စာသင်တိုက်၊ ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၁၂၇ | ဒေါ်စိတ္တာ၊ ဒေါ်ကုလ | ဇေယျာပါရမီချောင်၊ စစ်ကိုင်းမြို့ | ၅၀၀၀၀ |
| ၁၂၈ | ဒေါ်နိမလ | ဝေရီဇယချောင် | ၅၀၀၀၀ |
| ၁၂၉ | ဒေါ်မေဓနိယ | ဇေယျာမြို့ငှက်ချောင် | ၅၀၀၀၀ |
| ၁၃၀ | မသုသီဂီ | အောင်သစ္စာချောင် | ၅၀၀၀၀ |
| ၁၃၁ | မပညာမဇ္ဈရီ | ပညာမဇ္ဈရီချောင် | ၅၀၀၀၀ |
| ၁၃၂ | ဒေါ်ဧသီဂီ | ရတနာသိဒ္ဓိချောင် | ၅၀၀၀၀ |
| ၁၃၃ | ဒေါ်စရိယ၊ ဒေါ်ထေရိက | သာသနာ့သမိဒ္ဓိချောင် | ၅၀၀၀၀ |
| ၁၃၄ | ဒေါ်ယသ | တည်းတော်ရာရိပ်သာ၊ မြစ်သားမြို့ | ၅၀၀၀၀ |
| ၁၃၅ | ဒေါ်ကုမုဒီ၊ ဒေါ်ဉာဏသီဂီ | သဒ္ဓမ္မောဒယချောင် | ၅၀၀၀၀ |
| ၁၃၆ | မကုမာရီ၊ မဧသီ၊ မဓမ္မ | ဆားတောင်ချောင် | ၅၀၀၀၀ |
| ၁၃၇ | ဒေါ်သုသီဂီ၊ ဒေါ်ကိတ္တိ | ပဲခူးမြို့ | ၅၀၀၀၀ |
| ၁၃၈ | မမေဓိယ | နီလာသီဂီချောင် | ၅၀၀၀၀ |
| ၁၃၉ | ဒေါ်သုစာရီ | ဧသိဒ္ဓိမင်္ဂလာချောင် | ၅၀၀၀၀ |
| ၁၄၀ | မကေလာသီ၊ မဓမ္မေသီ | ဟုမ္မလင်းကျောင်း | ၅၀၀၀၀ |
| ၁၄၁ | ဒေါ်ဝဏ္ဏဝတီ | ဓမ္မပါလီဝဏ္ဏရံသီချောင် | ၅၀၀၀၀ |
| ၁၄၂ | မစန္ဒာဝတီ၊ မပညာသီရိ | ဘေးမဲ့ချောင် | ၅၀၀၀၀ |
| ၁၄၃ | ဒေါ်ဝဏ္ဏစာရီ၊ ဒေါ်ခေမာသီရိ | အုတ်ဖိုမြောက်ကျောင်း၊ မိတ္ထီလာမြို့ | ၅၀၀၀၀ |
| ၁၄၄ | ဒေါ်ဧသိကာနှင့် တပည့်များ | သမိဒ္ဓေါဒယ၊ အောင်သပြေစာသင်တိုက်၊ မြစ်ငယ်မြို့ | ၅၀၀၀၀ |
| ၁၄၅ | ဒေါ်မုဒိတာနှင့် တပည့်များ | မဇ္ဈိသကသီလရှင်စာသင်တိုက် | ၅၀၀၀၀ |
| ၁၄၆ | ဒေါ်သုသိမာ၊ ဒေါ်မေခဝတီ၊ ဒေါ်ဝိစာရီ | နီဗွီနဒီတောရ၊ ပြည်မြို့ | ၅၀၀၀၀ |

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၁၄၇ | ဒေါ်ထေရီမာ၊ ဒေါ်သီလနန္ဒီ | စမြို့ချောင် | ၅၀၀၀၀ |
| ၁၄၈ | ဒေါ်ကလျာသီဂီနှင့် ညီမတစ်စု | ပဒ္ဓာန်းသိပ္ပံ | ၅၀၀၀၀ |
| ၁၄၉ | မနီလာထေရီ၊ မခေမာစာရီ | မြဝတီသီလရှင်စာသင်တိုက်၊ မန္တလေးမြို့ | ၄၀၀၀၀ |
| ၁၅၀ | မိုးကုတ်ရိပ်သာမှ သီလရှင်များနှင့် ယောဂီများ | | ၃၆၅၀၀ |
| ၁၅၁ | မခညဝတီ၊ မယုဝတီ | နိဗ္ဗိန္နချောင် | ၃၀၀၀၀ |
| ၁၅၂ | တူအရီးတစ်စု ကောင်းမှု | | |
| ၁၅၃ | ဒေါ်သီရိမာနှင့် ဆရာတပည့်များ | ခမည်းတော်ချောင် | ၃၀၀၀၀ |
| ၁၅၃ | ဇသီတာချောင်ဆရာကြီး ဒေါ်နီမလာဏီနှင့် ညီမများ | | ၃၀၀၀၀ |
| ၁၅၄ | ဒေါ်ဇသီဂီ | ဇရိပ်သာစာသင်တိုက် | ၃၀၀၀၀ |
| ၁၅၅ | မပညာသီဂီ၊ မကေဝလာဏီ | ဗြဟ္မစာရီစာသင်တိုက်၊ မန္တလေးမြို့ | ၃၀၀၀၀ |
| ၁၅၆ | ဒေါ်ပုညနှင့် တပည့်များ | ဇမ္မူရာဇ်ရွှေပြည်ချောင် | ၃၀၀၀၀ |
| ၁၅၇ | ဒေါ်ထေရီကာနှင့် တပည့်များ | သာသနာ့မဟိဒ္ဓိချောင် | ၃၀၀၀၀ |
| ၁၅၈ | ဒေါ်ကေတုဝတီ | ဂူနီချောင် | ၃၀၀၀၀ |
| ၁၅၉ | မဥဇ္ဇောတလာဏီ၊ မဥဂ္ဂဝတီ | အရှေ့မိုးညင်းချောင် | ၃၀၀၀၀ |
| ၁၆၀ | ဒေါ်ဝိမလ | မဟာသန္တိသုခချောင် | ၂၀၀၀၀ |
| ၁၆၁ | ဒေါ်မေမာစာရီ | ဂူနီချောင် | ၂၀၀၀၀ |
| ၁၆၂ | ဒေါ်သုခု၊ ဒေါ်နန္ဒကစာရီ | ခေမေသကချောင် | ၁၅၀၀၀ |
| ၁၆၃ | ဥယျာဉ်မချောင် | | ၁၅၀၀၀ |
| ၁၆၄ | ဒေါ်ဣန္ဒဝတီ၊ မအဂ္ဂလာဏီ | မင်းကွန်း | ၁၅၀၀၀ |
| ၁၆၅ | ဒေါ်ဥတ္တရာ | ဇေယျာဘုံကျော် | ၁၅၀၀၀ |
| ၁၆၆ | မကေသာရီ | သိဂုံတ္တရ | ၁၅၀၀၀ |
| ၁၆၇ | ဒေါ်ကုဏ္ဍလ၊ ဒေါ်ယုဝတီ | မဂ္ဂင်ချောင် | ၁၀၀၀၀ |
| ၁၆၈ | မကောမလာဏီ | မန္တလေးမြို့ | ၁၀၀၀၀ |
| ၁၆၉ | ငြိမ်းသစ္စာချောင် | | ၁၀၀၀၀ |
| ၁၇၀ | စမ်းမြောင်ခြည်ချောင် | | ၁၀၀၀၀ |
| ၁၇၁ | ကန်တောချောင် | | ၁၀၀၀၀ |
| ၁၇၂ | ပုလဲရတနာချောင် | | ၁၀၀၀၀ |

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၁၇၃ | မကျည်းကန်ချောင် | | ၁၀၀၀၀ |
| ၁၇၄ | အောင်မြေမင်္ဂလာချောင် | | ၁၀၀၀၀ |
| ၁၇၅ | ဓမြစန္ဒာချောင် | | ၁၀၀၀၀ |
| ၁၇၆ | စမ်းမြသော်တာချောင် | | ၁၀၀၀၀ |
| ၁၇၇ | မပညေသီ | ချမ်းမြေ့ရတနာချောင် | ၁၀၀၀၀ |
| ၁၇၈ | ဒေါ်ပုညဝတီ | တောတောင်ဘီလူးချောင် | ၁၀၀၀၀ |
| ၁၇၉ | မဝါရိတ္တ | တောတောင်ဘီလူးချောင် | ၁၀၀၀၀ |
| ၁၈၀ | ဒေါ်အဂ္ဂစာရီ | ဓမြဟံသာစန္ဒာလင်းချောင် | ၁၀၀၀၀ |
| ၁၈၁ | မပဝရ၊ မတိက္ခဉာဏီ | မိုးညှင်းချောင် | ၁၀၀၀၀ |
| ၁၈၂ | ဒေါ်စန္ဒမာလာ | ဖျာပုံချောင် | ၁၀၀၀၀ |
| ၁၈၃ | မခေမာရီ၊ မကေလာသီ | ရတနာစိုးမိုးချောင် | ၁၀၀၀၀ |
| ၁၈၄ | ဒေါ်ပညာသီဂီ | ဗြာဟ္မစာရီချောင် | ၁၀၀၀၀ |
| ၁၈၅ | မဓမ္မေသက | နန္ဒာအေးချောင် | ၁၀၀၀၀ |
| ၁၈၆ | ဒေါ်ဣန္ဒာရီ | မဂ္ဂင်ချောင် | ၁၀၀၀၀ |
| ၁၈၇ | ဒေါ်ကိတ္တိမာလာနှင့် တူမများ | မဂ္ဂင်ချောင် | ၁၀၀၀၀ |
| ၁၈၈ | ဒေါ်ဥတ္တမစာရီ | စန်းသီတာချောင် | ၁၀၀၀၀ |
| ၁၈၉ | ဒေါ်ကဉ္စနာ | ဧယျာသစ္စာချောင် | ၁၀၀၀၀ |
| ၁၉၀ | ဒေါ်တေဇ | သက္ကနိမ္မိတချောင် | ၁၀၀၀၀ |
| ၁၉၁ | ဒေါ်စန္ဒကေသီ | ဒဟတ်ပင်ကျောင်း | ၁၀၀၀၀ |
| ၁၉၂ | မဇာဏောသီ | သဒ္ဓမ္မဝံသချောင် | ၁၀၀၀၀ |
| ၁၉၃ | ဒေါ်သုနန္ဒာ | မဟာအောင်စည်ချောင် | ၁၀၀၀၀ |
| ၁၉၄ | ဒေါ်နုကေသီ | မိုးကောင်းချောင် | ၁၀၀၀၀ |
| ၁၉၅ | ဒေါ်သီလနန္ဒီ | ဆည်ရွာရိပ်သာ | ၁၀၀၀၀ |
| ၁၉၆ | မဥက္က | မြစ်သားမြို့ | ၁၀၀၀၀ |
| ၁၉၇ | မဝဏ္ဏိယ | ဘောဂဝတီချောင် | ၁၀၀၀၀ |
| ၁၉၈ | ဒေါ်ပညာသီဂီ | စကြံချောင် | ၁၀၀၀၀ |
| ၁၉၉ | မနီလာ | ဥရုသမဂ္ဂါဒယချောင် | ၁၀၀၀၀ |
| ၂၀၀ | ဒေါ်ကညာ | မြတ်ဆုပန် | ၁၀၀၀၀ |
| ၂၀၁ | ဒေါ်ဝါယမီ | အောင်မြေရတနာချောင် | ၁၀၀၀၀ |

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၂၀၂ | ဒေါ်အညေသီ | ဗောဓိမေတ္တာချောင် | ၁၀၀၀၀ |
| ၂၀၃ | မဓမ္မစာရီ | ကောလင်းချောင် | ၁၀၀၀၀ |
| ၂၀၄ | ဒေါ်ဥာဏဝေသီ | အင်းဝ | ၁၀၀၀၀ |
| ၂၀၅ | ဒေါ်ကဋ္ဌန | ရွှေဟင်္သာ | ၆၀၀၀ |
| ၂၀၆ | ဓမ္မစေတနာချောင် | | ၅၀၀၀ |
| ၂၀၇ | ဓမ္မေသကချောင် | | ၅၀၀၀ |
| ၂၀၈ | ဒေါ်ဝိမလ၊ ဒေါ်စန္ဒာရီ | ခေမာရံသီချောင် | ၅၀၀၀ |
| ၂၀၉ | ဇေယျာသီရိချောင် | | ၅၀၀၀ |
| ၂၁၀ | ဒေါ်မနောစာရီ | မော်လမြိုင်ကျွန်းချောင် | ၅၀၀၀ |
| ၂၁၁ | ဒေါ်ပုည | ခန္တီပါရမီချောင် | ၅၀၀၀ |
| ၂၁၂ | ဒေါ်ဓမ္မနန္ဒီ တူမ, မယုဝတီ | ခေမေသကချောင် | ၅၀၀၁ |
| ၂၁၃ | ဒေါ်ဓမ္မဒိန္နာ | ခေမေသကချောင် | ၅၀၀၀ |
| ၂၁၄ | ဒေါ်ဂုဏဝတီ | ခေမေသကချောင် | ၅၀၀၀ |
| ၂၁၅ | ဒေါ်ကုမုဒဝဏ္ဏာ | အဘယဝါသီချောင် | ၅၀၀၀ |
| ၂၁၆ | ရတနာလင်္ကာရချောင် | | ၂၀၀၀ |

## မီးစက်နှင့် ဓာတ်စက်အလှူရှင်

၂၁၇။ ဒေါ်ဓမ္မေသီအား အမှူးထား၍ ရေလှောင်ရွာ ဦးမြင့်အောင် + ဒေါ်မြင့်
မိသားစုကောင်းမှု ၁၂၀၀၀၀၀/-

၂၁၈။ ဒေါ်ဓမ္မေသီအား အမှူးထား၍ ရေလှောင်ရွာ ဦးညွှန့်ကြီး ကောင်းမှု
၁၅၀၀၀၀/-

၂၁၉။ ဦးမောင်လှ + ဒေါ်သောင်း၊ အမှတ် (၁၁၁)၊ သရက်တော (၄) လမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့ ၁၀၀၀၀၀/-

၂၂၀။ ဦးစံရင် + ဒေါ်သောင်းသောင်း ၊ မလွန်ထန်းလျက်တန်း၊ မန္တလေးမြို့
၁၅၀၀၀၀/-

၂၂၁။ ဒေါ်ဝိမလ၊ မြဇေယျာ ၅၀၀၀/-

# အလှူရှင်ကြီးများ



သုဓမ္မသိရီ ဒေါက်တာဒေါ်ငြေးငြေးခိုင် (မောရိယ)



ဦးနာကာရိတ+ဒေါ်အေးအေးခိုင် (သား) မောင်ပြေသုတ မိသားစု
၁၁ သိန်း ၁ သောင်း (ရန်ကုန်)



ကိုညွန့်တင်+မခင်ဆွေဝင်း (သမီး) မမြတ်နိုးစု
မြတ်သစ္စာ ဆန်မျိုးစုံ ရောင်းဝယ်ရေး မိသားစု ( ၁၀ ) သိန်း



ဂုဏ်ဘုရားကျောင်းကြီး ပြုပြင်ရန်နှင့် ဂုပြည့်ပွဲ သံဃာတော်များအား လှူဒါန်းရန်
သိန်း ( ၂၀ )
ဒေါက်တာစန်းမြင့်အောင် (ခ) ဟိရိကောကာဝန်မီ တိုက်မျိုးမြို့၊ ဂျပန်နိုင်ငံ ကောင်းမှု



ဦးသိန်းနိုင်+ဒေါ်မြင့်မြင့်ကြည်
တိုးချဲ့ (၁) ၊ မှန်တန်းရပ် ၊ အမရပူရ ( ၅ ) သိန်း

# တရားပွဲ အလှူရှင်များ






တော်သလင်းလပြည့်နေ့

အရိုးအထူးကု ဒေါက်တာခင်မောင်အေး+ဒေါ်ရီရီငြေး မိသားစုနှင့် ဦးအောင်ငြေး+ဒေါ်နီနီအေး မိသားစု ကောင်းမှု

မန္တလေး

တော်သလင်းလပြည့်ကျော် (၁) ရက်နေ့

**သမိဒ္ဓါဒယျောင် ဒေါ်ဆန္ဒဘာဂီ နှင့် တပည့်**

မဇဝနဉာဏီ ၊ မစန္ဒာရီ (ရန်ကုန်) ၊ မဒေမာသီရီ ၊ မဓမ္မေသီ (စစ်ကိုင်း) တို့ကောင်းမှု

၅၁၀၀၀၀/-



တော်သလင်းလပြည့်ကျော် ( ၂ ) ရက်နေ့

ဦးအေးချို+ဒေါ်တင်ရွှေ မိသားစု ကောင်းမှု

မကွေးမြို့

တော်သလင်းလပြည့်ကျော် ( ၃ ) ရက်နေ့

ကိုမောင်နိုင်+မကီးကီး

( ယိုမင်းသမီး ) မိသားစု ကောင်းမှု

အမရပူရမြို့

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၂၂၂ | သုဓမ္မသိင်္ဂီ ဒေါက်တာဌေးဌေးခိုင် | မောရိယမန်းဆေး မိသားစု၊ မန္တလေးမြို့ | ၂၀၀၀၀၀ |
| ၂၂၃ | ဦးနာကာရိတ+ဒေါအေးအေးခိုင် မိသားစု | ရန်ကုန်မြို့ | ၁၁၀၀၀၀ |
| ၂၂၄ | ဦးစန်းမြင့်အောင်+ဟီရိကောကဝနမီ (ခ) ကောကော | ဂျပန်နိုင်ငံ | ၂၀၀၀၀၀ |
| ၂၂၅ | ဦးညွန့်တင်+ဒေါခင်ဆွေဝင်း | စိန်ပန်း၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၂၆ | ဦးချစ်ဆွေ | စောင်းကောက်၊ မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၂၇ | ဦးအိမောင်+ဒေါကြည် (အာရုံ ကြာဇံဟင်း) | ဟုတ်ဝှာ မိသားစု စစ်ကိုင်းမြို့ | ၂၀၀၀၀ |
| ၂၂၈ | ဦးကျင်ဆွေ+ဒေါလှဒေါင်း | မြောက်ကိုင်း | ၁၈၀၀၀ |
| ၂၂၉ | ဦးစိမ်း+ဒေါတွတ်တွတ် ကောင်းမှု | မန္တလေးမြို့ | ၁၅၀၀၀ |
| ၂၃၀ | ဦးလှမြင့်+ဒေါလှလှမင်း၊ သမီး-ဒေါရီရီမြင့် မိသားစု | မန္တလေးမြို့ | ၁၂၀၀၀ |
| ၂၃၁ | ဖွားစန္ဒာရီ၊ တူမ-ဒေါမြမြဝင်း မိသားစု ကောင်းမှု | မိသားစုရောင်းဝယ်ရေး သစ်သီးတန်း၊ ဈေးချို၊ မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၃၂ | ဒေါမြခိုင် | မတ္တရာမြို့ | ၁၀၀၀၀ |
| ၂၃၃ | ဒေါခင်ဝင်း | မြောက်ကျွန်းသူမမကုမွဏီ၊ မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၃၄ | ဒေါဘေဘီ | အောင်သုခ၊ ပန်းကန်၊ ဓာတ်ဘူး ပစ္စည်းရောင်းဝယ်ရေး | ၁၀၀၀၀ |
| ၂၃၅ | ဦးတုံ+ဒေါသိန်းရင်တို့ကို ရည်စူး၍ သမီး-ဒေါသန်းသန်း ကောင်းမှု | သဘော်တန်းရပ် မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၃၆ | ဒေါခင်မာ | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၂၃၇ | ဦးသိန်း+ဒေါသက် မိသားစု | နေပြည်တော် | ၁၀၀၀၀ |
| ၂၃၈ | ဒေါအေးအေးမြင့် ကောင်းမှု | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၃၉ | ဦးချစ်ညွန့်+ဒေါမြမြဝင်း | မိသားစုရောင်းဝယ်ရေး၊ သစ်သီးတန်း၊ ဈေးချို၊ မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၄၀ | ဦးအေးကို+ဒေါစန်းမှု မိသားစု | (၁၉) လမ်း၊ နန်းရှေ့၊ မန္တလေးမြို့ | ၁၀၀၀၀ |

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၂၄၁ | ဦးကြီးမောင် မိသားစု | မန္တလေးမြို့ | ၇၀၀၀၀ |
| ၂၄၂ | ဦးမြင့်ဆိုင်+ဒေါ်ကြည်ကြည် | မန္တလေးမြို့ | ၅၀၀၀၀ |
| ၂၄၃ | ဒေါ်ခင်စန်းမေ ညီမတစ်စုကောင်းမှု | (၂၆) ဘီလမ်း၊ ဆိုင်းတန်း၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၂၄၄ | ဒေါ်လှမြိုင်,ကိုမြင့်လွင်+မခင်နှင်းဝေ မိသားစု | အင်းရွာ | ၅၀၀၀၀ |
| ၂၄၅ | ဦးတင်ကြည် မိသားစု | ရတနာစတိုး၊ နန်းရှေ့၊ မန္တလေးမြို့ | ၃၀၀၀၀ |
| ၂၄၆ | ဦးအေးဆောင်+ဒေါ်စိမ်းစိမ်း မိသားစု | မန္တလေးမြို့ | ၃၀၀၀၀ |
| ၂၄၇ | ဦးထွန်းကျော်+ဒေါ်သန်းသန်း၊ဦး မိသားစု | မိတ္ထီလာမြို့ | ၃၀၀၀၀ |
| ၂၄၈ | ဦးဝင်းမြင့်ဗိုလ်+ဒေါ်မေထွန်း သား–ကျော်မျိုးဗိုလ် | မန္တလေးမြို့ | ၃၀၀၀၀ |
| ၂၄၉ | ဦးတိုးလှိုင်+ဒေါ်အေးမြင့်ကြွယ် ညီမ–မအုန်းကြွယ် မိသားစု | မန္တလေးမြို့ | ၃၀၀၀၀ |
| ၂၅၀ | ဦးစိုးမြင့်+ဒေါ်လှပိုင် | ကျောက်ဆည်မြို့ | ၃၀၀၀၀ |
| ၂၅၁ | ဦးဝင်းမောင်+ဒေါ်မြသိန်း | မန္တလေးမြို့ | ၃၀၀၀၀ |
| ၂၅၂ | ဒေါ်ကြူကြူစိန် (ခ) ဒေါ်တာ | သစ်သီးရောင်းဝယ်ရေး၊ မန္တလေးမြို့ | ၃၀၀၀၀ |
| ၂၅၃ | ဦးတင်ငွေ+ဒေါ်မိုးမိုးစိန် အာကာမိုး ရွှေဆိုင် | မြောင်မြို့ | ၂၀၀၀၀ |
| ၂၅၄ | ဦးအောင်မြိုင်+ဒေါ်တင်မာရီ | မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၅၅ | ဦးတင်မြင့်+ဒေါ်ကျင်မွေး | မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၅၆ | ဦးကျော်အေး+ဒေါ်ခင်ဝင်း | K.K.K သုံးလုံး ပေါင်းသင်္ကြားစက်နှင့် အုတ်လုပ်ငန်း၊ မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၅၇ | ဦးမြင့်မောင်+ဒေါ်ချို | မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၅၈ | ဒေါ်အေးကြည်၊ သမီး–မမြမြဝင်း, မလှလှဝင်း | ရေကြည်ပေါက် | ၂၀၀၀၀ |
| ၂၅၉ | ကိုရန်နိုင်ဝင်း+မစန်းစန်းဝင်း | ရေကြည်ပေါက် | ၂၀၀၀၀ |
| ၂၆၀ | ဒေါ်နီနီ | မိဘမေတ္တာမှန်စီရွှေချ၊ မန္တလေးမြို့ | ၂၀၀၀၀ |

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၂၆၁ | ဒေါခင်သန်းငွေး | ရွှေမြင်း ပဲခွဲစက်၊ မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၆၂ | ဒေါရဲ | ရဲဗမာ သင်္ဘန်းတိုက်၊ မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၆၃ | ဦးမင်းအောင်+ဒေါစန်းမြင့်မိသားစု | မင်းရွာ၊ မြစ်ငယ်မြို့ | ၂၀၀၀၀ |
| ၂၆၄ | ဦးမောင်မောင်လွင်+ဒေါခင်သန့်ဇင် | မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၆၅ | ကိုဇော်ဇော်+မခင်မျိုးငွေး | စက်မှု (၂) မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၆၆ | ဦးသန်းအောင်+ဒေါအေးလူ | စိန်ပန်း၊ မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၆၇ | ဒေါသန်း၊ သမီး-မအမာစီ | မတ္တရာမြို့ | ၂၀၀၀၀ |
| ၂၆၈ | ဒေါအမာနှင့် ဓမ္မမိတ်ဆွေများ | မန္တလေးမြို့ | ၂၀၀၀၀ |
| ၂၆၉ | ဦးချစ်ဖေ+ဒေါမြကြည် | မန္တလေးမြို့ | ၁၅၀၀၀ |
| ၂၇၀ | ဒေါတာ | စစ်ကိုင်းမြို့ | ၁၀၀၀၀ |
| ၂၇၁ | ဒေါစောရှင် | အမရပူရမြို့ | ၁၀၀၀၀ |
| ၂၇၂ | ဒေါမြမြ | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၇၃ | ဦးရဲမြင့်+ဒေါမြမြ | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၇၄ | ဦးသိန်းလွင်+ဒေါကျင်သိန်း | ရွှေတောင်မြို့ | ၁၀၀၀၀ |
| ၂၇၅ | ဒေါခင်ဆွေတင့်၊ သား-ကျော်မျိုးဘို | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၇၆ | ဦးသိန်းမောင်+ဒေါအမ၊ သမီး-မရီရီ | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၇၇ | ဦးစောလွင်ဦး+ဒေါငွေးငွေးဝင်း | တောင်ကြီးမြို့ | ၁၀၀၀၀ |
| ၂၇၈ | ကိုသိန်းထိုက်စံ+မအေးအေးနိုင် | မိတ္ထီလာမြို့ | ၁၀၀၀၀ |
| ၂၇၉ | ဦးကျော်တင့်၊ သမီး-မနိုင်နိုင်, မမူမူ | ညောင်ပင်စောက်၊ မြစ်ငယ်မြို့ | ၁၀၀၀၀ |
| ၂၈၀ | ဦးအောင်ဝင်း+ဒေါသန်းသန်းနု | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၈၁ | ဒေါဝိုင်း မောင်နှမတစ်စု | အင်းရွာ | ၁၀၀၀၀ |
| ၂၈၂ | ဦးကျော်ထွန်း+ဒေါကြည်သန်း | အင်းရွာ | ၁၀၀၀၀ |
| ၂၈၃ | ဒေါသိန်းညွန့် မိသားစု | စစ်ကိုင်းမြို့ | ၁၀၀၀၀ |
| ၂၈၄ | ကိုမိုး+မတိုးတိုး | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၈၅ | ဒေါထွေးထွေး | မန္တလေးမြို့ | ၁၀၀၀၀ |

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၂၈၆ | ကိုအောင်နိုင်ဦး+မသီတာအေး | မန္တလေးမြို့၊ စက်မှုဇုံ (၁) | ၁၀၀၀၀ |
| ၂၈၇ | ဦးချော+ဒေါ်သောင်းကြည် | သိမ်းကမ္ဘာရွှေဆိုင်၊ မတ္တရာမြို့ | ၁၀၀၀၀ |
| ၂၈၈ | ကိုစိုင်းနော်+မကေခိုင်မိုး | တပယ်၊ တံတားဦးမြို့ | ၁၀၀၀၀ |
| ၂၈၉ | ဒေါ်အုန်းကြည် | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၉၀ | ဦးလှသောင်း+ဒေါ်သန်းမြင့် | မြို့ပြင်ကြီး | ၁၀၀၀၀ |
| ၂၉၁ | ကိုမိုးဇော်+မမိုးသူ၊<br>သား–ပြည့်စုံဟိန်း မိသားစု | မြို့ပြင်ကြီး | ၁၀၀၀၀ |
| ၂၉၂ | ကိုစိန်လင်း+မမြင့်မြင့်စန်း<br>သား–ချမ်းအေးမျိုး | မြို့ပြင်ကြီး | ၁၀၀၀၀ |
| ၂၉၃ | ဦးကိုလေး+ဒေါ်ဝင်းဝင်းလတ်<br>သမီး–မွန်မွန်ကို၊ ဆင့်ဆင့်ကို | ပိုးတန်းရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀ |
| ၂၉၄ | အီအုန်းနှင့် အီညော ကောင်းမှု | နမ့်ဆန်မြို့ | ၁၀၀၀၀ |
| ၂၉၅ | ဒေါ်သီသီ | မန္တလေးမြို့ | ၁၀၀၀၀ |
| ၂၉၆ | ဒေါ်လှသီ | မိတ္ထီလာမြို့ | ၅၀၀၀ |
| ၂၉၇ | ဒေါ်မိမိ | အမရပူရမြို့ | ၅၀၀၀ |
| ၂၉၈ | ဒေါ်ရီဟန် | လားရှိုးမြို့ | ၅၀၀၀ |
| ၂၉၉ | ဦးတိုး+ဒေါ်ခင်စန်းရီ | မန္တလေးမြို့ | ၅၀၀၀ |
| ၃၀၀ | ဦးထိပ်တင်ဝေ+ဒေါ်တိုးတိုး | မန္တလေးမြို့ | ၅၀၀၀ |
| ၃၀၁ | ဦးဝင်းကြည်+ဒေါ်ပိုပို | မန္တလေးမြို့ | ၅၀၀၀ |
| ၃၀၂ | ဦးထွန်း မိသားစု ကောင်းမှု | မန္တလေးမြို့ | ၅၀၀၀ |
| ၃၀၃ | ဦးတင်အောင်+ဒေါ်ခင်သိန်း | ညောင်နီပင်ရွာ၊ မြစ်ငယ်မြို့ | ၅၀၀၀ |
| ၃၀၄ | ဒေါ်သောင်းအား ရည်စူး၍<br>မဝေဝေလှိုင် ကောင်းမှု | မုံပင်ရွာ၊ မလှိုင်မြို့ | ၅၀၀၀ |
| ၃၀၅ | ဒေါ်သိန်းရီ၊ သား–ချစ်စန်းဦး | ရွာသာအေးရွာ၊ မြင်းခြံမြို့နယ် | ၅၀၀၀ |
| ၃၀၆ | ကိုကြည်စိန်+မမာမာဦး | ရေကြည်ပေါက် | ၅၀၀၀ |
| ၃၀၇ | ဦးချော+ဒေါ်ခင်စိန် | မင်းရွာ၊ မြစ်ငယ်မြို့ | ၃၀၀၀ |

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၃၀၈ | ဒေါ်တင်စု | ရွှေလီရွာ | ၃၀၀၀ |
| ၃၀၉ | ဒေါ်လှခင်၊ တူအရီးတစ်စုကောင်းမှူ | မင်းရွာ၊ မြစ်ငယ်မြို့ | ၃၀၀၀ |
| ၃၁၀ | ဦးတင်ဝင်း+ဒေါ်မြို့ မိသားစု | မင်းရွာ၊ မြစ်ငယ်မြို့ | ၃၀၀၀ |
| ၃၁၁ | ဦးစိန်ကွန့်+ဒေါ်တင်အုန်း | ညောင်နီပင်ရွာ၊ မြစ်ငယ်မြို့ | ၃၀၀၀ |
| ၃၁၂ | ဒေါ်လှခင် ကောင်းမှူ | မင်းရွာ၊ မြစ်ငယ်မြို့ | ၂၀၀၀ |
| ၃၁၃ | ဦးလွန်းမောင်+ဒေါ်လှ မိသားစု | မင်းရွာ၊ မြစ်ငယ်မြို့ | ၁၀၀၀ |
| ၃၁၄ | ဦးကျော်ညွှန့်+ဒေါ်ခင်လှ | မင်းရွာ၊ မြစ်ငယ်မြို့ | ၁၀၀၀ |
| ၃၁၅ | ဒေါ်ထွေး မိသားစု | မင်းရွာ၊ မြစ်ငယ်မြို့ | ၁၀၀၀ |
| ၃၁၆ | ဒေါ်သန်းဌေး မိသားစု | မင်းရွာ၊ မြစ်ငယ်မြို့ | ၁၀၀၀ |
| ၃၁၇ | ဒေါ်လှ မိသားစု | ရေလှောင်ရွာ၊ ပုသိမ်ကြီးမြို့နယ် | ၁၀၀၀၀ |
| ၃၁၈ | ဒေါ်ကဉ္စနထေရီ | ဓြိမ်းချောင် | ၃၀၀၀၀ |
| ၃၁၉ | မသုခိနီ | ဓြိမ်းချောင် | ၂၀၀၀၀ |
| ၃၂၀ | မနန္ဒစာရီနှင့် မတိရဏာမာလာ | ဓြိမ်းချောင် | ၁၀၀၀၀ |
| ၃၂၁ | ဒေါ်စာရဝတီ၊ ဒေါ်ပါရမီ | ဓြိမ်းချောင် | ၅၀၀၀ |
| ၃၂၂ | ချောင်ဆရာကြီး ဒေါ်စန္ဒဝတီ | ဓြိမ်းချောင် | ၃၀၀၀ |
| ၃၂၃ | ရန်ကုန်ဧရပ် ဒေါ်ဂုဏာစာရီ | ဓြိမ်းချောင် | ၃၀၀၀ |
| ၃၂၄ | ဦးသောင်းတင်+ဒေါ်အုန်းမြင့် | ရွာသာကြီးရွာ | ၁၀၀၀၀ |
| ၃၂၅ | ဒေါ်သိဒ္ဓိမာလာ | မန်းသီရိချောင် | ၅၀၀၀ |
| ၃၂၆ | ဒေါ်ဝင်းကြည်၊ သမီး-မနှင်းကြည် | မောက္ခသီဝံချောင် | ၁၀၀၀၀ |
| ၃၂၇ | ဗိုလ်ကျောင်းဆရာတော်ကို အမှူး ထား၍ ဦးမောင်တာ+ဒေါ်စန်းစန်းဝေ သမီး-မအေးမြတ်မြတ်သူ | | ၅၀၀၀၀ |
| ၃၂၈ | ဦးခင်မောင်ကြီး ဒေါ်လှကျင် သားသမီးတစ်စု၊ ဝင်းရွှေဝါပိုးထည်ဆိုင်၊ မဝင်းဝင်း | ရန်ကုန် | ၅၀၀၀၀ |

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ |
|---|---|---|---|
| ၃၂၉ | သဒ္ဓမ္မသိဒ္ဓိချောင်ဆရာနှင့် တူမများ | | ၁၀၀၀၀ |
| ၃၃၀ | ဒေါမမွစာရီ | ခေမသကချောင်အောက်ထပ် | ၅၀၀၀ |
| ၃၃၁ | ဦးချစ်ဆွေ+ဒေါအုန်းပြည့် သမီး-မသန်းအေး | မြို့ငြိမ့်. | ၅၀၀၀ |
| ၃၃၂ | အနန္တော အနန္တငါးပါး ဦးထိပ်ထား၍ ဒေါကြည်ကြည်အေး (အငြိမ်းစားဆရာမ) | ကသာမြို့. | ၁၀၀၀၀ |
| ၃၃၃ | အဖ ဦးစံကူး+အမိ ဒေါကြည်အား ရည်စူး၍ ဒေါကြည်ကြည်အေး (အငြိမ်းစားဆရာမ) | ကသာမြို့. | ၁၀၀၀၀ |
| ၃၃၄ | ဒေါသန်းမြ | တော်ဝိရာ၊ ညောင်လေးပင်မြို့နယ် | ၁၀၀၀၀ |
| ၃၃၅ | ဒေါစိန်မြင့် | တော်ဝိရာ၊ ညောင်လေးပင်မြို့နယ် | ၁၀၀၀၀ |
| ၃၃၆ | ဦးဌေးဝင်း+ဒေါကျင်သိန်း | တော်ဝိရာ၊ ညောင်လေးပင်မြို့နယ် | ၅၀၀၀ |
| ၃၃၇ | ဦးဘကြိုင်+ဒေါခင်ငြိမ်း | မြင့်သူဇာ မိသားစု၊ မုံရွာမြို့. | သက်န်း ၅ စုံ |







# အသိအတိုင်းဆောင်ရွက်ပါ

သာသနာဆိုတာ၊ ကြုံခဲ့ပါ။
သူငါ သိကြသည်။
သိပင်သိငြား၊ မောဟများ
နေကားမသင့်ပြီ။
ကိုယ်စွမ်းနိုင်ရာ ကြိုးပမ်းကာ၊
ဝန်တာဆောင်မှ သင့်တော်မည်။
သို့မှသာလျှင်၊ အသိယှဉ်၊
အလျင်ကောင်းကျိုး ရလိမ့်မည်။

တိုက်ဝါကြီးဆရာတော်